ရင်သိမ့်တုန်

ဖြစ်ရပ်မှန်ရောင်စုံမှုခင်းများ

# မလွမ်းတတ်၍ ချစ်မိသည်
# မချစ်တတ်၍ လွမ်းရသည်

## ညီညီနိုင်



WIN NAING A-7

စာမူခွင့်ပြုချက်အမှတ် * ၅၀၀၃၂၃၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၅၀၀၄၂၈၀၆၀၄
ပထမအကြိမ် * ၂၀၀၆ – ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ * ၁၀၀၀
အဖုံးဒီဇိုင်း * ဝင်းနိုင်
ကွန်ပျူတာစာစီ * Dream City

**ထုတ်ဝေသူ**
ဦးခင်မောင်ဦး (မြ – ၀၄၀၇၃)
၄၇၃ (က)၊ နီလာ (၆)လမ်း၊ (ဂ) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**
ဦးအောင်မြင့်သိန်း (မြ – ၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး 1350**

## စပ်လျဉ်း၍

လူသည် သတ္တလောက၏ အရှင်သခင်ဖြစ်၏။

ဉာဏ်စွမ်းအထက်ဆုံးဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်သလို အဖျက်စွမ်းအားလည်း ကြီးမား၏။

လောဘ၊ ဒေါသ၊ မောဟဖြင့် အခြေခံ တည်ဆောက်ထားသော အစွန်းရောက်လူသားသည် ဘီလူးထက် ကြောက်စရာကောင်း၏။ ကျားထက်ရက်စက်၏။ ဝံပုလွေထက် ဆိုးညစ်ယုတ်မာ၏။ မြေခွေးထက် ဆိုးရွားပရိယာယ်များ၏။ မြွေထက် အဆိပ်ပြင်း၏။

ရန်သူမျိုးငါးပါးအနက် သုံးပါးမှာ လူသတ္တဝါဖြစ်နေသည်မှာ သတိမူစရာပင်။

အတ္တကို ဗဟိုပြု၍ လှည့်ဖျားလိမ်ညာနေသူများ၊ မေတ္တာတရား ခေါင်းပါးလျက် လူစိတ်ပျောက် ရိုင်းစိုင်းသူများကြောင့် လောက အလှပျက်ရအောင် အန္တရာယ်ကြီးမားခြင်းနှင့်အတူ မလိုလားအပ်သော ရာဇဝတ်မှုခင်းများ ဖြစ်ပွားခဲ့ရသည်။

ထိုထိုလူများ၏ စရိုက်သဘာဝ၊ အမူအကျင့်၊ အဆိုးအမှားများကို သင်ခန်းစာယူပြီး သူတို့၏ မာယာ ကြော့ကွင်းကို ရှောင်ရှားနိုင်ကြစေရန်-

အနက်ရောင်လွှမ်းသော ဒုစရိုက် အမှောင်ထုကို ဖြိုလွင်သော သစ္စာတရား အမှန်တရားဖြင့် အလင်းပြနိုင်ရေးကို ရည်သန်လျက်-

ဤဇာတ်လမ်းများကို စုစည်း တင်ဆက်လိုက်ရပါသည်ဟူ၍။

ညီညီနိုင်

## မာတိကာ


| | | |
|---|---|---|
| ၁။ | မလွမ်းတတ်၍ ချစ်မိသည် မချစ်တတ်၍ လွမ်းရသည် | ၁ |
| ၂။ | ရင်ခုန်သံများနှင့်အတူ | ၂၃ |
| ၃။ | ဆံပင်တစ်ချောင်း၏တန်ဖိုး | ၆၀ |
| ၄။ | လူမသိလိုက်သော မှုခင်းတစ်ပုဒ် | ၈၁ |
| ၅။ | လေးထောင့်မျက်လုံးထဲက ရောင်စုံရုပ်ကြွများ | ၁၀၄ |
| ၆။ | အဝါရောင်လှိုင်း | ၁၃၄ |
| ၇။ | ဘီလူးငတေ တစ္ဆေခြောက်ခံရခြင်း | ၁၅၇ |
| ၈။ | လျှို့ဝှက်သံစဉ်လှိုင်းများနှင့်အတူ | ၁၇၃ |
| ၉။ | ဆံပင်ကောင်များရဲ့တွန်သံ | ၁၉၁ |
| ၁၀။ | အနီဘော | ၂၀၇ |
| ၁၁။ | ကျွန်ုပ်နှင့် ရွှေတုဂိုဏ်း | ၂၁၇ |

# မလွမ်းတတ်၍ ချစ်မိသည် မချစ်တတ်၍ လွမ်းရသည်

ဇာတ်လမ်းက ဆန်းလည်းဆန်းသည်။ ဆန်းလည်းမဆန်းပါ။

မြို့သစ်၏ လူလတ်တန်းစား အများစုနေထိုင်ရာ ရပ်ကွက်တစ်ကွက် အိမ်တစ်အိမ်၌ ခင်မောင်ဆွေနှင့် မလဲ့လဲ့မည်သော ဇနီးမောင်နှံနှစ်ယောက် ရှိကြ၏။

သူတို့နှင့် ခြံစည်းရိုးချင်းကပ်လျက်မှာ သူဇာနှင့် သူ့အဘွား နေကြ၏။

အိမ်ချင်းက သိပ်မဝေးလှသဖြင့် မလဲ့တို့အိမ်မှာ သူဇာ အချိန်ပြည့်နီးပါး ရောက်နေတတ်သည်။

မလဲ့အဖို့လည်း ညီမလေးတစ်ယောက် ကောက်ရသည်နှင့် မခြား။

ရေမလာလို့ ရေခပ်ရမလား။ ခြင်ထောင်တွေ၊ စောင်တွေ ကူလျှော်ပေးရမလား။ အပျင်းပြေ အပျော်သဘော **အထူးအဆန်း** ကလေးများ ချက်ပြုတ်စားသောက်ကြမလား။

မလဲ့နှင့် သူဇာ တက်ညီလက်ညီ **အတူတွဲလုပ်**နေကျ။

ထို့အတူ မလွဲတို့ ဘယ်သွားမလဲ၊ ဈေးပဲဝယ်ဝယ်၊ ရုပ်ရှင်ပဲ သွားသွား၊ ပြဇာတ်ပဲကြည့်ကြည့် သူဇာ မလိုက်လို့မရ။

မလွဲ ဝမ်းဆက်ချုပ်ပြီဆို သူဇာ့အတွက်လည်း ပါစမြဲ။

မလွဲ ဆေးရုံတက်ရတော့လည်း သူဇာပင် လူနာစောင့်တစ်ဖက်၊ အိမ်ထမင်းချက်တစ်ဖက် တာဝန်ယူသည်။

ပြီးတော့ ခင်မောင်ဆွေအဖို့ သူဇာ့ကို စာပြခဲ့ရသည်မှာ ရှစ်တန်းကတည်းက ယခု ဆယ်တန်းဖြေသည်အထိ။

အပြန်အလှန် ကျေးဇူးတွေရှိခဲ့ကြသလို တစ်နေ့တခြား သံယောဇဉ်တွေ ကြီးမားခဲ့ကြရသည်။

"သုံးပွင့်ဆိုင်မေတ္တာ"လို့ပင် ကမ္ပည်းတင်လောက်ပါသည်။

ဤသည်ပင် ပြဿနာ၏အစ ပဏာမ။

* * *

လွန်ခဲ့သော လကတော့ မလွဲလွဲ၏မိခင်ကြီး အသည်းအသန်ဖြစ်၍ သံကြိုးရိုက်မှာသဖြင့် မြောင်းမြသို့ မလွဲ သွားလိုက်ရသည်။

(၁၅) ရက်ခန့်ပြုစုပြီး နေကောင်းသွားတော့မှ ပြန်လာသည်။

ထိုအခါ–

"ခင်မောင်ဆွေနှင့် သူဇာ ယူလိုက်ကြပြီ"

မမျှော်လင့်သော သတင်းဆိုးကြီးက မလွဲကို ဆီးကြိုနေသည်။

ကြားကြားချင်းတော့ မလွဲရင်ထဲ 'ဟာ'ခနဲ ဖြစ်သွားရသည်။ နှလုံးအိမ် မီးလောင်မုန်တိုင်းကျသွားပြီ ထင်ရ၏။



"ရက်စက်လိုက်တာ မောင်ရယ်"ဟုလည်း တမ်းတငိုညည်းမိ၏။

ခေါင်းအေးအေးထားပြီး စဉ်းစားလိုက်ပြန်တော့လည်း–

"ခုလိုဖြစ်ရတာ ငါ့အပြစ်လည်း မကင်းဘူး၊ ငါ့ကိုက ကောင်မလေးနဲ့ မောင့်ကို စိတ်ချယုံစားပြီး ပေါ့ပေါ့တန်တန် လွှတ်ထားခဲ့မိတာကိုး"ဟု ကြံဖန် စိတ်ဖြေစရာ ပေါ်လာပြန်သည်။

နောက် ရှုထောင့်တစ်ခုမှ ကြည့်ပြန်သောအခါ သူဇာဆိုသည်မှာ ညီမလေးအရင်းတမျှ ချစ်ရသူ၊ အပြစ်ယူဖို့ခက်နေသည်။

မလွဲ ကိုယ်တိုင်ကလည်း သဘောထားပြည့်ဝသည့် မနောဖြူမလေးတစ်ယောက်။

ဒါကြောင့်မို့ပင် ခင်မောင်ဆွေက–

"မလွဲရယ် မောင်တော့ မှားသွားပြီ၊ ခွင့်လွှတ်ပါ"

တွေ့ဆုံတောင်းပန်လာသည်တွင် မလွဲ မျက်ရည်ဝဲလျက်နှင့်သာ။

"မလွဲ သူဇာကိုချစ်သလို၊ မောင့်ကိုလည်း မပစ်ရက်နိုင်ဘူး၊ တစ်ခုပဲပြောချင်တယ်၊ သူဇာနဲ့ မလွဲ အတူတော့ မနေပါရစေနဲ့ မောင်ရယ်"တဲ့။

ခေါင်းကျိန်းလောက်အောင် အဆူအဆဲ အထုအနှက်ခံရတော့မည်ဟု ထင်မှတ်ထားခဲ့သော ကိုခင်မောင်ဆွေ ကိုယ်တိုင်ပင် ကြားလိုက်ရသည့်စကားကြောင့် မယုံနိုင်စရာ အံ့အားသင့်သွားရသည်။

ဘာပဲဖြစ်ဖြစ် မလွဲကို ပို၍ လေးစားသွားရသည်။ စိမ်းစိမ်းကားကား ပစ်မသွားနိုင်အောင်လည်း သနားသွားသည်။

မလုံ၏ အလိုဆန္ဒနှင့် သူဇာ၏ စိတ်ချမ်းသာမှုကို ပြိုင်တူဖြည့်ဆည်းသောအားဖြင့် တဖက်လမ်းတွင် အိမ်လေး တစ်လုံးငှားပြီး သူဇာ့ကို ထားလိုက်သည်။

ရွှေအိမ်စံ၊ ငွေအိမ်စံဘဝဖြင့် နှစ်နှစ်နီးပါးစံနေလိုက်သည်။

တစ်လခန့်ကြာသည်အထိ ဘာအခက်အခဲ ဘာပြဿနာမှမရှိ။

အချစ်ဟောင်းကလည်း ယုယုယယ၊ အချစ်သစ်လေး ကလည်း နုနုလှလှနှင့် ပျော်စရာအတိ။

ဒါပေမဲ့ . . .

မမျှော်လင့်ဘဲ ရာဟုထောင့်မှ မိုးမှောင်ကြီးဆင် ငလျှင်မုန်တိုင်း ကျခဲ့ရပါပြီ။

* * *

သူဇာ့မိဘများက ခင်မောင်ဆွေ၏ မယားငယ်ဘဝဖြင့် သူတို့သမီးကို မထားနိုင်ပါ၊ သဘောမတူပါဟု အတိအလင်း ငြင်းဆိုခဲ့ကြသည်လေ။

မတူမယ်ဆိုလည်း မတူစရာပေဘဲ။ သူဇာက သားသမီးရှစ်ယောက်အနက်မှ အထွေးဆုံးလေ။

ပြီးတော့ သူတို့ ရည်ထားမှန်းထားသူလည်း ရှိပြီးသား။

သူဇာ့မိဘတွေက အန်ကြီးကွင်းကျယ် မိုးပေါ်ပျံနေသည့် စူပါမင်းမျိုးအနွယ်တွေ။ အမေ့ဖက်မှ ဘွားအေကြီးအတွက် ကူဖော်လောင်ဖက်ရအောင်ဆိုပြီး သူဇာ့ကို လာပို့ထားခြင်းသာဖြစ်



သည်။ ဘွားအေကြီးကလည်း သူဇာ့ကို အသည်းစွဲ အလိုလိုက်ခဲ့သည်။

ခုတော့ သူဇာက ဆူးကိုပန်းပန်၍ တံမြက်စည်းကို မြင်းစီးထွက်ခဲ့ပြီ။ သူဇာ့အဖေ နယ်ထွက်နေရာမှ ပြန်ရောက်လာ သည့်နောက် သူ့အရှက် ခွဲရကောင်းလားဆိုပြီး ထွန့်ထွန့်လူး ဆွေ့ဆွေ့ခုန် ဒေါသူပုန်ထတော့သည်။

ခင်မောင်ဆွေမရှိခိုက် သူဇာ့ကို လာခေါ်သွားရာမှ ပြန်မလွှတ်တော့။ အကြောင်းသိ၍ ခင်မောင်ဆွေ အပြေးအလွှား လိုက်သွားသော အခါ လင်မယားချင်း အတွေ့မခံ၊ မိခင်ကြီးက ရန်ထောင်လွှတ်သည်။

ကြံရာမရဖြစ်သွားသည့် ခင်မောင်ဆွေ၊ ကြားလူဖြင့်ဆက်သွယ်သည်။ သူဇာ့ကို ပြန်တွေ့ရဖို့ ကြိုးစားသည်။ ဒို့ဖြင့် သူဇာ့အဖေထံမှ စကားသံ ထွက်လာသည်။

မြို့နယ်တရားရုံး၌ လူကြီးစုံရာရှေ့၌ လက်ထပ်ပေးမည်။ ရှေ့အပတ် ဗုဒ္ဓဟူးနေ့ ဆယ်နာရီမှာ လာခဲ့ပါတဲ့။

ခင်မောင်ဆွေ သိပ်ပျော်သွားသည်ပေါ့။

* * *

အပျော်ကြီးပျော်လာသည့် ခင်မောင်ဆွေ သူဇာ့မျက်နှာကို တွေ့လိုက်ရသည်နှင့် လန့်ဖျပ်သွားရပါ၏။ သူဇာ ချစ်စရာအပြုံးလေးနှင့် ပြုံးမပြတော့ပါလား။ မီးတောက်နေသော မျက်လုံးများက စိမ်းကားလွန်းသော အကြည့်များဖြင့် တေမိမင်းသမီးလေး ဖြစ်နေသည်။

နောက်တစ်ချက် ထူးခြားချက်က သူဇာ့ဖက်က အဖေ၊ အမေနှင့် ရှေ့နေတစ်ယောက်ကလွဲ၍ သက်သေလူကြီးရယ်လို့ စုံလင်ညီညာပါမလာ။

ခင်မောင်ဆွေခမျာ သူနှင့်လိုက်လာသော အပေါင်းအသင်းတွေကိုသာ အချင်းချင်း အပြန်အလှန်မေးထိုး၊ မျက်စပစ်ရင်းက မျက်စိပျက် မျက်နှာပျက်တွေ ဖြစ်နေရသည်။

တကယ့်တကယ် ရုံးမင်းက ခေါ်လိုက်သည့်အခါမှတော့ ဟိုက်ခနဲ၊ ဟင်ခနဲ၊ ငလျင်တော်လည်းသံကြီးများကြားတွင် အသက်ပါသွားမတတ်။

တရားရုံးမှာ လက်ထပ်ဖို့ရယ်လို့ ခေါ်ခဲ့ရာမှ ခုတော့ သွေးဆောင်ပေါင်းသင်းမှု ပုဒ်မ (-)ဖြင့် တရားစွဲမလို့တဲ့–

တရားလိုက သူဇာကိုယ်တိုင် လက်မှတ်ထိုး တိုင်ကြားလျှောက်ထားခြင်း။

ခင်မောင်ဆွေ ကြောက်မက်ဖွယ် နေ့လယ်အိပ်မက်ဆိုး ကြီးကို မျက်ဝါးထင်ထင် မြင်မက်လိုက်ရသလို အဆုံးမရှိသော ချောက်ကမ်းပါးကြီးထဲ ဇောက်ထိုးကျသွားရသည့်အလား။

ရက်စက်လိုက်တာ သူဇာရယ်လို့သာ ဆို့နင့်စွာ ညည်းညူလိုက်ရတော့သည်။

ဒါတောင် တော်ပါသေးရဲ့ဆိုရမည်။ တရားမကြောင်းနဲ့ ရုံးတော်ကို ဦးတိုက်လျှောက်ပေလို့သာ။

ရာဇဝတ်ကြောင်းနဲ့ အဓမ္မမှုများ ဆင်ရင်ဖြင့် ချက်ချင်းလက်ငင်း အဖမ်းခံရပြီး အချုပ်ကျထောင်ထဲရောက်မှာ သေချာ



သည်။

အမှုလမ်းကြောင်းအရ သူ့ခမျာ နေ့တွင်းချင်း အာမခံလျှောက်ပြီး ရုံးချိန်းယူလိုက်ရသည်။ ဟိုပြေးဒီပြေးစရိတ်တွေကုန်လိုက်ရတာတော့ ဘယ်လောက်လဲမမေးနဲ့။

ရင်ထဲမှာ လုံးဝလုံးဝမကောင်း။

အသံမပြည်ဘဲ ကွဲလိုက်ရတဲ့အသည်း နီရဲဟက်တက်သွေးစက်လက်နှင့် မျက်ရည်မီးခဲအထွေးသား။

* * *

နောက်တစ်ပတ် ရုံးချိန်းရက်။

တရားသူကြီးက ထုံးတမ်းစဉ်လာနှင့်အညီ အမှုကို လက်ခံကြားနာသည်။ ခင်မောင်ဆွေကလည်း ရှေ့နေငှားပြီး အမှုကိုရင်ဆိုင်ဖို့ရောက်သွားသည်။

တရားလို ရှေ့နေက ဦးတိုက်လျှောက်လွှာကို ဖတ်ကြားပြီး တရားလိုကိုယ်တိုင်အား လိုအပ်သလို ဆန်းစစ်မေးခွန်းထုတ်သည်။

ရှေ့နေ၏ မေးခွန်းတွေကတော့ ကြောက်စရာကောင်းလှသည်။

ရှင်းရှင်းဆိုလျှင် ခင်မောင်ဆွေကို ချည်နှောင်သော ကျော့ကွင်းများပါပဲ။

"မသူဇာ တရားခံ ခင်မောင်ဆွေမှာ မိန်းမရှိတယ်ဆိုတာကို ဘယ်တော့မှသိရသလဲ"

"မသူဇာကို မေတ္တာရှိကြောင်း စပြောတဲ့အချိန်မှာ မိန်းမရှိကြောင်း သူ မပြောဘူးလား"

"မသူဇာကို ဘယ်လိုကတိဝန်ခံချက်တွေ မျှော်လင့်ချက်တွေ ပေးခဲ့သလဲ"

"အတည်ယူမယ်လို့ကော ပြောခဲ့သလား"

"ခု အမှုတိုင်တာဟာ မသူဇာရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပဲ မဟုတ်လား"

မေးခွန်းတစ်ခုချင်းကို မသူဇာက မျက်ရည်တစ်စက်နှုန်းဖြင့် ပြန်ဖြေသွားသည်။

မသူဇာ့အဖြေတွေမှာ နှစ်ဖက်စလုံးက မမျှော်လင့်သော အဖြေများသာပင်တည်း။

"ကျွန်မအသက် (၁၈) နှစ်ပြည့်ပြီးပါပြီ၊ တရားခံဖြစ်နေတဲ့ အစ်ကို့မှာ မိန်းမရှိတယ်ဆိုတာ အစကတည်းက ကျွန်မ သိပါတယ်"

"အစ်ကို့မိန်းမ မမလှဲနဲ့လည်း ကျွန်မတို့ဟာ ညီအစ်မရင်းလို ခင်ကြပါတယ်"

"မေတ္တာရှိကြောင်း စပြောခဲ့သူဟာ အစ်ကို မဟုတ်ပါဘူး၊ ကျွန်မကိုယ်တိုင်ပါ၊ အစ်ကို့ကို ကျွန်မလည်း စပြီးချစ်ကြောင်းကြိုက်ကြောင်း ပြောခဲ့တာပါ"

သူဇာ့စကားကြောင့် ခေါင်းငိုက်စိုက်ကျနေသော ခင်မောင်ဆွေ ခေါင်းထောင်လာရသည်။

သူ့ဘေးမှပါလာသော မလှဲမျက်နှာမှာလည်း အားတက်သရော ပြုံးယောင်သန်းလာရာမှ သူဇာ့ထံသို့ ကျေးဇူးတင်သော မျက်လုံးများဖြင့် လှမ်းကြည့်သည်။

"ကျွန်မနဲ့ အစ်ကိုယူခဲ့တာမှာ ဘာကတိတွေမှ မပေးခဲ့ပါ



ဘူး၊ သွေးဆောင်ဖြားယောင်းတာလည်း ဘာတစ်ခုမှမရှိခဲ့ပါဘူး၊ တရားရုံးမှာ လက်ထပ်ခဲ့တာပဲ ဖြစ်ပါတယ်၊ လက်ထပ်စာချုပ်က အစ်ကို့ဆီမှာ ရှိပါလိမ့်မယ်၊ ကျွန်မ စာချုပ်ကိုတော့ အဖေနဲ့အမေက ဆွဲဆုတ်ပစ်လိုက်ကြပါပြီ"

သူဇာ့အဖေ နှုတ်ခမ်းမွေး ထောင်သွားသည်။

ဒေါ်ဘဖြင့် မျက်နှာတစ်ခုလုံး ဟသ်ပဒါးရောင်လူးသွားပေပြီ။

"အခုလို တိုင်ခဲ့ရတာလည်း ကျွန်မသဘောနဲ့ မဟုတ်ပါဘူး၊ အဖေနဲ့အမေက တိုင်စာရေးပြီး ကျွန်မကို အတင်းအဓမ္မရိုက်နှက်ပြီး လက်မှတ်ထိုးခိုင်းခဲ့တာပါ၊ ကျွန်မ... ကျွန်မ အစ်ကို့ကို ဒုက္ခမရောက်စေချင်သလို အစ်ကို့နဲ့လည်း မခွဲနိုင်ပါဘူးရှင်၊ ဦးလေးတို့ ကျွန်မကို ကယ်ကြပါဦး"

စကားအဆုံး၌ သူဇာ ချုံးပွဲချ ငိုလိုက်သည်။

သူဇာ့အမေလည်း ဒေါ်မြလေးပုံစံဖြင့် တက်သေမတတ် ဆွေ့ဆွေ့ခုန်သွား၏။

သြော်... ရက်စက်စွာကြဲသမျှ ပက်လက်သာလန်ရပါပကော။

သို့နှင့်အမှု...

စီရင်ချက်ချသည့်အထိပင် မစောင့်နိုင်တော့ဘဲ အမှုကို ပြန်ရုပ်သိမ်းသွားကြရ၏။

အပြန်လမ်းမှာ...

ခင်မောင်ဆွေနှင့်အတူ သူဇာ ပြန်ပါလာသည်။

သူဇာနှင့် မလှဲတို့ ညီအစ်မရင်းလိုပင် လက်တွဲလျှောက်လာကြသည်။

ချစ်သူသုံးဦးသား ရင်ပေါင်တန်း၍ ပျော်ရွှင်လာသည့် မြင်ကွင်းကို မြင်ရသူတိုင်းက ကြည်ချလို့မဆုံး။

တကယ်တော့...

"တောက်... ရာဇဝင်ရိုင်းလိုက်တာကွာ၊ ကိုယ့်သမီးက ကိုယ့်ရင်ဝပြန်ကန်ရတယ်လို့၊ ဟင်း... အခံရခက်လိုက်လေခြင်း၊ သမီး သမီးနဲ့ မီးထက်ပူတဲ့သမီး"

"အို... ကိုဇော်ဌေးရယ် ပြီးတာတွေ ပြီးပါစေတော့"

"မပြီးနိုင်ဘူးကွ၊ မင်းက ပြီးနိုင်ပေမယ့် ငါက မပြီးနိုင်ဘူး မရွှေမာရဲ့၊ လူပုံအလယ်မှာ ငါ အရှက်ကွဲခဲ့ရတာကို တစ်သက် လုံး ကျေနိုင်ရိုးလားကွ၊ အေး ရှိသမျှစည်းစိမ် ပြုတ်သွားပါစေ၊ သင်းတို့ကို မရရတဲ့နည်းနဲ့ ခွဲပစ်မယ် သိလား"

"ဒုန်း..."

"ခွမ်း..."

ဒေါ်အမာ တောင်းပန်နေသည့်ကြားမှ ဦးဇော်ဌေး ဒေါသ အနုမြူ ပေါက်ကွဲပြီး စားပွဲခုံကို ထုချလိုက်သည်။ သံပရာရည်ခွက် မြောက်တက်လွင့်စဉ်ပြီး ကြမ်းပြင်ပေါ်သို့ အစိတ်စိတ်အမွှာမွှာ ကျကွဲသွားသည်။

မလဲ့အိမ်မှာ ခင်မောင်ဆွေနှင့် မလဲ့ မျက်နှာချင်းဆိုင် မနက်စာ စားနေကြ၏။

"မောင်ပြန်ရင် သူဇာ့အတွက် ငါးသလောက်ဥကြော်လေး ယူသွားဦး၊ သူက ကြိုက်တတ်တယ် မဟုတ်လား"



"အမလေး ခုမှ ညီအစ်မချင်း စေတနာတွေ ပိုနေလိုက်တာ"

"တစ်ယောက်ကျေးဇူး တစ်ဦးမေတ္တာပေါ့ မောင်ရယ်၊ ပြီးတော့ ညက သူကလည်း ကြက်အသည်းအမြစ်ဟင်း ပေး လိုက်သေးတာကိုး"

"ဘယ့်နှယ်နေလဲ လဲ့ စားလို့ကောင်းရဲ့လား"

"အင်း မဆိုးပါဘူး"

"ဘယ်ဆိုးပါ့မလဲ၊ လဲ့တပည့်ပဲဥစ္စာ ဆရာ့လက်ရာအတိုင်း နေမှာပေါ့"

"အံမယ်... လဲ့တို့ဆရာတပည့်က အရေးမကြီးပါဘူး၊ မောင်က ဘယ်ဟာပိုကြိုက်လဲ၊ ငါးဥကြော်နဲ့ ကြက်အသည်း အမြစ်"

"ဟာ အဲဒါတော့ ဖြေဖို့မလွယ်ဘူးထင်တယ်၊ အသည်း အမြစ်က ညကစားတာ၊ ငါးဥက မနက်စာဆိုတော့ အဲ တစ်မျိုးစီတော့ အရသာရှိတာပဲ"

"မောင်က ညာပြန်ပြီ၊ ဟိုအသည်းအမြစ်က ပိုကောင်းတာ များ"

"လဲ့ကလည်းကွာ၊ အမြစ်က ဆတ်တောက်တောက်လေး ရှိသလို၊ ငါးသလောက်ဥကလည်း အီတီတီ ဆိမ့်တိမ့်တိမ့်လေးနဲ့ နှစ်မျိုးစလုံးကောင်းတာပဲဥစ္စာ"

"ကဲပါ၊ လဲ့က အလကားစနေတာပါ၊ ဒါနဲ့ မောင် ဘယ်တော့ ခရီးထွက်ရဦးမှာလဲ"

"သန်ဘက်ခါတော့ သွားဖြစ်မယ်ထင်တာပဲ၊ ဒီတစ်ခေါက် တော့ လားရှိုးဘက် တက်ကြမလားလို့"

"နယ်စပ်မှာ ငါးသလောက်ဥကြော် ရှိမှာမဟုတ်ဘူးနော်၊ ဒီမှာ အဝစားသွား ရော့"

လုံလုံက စေတနာ ဗရပွဖြင့် ငါးဥကြော် တစ်ပိုင်းကို ထပ်ထည့်ပေးလိုက်သည်။

ခင်မောင်ဆွေကလည်း မငြင်းတမ်း၊ ကြည်နူးစွာ အပြုံးသား အားရပါးရ လွေးလိုက်သည်။

သည့်နောက် ညနေပိုင်းမှာတော့ ခင်မောင်ဆွေ၏ ဟွန်ဒါ ၁၂၅ ဂလေးက လုံလုံ့အိမ်ရှေ့မှ သူဇာ့အိမ်ရှိရာသို့။

* * *

တကယ်တော့ မလုံနှင့် သူဇာကို တစ်နေ့မှ မခွဲခွာရက်ပါ။

သို့ပေမဲ့ စီးပွားရေးဆိုတာက အခွင့်အရေးပေးခိုက်မှာ လက်သွက်ခြေသွက် နိုင်မှဆိုတော့လည်း လွှမ်းရေးထက် ဝမ်းရေးကို ဦးစားပေးခဲ့ရသည်။

"မလုံ့အနေနဲ့တော့ မကြာမကြာ ခွဲနေကျမို့ ရိုးနေပြီ"

သူဇာကိုတော့ မနည်းချွင့်တောင်းရသည်။ ကတိသစ္စာတွေ အထပ်ထပ်ပြုပြီး ရှမ်းပြည်နယ်ဘက် ထွက်ခဲ့ရသည်။

ကုန်ယူကုန်မို့ ကုန်ချင်းဖလှယ် ငွေချေ။ ထွေရာလေးကလာ တွေများသဖြင့် ၁၅ ရက်ခန့် ကြာသွားသည်။

အပြန်မှာ အမြတ်အစွန်း ထိုက်သင့်သလောက် ရခဲ့သည်။

ဇနီးချောနှစ်ယောက်အတွက် လက်ဆောင်လေးတွေ တစ်ပွေ့တစ်ပိုက် ပါလာသည်။



မန္တလေးရထားပေါ်မှ ဆင်းလိုက်သည်နှင့် စင်းလုံးငှား မာဇဒါလေးနှင့် အိမ်ပြန်ပြေးခဲ့မိသည်။

သူဇာ့အိမ် အရင်ဝင်ရမလား။ မလုံ့အိမ် အရင်ဝင်ရမလား။

နောက်ဆုံးတော့ သူဇာ့အိမ်ကိုပဲ လမ်းညွှန်ဖြစ်လိုက်၏။

သို့သော် အိမ်ပေါက်ဝရောက်သည်နှင့် ဟိုက်ခနဲ ရင်မောထိတ်လန့်သွားရသည်။

သံဆန်ခါတပ်တံခါးမှာ သော့ခလောက်ကြီးခတ်လျက်ပါ လား။

သူဇာ ဘယ်များသွားနေပါလိမ့်။

မျက်စိအစုံက ဟိုရှာသည်ရှာနှင့်၊ အတွေးများ ယောက်ယက်ခတ်သွားဆဲမှာပင် တစ်ဖက်အိမ်မှ အန်တီအေးက လှမ်းခေါ်သည်။ ပြီးတော့...

"မောင်ဆွေ မင်း မလာခင် သုံးရက်လောက်ကပဲ သူဇာ့ကို သူ့အမေက လွှမ်းလို့ဆိုပြီး လာခေါ်သွားတယ်၊ ဒါနဲ့ အန်တီတို့ကို အိမ်အပ်ပြီး လိုက်သွားတာပဲ၊ ရော့ ဒီမှာသော့၊ အဲ... သူဇာ မှာသွားတာတော့ မင်းပြန်ရောက်တာနဲ့ သူ့ကို ဖုန်းဆက်ခေါ်ပါတဲ့"

* * *

"ဟဲလို ဦးဇော်ဌေးအိမ်ကပါလား ခင်ဗျာ"

"ဟုတ်ပါတယ် ပြောပါ"

"ဩော်... ကျွန်တော် ခင်မောင်ဆွေပါ၊ ဒီမှာ မသူဇာ"

"ဂျလောက်..."

"ဟဲလို... ဟဲလို... ဟဲလို"

တစ်ဖက်မှ သူဇာ့မိခင် ဒေါ်အမာက ခင်မောင်ဆွေ ဘယ်လိုပဲခေါ်ခေါ် ဖုန်းပြန်မကိုင်တော့ပါ။

သည်မှာပင် ပြဿနာတက်ပြန်ပြီဟု နားလည်လိုက်ရ၏။

ခင်မောင်ဆွေ အသည်းငလျင်ကျ၍ ခေါင်းမီးတောက်သွားရပါပြီ။

သူဇာ့မိဘများသည် သူနှင့် သူဇာတို့၏ ချစ်ခြင်းကို ခွဲခဲ့ပြန်ပါရောလား။

ရက်စက်လှချည့်လား။ အငြိုးကြီးလှချည်လား။ ဒီအဖြစ်ကို သူဇာကိုယ်တိုင်က လက်ခံသဘောတူမှာ မဟုတ်ပါ။

သူ့ခမျာ ကိုကိုနဲ့ခွဲရသည့်အတွက် လူးနေရှာ့မည်။ ရှူးနေရှာ့မည်။ ဆွေးနေရှာ့မည်။

ခင်မောင်ဆွေ ကိုယ့်အတွက်ထက် သူဇာ့အတွက်ကို ပိုမိုစိုးရိမ်ခံစား သနားလိုက်မိသည်။

ဒေါသမာန်တစ်ချက်ဖြင့်လည်း တက်ခေါက်မိလိုက်သည်။

ဟင်း သူတို့ခွဲတိုင်း တို့လင်မယား ကွဲရမတဲ့လား။

ဘာပဲဖြစ်ဖြစ် သူဇာနှင့် မတွေ့တွေ့အောင် ကြိုးစားဖို့ပဲ ရှိတော့သည်။

* * *

ဇနီးဖြစ်သူနှင့် ပြန်တွေ့ဖို့ ခင်မောင်ဆွေ ကြိုးစားရသည်မှာ မဟာဗျူဟာ နည်းဗျူဟာနည်းမျိုးစုံ၍ တိုက်ပွဲဝင် အချစ်သူရဲကောင်းဘွဲ့ပင် ဆွတ်ခူးရလောက်ပါ၏။



စာဖြင့်တစ်သွယ်၊ အောင်သွယ်ဖြင့်တစ်မျိုး၊ ဖုန်းဖြင့်တစ်တန် ယောက္ခမ အရင်းခေါက်ခေါက်ကြီးများ၏ အိမ်ပတ်ဝန်းကျင်၌ လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင်ဘဝဖြင့် ရုပ်ဖျက်လျက် လူပျို လှည့်လူရေးပြရသည်မှာလည်း အမော။

ဟော ခုတော့။

သူဇာနှင့် ခင်မောင်ဆွေ တိတ်တခိုးလေး ချိန်းတွေ့ခဲ့ကြပါပြီ။

“သူငယ်ချင်း ခင်မျိုးလှတို့ဆီ သွားဦးမယ်ဆိုပြီး **ပတ်ထွက်** လာရတယ်၊ အဝတ်အစားတောင် သိပ်မရှိင်းနိုင်ဘူး၊ ကဲ... ဘယ်သွားကြမလဲ ကိုကို”

“ညီမ သွားချင်တဲ့နေရာသွားလေ ဆိုင်ကယ်ပါလာသား ပဲ”

“ဘယ်ပဲဖြစ်ဖြစ် ဒီကနေ အမြန်ထွက်ကြရအောင်ကွယ်၊ တော်ကြာ သူတို့တွေ့သွားကြဦးမယ်”

လမ်းထိပ် လက်ဖက်ရည်ဆိုင်ရှေ့မှ ဟွန်ဒါလေးက နိုင်လွန်လမ်းမကြီးပေါ် လွင့်မျောပြေးသွားခဲ့ရပါပြီ။ သူဇာ သူ့ကိုကိုအား ခါးဖက်ရင်း နောက်က တွယ်ကပ်ပါသွားသည်။

ပထမဆုံး ရွှေတိဂုံဘုရားကြီးပေါ် ရောက်သည်။ မောင်မယ်စုံပန်းကပ်၊ ရေချမ်းလှူပြီး တဝကြီး ဘုရားဖူးသည်။ နောက်ဇရပ်ငယ်တစ်ဆောင်တွင် အေးအေးလူလူ ဝင်ထိုင်မိကြ သည်။

“**ညီမလေး** ပိန်သွားလိုက်တာ အရမ်းပဲ၊ ကြည့်စမ်းပါဦး သက်ကလေးတွေ သိမ်လို့”

"ကိုကို ထင်လို့ပါကွာ၊ အို စိတ်မကောင်းစရာတွေ ပြောမနေနဲ့ ကိုကိုရယ်၊ တွေ့တုန်းလေးမှာ ပျော်ပျော်လေးနေ လိုက်ကြစို့ရဲ့"

"ဒါဆို ရုပ်ရှင်ကြည့်မလား... ပပဝင်းက အာနိုးကားသိပ်ကောင်းတယ် ပြောတယ်"

"ဟုတ်လား... အချိန်မီရင် သွားမယ်လေ"

သို့နှင့် မြို့ထဲရောက်ခဲ့ကြသည်။

ရုပ်ရှင်ချိန် စောသေးသဖြင့် (၃၆) လမ်းထိပ်က ကြေးအိုးပြုတ်ဆိုင်ကို လှည့်သွားကြသည်။ သူဇာက ကြေးအိုးပြုတ်ဆို အသေအလဲကြိုက်သည် မဟုတ်လား။

ဒါပေမဲ့ သည်တစ်ခါတော့ ရင်ခံနေသည်ဆိုပြီး သူဇာ တစ်ဝက်တောင် မကုန်ခဲ့။

သည်နောက်မှ ရုပ်ရှင်ရုံထဲ ရောက်ခဲ့ကြသည်။

စင်စစ်တွင် ပိတ်ကားပေါ်က အာနိုးကတခြား၊ သူတို့နှစ်ယောက်က တခြား။

တစ်လနီးပါး ဝေးခဲ့သမျှ အတိုးချယုယပွေ့ပိုက်ရင်း ပခုံးပါးဝယ် မှီလို့သာ။

"ဟင်... ညီမလေး မျက်ရည်တွေနဲ့"

"ဝမ်းသာလွန်းလို့ ငိုမိတာပါ ကိုကိုရယ်"

"ကိုကိုတော့ ညီမလေးကို ထပ်မခွဲနိုင်တော့ဘူးကွာ၊ ပြန်ရင် တစ်ခါတည်းလိုက်ခဲ့တော့နော်"



"အို မဖြစ်သေးဘူးထင်တယ် ကိုကိုရယ်"

"ဘာလို့မဖြစ်ရမှာလဲ၊ ကိုယ့်လင်ကိုယ့်မယား အတူပြန်နေတာပဲ"

"သူဇာ စဉ်းစားပါရစေဦး ကိုကိုရာ"

တီးတိုးတီးတိုးဖြင့် အသစ်စက်စက် စုံတွဲလေးအဖြစ် ပြန်လည်ဆန်းသစ်ခြင်းမှ ကယုကယင် ချစ်တုံ့တင် ချစ်ပန်းဝေဝေ၊ ချစ်အနမ်းလေးများ ဈွေရှာခဲ့ရပါပြီ။

ရင်ထဲမှာရှာသော အပြုံးမိုးအပျော်မိုး။

ရုပ်ရှင်ရုံမှ အထွက်မှာတော့ နေညိုးပြီ။

သူဇာက ငြီးစီစီ မူးနောက်နောက် ဖြစ်နေသည်ဆို၍ ဟွန်ဒါလေးကို ကန်တော်ကြီးတစ်ပတ် လေညင်းခံပတ်လိုက်ပေ့ါ။

အကွေ့အကောက်များသော နတ်မောက်လမ်းပေါ်တွင် ဘီးပတ်ရေပေါင်းများစွာ လိမ့်ရင်းမှ တောင်ဥက္ကလာအိမ်သို့ အပါပြန်ခေါ်သွားဖို့ ခင်မောင်ဆွေ ကြံလာမိသည်။

ပြောမည်ဆို ဒုတိယအကြိမ် မိန်းမခိုးခြင်း။

အင်း သည်တစ်ခါဆိုရင်တော့ ရက်ရှည်ခရီးဝေး မထွက်တော့ဘူး။ သွားလေရာရာ သူဇာ့ကို တစ်ပါတည်းခေါ်သွားမယ်။ ဒါမှ အန္တရာယ်ကင်းမှာ။

စိတ်ကူးအယဉ်ကြီး ယဉ်လာမိသည့် ခင်မောင်ဆွေ။

"ဟိုး... ဟိုး"

လူတွေ ရုတ်တရက် ဝိုင်းအော်သံကြားမှ ဆိုင်ကယ်နောက် လှည့်ကြည့်လိုက်မိသည်။

"ဟင်... သူဇာ"

သူဇာ နောက်ခုံမှာပါမလာ။ လမ်းမပေါ်မှာ ကျကျန်ခဲ့ပြီ၊ ဓာတ်တိုင်နှစ်တိုင်လောက်အကွာတွင် ပုံလျက်သားလေး ခွေခွေလေး။

ခင်မောင်ဆွေ မျက်လုံးတွေ ပြာဝေပူထူသွားသည်။ အသက်ရှူများသွားရာက ဆိုင်ကယ်ကို ဂငယ်ကွေ့ချိုးကွေ့ပြီး သူဇာ ရှိရာ ရောက်သွားသည်။

လူတွေဝိုင်းအုံလာသည့်ကြားကပင် သူဇာ့ကို ပွေ့ချီလိုက်သည်။

သွေးစွန်းဒဏ်ရာများဖြင့် သူဇာခမျာ လုံးဝသတိမရ။

ဆိုင်ကယ်ကလည်း အရှိန်ပြင်းတာ မဟုတ်ပါ၊ ခပ်မှန်မှန်လေးမောင်းလာတာ အကွေ့အစောင်းမှာ စဉ်ကျသွားတာထင်ပါရဲ့။

"သူဇာ... သူဇာ ညီမလေး ဒုက္ခပါပဲ၊ ခေါ်လို့မရတော့ဘူး၊ ဒါ... ဒါ ကျွန်တော့်မိန်းမပါဗျာ၊ ကူညီကြပါဦး၊ ဖြစ်မှဖြစ်ရလေ ညီမလေးရယ်"

အနီးပတ်ဝန်းကျင်မှ စေတနာရှင်များ၏ အကူအညီဖြင့် သူဇာ့ကို ရန်ကုန်ဆေးရုံကြီးသို့ ကားကြုံတား၍ ပို့ပေးခဲ့ရပါသည်။

သို့သော်

အရေးပေါ်ဌာနရောက်ပြီး တာဝန်ကျဆရာက စမ်းသပ်ကြည့်လိုက်သည့်အခါတွင်မူ...

အသက်မရှိတော့ပါတဲ့။ သူဇာ မမျှော်လင့်ဘဲ ဆုံးပါးခဲ့ပါပြီ။

* * *



အဖြစ်က ဆိုးလှသည်။

ကြမ္မာက ရိုင်းလှသည်။ ရှင်ကွဲကွဲရာက သေကွဲကွဲခဲ့ကြပြန်ပါပြီ။

ချစ်ပင်ပျိုးကာမှ လွမ်းမိုးရွာခဲ့သည့်နှယ်၊ လွမ်းမဆုံးအောင် ဝေဒနာဆူးတွေ ရင်မှာပြည့်သွားပါပြီ။

ကြေကွဲစရာအပြင် နာကြည်းစရာ ထပ်ဆင့်ကြုံလာရပုံက–

သူဇာ့အဖေနှင့် အမေက သမီးသေခြင်းကို မကျေမနပ်နှင့် ခင်မောင်ဆွေအပေါ် အပြစ်ပုံချခဲ့ကြခြင်းပင်။

"ငါ့သမီးသေရတာ သင်းကြောင့်၊ သင်းဂြိုဟ်မွှေတာ၊ သင်းသတ်တာ၊ ဟေ့ ဒီမယ် ဒီကောင် အသုဘလာမပို့ရဘူးလို့ ပြောလိုက်၊ အိုကွာ အနားတောင် လာမသီစေနဲ့ အသေသတ်ပစ်မယ်လို့"

ပြောတဲ့အတိုင်းလည်း ရက်စက်လိုက်ကြပါပေ့။ သူဇာ အသုဘချသည့်နေ့မှာ အမျိုးအဆွေ တပည့်တပန်းတွေ တစ်အုပ်ကြီးက ဓားတွေ တုတ်တွေ ကိုယ်စီနှင့်။

ခင်မောင်ဆွေ သူဇာ့ကို နောက်ဆုံးနှုတ်ဆက်ခြင်းလေး သော်မှ ကြည့်ခွင့်မရခဲ့။

ကြံတောအအေးတိုက်တွင်လည်း ခပ်လှမ်းလှမ်းအဝေးမှ သာ လှမ်းမျှော်ရင်း ယောက်ျားတန်မဲ့ ရှိုက်ကြီးတငင် ငိုကြွေး နေခဲ့ရသည်။

သူ့ဘေး၌ ဖျောင်းဖျောင်းဖျဖျနှင့် မလဲ့သာ ပါမလာလျှင် သူပါ လိုက်သေဖြစ်မည် ထင်ပါသည်။

မီးသဂြိုဟ်စက်ခေါင်းတိုင်မှ မီးခိုးငွေ့များနှင့်အတူ ခင်မောင်ဆွေ သိစိတ်ဝိညာဉ်လည်း တွယ်ရာမဲ့။

* * *

အကုသိုလ်က သည်မျှနှင့် အတောမသတ်သေးပါ။

သူ့ဇာကို သဂြိုဟ်ပြီးပြီးချင်း မိဘများက ရဲစခန်းတွင် လူသတ်မှုဖြင့် အမှုဖွင့်သည်။

ခင်မောင်ဆွေ အဖမ်းခံရသည်။ သည်တစ်ခါတော့ ထောင်ထဲတန်းရောက်သည်။ (၆) လကြာ အချုပ်ခံရပြီး အမှုကို ရင်ဆိုင်သည်။

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ငွေတွေသောက်သောက်လဲကုန်ခဲ့ရသည်။

ရှေ့နေငှားပြီး အမှုမှန်ပေါ်အောင် ကြိုးစားရသည်။ အလျှော်ကောင်းလို့ အထောင်းသက်သာသည် ဆိုရပါမည်။

ဆရာဝန်ဆေးစာက သူ့ဇာ ဆိုင်ကယ်ပေါ်မှ လိမ့်ကျသော ဒဏ်ရာကြောင့် သေဆုံးခြင်းမဟုတ်၊ နှလုံးရောဂါဖြင့် သေဆုံးခဲ့ခြင်းသာဖြစ်ကြောင်း အထင်အရှား သက်သေထူခဲ့သည်။

တစ်နည်းဆိုတော့ ဆိုင်ကယ်အမောင်းကြမ်း၍ မဟုတ်ဘဲ နှလုံးရောဂါကြောင့် သူ့ဘာသာမူးဝေလျက် လွင့်ကျခဲ့ခြင်းသာ ဖြစ်ပါသည်တဲ့။

စွဲချက်တင်အံ့ဆဲဆဲမှ ခင်မောင်ဆွေ လွတ်လာသည်။

"အဖြေထုတ်လိုက်တော့ တရားခံက ကျွန်တော်မဟုတ်တော့ဘူး။ အာဃာတကြီးလွန်းလှတဲ့ သူ့အဖေ ဖြစ်သွားတယ်လေ။



သူတို့ဖွတ်ခွဲခဲ့ရာက စိတ်ထိခိုက်ပြီး နှလုံးရောဂါရခဲ့တာ။ သူ့ဇာကိုယ်တိုင်တောင် မသိခဲ့ရှာဘူး။ ဟုတ်ပါတယ်။ သူ့မိဘတွေ မချစ်တတ်လို့ အချစ်မမှန်လို့ သူတို့လည်း ရင်ကွဲပက်လက်ဖြစ်ရ၊ ကျွန်တော်လည်း ဒုက္ခသောကပေါင်းစုံ ရောက်ရတာပဲပေါ့။ ဘာပဲဖြစ်ဖြစ် သနားစရာကောင်းတဲ့ သူ့ဇာ့ကို ကျွန်တော် ဘယ်တော့မှ မေ့မရပါဘူး။ မေ့နိုင်တော့မှာ မဟုတ်ပါဘူး ဆရာညီရာ"

ကိုခင်မောင်ဆွေ သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်သည့်အခါမှာ မျက်ရည်တွေ အဝဲသား။

စာရေးသူကိုယ်တိုင်လည်း သက်ပြင်းတစ်ချက် ချလိုက်ရင်းနှင့်။

"အင်း သမုဒယကြောင့် ဒုက္ခဖြစ်စမြဲ၊ ကံကြမ္မာနဲ့ သံသရာဝဋ်ကြွေးပဲ အောက်မေ့ပြီး တရားနဲ့ဖြေပါတော့ဗျာ"

"တရားနဲ့ဖြေခဲ့လို့သာ မရူးဘဲ ကျန်ခဲ့ရတာပေါ့ ဆရာညီ၊ ထောင်ကလွတ်လာတာနဲ့ မပ်ာစည်သာသနာ့ရိပ်သာမှာ တစ်လတိတိ သင်္ကန်းဆီးပစ်လိုက်တယ်လေ၊ ဝိပဿနာတရားအားထုတ်ရင်းက သောကဝေဒနာတွေ သက်သာရာရခဲ့တာပါ၊ မဟုတ်ရင်တော့ မတွေးရဲစရာပါပဲ"

"မှန်တယ်ဗျာ၊ ဝိပဿနာတရားဆိုတာ သောကပျောက်ဆေး အရူးပျောက်ဆေး အစစ်ပဲ"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဆရာညီရဲ့၊ ခုလို ကျိန်စာသင့် အဖြစ်ဆိုးကြီးမျိုးဟာ ဒီဘဝဒီမျှနဲ့ပဲ ကျေပါစေ၊ ဘဝဆက်တိုင်း မကြုံပါရစေနဲ့လို့တော့ သံယောဇဉ်နွယ်ပြီး ဆုတောင်းနေ မိသေးတယ်၊

ပြီးတော့ ကျွန်တော့်လိုပဲ တခြားလူတွေလည်းမတွေ့ရ မကြုံကြပါစေနဲ့လို့ အမြဲဆုတောင်းပေးနေကျပေါ့လေ”

“အေးဗျာ ကျွန်တော်ကလည်း ခင်ဗျားရဲ့ဆုတောင်း ပြည့်ပါစေလို့ ထပ်ဆင့်ဆုန္ဒပြုလိုက်ပါတယ် ကိုခင်မောင်ဆွေရယ်၊ တစ်ဆက်တည်းမှာလည်း သမုဒ္ဒယနယ်အတွင်းက ပုထုဇဉ်လူသားအချင်းချင်း ဒေါသမာနတရားတွေ ကင်းပါစေ၊ မလွမ်းရအောင် ချစ်တတ်ကြပါစေလို့”

□

# ရင်ခုန်သံများနှင့်အတူ

## (၁)

ကျွန်တော်သည် ရုပ်ထွေးပွေလီလှသော စာပေလောကထဲသို့ စမ်းတဝါးဝါး အခြေချခဲ့သူတစ်ဦးဖြစ်ပါသည်။ ပတ်ဝန်းကျင်ကတော့ ကျွန်တော့်ကို စာရေးဆရာပေါက်စဟု ခေါ်ကြသည်။

စာရေးဆရာတစ်ယောက်၏ဘဝကား ရေးနိုင်မှ ဝမ်းဝရုံရှိ၍ မရေးနိုင်သောတစ်နေ့ လက်ကျသောအခါ ငတ်ပြတ်ရကြောင်း အထူးဖွင့်ဆိုရန်လိုမည် မထင်ပါချေ။

ထို့ကြောင့်လည်း နာမည်လေးရခါစ စာဖိရေးနိုင်ဖို့ ကြိုးပမ်းနေရသည်နှင့်အမျှ ယနေ့ညအတွက်လည်း ဝတ္ထုတစ်ပုဒ်ဖြစ်လာအောင် အားစိုက်ရပေဦးတော့မည်။

ည (၁၁) နာရီ၊ မိနစ် (၅၀)

သည်အချိန်ကား ကျွန်တော်တို့လိုလူမျိုး၏ အလုပ်ချိန်ပင်။

ရန်ကုန်မြို့လယ်၊ ၃၄ လမ်း၊ သုံးထပ်တိုက်တန်းလျားဟောင်း **တစ်လုံး**၏အပေါ်ဆုံးထပ် အခန်းကျဉ်းတစ်ခန်း။

သည်အခန်းတွင် ကျွန်တော်က လေးဆွေနှင့်အတူနေပါသည်။ **ထို့ထက်** လေးဆွေဆီတွင် ကပ်နေရသည်ဆိုပါက ပိုမှန်ပေလိမ့်မည်။ **လေးဆွေဆိုတာက** ယနေ့အောင်မြင်ကျော်ကြားနေသော သီချင်းရေး ဆရာ အဆိုကျော် 'ကိုလေးဆွေ' ပင် ဖြစ်ပါ၏။

လေးဆွေမှာ နာမည်ကြီးသလောက် အလုပ်ရှုပ်ပြီး ခြေများလှ **သည်**။ နေ့နှင့်ညသည် သူ့အတွက် ရောထွေးနေ၏။ ပြန်အိပ်ချင်မှ လည်း အိပ်သည်။ အများအားဖြင့် အပြင်တွင် အချိန်ကုန်နေသည် သာဖြစ်၏။

အခန်းသော့ တစ်ယောက်တစ်ချောင်းစီရှိထား၍သာ တော်ပေ ရော့သည်။ သို့မဟုတ်လျှင် ကျွန်တော့်အဖို့ အိမ်စောင့်ဘဝ၌ အကျဉ်း ကျနေသလို အခက်တွေ့ရမည်မှာ သေချာ၏။

မည်သို့ပင်ဆိုစေကာမူ ကြိုက်သလိုနေ၍ ကြိုက်သလိုစားကြ ခြင်းဖြင့် လူပျိုဘဝအရသာကို ပြိုင်တူခံစားပျော်မွေ့နေခဲ့ကြသည်။ တစ်နှစ်ပင် ရှိခဲ့ လေပြီ။

ယနေ့ညအဖို့လည်း မောင်မင်းကြီးသား ဘယ်ကမ္ဘာရောက်နေ မှန်းမသိ။ တီးဝိုင်းတိုက်နေသလား၊ အသံသွင်းနေသလား၊ မြာစွံသူပိပိ ခင်တမေ့၏ရင်ငွေ့ပဲ လှုံနေရော့သလား။

သို့ကလို လေးဆွေထံ ဝေ့ထွက်သွားသောအတွေးသည် "ငါ့ဝတ္ထု ဒီညတွင်းချင်း အပြီးသတ်ရမှာ" ဟူသောအသိ ဦးနောက်



ထဲသို့ ပြန်ဝင်လာ၏။

ထို့ကြောင့်လည်း အိပ်ရာထက်မှ ငေါက်ခနဲ ထလိုက်ရသည်။ ပြီး အိပ်ခန်းလုပ်ထားသော ထပ်ခိုးပေါ်မှ ဆင်းခဲ့သည်။

အောက်ထပ်ဧည့်ခန်းထဲမှ ဆက်တီများ၊ မှန်ဗီရိုများ၊ ဗွီစီဒီစက် နှင့် တီဗွီတို့ကိုဖြတ်ကာ ပြတင်းဝရှိ စာရေးစားပွဲရှိရာသို့ လျှောက်လာမိ သည်။

စာကြည့်မီးအား ဖွင့်လိုက်ရင်း လေးချောင်းထောက် ကြိမ်ထိုး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ စားပွဲအံဆွဲထဲမှ လျှောက်လွှာ စာရွက်အချို့နှင့် ဘောလ်ပင်ကိုထုတ်၍ အသင့်တင်ထားလိုက်ပြန် သည်။

ထို့နောက် ကျွန်တော်လုပ်သည့်အလုပ်က ပြာခံခွက်ထဲမှ ဂျိုးသိန်းတစ်တိုကို ကောက်ဖွာခဲ့ခြင်းသာ ဖြစ်ပါတော့၏။

တစ်နည်းဆိုရသော် ယခင်သုံးလေးရက်က စဉ်းစားထားပြီး သော ဇာတ်လမ်းတစ်ပုဒ်ကို လက်တွေ့ရေးသားရန် ဇာတ်ကွက်ဆင် နေခဲ့မိသည်။

ဆေးပေါ့လိပ်နှစ်လိပ်နှင့် တစ်ပိုင်းကုန်၍ ညဉ့်တစ်နာရီထိုးလု တော့မှ ထိုဝတ္ထုကို အစပျိုးနိုင်ခဲ့ပါတော့၏။

စိတ္တဇဆန်သော လျှို့ဝှက်သည်းဖိုဇာတ်လမ်းတစ်ပုဒ်။

ဝတ္ထု၏နောက်ခံဒေသကတော့ ယခု ကျွန်တော် စာရေးနေသည့် အခန်း။ သည်အခန်းဝန်းကျင်နှင့် သည်လမ်း။

ဇာတ်ကောင်များကလည်း တခြားမဟုတ်။

လေးဆွေနှင့် ကျွန်တော်ကိုယ်တိုင်။

ပြီးတော့...

* * *

(၂)

ညို့...

ညို့ပါတဲ့၊ သူမရဲ့အမည်။ စင်စစ်မူ ကာယကံရှင်ကိုယ်၌က မသိသောအမည်တစ်ခုသာ ဖြစ်ပါသည်။

ကာယကံရှင်အနေနှင့်မူ စောကလျာလည်း ဖြစ်ချင်ဖြစ်မည်။ မိုး လည်း ဖြစ်ကောင်း ဖြစ်မည်။ ဖြူဖြူလည်း ဖြစ်နိုင်သည်။ ဒီ့အပြင် မချောစု ဟု လည်းကောင်း၊ ဘဲဥမဟု လည်းကောင်း အမည်ရင်းရှိပေ လိမ့်မည်။

ကျွန်တော်ကတော့ ညို့ဟု ခေါ်သည်။ အသိအမှတ်ပြုသည်။ တစ်နည်းအားဖြင့် လုလုပပတင်စားသည်။

သြော် ညို့ဆိုသည်မှာ ကျွန်တော် တိတ်တိတ်ပုန်းပေးထားသော နာမည်ဝှက်တစ်ခုပါတကား။

တကယ့် တကယ်မူ ညို့သည် ထိုနာမည်နှင့် မလိုက်ပါ။ နု၏၊ ယဉ်၏၊ သိမ်မွေ့၏။ မူယာဟန်လည်း မများ၊ ရူပါမာန်လည်း မကြွား။ အထိုက်အလျောက်ပြင်သည်မှ လွဲ၍ ကလက်ခြင်း၊ ပျံခြင်း ရွှခြင်း ကြွခြင်း လည်း မရှိ။

သို့စဉ်လျက် သည်အမည် ညို့၊ ညို့ကိုမှ ဘယ့်အတွက် ပေးခဲ့



ရပါသလဲဟု မေးစရာဖြစ်နေသည်။ ကျွန်တော်က ဖြေဖို့အသင့်။

သနပ်ခါးဖုန်ဖုန်လေးမွှန်း၍ သွားတက်ကလေးပေါ်အောင် ပြုံးတတ်သူ။

အရိုးကို အရွက်မဖုံးသောထုံးဖွဲ့ပြင်ဆင်မှုနှင့် ပင်ကိုသဘာဝ အယဉ်အလှများကပင် ကျွန်တော့်လို စိတ်အနေဆန်းသော အနုပညာ သမား တစ်ယောက်အား ထူးခြားစွာ ဆွဲဆောင်ညို့ငင်နေသည်ဟု ယူဆသဖြင့် သို့ကလို အမည်ပေးမိခြင်းသာ။

ဘာပဲဖြစ်ဖြစ် မျက်နှာချင်းဆိုင်တိုက်သို့ ညို့တို့မိသားစု ပြောင်းလာသည်မှာ တစ်လပင် မပြည့်သေး။ ကျွန်တော်ကတော့ တစ်ဘဝစာ ချစ်နေမိပါချေပြီ။

ထိုမျှလျှင် ချစ်ပင်ချစ်ငြားသော်လည်း ဖြစ်အောင်မကြံနိုင်သည် ကလည်း ကျွန်တော်ပင် ဖြစ်၏။

လမ်းပေါ်တွင် တစ်ယောက်ချင်း ပက်ပင်းတွေ့၍ အခွင့်ကြုံ သည့်တိုင် အသင့်ရေးထားသောမေတ္တာစာကို မပေးရဲ။ မျက်နှာချင်းဆိုင် သုံးထပ်တိုက်ခန်းချင်းမို့ ပြတင်းပေါက်တွင် သူ့ရုပ် ကိုယ့်ရုပ် ပြိုင်ယှဉ်ဆုံ မိလျက်ကလည်း မျက်စိလေးပင် လှစ်ခနဲ မှိတ်မပြဝံ့ခဲ့။

ကျွန်တော့်သတ္တိကား အမလေးတ၍ စံတင်စရာကောင်းလှ၏။ ထိုသတ္တိကို အရင်းစစ်သောအခါ အသက်အစိတ်အရွယ်ရှိနေသည့်တိုင် မွေးစကလေးပမာ အချစ်အတွေ့အကြုံမရှိသေးသော ကျွန်တော့်အဖြစ် ကို ပထမသွားတွေ့သည်။

သည်မှတစ်ဆင့် အတွေ့အကြုံခေါင်းပါးရခြင်း၏ အကြောင်း

ရင်းအဖြစ် အားနည်းချက်အပြည့်နှင့် အားငယ်မှုအပေါင်းဖိစီးလျက် ရှိသော ကျွန်တော့်ဘဝကို မြင်လာရပြန်သည်။

အသားညိုရသည့်အထဲ ကြေးထူသောကျွန်တော့်မျက်နှာလေးထောင့် စပ်စပ်၊ မျက်လုံးမှေးမှေး၊ ခေါင်းစုတ်ဖွားနှင့် ကျွန်တော်။ ပုပုကွကွ အချိုးမကျသည့် ကျွန်တော်။ အပယ်ခံ တစ်ကောင်ကြွက်ဘဝမှ မွဲတေနေသူ ကျွန်တော် စသည့် စသည့်အရည်အချင်းများက တကယ်ပဲ အားနည်း ပျော့ညံ့မှုများပင် မဟုတ်ပါလော။

သည်ကြားထဲ စာပေသမားဟူသော မရှိတတ် ရှိတတ်ဂုဏ်ဒြပ်လေးကို ငုံလိုက်ရပြန်တော့ မိန်းမနှင့်အချစ်ဆိုသည်များမှာ ကျွန်တော့်အဖို့ အိပ်မက်သဘော ဝေါဟာရသက်သက်သာ ဖြစ်ခဲ့လေတော့၏။

နောက်ဆုံးတစ်နေ့ ရှုံးရမည်မှန်း သေချာပေါက်သိနေမှ မစတာဘဲ ကောင်းမယ်ဟု အစွဲကြီးကပ်ပြီး အချစ်နှင့် မိန်းမဆိုလျှင် ဘေးဖယ်ရှောင် ပြေးနေမိခဲ့ပါသည်။

အချစ်နှင့်ပတ်သက်၍ ဘဝ၏ချွတ်ယွင်းချက်များကြောင့် သတ္တိနည်းခဲ့ရခြင်းဖြင့် အတွေ့အကြုံမရှိသော ယောကျ်ားတစ်ယောက်အဖြစ်သို့ ရောက်ခဲ့ရတော့သည်။

ကုန်ကုန်ပြောရသော် ကျွန်တော့်သက်တမ်းတစ်လျှောက် 'အချစ်' သည် 'ဘဝ' ၏ အကြီးကျယ်ဆုံးစွန့်စားခြင်းအဖြစ် မိန်းကလေးနှစ်ဦး သုံးဦးအား ကျိတ်ပိုးခဲ့မိခြင်းသာ ရှိခဲ့ပါ၏။

ယခုလည်း ညို့ကို ကျွန်တော် အကျွမ်းကျင်ဆုံးသော အံ့ပုန်းချစ်နည်းဖြင့် ချစ်ခဲ့မိပါလေပြီ။



သို့ပေမဲ့ ဒီတစ်ခါတော့ ယခင် ယခင်အချစ်များထက် ပိုထူးခြားသည်။ ပို၍လည်း ပြင်းထန်လိမ့်မည် ထင်၏။

ကျွန်တော့်တစ်သက်လုံး မျိုသိပ်ထားရသမျှသော အချစ်များ၊ မြတ်နိုးခြင်းများနှင့် မေတ္တာအားလုံးကို ညို့အပေါ် စုပုံထားလိုက်မိသည်ကား အမှန်ပင် ဖြစ်ပါသည်။

အရှင်းဆုံးပြောရလျှင် ညို့ကို မချစ်စဖူး ချစ်ခဲ့သည်။ ဘယ်လိုချစ်နည်း ချစ်မှန်းမသိ ချစ်မိသည်။

ညို့ကတော့ ကျွန်တော့်အဖြစ်ကို သိရှိရိပ်မိဦးမည်မဟုတ်။ ကျွန်တော်ကမူ နေ့ညမရွေး သူမကိုသာ ငေးမျှော်ချောင်းကြည့်နေခဲ့ရပါသည်။

ညို့၏အိမ်၏အနေအထားကို လှမ်းမြင်ရခြင်းဖြင့် ညို့တို့အဆင့်အတန်း မခေလှပုံအား ခန့်မှန်းမိသလို ညို့ဦးလေးဆိုသူ၏ ခက်ထန်သော မျက်နှာ၊ ညို့အဒေါ်၏စွာကျယ်စွာကျယ်အသံကို တွေ့ရကြားရပြန်သော် အထွေထွေအားငယ်ခြင်းတွင် အမျိုးအမည်မသိသည့် စိုးရိမ်မှုများ ထပ်၍ ရင်လေးလာမိသည်။ သြော် မပြေးဘဲနှင့် မောရလေခြင်း၊ မဟောင်းဘဲနှင့် ဆွေးရလေခြင်း။

သည်ကြားထဲကပင် ညို့ကို ဖူးတွေ့ရသည့်အခါများမှာတော့ ကြည်နူးရပါ၏။ ပျော်သလိုလိုလည်း ရှိ၏။

အိုလေ ဝေဒနာနှင့် အရသာပေါင်းစပ်ခြင်းသည်ပင် 'အချစ်' ဟု အမိပ္ပာယ်ဖွင့်ဆိုရတော့မည်ထင့်။

အချိုးအခါး မထူးခြားသော်လည်း ၁၉၉၉ ခု မေလသည် ဩဂုတ်လ အဖြစ်သို့ ပြောင်းလွဲ ရွေ့လျားခဲ့ပါလေပြီ။

ထိုအခါ ကျွန်တော့်တစ်ကိုယ်လုံး မေတ္တာဆိပ်တို့ဖြင့် မွန်နေခဲ့ပါပြီ။ အချစ်ပိုးတို့က တရွရွပြန့်ပွားခဲ့ရပြီး စွဲလမ်းခြင်းမေတ္တာ မော်ကွန်းကျောက်တိုင်သည် အသည်းဘဝင်ဝယ် မတ်မတ်ကြီး စူးဝင်စိုက်ထူနေခဲ့လေပြီ။

သို့ကလို ရင့်မာကြီးထွားလာသည့် အချစ်ရောဂါကို ရင်ဖယ်ပိုက်ရင်း ညို့အား ညှံ့ဖျင်းစွာချစ်ခဲ့မိခြင်းက တစ်နေ့တွင် ကြောက်စရာ အကောင်းဆုံး အမှားတစ်ခုဖြစ်မည်ဟု မရိပ်မိခဲ့။ မျှော်လည်း မမျှော်လင့်ခဲ့ပါ။

ထို့အတူ ညို့အကြောင်း၊ ညို့ကို ရင်ကွဲမတတ်ချစ်နေမိသော ကျွန်တော့်အဖြစ်တို့ကို လေးဆွေအားဖွင့်ဟပြီး အကြံဉာဏ်အကူအညီ တောင်းမိခြင်းသည်လည်း အမိုက်မဲဆုံးလုပ်ရပ်ဖြစ်သည်ကို နားမလည်ခဲ့ပါ။

နောက်ဆုံး တွယ်တာမြတ်နိုးရပါလေသော ညို့ကိုယ်တိုင် ကျွန်တော့် အပေါ်တွင် မေတ္တာတုံး၍ ခါးခါးသီးသီးရွံမုန်းသွားသည်အထိ အနာဂတ်ဆိုး နှင့် ဝင်တိုးရလိမ့်မည်ဟူ၍လည်း လုံးဝမတွေးမိခဲ့ပါ။

* * *

(၃)

ဩဂုတ်လ၏ညတစ်ည။

အချိန်ကား ည (၁၀) နာရီခွဲ။



ကျောက်မြောင်းရှိ အပေါင်းအသင်းတစ်ယောက်ဆီသို့ ကိစ္စတစ်ခုဖြင့် သွားခဲ့ရာမှ ပြန်အလာ ပန်းဆိုးတန်း အားမာန်သစ်တွင် ရမ်လေးပက် ဝင်သောက်ခဲ့သည်။

ကျွန်တော့်တိုက်ခန်းသို့ သော့ဖွင့်ဝင်ခဲ့သည့်နောက် အလှနတ်ဘုရားမလေး ညို့ကိုဖူးမြော်ရန် ပြတင်းတံခါးကို လှပ်အဖွင့် ဘွားခနဲ ပေါ်လာသော မြင်ကွင်းက ကျွန်တော့်အသည်းတွေ အူတွေကို ပြောင်းဆန်သွားစေပါတော့၏။

ညို့တို့အိမ် ဧည့်ခန်းထဲတွင် ညို့နှင့် လေးဆွေကို တန်းတွေ့လိုက်ရ သောကြောင့်ပါတည်း။

သူတို့နှစ်ယောက်က စာသူငယ်နှစ်ကောင်ပမာ ကျလိကျလိနှင့် တွတ်ထိုးလိုက်တို့လိုက် ဆိတ်လိုက်ဖြင့် ပြုံးရယ်ဟားတိုက် အကြည်ဆိုက် နေကြသည်ကိုး။

ကျွန်တော်လည်း အခန်းကို မီးမှောင်ပြန်ချလိုက်ပြီး အပေါ် ပြတင်း တံခါးနှစ်ချပ်၏ မဟတဟလေးကြားမှ မချိတင်ကဲ ဆက်၍ ချောင်းကြည့် နေခဲ့မိသည်။

ညို့တို့အိမ်သားတွေ ဘယ်သွားနေကြမှန်း မသိ။ နာရီဝက်ခန့်ကြာသည့်တိုင် တစ်ဦးတစ်ယောက်၏ အရိပ်အယောင်မျှ မတွေ့ခဲ့ရ။ နောက်ဆုံး လေးဆွေနှင့် ညို့ ခေါင်းချင်းရိုက် မြူးနေကြရာမှ လက်ချင်းတွဲ၍ အိမ်နောက်ခန်းသို့ ဝင်သွားသည်ကိုသာ မြင်ခဲ့ရပါသည်။

ကျွန်တော့်ရင်မှာ ဒိတ်ခနဲ မျက်လုံးတွေပြာသွား၏။ တစ်ခေါင်းလုံး မီးတောက်မတတ် ဆူဝေလာ၏။ တစ်ကိုယ်လုံး လျှော်လှိုင်းမိ

သလို ကတုန်ကယင်ဖြစ်လာ၏။ မခံမရပ်နိုင်တော့သည့်အဆုံး အိမ်ထဲသို့ လှည့်ဝင်လိုက်ရသည်။

နေးကွေးသော ခြေလှမ်းများဖြင့် ဧည့်ခန်းစားပွဲဆီသို့ရောက်ပြီး ဆက်တီခုံတစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်ချလိုက်မိတော့သည်။

တေလေစိတ်သည် လွန်ခဲ့သောတစ်လဟူသော အတိတ်တွင် လူးလာပျံ့ဝဲနေခဲ့ပါလေပြီ။ စင်စစ်တော့ ညို့အလှ၊ ကျွန်တော့် အချစ်အကြောင်းကို လေးဆွေအားအဦးဆုံးအသိပေး စစ်ကူတောင်းပြီး နှစ်ရက်သုံးရက် အကြာ ညို့ကိုမြင်လိုက်ရသည့်နောက် လေးဆွေပြော ခဲ့သော မှတ်ချက်ကို ကြားယောင်မိခြင်း။

"ဟ မင်းရဲ့ညို့က ဘယ်ဆိုးလို့တုန်းကွ၊ မင်းသာရလိုက်ရင် တော့ စကြဝဠာနဲ့ချီပြီး ကံအကောင်းဆုံးလူတစ်ယောက် ဖြစ်သွားမှာပဲ ရဲနောင်ရေ"

အားပေးစကားလား။ လှောင်တဲ့စကားလား။

ထိုစဉ်က အလေးအနက်ထား၍ မစဉ်းစားမိခဲ့သော ကျွန်တော့် အဖို့ ယခုမူပင်...

"မင်းဟာ ညို့နဲ့ မတန်ပါဘူးကွာ"

ဟု အဓိပ္ပာယ်ထွက်ကြောင်း နားလည်ခဲ့ရပါတော့၏။

သို့သော် ရက်ပိုင်းလပိုင်းအတွင်း လေးဆွေ၏ထူးဆန်းသော ပြောင်းလဲမှုများကိုကား သတိပြုရိပ်စားမိခဲ့သည်။

ယခင်ကဆိုလျှင် တစ်ပတ်နေ၍ လေးရက် အိမ်မကပ်သော



လေးဆွေသည် ညို့ကိုမြင်ပြီးနောက်ပိုင်း တစ်ပတ်ဆို တစ်ပတ် အိမ်မှတ်မှတ် ရာမှတ်မှတ်ဖြင့် မခွာတမ်းကပ်လာခဲ့သည်။ ထို့ပြင်မကာ ဂစ်တာကြီးလွယ်လျက် ပြတင်းဝထွက်ကာ တဒေါင်ဒေါင်နှင့် အသံ ကောင်းဟစ်လေ့ရှိလာသည်။ အထင်ရှားဆုံးမှာ တစ်မြို့တည်းသား ချင်းသာမက ငယ်ပေါင်းကြီး ဖော်တွေဖြစ်ပါလျက်နှင့် ကျွန်တော့်အပေါ် တွင် ရန်ထောင်လာခြင်း၊ ဖိနှိပ်လာခြင်းများပင် ဖြစ်ပါသည်။

ထိုထူးခြားချက်များကို ဝေခွဲမရဖြစ်နေစဉ် တစ်ညတွင် လေးဆွေ က အရက်မူးမူးနှင့်...

"မင်းရဲ့ညို့ကို မင်းက ချစ်သလို ငါကလည်း စိတ်ဝင်စားနေမိ ပြန်တော့ လူချင်းခင်ပေမယ့်မှုအရ တိုက်ရတော့မှာပဲ ရဲနောင်"

ဟူ၍ အတိအလင်း ဖွင့်ဟစိန်ခေါ်ခဲ့ပါတော့၏။

ကျွန်တော်အဖို့ အံ့ဩတကြီး အံ့အားသင့်သွားရုံမှအပ ဘာမျှပြန် မပြောနိုင်တော့ပါ။ သည့်နောက် ကျွန်တော့်မျက်ကွယ်၌ ဘယ်ပုံ ဘယ်နည်း ခြေလှမ်းကြဲလိုက်သည်ဟု မဆိုနိုင်။

ကျွန်တော့်မျက်စိအောက်မှာပင် ပြတင်းပေါက်များတွင် မျက်နှာ ချင်းဆိုင်လူလုံးပြလျက် ညို့ကို သူပြုံးပြလျှင် ညို့က ပြန်ပြုံးပြသည်။ သူက ဂစ်တာသံပေးလိုက်သည်နှင့် ညို့က အပြေးကလေး ထွက် လာသည်။

နောက်ဆုံး ယမင်းသီဂီ အမည်ရင်းရှိသော ညို့၏ 'ယမင်းမှ မောင်သို့ တစ်သက်ပဏ္ဏာ' စာတမ်းပါ ဓာတ်ပုံလေးကို ချစ်လိပ်ပြာစာ

သဝဏ်များနှင့်အတူထုတ်ကြွားပြသပြီး ကျွန်တော့်အား လှောင်လိုက်သည့် အဆင့်သို့ တက်လာ၏။

"အမျိုးသမီးတစ်ယောက်ကို ချစ်တယ်ဆိုတာ ထိုင်အော်နေလို့ မရဘူး ရဲနောင်ရေ၊ လက်တွေ့ကျကျ လုပ်ရဲရမယ်၊ ခု မြင်တယ်မဟုတ်လား၊ ဒါဟာ မင်းကို ငါ သင်ခန်းစာပေးလိုက်တာလို့ပဲ မှတ်လိုက်၊ ဟား ဟား... ဟား..."

သူ့ရယ်သံကြီးတွေ ခုထိ ကျွန်တော့်နားထဲမှ မထွက်တော့။

ထို့နောက်မှာတော့ ညို့တို့အိမ်ကို ဝင်ထွက်သွားလာပြီး ညို့ဦးလေး ညို့အဒေါ်များနှင့် စကားလက်ဆုံ ကျသွားပုံများ၊ ညစျေးတန်းကို ညို့နှင့် တွဲသွားပုံများကို ကျွန်တော် မြင်ခဲ့ရတော့သည်။

မိတ်ဆွေတချို့ကလည်း သူတို့နှစ်ဦးကို ရုပ်ရှင်ကြည့်လျက် မြင်လိုက်ရကြောင်း၊ ဘယ်စားသောက်ဆိုင်၌ လက်ဆုံစားနေသည့်ကို တွေ့ခဲ့ရကြောင်း သတင်းပေးကြ၏။

ဤဖြစ်ရပ်အစအဆုံး အားလုံးနှင့်ပတ်သက်၍ ညို့ကို ကျွန်တော် အပြစ်မတင်မိ။

ရုပ်ရှင်မင်းသား မျက်နှာ၊ သွယ်သွယ်ရှည်ရှည်၊ ဖြူဖြူချောချော အချိုးအဆက်၊ အဆင့်မြင့်ဝတ်စားဆင်ယင်မှုတို့ဖြင့် ပေါ်ပြူလာဖြစ်နေသည့် စတီရီယိုအဆိုကျော်တစ်ယောက်၏ ဂုဏ်၊ ငွေကြေး၊ ဓနအင်အားစသဖြင့် အဖက်ဖက်က ပြည့်စုံနေသူ ကိုလေးဆွေကို ညို့မပြောနှင့် ထိတ်ထိတ်ကြဲ မိန်းမလှတွေကပင် တကောက်ကောက်ဝိုင်းလိုက်နေရသည် မဟုတ်ပါလား။



မိန်းမတို့၏ တိမ်းညွတ်လွယ်မှု၊ ပကာသနမက်မှုများကို ဆောကြော မိပြန်သောအခါ ညို့အား လုံးဝ လုံးဝ ခွင့်လွှတ်လိုက်မိသည်၊

သို့လင့်ကစား လေးဆွေကိုမူ ခွင့်မလွှတ်နိုင်အောင် နာကြည်းရှုမုန်းခဲ့မိပါတော့သည်။

သူငယ်ချင်းချင်းပေါ်တွင် မထောက်မညှာ အနိုင်ကျင့်ညှဉ်းဆဲခဲ့သော မြားတွေဝိုင်းဝိုင်းလည်နေလျက်က ဖောက်ပြန်ယုတ်မာစွာ ညို့အချစ်ကိုမှ လုယူခဲ့သောလေးဆွေ (သို့မဟုတ်) လူယုတ်မာသစ္စာပျက်တစ်ယောက်အဖြစ် ရန်သူစာရင်းသွင်းလိုက်မိပါတော့၏။

သို့ရာတွင် အငြိုးထား ကလဲ့စားချေဖို့မူ စိတ်ကူးထဲတွင် မထည့်မိပါ။ တစ်ချိန်က လည်ပင်းဖက်ခဲ့ကြသည့် သူငယ်ချင်းအဖြစ်လည်းကောင်း၊ သူ၏ ကျေးဇူးခံ ကျေးဇူးစားအနေဖြင့် လည်းကောင်း ဘန်ပြန်နှိပ်ကွပ်ရန် မကြိုးစား မကြံစည်ခဲ့ချင်တာကလည်း အမှန်။

ယုတ်စွအဆုံး သူ့အရိပ်အာဝါသအောက်မှ လွတ်ကင်းရာဆီသလို ရှောင်ရှားလိုက်ဖို့သာ စီစဉ်မိပါသည်။ နက်ဖြန် သန်ဘက်ခါဆိုသလို နေရာပြောင်းရေးအတွက် ကျောက်မြောင်းမှ အပေါင်းအသင်းနှင့်ဆာစောကပင် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ဆွေးနွေးပြီး ကျောက်မြောင်းအပြန်တွင် ခုနလို ရင်ကျိုးစရာအဖြစ်နှင့် ဆုံစည်းလိုက်ရခြင်းပါ။

ပစ္စုပ္ပန်အခြေအနေကို ပြန်ရောက်လာ၍ မောပန်းငြိမ်သက်သွားသော မခံမရပ်နိုင်မှုများက ဆူပွက်အုံကြွလာသည်နှင့် အမျှ လေးဆွေ၏ လက်သုံးစကားတွေက ကျွန်တော့်နားဝတွင် ပဲ့တင်ထပ်လာပြန်၏။

"အချစ်ဆိုတာ ဖဲရိုက်သလို သဘောထားရတယ်ကွ၊ သစ်ပင်စိုက်သလို ယုယနေဖို့ မလိုဘူး"

"အမျိုးသမီးဆိုတာ အရက်နဲ့ တို့စားရတဲ့ အမြည်းတစ်မျိုးပဲ၊ ယောကျ်ားတစ်ယောက်ဟာ အခွင့်အရေးပေးရင် ပေးသလို 'မိန်းမသား' စားကောင်းတယ်ဟေ့"

ထိုမှတစ်ဆင့် အပြစ်မဲ့လိပ်ပြာလှလှလေးများကို ဖမ်းဆီးအတောင် ချိုးပစ်ခြင်းဖြင့် ပျော်ပါးကစားတတ်သောလေးဆွေ၏ လက်တွေ့လေ့ကျင့် စဥ်ဝေ့ဝါသနာများကို သတိရလာပြန်သည်။ ညို့အတွက် ပူပန်စိုးရိမ် လာမိသည်။ ညို့ကို သနားသွားမိသည်။

သည့်အခါ တရစ်ရစ်ကြွတက်လာသော ဒေါသအဟုန်တို့က ပိုမို ပြင်းထန်ခဲ့ရသလို အံကို ကျိုကျိုမြည်အောင် ကြိတ်မိပါတော့၏။ တစ်ဆက်တည်းမှာလည်း ဒေါသဂယက်များ၏ နိဂုံးဖြစ်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ယတိပြတ်ချမှတ်ခဲ့ပါလေတော့သည်။

ဆိုးသွမ်းသောင်းကျန်းလွန်းလှသော လေးဆွေအား တန်ပြန်လက်စားချေသည့်အနေမဟုတ်ဘဲ မှတ်လောက်ရုံ ဆုံးမလိုက်ရန်ပင်ဖြစ်ပါ၏။

ကြိုတင်စီစဥ်စရာလေးများကို အမှောင်တွင်း၌ လှုပ်ရှားပြင်ဆင်နေခိုက်မှာပင်...။

*



(၄)

တံခါးခေါက်သံ ပေါ်လာ၏။

"ရဲနောင်ရေ ဟေ့ ရဲနောင် အိပ်ပြီလားကွ၊ အစောကြီးရှိသေးတဲ့ ဥစ္စာ၊ ထစမ်းပါဦးကွ ရဲနောင်ရ"

လေးဆွေ၏ နှုတ်သွက် အာရွှင်နေသောအခေါ်ကိုလည်း ကြားရ၏။

ကျွန်တော်တို့တံခါးသော့က အတွင်းအပြင် နှစ်ဖက်ခတ်ရသည့်မျိုး ဖြစ်၍ ကျွန်တော်မရှိမှန်းသိလျှင် သူပါလာသောသော့အပိုဖြင့် ဖွင့်ဝင်လာရုံသာ ရှိ၏။ ကျွန်တော်ရှိ၍ မအိပ်သေးမှန်းသိသွားသဖြင့်သာ ခုလိုတမင်ခေါ်နေခြင်း ဖြစ်လေသည်။

စာရေးစားပွဲနားမှ ကျွန်တော်က ၄၀ အား စာကြည့်မီးအိမ်ကို အသာပြန်ဖွင့်လိုက်သည်။ ပြီး အသံမပေးဘဲ တံခါးနားကပ်သွား၏။ နောက် အပေါ်အောက်တံခါးချက်များကို ဖွင့်ပေးလိုက်တော့သည်။

စပယ်ပန်းတစ်ကုံး ကိုင်လျက်သား သူ ဝင်လာ၏။ ခပ်လေးလေးပင်ဖြစ်၍ ကျွန်တော့်လိုပင် အရက်သောက်လာကြောင်း သိလိုက်သည်။ ကျွန်တော့်ထက် ပိုများမည်ထင်ရ၏။

"ဟေ့ကောင် ဘာငေးနေတာလဲ၊ စံပယ်ပန်းပဲ မမြင်ဖူးဘူးလားကွ၊ ဟင်... ဒါ မင်းရဲ့ညို့... အဲ အဲ... ငါ့ရဲ့ သီဂီဆီက အသည်းပန်းကလေး ငွေစံပယ်လေ ဟဲ ဟဲ ဟဲ..."

လေးဆွေက စီးကရက်မီးခိုးတွေ အထွေးသားနှင့် အားရပါးရ ပြောလျက် ကျွန်တော့်ကို ဖြတ်ကျော်သွား၏။

"သီဂီကတော့ တကယ့်ကို ချစ်စရာလေးပါကွာ၊ နာမည်နဲ့လိုက်အောင် ဝင်းလို့ဖြူလို့ သဘောကောင်း မနောကောင်း အိုကွာ"

လေးဆွေ၏ မထိတထိ ရိသဲ့သဲ့စကားများမှာ တစ်ဝက်တစ်ပျက်နှင့် ပြတ်သွားရသည်။

ကျွန်တော်က သူ့ပါးစပ်ကို ပိတ်ပစ်လိုက်ခြင်းကြောင့်ဖြစ်ပါ၏။ တစ်နည်းဆိုသော် သူ့နောက်စေ့ကို အသင့်ကိုင်ထားသော လက်နက်ဖြင့် ခပ်ဆတ်ဆတ်လေး ကျွန်တော် ရိုက်ချလိုက်သော ကြောင့်ပါ။

သူ ရှေ့သို့ ဝမ်းလျားထိုးကျသွားသည်။ ကျွန်တော်မျှော်လင့်သလို ပုံလျက်သားလဲမကျခဲ့သည့်အပြင် ဖယောင်းပုဆိုးအခင်းပေါ်မှ ကုန်းရုန်းထလာပြန်သည်။ ဒယီးဒယိုင် ဝူးဝူးဝါးဝါး ပြူးတူးပြဲတဲ မျက်နှာကြီးနှင့် ကျွန်တော့်ကို အံ့သြတကြီးကြောင်ကြည့်နေ၏။ ကုပ်ပေါ်မှာတော့ သွေးတွေက တစိမ့်စိမ့်စီးလျက်။

ကျွန်တော်က သည့်ထက်ပို၍ ဆူဆူညံညံ မဖြစ်စေချင်။

သို့ဖြင့် ကြောင်စီစီဖြစ်နေသော လေးဆွေနားသို့ တိုးကပ်သွားသည်။ သူက သွေးရူးသွေးတန်းနှင့် ကျွန်တော့်ကိုယ်ပေါ် ခုန်အုပ်ခဲ့သည်။ ငိုက်စိုက် ထိုးဝင်လာသော သူ့မျက်နှာပြင်ကို ကျွန်တော့်သံတုတ်က ထိထိမိမိ ကြိုဆိုလိုက်သည်။

သူ့တစ်ကိုယ်လုံး ယိမ်းယိုင်သွား၏။ ကျွန်တော်က နောက်တစ်ချက် အပိုင် ထပ်ရိုက်သည်။ သူ လက်ကာရင်း အီခနဲ ခွေလဲကျသွားတော့၏။



ကျွန်တော့်ကိုယ် ကျွန်တော်လည်း ဘာဖြစ်သွားမှန်း **မသိ။**

သရဲမရဲစီးနေသော ကိုလေးဆွေအပေါ် ခွပြီး သူ့မျက်နှာနှင့်ခေါင်းကို ဆက်ခါ ဆက်ခါ တအားလွဲရိုက်နေမိခြင်းကိုသာ ဝိုးတဝါးသတိရမိ၏။ တစ်ကျပ်လုံးခေါင်းပိတ်သံတုတ်ကလည်း တစ်ပေကျော်ကျော်မို့ လက်ဆ မှန်လှသည်။ လေးဆွေ တဖြည်းဖြည်း ငြိမ်ကျသွားတော့၏။

နောက် ဘယ်တော့မှ သီချင်းဆိုနိုင်တော့မည် မဟုတ်။ ရုပ်ကို ဗန်းပြပြီး မိန်းကလေးတွေကို ဖျက်ဆီးနိုင်တော့မည် မဟုတ်။ ကျွန်တော့်ကိုလည်း အကျောကြီးနှင့် သရော်နိုင်တော့မည် မဟုတ်။

သူ့မျက်နှာတစ်ခုလုံး ရစရာမရှိအောင် စုတ်ပြတ်ကြေမွသွားပြီလေ။

ကျွန်တော့်အဖို့ အလွန်လှပသောပန်းချီကားတစ်ချပ်လို့သာ ဆိုရပါတော့မည်။

သေရှာပါပကောဟူသောအသိက ဝင်လာသည်။

စင်စစ် သူ့ကို သတ်ရန် ကျွန်တော် မရည်ရွယ်ခဲ့။ မှတ်လောက်ရုံလေး နှုတ်ဆက်သွားရန်သာ ကြံခဲ့မိခြင်းဖြစ်၏။

ခုတော့ တစ်ချိန်လုံး ခံစားခဲ့ရသော နာကြည်းချက်များ ကျွန်တော်ကိုယ်တိုင်ပင် မသိအောင် ကျွန်တော့်ကို လှည့်စားပုန်းအောင်းနေသည့် ကလဲ့စားချေလိုစိတ်များ ပေါက်ကွဲခဲ့ချေပြီတကား။

*

(၅)

မီးခြစ် ခြစ်လိုက်သော ကျွန်တော့်လက်များမှာ ဆတ်ဆတ်တုန်နေ၏။

ထို့ကြောင့်လည်း ပါးစောင်တွင်ကိုက်ထားသည့် ဆေးပေါ့လိပ်ဆီကို မရောက်မီ လမ်းခုလတ်မှာပင် မီးတောက်ငြိမ်းသွား၏။ နောက်တစ်ဆံကလည်း ဆေးလိပ်ကို တို့လိုက်သည်နှင့် သေသွားပြန်၏။ မီးခြစ်ဆံလေး ချောင်းကုန်မှ ဆေးလိပ်တွင် မီးစွဲပါတော့သည်။

တရှုံ့ရှုံ့မြည်မတတ် အားရပါးရရှိုက်လိုက်သည်။

ငါးချက်ခန့် ဆက်တိုက်ဖွာပြီးနောက် မီးခိုးများကို ပြန်မှုတ်ထုတ်လိုက်မိ၏။

စိတ်လှုပ်ရှားခြင်းကား မပျောက်။ လက်တုန်ခြင်းက မငြိမ်။ သက်သာရာမရသည့်အဆုံး စားပွဲပေါ်သာ ခေါင်းစိုက်၍ မှောက်ချလိုက်ရတော့သည်။

ကျွန်တော့်စိတ်များသည် တစ်ခန်းလုံးပြည့် မှိုင်းလိမ်လှုပ်နေသော မီးခိုးငွေ့များနှင့်အပြိုင် လုံးထွေးနောက်ကျူဆဲ။

လေးဆွေ၏အလောင်းကြီးကိုမူ အခိုက်အတန့်အားဖြင့် အိပ်ရာခင်းဖြင့် ထုပ်ပြီး ရေချိုးခန်းထဲသို့ ပွေ့ချီပြောင်းရွှေ့ ဝှက်ထားပြီးပါပြီ။

ရိုက်ပွဲဖြစ်ရာတစ်ဝိုက်မှ သွေးကွက်သွေးအိုင်များနှင့် ခြေစလက်စများကိုလည်း သန့်စင်ရှင်းလင်းဖျောက်ဖျက်၍ သံတုတ်ကိုလည်း ဆေးကြော သိမ်းဆည်းလိုက်ပါသည်။



အားလုံးကို နာရီဝက်အတွင်း အပြီးသတ်နိုင်ခဲ့သလို လူသတ်မှုဖြစ်ခဲ့ကြောင်း မသိသာအောင် ပကတိပုံမှန်အနေအထားကို ပြန်လည်ဖန်တီးထားလိုက်ပါသည်။

ထို့နောက်တော့ သည်ရာဇဝတ်မှုကြီးမှ ကျော်လွှားရှောင်ပြေးရေး၊ အလောင်းကို အပြီးအပိုင် ဖျောက်ဖျက်ရေးများအတွက် ခုလိုအကြံထုတ် နေမိခဲ့ခြင်းသာဖြစ်ပါ၏။

"ဒေါင် ဒေါင်"

ကြံရာမရဖြစ်နေသည့်အထဲ ရုတ်တရက် သံချောင်းခေါက်သံနှစ်ချက်က အနှောင့်အယှက်ပေးလာပါသည်။ အနောက်ဘက်တည့်တည့် တစ်လမ်းကျော်ရှိ ကျောက်တံတားရဲစခန်းမှ အချိန်မှန်မှန်း သတိရလိုက်သော အခါမှ ကျွန်တော့်တစ်ကိုယ်လုံး ကိုင်အလှုပ်ခံလိုက်ရသလို သိမ့်သိမ့်တုန်သွားရ၏။

တစ်ဖန် အသံဗလံမှန်သရွေ့ လုံးဝတိတ်ဆိတ်ငြိမ်သက်သွား၏။ ရန်ကုန်ည၏ထုံးစံ နံနက် ၂ နာရီနှင့် ၄ နာရီကြားကာလ၏ ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်ခြင်းက မဆိုင်းမတွကျရောက် လွှမ်းမိုးလိုက်ပါချေပြီ။

ဆောက်တည်ရာမရဖြစ်နေသူ ကျွန်တော့်အဖို့ သို့ကလို ငြိမ်သက်ခြင်းမျိုးသည် အဆိုးဝါးဆုံးရန်သူကြီးပင် မဟုတ်ပါလား။

၄၀ အား စာကြည့်မီးရောင်မှာ ယနေ့ညကျမှ ထူးထူးခြားခြား တောက်ပနေ၏။ ကျွန်တော့်ကိုမူ မျက်စိကြောင်နေစေခဲ့သည်။ အိမ်ရှေ့တစ်ခွင်လုံး အတော်လင်းအားကောင်းနေသည့်တိုင် အမျိုးအမည်

မသိသော ဝေဒနာတစ်ရပ်ကို ခံစားနေရပြန်သည်။ သို့သော် မီးပိတ်၍ မှောင်ထဲထိုင်နေဖို့လည်း မတွေးရဲလောက်အောင်ပင်။

စိတ်ချောက်ချားခြင်းဟူသည် အလင်းအမှောင်ခွဲမရခဲ့ပါပြီ တကား။

ထပ်ခိုးပေါ်မှ တရှပ်ရှပ်ခြေသံများကြားရ၏။ ကြွက်လော လူလော။ လူဆိုလို့ တစ်ခန်းလုံး ကျွန်တော်တစ်ယောက်တည်း ရှိနေသည်။ လူတော့ မဖြစ်နိုင်။

အသံက မပီမသ ထပ်ပေါ်လာပြန်၏။ ကြွက်ပြေးသံလည်း မဟုတ်။ ကြွက်တိုးသံနှင့် ခြားနား၏။ ဒါဆိုလျှင်ဖြင့်...

ကျောထဲတွင် စိမ့်တက်သွားခြင်းနှင့်အတူ ရေချိုးခန်းဖက်ဆီသို့ အကြည့်ရောက်သွားသည်။

သိပ်သည်းသော အမှောင်ထုကြီးကိုသာ မြင်လိုက်ရ၏။ ဒါပေမဲ့ ထိုအမှောင်ထုထဲတွင်ပင် တစ်ခုခုက ရိုးတိုးရိပ်တိပ် လှုပ်ရှားနေသည်ဟု စိတ်ကထင်၏။

တကယ်တော့ ထိုနေရာ၌ လေးဆွေ၏ ရုပ်အလောင်းကြီးမှလွဲပြီး သက်ရှိလူသားဟူ၍ မရှိပါ။ သို့သော်...

ဖရူးဖရားဟူသောအဟုန်ကြီးနှင့် ရိပ်ခနဲ ဖြတ်သွားသောအရာတစ်ခု က ကျွန်တော့်မျက်လုံးများကို ပြာသွားစေသည်။ ထိုအရာသည် ကျွန်တော့် ရှေ့နှင့် နှစ်ကိုက်ခန့်အကွာမှ ကန့်လန့်ဖြတ်ပျံသွားရာမှ ပြန်ကွေ့၍ ကျွန်တော့်မျက်နှာတည့်တည့်သို့ ဦးတည်ကာ တရှူးထိုးဝင်လာ၏။



ကျွန်တော်လည်း လန့်အော်မတတ် ဖြစ်သွားလျက် လက်နှစ်ဖက်ဖြင့် ယောင်ယမ်းပုတ်ခတ်လိုက်မိသည်။

ကျွန်တော့်လက်ဖဝါးစောင်းမှာ မျက်စူးစူးလေးနာသွားရ၏။ ဖလပ်ဖလပ်အသံကြားရာ ကြမ်းပြင်ကို ငုံ့ကြည့်လိုက်တော့...

ပက်လက်လန်ပြီး ယက်ကန်ယက်ကန် ဖြစ်နေသည့် နီညိုရောင်ပိုးဟပ်တစ်ကောင်။

နောက်တော့ အရာခပ်သိမ်းသည် တဒင်္ဂငြိမ်ကျသွား၏။ ခေါင်မိုး မျက်နှာကြက်မှ အိမ်မြှောင်စုတ်ထိုးသံ ဆက်တိုက်ပေါ်လာပြန်သည်။ ဘာကြောင့်ရယ် မသိ။ ကျွန်တော့်အဖို့ ကြက်သီးမွေးညင်းတွေ ထောင်ထသွားသည်အထိ ကျောချမ်းသွားရ၏။

သည်တော့လည်း လက်ထဲတွင် အသင့်ဆောင်ထားသော အသွားချည်းတစ်ထွာခန့်ရှိမည့် ဓားမြှောင်ကြီးကို တင်းတင်းကျပ်ကျပ် ဆုပ်ထား လိုက်မိသည်။

မျက်စိအဆုံးကတော့ ရီဝေလာခဲ့ချေပြီ။ ကျိန်းစပ်လို့ပင် နေပါပြီ။ ဦးနှောက်တစ်ခုလုံးလည်း ဇောက်ထိုးပြောင်းပြန် ဖြစ်ကုန်ပြီ ထင့်။ ခေါင်းက မထူနိုင်အောင် လေးလံလာရသည်။

ထိုစဉ်မှာပင် ကြောက်စရာအကောင်းဆုံး အဖြစ်အပျက်က ဧပျိုး ပေါ်ပေါက်လာခဲ့တော့၏။ ပထမတော့ လူရိုင်းရွာတစ်ခုအနီးသို့ ရောက်သွားသလား အောက်မေ့ရသည်။

"ဒုန်းဒုန်း... ဒုန်းဒုန်း... ဒုန်းဒုန်း..."

"ဒုန်းဒုန်း... ဒုန်းဒုန်း... ဒုန်းဒုန်း..."

ဗုံသံကဲ့သို့ မြည်ဟီးပျံ့လွင့်လာသောအသံကြီးကို ကြားလိုက်ရခြင်းပါ။

တိုးလိုက်ကျယ်လိုက်ဖြင့် ဆိုင်းချက်ကျကျ အဆက်မပြတ်ထွက် လာသံ။

အနီးအနားတွင် တရုတ်မသာများရှိနေရော့သလား။ တရုတ်မသာချလာသည့် ဆိုင်းသံဘင်သံနှင့်လည်း တူသောကြောင့် တွေးမိသည်။ အို ဒီအချိန်ကြီး ဘယ်က တရုတ်မသာချတာ ဘယ်ဖြစ်ပါ့မလဲ။ အသိတရားက အတွေးကို ချေဖျက်ပစ်လိုက်၏။

"ဒုန်းဒုန်း... ဒုန်းဒုန်း... ဒုန်းဒုန်း... ဒုန်းဒုန်း..."

ဟော အသံတွေက ပိုပြီး သဲကွဲလာသည်။ အမှန်ပဲ ကြားခဲ့ရတာပါ ကလား။ ဘယ်က အသံတွေပါလိမ့်။

ကျွန်တော့်တစ်ကိုယ်လုံး မိုးကြိုးပစ်ခံရသလို ဖြစ်သွားမည်ထင်၏။ ထိုအသံကြီးက ဝေးဝေးလံလံမှ မဟုတ်ဘဲ ကျွန်တော့်အခန်းထဲမှပင် ထွက်ပေါ်လာကြောင်း သတိထားလိုက်မိသည့်အတွက်သာ ဖြစ်ပါ၏။

ကြောက်ရွံ့ထိတ်လန့်ခြင်းများသည် ငယ်ထိပ်မှ မေးဖျားတိုင်အေးစက်တောင့်တင်းသွားစေရုံမက နတ်ကျသလို တုန်လှုပ်သွားစေ၏။

"ဒုန်းဒုန်း... ဒုန်းဒုန်း၊ ဒုန်းဒုန်း..., ဒုန်းဒုန်း"

ဟုတ်ပါပြီ။ အသံကား အိမ်နောက်ဖေးမှထွက်လာတာ သေချာသည်။ ရေချိုးခန်းထဲမှာ လေးဆွေ မသာကောင်ကြီး ဘာတွေများ



ထလုပ်နေပါလိမ့်။ ဒီလောက်ကျယ်လောင်မြည်ဟိန်းအောင် ဘာကိုထုနက်နေပါလိမ့်။ ဘေးအခန်းတွေများ ကြားကုန်ပြီလား။

ကျွန်တော် လက်ထဲမှ ရှမ်းဓားမြှောင်ကြီးကို အသင့်ဖွင့်လျက်ရေချိုးခန်းရှိရာသို့ တစ်လှမ်းချင်း ခြေဖော့နင်း၍ ကပ်လာမိသည်။

အခန်းနားကပ်မိလေလေ အသံကြီးက ပိုပြီး ပြင်းထန်သထက်ပြင်းထန်လာလေလေ။

"ဒုန်းဒုန်း... ဒုန်းဒုန်း၊ ဒုန်းဒုန်း... ဒုန်းဒုန်း"

ကျွန်တော် ထွေထွေထူးထူး မစဉ်းစားနိုင်တော့ပါ။ အသံကြီးထွက်ပေါ်နေရာ ရေချိုးခန်းတံခါးကို ဆွဲဖွင့်လိုက်မိပါတော့၏။ ဖွင့်ထားပြီး သားမီးလုံးမှ မီးရောင်များကလျှံ၍ အန်ထွက်လာသည်။

အလင်းရောင်အောက်၌ အလောင်းကြီးက ဖွေးဖွေးကြီးအခင်းသား။

ခေါင်းပိုင်းခြေပိုင်းတွေကလည်း လှုပ်ရှားမှု ကင်းမဲ့လျက်။

ဒါပေမဲ့...

ရင်ပြင်နေရာမှာကား နိမ့်လိုက် မြင့်လိုက် ဖြစ်နေ၏။

အသက်ပြင်းပြင်းရှူနေသည့် ပုံစံမျိုး။

အသံကြီးကလည်း ရင်အုပ်ထဲမှပင် ထွက်လာဟန်တူသည်။

သူ သူ သေပြီပဲ။ သေတဲ့လူက ဘာကြောင့် အသက်ရှူနေရဦးမှာပဲ။

စဉ်းစားရခက်သည့်အဆုံး အလောင်းကို လွှမ်းပတ်ထားသောမွေ့ရာ ခင်းကြီးကို ဖြေကြည့်လိုက်မိ၏။

အမလေး ငယ်သံပါအောင်ဟစ်၍ ထွက်ပြေးလုမတတ်ဖြစ်သွားသော ကျွန်တော်။

ပါးစပ်အဟောင်းသား ကြက်သေသေပြီး ကြောင်ငေး ငေးနေမိရတာ မဆန်းတော့။

ကြည့်လေ။ လေးဆွေ၏ခေါင်းပိုင်းတစ်ခုလုံး ရုပ်ပျက်ဆင်းပျက် ကြေမွလျက် ရှိ၏။ ပိုးတွဲလုံချည်အောက်မှ ခြေထောက်ဖျားကလေးတွေကလည်း သွေးလုံးဝမစီးတော့သလို ဆွတ်ဆွတ်ဖြူနေပါပြီ။ သို့ရာတွင် တကတ်ထရက်တိုက်ပုံနှင့် ပိုလီယက်စတာရှပ်အောက်မှ ရင်ဘတ်ကြီးကမူ တဒုန်းဒုန်းအသံကြီးပေးကာ ဖုတ်လှိုက် ဖုတ်လှိုက် လှုပ်ခါနေ၏။

"ဒုန်း ဒုန်း... ဒုန်း ဒုန်း၊ ဒုန်း ဒုန်း... ဒုန်း ဒုန်း"

ရင်ခုန်သံကြီးက ကျယ်သည်ထက် ကျယ်လာချေပြီ။

တစ်လမ်းလုံးတော့ ဆူညံနေရော့မည်။

အချိန်ဆွဲ၍မဖြစ်တော့ကြောင်း နားလည်လိုက်သောကျွန်တော်လည်း အလောင်းကောင်ကြီးပေါ် တက်ခွလိုက်သည်။

ရင်ညွန့်ထက်သို့ ဓားဖြင့် ထောက်လိုက်သည်။

ရင်အုပ်ကြီးက မောက်သထက်မောက်လာပြီး ပိုလှုပ်လာသည်။ အသံကလည်း ပိုမြန်လာသလိုပါပဲ။

"ဒုန်း ဒုန်း... ဒုန်း ဒုန်း"

အလောင်းကို မသုံးဘဲ ပစ်ထားသော ရေတိုင်ကီအပျက်ထဲသို့ မချီ ၍ အကွေးသား ထည့်ထားလိုက်သည်။ နောက် ဂုန်နီအိတ်၊ စက္ကူစ၊ အဝတ်စများဖြင့်ထိုးသိပ်ကာ တိုလီမိုလီ ဘူးခွက်များဖြင့်



ဖုံးထားလိုက်ပြန်သည်။

သူစိမ်းတစ်ရံဆံတစ်ဦးအဖို့ လူကောင်ကြီးရှိနေသည့်အဖြစ်ကို မတော်မတဆရိပ်မိသိရှိတော့မည် မဟုတ်ပါ။ ကျွန်တော်ကလည်း တဒင်္ဂအနေသာ ရည်ရွယ်ပြီး သိုဝှက်ထားမိခဲ့ခြင်း ဖြစ်၏။

ကိစ္စအစအဆုံး ဆယ်မိနစ်မျှသာ ကြာပါလိမ့်မည်။ ၅ မိနစ်ခန့် အကြံယူ အမောဖြေပြီးနောက် နှစ်ချက်တွဲအသံကြီးများ မြည်နေဆဲသောအိတ်ကို မချင့်မရဲ ဆွဲယူလိုက်သည်။

ရေချိုးခန်းမီး ပြန်ပိတ်သည်။ အိမ်တံခါး ဖွင့်သည်။ အပြင်မှ သော့ခတ်သည်။ ယိုင်နဲ့နေသော လေ့ကားဆွေးကြီးအတိုင်း မှောင်ကြီးမည်းမည်းထဲ ဖြည်းညင်းစွာ စမ်းဆင်းခဲ့မိ၏။

ညို့တို့အခန်းအပါအဝင် တိုက်တန်းလျားများသည် ပြတင်းတံခါးများ အသီးသီးပိတ်လျက်။

ညို့တို့အခန်းကမူ အခြားအခန်းများလို မှောင်မနေခဲ့။

လူကြီးတွေပြန်ရောက်လာဟန်ဖြင့် အားပြင်းပြင်းလင်းနေသော လျှပ်စစ်မီးချောင်းရောင်က ပြတင်းအထက် လေဝင်ပေါက်မှန်ကို ဖောက်ထွက်လာတာ တွေ့ရသည်။

ကျွန်တော်သည် ထို့ထက်ပို၍ ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ မီးရထားပင်းနှင့် ရုပ်ရှင်ရုံများရှိရာဖက်သို့ ကမူးရှူးထိုး ထွက်ပြေးခဲ့မိပါတော့သည်။

*

(၆)

ညို့ကိုမြင်လိုက်ရသောကျွန်တော့်အဖို့ ကမ္ဘာမြေကြီး ချာချာလည် သွားသည် ထင်ရ၏။

ညို့မည်သည့်အချိန်က ကျွန်တော့်အခန်းထဲသို့ ရောက်နေခဲ့ပါသနည်း။ မည်သို့မည်ပုံ ဝင်နေခဲ့ပါသနည်း။ ကျွန်တော့်အတွက် ပဟေဠိဆန်လွန်းလှပါသည်။

"သိပ်အံ့သြသွားသလား ကိုရဲနောင်၊ ညက သီဂိုဆီက ကိုကိုဆွေ ပြန်သွားတော့ ဟောဒီအခန်းသော့ ကျန်ခဲ့လို့ပါပဲ"

ကျွန်တော်ချစ်သော သွားတက်ကလေးအဖွေးသားနှင့် ညို့က ဖြေရှင်းချက်ပေးခဲ့ပါ၏။

"ကျွန်တော့်အခန်းထဲ ဝင်နေရတဲ့အကြောင်းကကော မသီဂိ"

ထိုအမေးကြောင့် ပါးကလေးမို့မို့အစုံမှာ ပန်းနုရောင်သမ်းသွားသည်။

"ကိုရဲနောင်နဲ့ တွေ့ချင်လို့ပေါ့ရှင်၊ မေးစရာလေးတွေ ရှိနေတယ် မဟုတ်လား"

ပြောရင်းမှလည်း သူမ၏ဝင်းပပမျက်လုံးလေးတွေမှ ရောင်စုံအလှတွေ လွှတ်နေသည်။

"မိုးတောင် ကောင်းကောင်းလင်းတာ မဟုတ်သေးဘူး မသီဂိ၊ ကိစ္စက ဒီလောက်ပဲ အရေး●ကြီးသိဖို့ လိုသလားဗျာ"

မနိမ့်မမြင့် ဖရင့်ချ်ရိုးလ်ဆံပင်ဒီဇိုင်းကို နားကွင်းခတ်ထားသော ဗျာပါဆံလေးများ ဖျပ်ဖျပ်ခါသွားအောင် ညက်ညက်လေးရယ်ရင်း



"ဩော်... ဩော်... ကိုရဲနောင်ရယ်၊ ကိုကိုဆွေနဲ့ အမြန်ဆုံး တွေ့ပြီး သေရေးရှင်ရေးဆွေးနွေးရမယ့်ဟာ အရေးကြီးတာပေါ့လို့"

"လေးဆွေ တစ်ညလုံး ပြန်မလာဘူး မသီဂိ"

"ရှင်"

ညို့ အထိတ်တလန့် အာဠမဒိုတ်လေးနှင့်အတူ လည်တိုင်ဖြူဖြူကြော့ကို မော့လိုက်သည်။ မို့မို့ရွှေရင်လေးများပေါ်မှ အမ်စီရွှေကြိုးနှင့် ကြက်တူရွေးအိမ်လေးက ဆွေ့ဆွေ့ခုန်နေခဲ့ပါပြီ။ စိုးရိမ်ရတက်က သူမ ရင်ထဲတွင် ဂယက်ထနေသောကြောင့်ပင် မဟုတ်ပါလား။

သည်မှတစ်ဆင့် ဒေါသအဟုန်ရောနှော၍ လှမျက်နှာတွင် ထင် ဟပ်လာ၏။ ဒေါသလျှမ်းသော ညို့၏မျက်နှာထားက တစ်ပါးမိန်းကလေးတွေလို အလှမပျက် ပို၍လှနေခဲ့ပါ၏။

"သူ ကျွန်မရှေ့တင် ဒီလေကားပေါ် တက်သွားတာပဲဟာ၊ ရှင်က ဘာလို့ မလာဘူးလို့ ပြောရတာလဲ ကိုရဲနောင်၊ သူတက်လာပြီး ဝုန်းဝုန်း ဒိုင်းဒိုင်းအသံတွေ ကြားရတော့ ရှင်တို့နှစ်ယောက် စကားများရန်ဖြစ်ကြပြီလို့တော့ ထင်လိုက်သား၊ အကြီးအကျယ်တော့ မဖြစ်တန်ပါဘူးဆိုပြီး နေခဲ့တာ၊ မိုးမလင်းခင် ပြန်လာမယ်ပြောထားရဲ့သားနဲ့ ပြန်မလာတော့ သူ တစ်ခုခုဖြစ်ပြီလို့ သံသယဝင်လာရတာပေါ့၊ ခုမှတော့ မထူးတော့ပါဘူးရှင်၊ ပဲခူးကို ခရီးထွက်နေတဲ့ ဦးလေးတို့ လင်မယား ပြန်မလာခင် မိုးမလင်းခင် သူနဲ့ ကျွန်မ ခိုးပြေးဖို့ စီစဉ်ပြီးသားရှင့်"

သီဂီက အံကလေးခဲ၍ ငိုသံပါနှင့် ဆက်ပြောသည်။

"အဲဒါနဲ့ ဒီဖက်ကို ကူးတက်လာပြီး ခေါ်လို့မရတဲ့အဆုံး ပါလာတဲ့ သော့နဲ့ ဖွင့်ဝင်ခဲ့မိတာပါပဲ၊ အိမ်ထဲရောက်တော့ ဘယ်သူမှ မတွေ့ဘူး၊ သူ ရှောင်ပြေးသွားတာ မဟုတ်ဘူးဆိုတာကိုတော့ သူ့ကို ကျွန်မပေးခဲ့တဲ့ လက်စွပ်က ဟောဒီကျောက်ကလေးကို တွေ့တာနဲ့ သိလိုက်ပါတယ်လေ"

ကျောက်စိမ်းကလေးမှာ တစ်ပိုင်းမျှသာ ရှိတော့သည်။ တတိယ အချက် ကျွန်တော်ရိုက်လိုက်စဉ် လေးဆွေက လက်ကာလိုက်၍ လက်စွပ်မှာလည်း သံတုတ်စာရောမိသွားပြီး ကျောက်ကျွတ်ကာ လွင့်စဉ်ကျခဲ့ခြင်း ဖြစ်မည့်အကြောင်း ကျွန်တော် အမြန်ဆုံးတွေးလိုက်မိသည်။ ထောင့်တစ်နေရာတွင် ကပ်ကျသွားသောကြောင့် ရှင်းလင်းစဉ်က ပါမသွားဘဲ ကျန်ရစ်ခဲ့ပြီး သီဂီက ရှာတွေ့ခဲ့ဟန် တူသည်။

"ခု ကိုကိုဆွေ ဘယ်ရောက်သွားသလဲ ကိုရဲနောင်၊ ရှင်... ရှင် ကိုကိုဆွေ့ကိုများ သတ်ပစ်လိုက်ပြီလား"

သီဂီ၏ နွမ်းသွားသောအလှကိုကြည့်ရင်း ကျွန်တော် ယူကျုံးမရ ဖြစ်သွားမိသည်။ ပန်းဖူးလည်းကြွေပြီ။ ချွေသူလည်း ပျောက်ပြီ။ ဟာသံဖို့ အသက်ပျောက်ပြီဆိုတော့ အထီးကျန်တစ်ကောင်ငှက်ဘဝမှ ဟာသံမလေးအဖြစ်ကို ဆင်ခြင်မိကာ သနားသွားဖြစ်ပါ၏။

"သီဂီဟာ သူ့အတွက် တစ်ညလုံး စိတ်ပူနေခဲ့ရပါတယ် ကိုရဲနောင်၊ သီဂီကို သနားရင်..."

"မသီဂီ တစ်ညလုံး မအိပ်ဘူးဆိုတော့ ၂ နာရီကျော်ကျော်



လောက်က ကျွန်တော် အောက်ဆင်းသွားတာကို သတိထားလိုက်မိသလား"

ကျွန်တော်၏ မဆီမဆိုင်ကြားဖြတ်မေးခွန်းကို အံ့ဩရင်း သီဂီက ယောင်ယောင်အအ ခေါင်းညိတ်ပြသည်။

"အဲဒီတုန်းက ဒုန်းဒုန်း ဒုန်းဒုန်းဆိုတဲ့ အသံကြီးတွေကော မကြား လိုက်မိဘူးလား"

ထပ်ဆင့်မေးလိုက်ခြင်းက ညို့ကို မျက်လုံးလေးအဝိုင်းသား ဖြစ်သွားစေသည်။

"ရှင် ဘာတွေပြောနေတာလဲ ကိုရဲနောင်၊ ကျွန်မ ဘာတစ်ခုမှ နားမလည်တော့ဘူး၊ ရှင် အိတ်တစ်အိတ် ကိုင်ဆင်းလာတာက လွဲလို့ ဘာသံမှ မကြားလိုက်ပါလား"

"ဗျာ"

လက်ငင်းအဖို့ ဗျာတစ်ခွန်းပဲ ကျွန်တော် ရေရွတ်လိုက်နိုင်ပါ၏။ အံ့အားသင့်လို့ အားရသွားသည့်နောက်မှ

"မသီဂီကိုလည်း အားနာပါတယ်၊ ဒါပေမဲ့ မသီဂီကို ချစ်လွန်းတဲ့စိတ်ကြောင့် လေးဆွေကို ကျွန်တော် ဆုံးမမိတယ် မသီဂီ၊ မသီဂီ အတွက် သူနဲ့ ကျွန်တော် ရန်စောင်ခဲ့ရတာတော့ ကြာပါပြီ၊ စင်စစ်တော့ သီဂီကို ကျွန်တော် စတွေ့ခဲ့တာ၊ စချစ်ခဲ့တာ၊ သူ့ကို စပြခဲ့တာ အဲဒီကမှ သူက အရဝင်ကပ်ခဲ့တာပါ၊ ပြောရရင် ကျွန်တော့်လက်ထဲက မတရားအနိုင်ကျင့် ပြီး သူ လုယူခဲ့တာပါ၊ ဒီညမှာလည်း သီဂီအပေါ် သူ ကျောရရုံကြံခဲ့တာ ပဲလို့ သိလိုက်ရတဲ့နောက် သူ့ကို ဆုံးမမိတယ်၊

အဲဒါ လက်လွန်ပြီး အသက်ပါ ပါသွားတာပဲ”

“ရှင်... ဒါ... ဒါဖြင့် သူ့အလောင်းကော၊ သူ... သူ အခုဘယ်မှာလဲ”

“သူ့အလောင်းလား၊ ရေချိုးခန်းထဲက တိုင်ကီအဟောင်းကြီး ထဲမှာ ပေါ့၊ ရေချိုးခန်းထဲ ချထားတုန်းကလေ၊ သူ့နှလုံးကြီးက အသက်ရှင်နေသေးသလို တဒုန်းဒုန်း မြည်နေခဲ့တာဗျ၊ ပြီးတော့ မြေကြီးတစ်ခုလုံး ကြွတက်လာရုံမက ငလျင်လှုပ်သလို ဖြစ်လာတယ်၊ ကျွန်တော်လည်း ကြောက်အားလန့်အား ထင်ရာမြင်ရာ ထွက်ပြေး သွားလိုက်တာ မဟာဗန္ဓုလပန်းခြံနားတောင် ရောက်တယ်၊ နောက် ခေါင်းအေးအေးထား စဉ်းစားပြီး နယ်စပ်ကို ထွက်ပြေးဖို့ အဝတ်အစား တွေနဲ့ မှတ်ပုံတင်ယူဖို့ ပြန်လာရာက ခုလို ညို့နဲ့ တွေ့ရတာပါပဲ”

ညို့က ငြိမ်ပြီးနားထောင်နေသည်။

ဒါပေမဲ့ အကောင်းငြိမ်နေခြင်းမျိုး မဟုတ်ပါ။

မျက်နှာပြင်မှာ ကြောက်လန့်ခြင်း၊ ရွံ့မုန်းခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းတွေ ရောယှက်လျက်။

ကျွန်တော်ကတော့ ပြောလက်စနှင့် ဆက်ရင်ဖွင့်သည်။

“ညို့ ဟုတ်ပါတယ်၊ ကျွန်တော်က မသိင်္ဂီကို ညို့လို့ ချစ်စနိုးနဲ့ နာမည်ပေးပြီး အသည်းကြားမှာ ထွေးထားတာပါ၊ တကယ်တော့ ကျွန်တော်ဟာ ညို့ကို ရင်ကွဲမတတ်ချစ်ခဲ့ရတဲ့ အချစ်ဦးပါ ညို့ရယ်၊ ရူးရူးမိုက်မိုက် ချစ်ခဲ့တဲ့ အကျည်းတန်ချစ်သူ၊ မျက်နှာငယ် အပယ်ခံတစ်ယောက်ပါ ညို့ရယ်၊ လေးဆွေ ဘယ်



လောက်ပဲ ယုတ်မာသွားသွား ညို့အပေါ် ကျွန်တော် ချစ်နေဆဲပါ၊ ဘယ်တော့မှ မပျက်ပြယ်တဲ့ကျွန်တော့်မေတ္တာကို ညို့ လက်ခံပါ၊ ကျွန်တော့်ကို သနားပါ၊ ကျွန်တော်... ကျွန်တော်... ညို့ကို သိပ်ချစ်... ချစ်တာပဲဗျာ”

ရင်ထဲမှာ မခံမရပ်နိုင်အောင်ဖြစ်ပြီး ပေါက်ကွဲသွားပြီထင်ပါ၏။ ညို့ကို ကျွန်တော် ဆတ်ခနဲပွေ့ယူ ဖက်ပစ်လိုက်မိတော့သည်။

ညို့က ရုန်းသည်။ စူးစူးဝါးဝါး အော်သည်။

“အရူး... ရှင် အရူး... ရှင်ရူးနေပြီ၊ ကျွန်မကို လွှတ်... ခုလွှတ်”

ကျွန်တော်လည်း ပေါက်တဲ့နဖူး မထူးတော့ဘူးဆိုပြီး ရင်ခွင်ထဲမှ ညို့၏ပါးပြင်နုနုအိအိကို မွှေးမွှေးပေးရန် အငမ်းမရကြိုးစားမိခဲ့၏။

သူ့ပါးကို ကျွန်တော် မနမ်းရဘဲ ကျွန်တော့်ပါးကိုသာ သူ့လက်ဝါးက ဖြန်းခနဲ နမ်းလိုက်ပါသည်။ သူ့လက်ဝါးလေးတော့ နာသွားရှာရော့မည်။ ကျွန်တော့်ပါးပင်လျှင် မီးစနှင့် အထိုးခံရသလို ပူသွားရသည်။ လူချင်းလည်း ကွဲသွား၏။

ကျွန်တော် ထောင်းခနဲ ဒေါသဖြစ်သွားသည်။

အသေရရ အရှင်ရရဟု ကြုံးဝါးကာ ညို့ကို လိုက်ဖမ်းရန် ဟန်ပြင် မိသည်။

ထိုစဉ်မှာပင်...

ကျွန်တော့်ပခုံးကို တစ်စုံတစ်ယောက်က လာဆွဲ၍ နောက်မှ ချုပ်လိုက်သည်။

လေးဆွေများလား။

လေးဆွေတော့မဟုတ်။

သူတို့က လူနှစ်ယောက်တောင်။

တစ်ယောက်က ကျွန်တော့်ကို သိုင်းချုပ်ထားခဲ့သလို ကျန်တစ်ယောက်က ကျွန်တော့်ရှေ့မှာ ဝင်ရပ်လာသည်။

"ကဲ ခင်ဗျားပြောတာတွေအားလုံး ကျွန်တော်တို့ ပုန်းနေရာက ကြားပြီးပြီ ကိုရဲနောင်၊ အစောကြီးကတည်းက ဟောဒီအမျိုးသမီးလေး ဖုန်းဆက်ခေါ်လိုက်လို့ လာခဲ့ရတာပဲ၊ သူနဲ့ အခန်းထဲ အတူတူဝင်ပြီး ခင်ဗျားကိုစောင့်ရင်း ကိုလေးဆွေကို ရှာနေခဲ့တယ်၊ ခင်ဗျားလာတာလည်း သိရော အဲလေ... ဒီလောက်ဆို သဘောပေါက်ပြီပေါ့ဗျာ"

ကျွန်တော့်ရှေ့မှ ပခုံးကြယ်တစ်ပွင့်တပ် ရဲအရာရှိက ပြောပြောဆိုဆို ဘောင်းဘီအိတ်ထဲမှ လက်ထိတ်ကို ထုတ်လိုက်၏။ ရှေ့တိုးပြီး အနားကပ်လာ၏။

သည်မှာပင် ကျွန်တော်လိုချင်သော အကွာအဝေးအတွင်း ရောက်လာသော သူ့ပေါင်ခြံကို ဆောင့်ကန်လိုက်သည်။ ထိုကန်ချက်ကို တန်ပြန် အသုံးပြုပြီး နောက်ကချုပ်ထားသူကို တွန်းတိုက်ချလိုက်သည်။ တစ်ဆက် တည်း၌ တံတောင်ချွန်ပါ အဆစ်ပေးလိုက်၏။

လဲကျသွားသူနှစ်ယောက်ထက် ဦးအောင် အကြိုသမား ကျွန်တော်က လူးလဲရုန်းထကာ ထပ်ခိုးလှေကားပေါ်သို့ တက်ပြေးနိုင်ခဲ့သည်။

"လိုက်ဖမ်းကြပါဦး သူရှူးသွားပြီ၊ အရှူး လူသတ်ပြီး ထွက်ပြေးသွားတာပါ"



ညို့က အော်ရင်းဟစ်ရင်း ကျန်ခဲ့၏။ ညို့အသံမဆုံးမီတွင်ပင် ထပ်ခိုးပေါက်ကိုကျော်၍ ခေါင်မိုးပေါ်တက်ရာ လှေကားထိပ်သို့ ရောက်နေသူ ကျွန်တော်က တံခါးချက်ကို ဖွင့်ပြီးဖြစ်ပါသည်။

ခေါင်မိုး ဒါဘာပေါ်ရောက်သည်နှင့် အသင့်တွေ့သော ပန်းအိုးကြီးတစ်လုံးနှင့် တံခါးရွက်ကို ခုထားလိုက်သည်။ ပြီးတော့ အခန်းတစ်ခုမှ ဖောက်ထားသောတံခါးပေါက်ဆီသို့ တန်းပြေးသည်။ ဆင်းရမည့်အပေါက်ဝ တံခါးကား အထဲမှ သော့ပိတ်လျက်။

ကျွန်တော် စက္ကန့်ပိုင်းအတွင်း ဆုံးဖြတ်ချက် ချလိုက်သည်။

ထိုအခိုက် အရှူးအရှူးဆိုသော မညှာမတာပြောရက်လိုက်သည့် ညို့အသံတွေက နားဝမှာ လျှံပွက်လာသည်။

ပေါင်ရင်းခန့်ရှိ အုတ်ရိုးရင်တားဘက်သို့ ပြေးကပ်လိုက်မိ၏။ အုတ်ရိုးပေါ်မှ အောက်သို့ ငုံ့ကြည့်မိ၏။ တင်းမာခက်ထန်လှသော ညို့မျက်နှာကို မြင်လိုက်ရသည်။ နောက်မှ ညစ်ပတ်သောနောက်ဖေး သမ်းကြားကို မှုန်ဝါးဝါး တွေ့ရသည်။

တစ်ဆက်တည်း၌ လှေကားပေါ် တဝုန်းဝုန်းပြေးတက်လာသံများ၊ တံခါးကို တဒိုင်းဒိုင်းတွန်းဖွင့်သံများ ကြားနေရသည်။

"ခင်ဗျား ပြေးလို့လွတ်မှာ မဟုတ်ဘူး ကိုရဲနောင်၊ အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ"

ရမ်းသမ်းအော်ဟစ်နေသံများကို မေ့လိုက်သည်။

အုတ်ရိုးတစ်နေရာမှ အပေါ်ကို ခွတက်လိုက်သည်။

အုတ်ပေါင်ပေါ်လက်တင်၍ ဖိကပ်ထားပြီး ခြေလွှဲချလိုက်သည်။

မှန်းထားသည့်အတိုင်း ရေပိုက်ထိပ်ဝကို ခြေထောက်နှင့် စမ်းနင်းမိ၏။ ကံအားလျော်စွာ ရေပိုက်ဝနှင့် အုတ်ရိုးပေါင် မျက်နှာပြင်အကြား ကွန်ကရစ်ကြမ်းပြင်လောက်၌ လက်တစ်နှိုက်စာ ရေသွန်ပေါက် ရှိနေ၏။

အုတ်ပေါင်ကို လွတ်လိုက်သော လက်တစ်ဖက်အား ရေသွန် ပေါက်ထဲသို့ ပြောင်းရွှေ့ကုပ်ကိုင်ထားလိုက်၏။ မြဲမြဲမိပြီဆိုမှ နောက်လက်တစ်ဖက်ကို လွတ်ကာ ပိုက်လုံးနှုတ်ခမ်းဝကို လက်ဆက် လှမ်းလိုက်သလို အောက်မှ ခြေထောက်များကိုလည်း တစ်ဆင့်လျှော့ချ ပစ်လိုက်သည်။ ရှေ့အဖို့ ပိုက်လုံးအတိုင်း တွယ်ဆင်းသွားရုံသာ ရှိတော့သည်။

အုတ်ပေါင်ထက်မှ မျက်နှာသုံးခု ပေါ်လာသည်။

ရဲနှစ်ဦးနှင့် အခြားလူတစ်ယောက်။

သူတို့က ကျွန်တော့်အကြံကို ရိပ်မိသည်။

ဖျတ်ဆို ပြန်ပျောက်သွားကြသည်။

ကျွန်တော်ဆင်းမည့်အောက်က ပြေးကြို့မှာ မလွဲ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနှင့် သူတို့ထက်ဦးအောင် ဆင်းနိုင်လျှင် လွတ်ရမည်မှာ မုချ။

ညို့၏ရွှံရှာမုန်းတီးသောအကြည့်ကို ခံရမည့်ရာဇဝတ်ကောင် တရားခံ ဘဝတော့ ဘယ်တော့မှ မရောက်စေရ။

ရာဇဝတ်ဘေး ပြေးမလွတ်... တဲ့။

ကျွန်တော် လွတ်အောင် ပြေးပြမည်။

ပြေးနိုင်ရင် လွတ်ရမှာပဲပေါ့။



တကယ်လည်း လွတ်ခဲ့ရပါ၏။

နည်းနည်းမှ တွက်ဆ မမျှော်လင့်ခဲ့မိဘဲ ဆွေးနေသောရေပိုက်လုံး က ကျွန်တော့်ကိုယ်အလေးချိန်နှင့် ဆွဲအားဒဏ်ကို မခံနိုင်သည့်အဆုံး နံရံမှ ထက်ပိုင်းပြတ်ကာ သုံးထပ်တိုက်အောက်သို့ ကျခဲ့ပါလေ ပြီတကား။

* * *

(၇)

ကျွန်တော် တမလွန်ကမ္ဘာသို့ရောက်ပြီး လေးဆွေနှင့် ထိပ်တိုက် တွေ့နေရပါပကော။

သို့ရာတွင် လေးဆွေက တုံ့ပြန်လက်စားချေလိုဟန် မရှိသည့် အပြင် သူ့မျက်နှာမှာ အံ့သြစရာ ကြည်လင်ရွှင်ပျနေပါ၏။

"ဟော့ကောင် ရဲနောင်, ဘာကြောင်နေတာလဲကွ၊ ဩော်... ဒုက္ခပါပဲ၊ ဒီမယ် ရဲနောင်... ငါလေ... လေးဆွေပါဟ၊ ငါလာလို့ လေ့ကားအလယ် ရောက်ရုံရှိသေးတယ်၊ မင်းအော်သံကြားလို့ ပြေးတက်ခဲ့ရတာ၊ မင်း ဘာဖြစ်လို့လဲ၊ သတိထားဦးလေကွာ"

သည်တော့မှ တမလွန်ကမ္ဘာကို ကျွန်တော်၏ တိုက်ခန်းအဖြစ် လည်းကောင်း၊ လေးဆွေရော ကျွန်တော်ပါ မသေသေးသည့်အဖြစ်ကို လည်းကောင်း၊ ဝတ္ထုကိုရေးလိုက် တွေးလိုက်ဖြင့် တစ်ညလုံး ရေးရင်းမှ အတွေးလွန်သွားသည့်အဖြစ်ကို လည်းကောင်း၊ နားလည်ရိပ်စားလိုက် မိပါတော့၏။

နံနက် ၆ နာရီ ထိုးလေပြီ။

"တော်ပါသေးရဲ့ကွာ၊ သော့ပိုကလည်း အဆင်သင့်ရှိလို့၊ ဖြန်းခနဲ ဖွင့်ဝင်လာနိုင်တာ၊ ငါဖြင့် မြွေပဲကိုက်ပြီလား၊ လူပဲသတ်သလား မှတ်တယ်၊ မင်းဖြစ်လိုက်ရင် အလန့်တကြားချည်းပဲကွာ၊ ကဲ အကြောင်းစုံ လင်းစမ်းပါဦး သူငယ်ချင်းရာ"

ကျွန်တော်က တစေ့စေ့ပြုံးပြီးရင်း ပြုံးရင်းမှ ဖြစ်သမျှလှစ်ဟလိုက်ရသည်။

"ဒါ ငါအကြမ်းရေးထားတဲ့စာမူလေ၊ စုံထောက်မဂ္ဂဇင်း ပို့ဖို့ဆိုပြီး အားချင်းရေးခဲ့တာပဲ၊ စိတ်ကူးပေါက်သလို ရေးခဲ့တာမို့ မင်းက လူယုတ်မာ သိုက်သမားဖြစ်သွားတယ်၊ ငါကိုယ်တိုင်လည်း လူသတ်သမားပေါ့၊ အေး အချောကူးတဲ့အခါကျရင်တော့ မင်းနာမည်ကို ပြောင်းပစ်ရတာပေါ့လေ"

ဟု နိဂုံးချုပ်မိသည့်အဆုံးမှ သူငယ်ချင်းနှစ်ယောက်သား ဟားတိုက်ပြီး ရယ်မိကြပါတော့၏။

သို့သော် ထိုအချိန်က ဟားတိုက်နိုင်ခဲ့သလောက် နောက်တစ်နေ့ မနက်စောစောတွင်ကား ငိုင်တွေသွားရပါတော့သည်။

နက်နဲ ရှုပ်ထွေးမှုတစ်ခုနှင့် ပင်ပင်းရင်ဆိုင်ခဲ့ရသောကြောင့်ပင် ဖြစ်ပါ၏။

ရှင်းရှင်းဆိုရလျှင် ကျွန်တော်တို့အခန်းနှင့် တည့်တည့် သုံးထပ်တိုက်(သို့မဟုတ်) ကျွန်တော့်ဝတ္ထုထဲမှ မျက်နှာချင်းဆိုင်ခန်းသို့ ပြောင်းလာသော လူသစ်များထဲတွင် ညို့ကိုသွားတွေ့လိုက်ရခြင်းကြောင့်ပါပေတည်း။



သွားတက်ကလေးနှင့် ညို့မှ ညို့အစစ်။

ကျွန်တော့်စိတ်ကူးဖြင့် ဖန်ဆင်းထားခဲ့မိသော ရွှေမင်းသမီးလေး ညို့ကို ယခုတိုင် မျက်စိထဲစွဲထင်နေမိရာ ထိုညို့နှင့် ယခုမိန်းမပျိုလေးမှာ ပုံသဏ္ဍာန်၊ ရုပ်အဆင်း၊ ဆင်ပြင်လှုပ်ရှားမှုတို့ကအစ တစ်သဝေမတိမ်း တူညီနေ၏။

ဆန်းကြယ်တိုက်ဆိုင်လွန်းလှတဲ့အဖြစ်ပဲ ဆိုရလေမလား။

ဒုန်းဒုန်း... ဒုန်းဒုန်း၊ ဒုန်းဒုန်း... ဒုန်းဒုန်း

ဟော ပြတင်းပေါက်တွင် ထွက်ပြုံရပ်လာသောလှပျိုဖြူလေးကို ငေးမောနေမိစဉ်တွင် ဝတ္ထုထဲကအတိုင်း နှလုံးခုန်သံကြီးများကို လိပ်ပြာ လွင့်မတတ် ကြားလိုက်ရပါသည်။

ဘယ်ကပါလိမ့်ဟု ထွေထွေထူးထူးလိုက်ရှာနေစရာတော့ လိုမည် မထင်ပါ။

သည်တစ်ခါ ကြားလိုက်ရသော နှလုံးခုန်သံ ရင်ခုန်သံကြီးကား ကျွန်တော့်ရင်ထဲမှ ထွက်ပေါ်လာခြင်းပဲ ဖြစ်ပါတော့သည်တကား။

**နန်းဆောင်နီ စိတ်ပန်းချီကားနှင့် ရင်သိမ့်ဖို၊**

**ရန်အောင်စာပေ၊ ဇူလိုင်၊ ၂၀၀၅**

❐

# ဆံပင်တစ်ချောင်း၏တန်ဖိုး

(၁)

မိန်းမပျိုက နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသည်။

လမ်းမီးတိုင်မှ အလင်းရောင် မှုန်ဝါးဝါးက ပြတင်းပေါက်မှ တိုးဝင်ကာ မိန်းမပျို၏ ကိုယ်တစ်ခြမ်းပေါ် ဖြာကျနေ၏။

တစ်အိမ်လုံး ငြိမ်သက်တိတ်ဆိတ်နေသည်။

လမ်းပေါ်တွင်လည်း မည်သူမျှမရှိ။

ဓာတ်တိုင်မီးလေးသာ အထီးကျန် အဖော်မဲ့စွာ အမှောင်ထုကို အန်တုနေသည်။

မိုးတဖြောက်ဖြောက် ကျလာသည်။

မိုးသံနှင့်အတူ မိန်းမပျို တစ်ချက်နှစ်ချက် လူးလွန့်လိုက်သည်။ နောက် ပြန်ငြိမ်သွား၏။

မိုးသံတဖွဲဖွဲ၊ တဖြောက်ဖြောက်အောက်ရှိ တံခါးဝမှ တိတ်တခိုး ခြေသံများ ပေါ်ထွက်လာသည်။



အမှောင်ထဲမှာပင် ပိရိသေသပ်သော လှုပ်ရှားမှုများ။

မိနစ်ပိုင်းအတွင်း တံခါးရွက်က တဖြည်းဖြည်း ညင်ညင်သာသာ သတိကြီးစွာ တွန်းဖွင့်ခံလိုက်ရသည်။

တံခါးဝ၌ လူတစ်ယောက်၏ မည်းမည်းသဏ္ဌာန်။

အိမ်ထဲရောက်သည်နှင့် ထိုလူက တံခါးကို အသာပြန်ပိတ်ထားလိုက်သည်။

ပြီးတော့ တစ်လှမ်းချင်း အိပ်ခန်းကို ဖြတ်သန်းခဲ့သည်။

အိပ်ခန်းခုတင်ခြေရင်းတွင် တစ်ထောက်နားလိုက်သည်။

ထိုလူ တုန်လှုပ်ချောက်ချားနေရာမှ ကတုန်ကယင်ဖြစ်နေသော လက်တစ်ဖက်က ခေါင်းကိုသပ်ချလိုက်မိ၏။

ခုတင်ပေါ်မှ မိန်းမပျို နည်းနည်းလှုပ်လိုက်ပြန်သည်။

ခုတင်က နံရံတစ်ဖက်တွင် ကပ်လျက်။ မိန်းမပျို၏ မျက်နှာက ပြတင်းပေါက်ဖက်သို့ လှည့်ထားသည်။

မိန်းမပျို၏ မျက်နှာက ချစ်စရာလေး၊ ဖြူဝင်းလှပလို့။

နက်မှောင်သော ဆံပင်များက မွေ့ရာခေါင်းအုံးတစ်ဝိုက် ကျဲပြန့်နေသည်။

စောင့်ပါးလေးကို ခြုံထားသည့်ကြားမှ အချိုးအဆစ်ကျနသော ကိုယ်လုံးလေးက အတိုင်းသား။

နှစ်ဆယ်ကျော် အစိတ်ပိုင်းအရွယ်၊ နုပျိုငယ်ရွယ်မှုကိုပြနေ၏။

မှောင်ရိပ်ခိုလာသူက ရှေ့ထပ်တိုးသွားသည်။

မိန်းမပျို၏ ပြစ်မျိုးမှဲ့မထင်သော မျက်နှာလှလှလေးကို အတန်ကြာ ငေးကြည့်နေမိသေးသည်။

ချိတုံချတုံဖြင့် တစ်ခုခုကို ဆုံးဖြတ်နေပုံရသည်။

နောက်... လက်တစ်ဖက်ကို မြှောက်၏။

သူ့လက်ထဲမှာတော့ တူတစ်လက်။ သံမဏိခေါင်းက မီးရောင်အောက်တွင် လက်ခနဲဝင်းသွားသည်။

ထိုလူက တူတစ်ဖက်ဖြင့် နောက်တစ်လှမ်း ရှေ့တိုးလိုက်သည်။

မိန်းမပျိုက ပူပင်ကြောင့်ကြမဲ့စွာ ပြုံးပြုံးလေး အိပ်ပျော်နေဆဲ။

မွေ့ရာပေါ်တွင် ဆန့်တန်းလျက်ကျနေသော မိန်းမပျို၏ လက်ခလယ်တွင် စိန်တစ်လုံး စေ့စပ်လက်စွပ်လေးမှာ တဖျပ်ဖျပ် အရောင်လက်နေသည်။

လူမည်းကြီး သူ့ဘေးရောက်နေသည်ကို မိန်းမပျိုခမျာ လုံးဝမသိ။

လူမည်းကြီးက မိန်းမပျိုတစ်ကိုယ်လုံးကို လွှမ်းခြုံငုံ့ကြည့်ရင်း မျက်နှာထားတင်းသွားသည်။ အံကြိတ်လိုက်သည်။ နှုတ်ခမ်းတွေ မဲ့မဲ့ရွဲ့ရွဲ့ ဟလိုက်သည်။

"ဒုတ်"

တူချက်က ပြင်းလှပါဘိ။

မိန်းမပျို ကော့တက်သွားသည်။

ပြီးတော့... လူးလွန့်ရုန်းထသည်။

"ဟင်းဟင်း... ဟီးဟီး... ကဲဟာ... ကဲဟာ"



လူမည်းကြီး၏ နှုတ်ဖျားမှ မောကြီးပန်းကြီး သက်ပြင်းရှိုက်သံကြီးတွေ ထွက်လာသည်။

တစ်ချိန်တည်းမှာတော့ လက်ထဲမှ သံမဏိတူကြီးနှင့် တစ်ချက်ပြီးတစ်ချက် အချက်ပေါင်းများစွာ ဆက်တိုက်ထုချနေမိတော့သည်။

သွက်သည်။ မြန်သည်။ ပြင်းသည်။

စက္ကန့်ပိုင်းအတွင်း လှုပ်ရှားမှုအားလုံး ငြိမ်ကျသွားပါပြီ။

လူသတ်သမားက သူသတ်လိုက်သော မိန်းမပျို၏ မျက်နှာကို မကြည့်မိအောင်ရှောင်လျက်၊ ဖြူသွယ်သော လက်ချောင်းလေးတွေကို ကုတ်ခြစ်ကာ စိန်လက်စွပ်လေးကို ချွတ်ယူလိုက်သည်။

တို့နောက်...

ခုတင်ခေါင်းရင်း မှန်တင်ခုံသို့ ကူးလိုက်သည်။

ပတ္တမြား၊ ကျောက်စိမ်း၊ စိန် ကျောက်မျက်မျိုးစုံဖြင့် စီခြယ်ထားသော ဆွဲသီးများ၊ ဟန်းချိန်းနှင့် လက်ကောက်များ၊ စိန်လည်တုန်လေးတစ်ကုံး အားလုံးကို လက်ကိုင်ပုဝါနှင့်ထုပ်၍ သူ့ဂျာကင်အင်္ကျီဘေးအိတ်ထဲ ကမန်းကတန်း ထည့်လိုက်သည်။ ပြီးတော့ ကြိုးသိုင်းလက်ပွေ့အိတ်တစ်လုံးမှ တစ်ထောင်တန်၊ ငါးရာတန်တွေကို ယူလိုက်သည်။

မှန်တင်ခုံတစ်ခုလုံးနှင့် အဝတ်ဗီရိုကို စိတ်ကြိုက်မွှေနှောက်ရှာခဲ့ရာမှ ဗီရိုလျှို့ဝှက်အံဆွဲကို တွေ့သွားပြန်ပါသည်။

ဝက်အူလှည့် တစ်ချောင်းကိုသုံး၍ အံဆွဲကို မရအရဖွင့်လိုက်သည်။

အထဲမှာတော့ ငွေစက္ကူထောင်ထုပ်တွေ အစီအရီ။

လူသတ်သမားက ငွေထုပ်တွေကို ရသလောက်ယူ၍ ကျွတ်ကျွတ်အိတ်တစ်လုံးထဲ ထည့်သည်။

နောက်ဆုံး ငွေအိတ်ဆွဲလျက်လှစ်ခနဲ ခြေရာဖျောက်သွားတော့၏။

* * *

(၂)

"မင်းသား"လို့ နာမည်ကြီးနေသော စီအိုင်ဒီစုံထောက် ရဲအုပ်ဝဏ္ဏစိုးက မြို့သစ်၊ ရိပ်သာလမ်းရှိ ခြံငယ်လေးတစ်ခြံရှေ့အရောက် ဟွန်ဒါဆိုင်ကယ်ကို ထိုးရပ်လိုက်သည်။ သစ်ခွပန်းအိုးများကို မြင်းခွာပုံပတ်ထားသော ကားဝင်လမ်းလေးအတိုင်း ခေတ်မီတစ်ထပ်တိုက်လေး ဆင်ဝင်အောက်သို့ မောင်းဝင်လာသည်။

တိုက်ရှေ့တံခါးဝ၌ ရဲတပ်ဖွဲ့ဝင် တပ်ကြပ်လေးတစ်ယောက်စောင့်နေ၏။ ဂျာကင်၊ စပို့ရှပ်နှင့် ဂျင်းပင်ဝတ်လာသော ဝဏ္ဏစိုးကို မြင်ရာမှ အလေးပြုလိုက်၏။

"လေးစားပါတယ်ကွာ၊ ဒုရဲအုပ်အောင်ဇော်ဝင်း ရောက်နေပြီလား"

"ဟုတ်... ရောက်နေပါပြီဆရာ"

"အေး... ကျေးဇူးပဲ"

ဝဏ္ဏစိုးက တိုက်ထဲလှမ်းဝင်လိုက်၏။



အစောင့်ရဲလေးအဖို့ သူကြားဖူးခဲ့တာ ပြန်သတိရလိုက်သည်။ ရဲအုပ်ဝဏ္ဏစိုးဆိုတာ မင်းသားပဲ။ တကယ်လည်း အခု မင်းသားရုပ်ပေါက်နေသလို၊ ကွေ့ကောက်နေသော လှိုင်းတွန့်ဆံပင်များကို ဖြီးထားပုံကလည်း ရုပ်ရှင်မင်းသားစတိုင်။ စတိုင်ကလည်း ရုပ်ရှင်မင်းသားဟန်အပြည့်။

မင်းသားက လူသတ်မှုဖြစ်ပွားရာ အိပ်ခန်းသို့မရောက်ခင် လမ်းမှာ ဖိုက်ဖိုက်ဖိုက်တစ်လိပ်ကို မီးညှိသောက်လိုက်သေးသည်။

အိပ်ခန်းထဲမှာတော့ ရဲဝတ်စုံနှင့်ရော၊ အရပ်ဝတ်နှင့်ပါ လူသုံးယောက် အလုပ်ရှုပ်နေကြ၏။ မွေ့ရာပေါ်တွင် မိန်းမပျို၏ အလောင်းက ပက်လက်ကလေး။ မျက်နှာကို ဇာပဝါလေးအုပ်လို့။ သွေးကတော့ အိပ်ရာပေါ်မှာ စွန်းစိုလျက်...

ရဲဓာတ်ပုံသမားက အဝတ်ဗီရိုကိုဖွင့်၍ ဓာတ်ပုံရိုက်ရင်းက–

"နည်းတဲ့အဝတ်အစားတွေမှ မဟုတ်ဘဲ၊ အဖိုးတန် ရှယ်တွေချည်းပါလား"

ကျန်စုံထောက်နှစ်ယောက်က မှန်တင်ခုံပေါ်တစ်ဝိုက် အလှပြင်ကိရိယာ အပါအဝင် ရှိသမျှပစ္စည်းတွေကို ပေါင်ဒါမှုန့်ဖြူး၍ လက်ဗွေရှာနေကြသည်။

အောင်ဇော်ဝင်းက ငွေသေတ္တာလေးကို စစ်ဆေးနေသည်။ ဝဏ္ဏစိုးက လှမ်းမေးလိုက်သည်။

"ဘာတွေများ ထူးခြားနေလို့လဲကွ"

"ဟာ... အစ်ကိုစိုး၊ လောလောဆယ်တော့ ထူးခြားတာရယ်

လို့ ဘာမှမတွေ့သေးပါဘူးဗျာ၊ ငတိက လက်အိတ်တွေဝတ်ထားတာပဲ အစ်ကိုစိုးရဲ့"

"ငတိ... ဟုတ်လား"

"ဟုတ်တယ် အစ်ကိုရဲ့၊ လူသတ်သမားက ယောကျ်ားတစ်ယောက်ဖြစ်တာ သေချာတယ်၊ ဒီလိုရက်စက်မှုမျိုးနဲ့ ပိရိသေသပ်တာမျိုးကို အမျိုးသမီးတွေ မလုပ်တတ်ဘူး၊ အဲဒီငတိက လက်အိတ် (ဒါမှမဟုတ်) လက်ဖျားတွေမှာ ပလတ်စတာ ကပ်ထားခဲ့ပုံရတယ်။ ပြီးတော့ ဘာမှ သဲလွန်စ ချန်မထားခဲ့ဘူး။ အေးအေးဆေးဆေး လက်စသိမ်းသွားနိုင်တာကလား၊ အဲ... အခန်းထဲက လက်ဗွေရာ နှစ်ခုတော့ တွေ့ပါရဲ့၊ ဒါပေမဲ့... လက်ရာတွေက သေသူအမျိုးသမီးနဲ့ သူ့အိမ်ဖော်အဒေါ်ကြီးရဲ့ လက်ဗွေရာတွေဖြစ်နေတယ်၊ အိမ်ဖော်အဒေါ်ကြီးကလည်း နေမကောင်းလို့ သူ့အိမ်သူပြန်နေတာ နှစ်ရက်၊ သုံးရက် ရှိပြီတဲ့"

"အသတ်ခံရတဲ့သူရဲ့ နာမည်က... "

"ဇာဇာနွယ်တဲ့၊ တက်သစ်စ အဆိုတော်မလေးပဲ၊ စီးရီးနှစ်ခွေ ထွက်ထားပြီးပြီ၊ ပိုက်ဆံ အထိုက်အလျောက် ချမ်းသာတယ်၊ ဒါပေမဲ့ ရှေ့လမှာ ဘလူးဒီဇဲလ်က တီးဝိုင်းခေါင်းဆောင် ဖရက်ဒီနဲ့ မင်္ဂလာဆောင်တော့မယ်၊ ဖရက်ဒီကို အကြောင်းကြားဖို့ စုံစမ်းပြီးပြီ"

"အဲဒီတော့..."

"သူက ရန်ကုန်မှာမရှိဘူး၊ တောင်ကြီးကို ရောက်နေတယ်၊ မနေ့ကပဲ တောင်ကြီးက ဖုန်းဆက်သေးတယ်လို့ သိရတယ်"



"ဘယ်သူက ပြောတာလဲ"

"မနက်လာ၊ ညပြန် ထမင်းချက်တဲ့မိန်းမက ပြောတာပဲ၊ ခု... သူက မီးဖိုချောင်ထဲမှာရှိတယ်။ ပြောလိုက်၊ ငိုလိုက်နဲ့ တက်မတတ်၊ ချက်မတတ်ပဲ"

"ဇာဇာနွယ်ရဲ့ နောက်ကြောင်းကကော..."

"ရှင်းပါတယ်၊ ဘာမှ ရှုပ်ရှုပ်ထွေးထွေး မရှိပါဘူး၊ အမွေခံ သူဌေးသမီး ဖြစ်ရုံကလွဲလို့ တခြားမသင်္ကာစရာလည်း မရှိသလောက်ပါပဲ"

"ဘယ်အချိန်လောက်မှာ အသတ်ခံရတာလဲ"

ဝဏ္ဏစိုးက ဘူးကိုထုတ်၍ အောင်ဇော်ဝင်းကို တစ်လိပ်ပေးရင်း ဆက်မေးလိုက်ခြင်းပါ။

အောင်ဇော်ဝင်းက စီးကရက်ကို ပါးစပ်ဖျားချိတ်၍ မီးညှိလိုက်သည်။ တစ်ရှိုက်နှစ်ရှိုက်၊ ရှိုက်ပြီးတော့မှ–

"စောစောက မှုခင်းဆရာဝန်လည်း လာစစ်သွားပြီးပြီအစ်ကိုစိုး၊ သူ့အဆိုအရတော့ ည ၁၂ နာရီနဲ့ မနက် ၃ နာရီကြားမှာ အသတ်ခံရတာတဲ့၊ လူသတ်လက်နက်ကတော့ ဟောဟိုမှာ သက်သေခံ သိမ်းထားပြီးသား"

"သံမဏိ တူကြီးပါလား၊ ပေါင်ဝက်လောက်တော့ရှိမယ်"

"ဟုတ်တယ် အစ်ကိုစိုး... အဲဒီတူနဲ့ သူ မီးသွေးခွဲတာတဲ့၊ ထမင်းချက်မိန်းမကပြောပြီး သတိလစ် တက်သွားပြန်ရော"

"လူသတ်သမားက အိမ်ထဲ ဘယ်လိုဝင်ခဲ့တယ်လို့ မင်းထင်သလဲ"

"နောက်ဖေးပြတင်းပေါက်ကို ဖျက်ဝင်တာပဲ၊ မှန်ခွဲပြီး သံတိုင်ကိုလွှနဲ့ဖြတ်ဝင်ခဲ့ပုံရတယ်၊ လက်ရာကြည့်ရတာ ကြေးစားတော့ ဟုတ်ပုံမရဘူး၊ အဲ… အချောင်သမားတစ်ယောက်ဆိုတာ သိသာတယ်"

"ဒါဖြင့် ဘာပစ္စည်းတွေ ပျောက်နေသလဲ"

"လက်ဝတ်ရတနာတွေနဲ့ ငွေတွေပါသွားတာ သေချာတယ်၊ အမျိုးသမီးရဲ့ ညာဖက်လက်ချောင်းတွေမှာ ကုတ်ခြစ်ရာတွေ ကျန်ခဲ့တာထောက်လို့ စေ့စပ်လက်စွပ်ပါ လုယူသွားပါလိမ့်မယ်"

"အေး… သူ့ဓာတ်ပုံတွေကိုကြည့်ရင် သူ့လက်ဝတ်လက်စားတွေ ဘာဆိုတာသိနိုင်တယ်၊ ငွေစက္ကူက ဘဏ်ပက်ကင်တွေဆိုလဲ နံပါတ်တွေ ရနိုင်တာပဲ၊ တို့အနေနဲ့ မျက်စိရှင်ဖို့နဲ့ လူသတ်ကောင်ထက် လျင်ဖို့သာလိုလိမ့်မယ်"

"ဟုတ်ကဲ့… သဘောပေါက်ပါတယ် အစ်ကိုစိုး"

"မင်း မှတ်ထားဖို့က ဘယ်အမှုမျိုးမဆို သဲလွန်စမကျန်ဘူးဆိုတာတော့ မရှိဘူး အောင်ဇော်ဝင်း၊ အချိန်တွေအများကြီးရတာပဲ၊ ငါ့အထင်တော့ အဲ… ဟိုမှာ ဘာပါလိမ့်"

ဝဏ္ဏစိုး ပလတ်စတစ်ခင်းပေါ်က တူကြီးကို စိုက်ကြည့်ရာမှ အနီးကပ်သွားသည်။ သူ့ဂျာကင်အိတ်ထဲမှ ဓာဂနာငယ်လေးတစ်ချောင်းကို ထုတ်ယူလိုက်သည်။



"ဒီတူကို ဓာတ်ပုံရိုက်ပြီးပြီ မဟုတ်လား၊ ငါ သိမ်းသွားမယ်"

"ဟုတ်ကဲ့ အစ်ကိုစိုး၊ ဓာတ်ပုံတွေတော့ အားလုံးရိုက်ထားပြီးသားပါ"

"တော်တယ်ကွာ၊ မင်း ငါ့တပည့်ပီသတယ်"

ဝဏ္ဏစိုး တူအောက်တွင် ငုတ်တုတ်လေးဖြစ်သွားသည်။ ပြန်ထလာတော့ ဓာဂနာကြားတွင် အရှည်နှစ်လက်မခန့်ရှိ မီးခိုးရောင်ဆံပင်လေးတစ်ချောင်း တန်းလန်းညှပ်လျက်။

"နေရောင်အောက်မှာ ဒီကောင်က လက်ခနဲဖြစ်သွားတာကိုးကွ၊ ဒီဆံပင်ရဲ့ ထူးခြားချက်ကို မင်း ဘာမြင်သလဲဟင် အောင်ဇော်ဝင်း"

"ဘာထူးခြားလို့လဲ အစ်ကိုရဲ့၊ ကျွန်တော့်အမြင်တော့ မိန်းမဆံပင်တော့ မဟုတ်ဘူးထင်တာပဲ"

"အေး… မဟုတ်တာတော့ သေချာလောက်တယ်၊ ကဲ… ပိုသေချာအောင် ထပ်ရှာကြည့်လိုက်ဦးစို့လား"

သည်လိုနှင့် နောက်ထပ်ဆံပင်လေးချောင်း ထပ်ရလိုက်သည်။ ဆံပင်တွေအားလုံးက အရှည်တစ်ရွယ်တည်း။

ဒီထက်ပို၍ အထောက်အကူရစရာ ဘာမျှမရှာမတွေ့တော့။

* * *

အလောင်းကို လူနာတင်ကားဖြင့် ဆေးရုံပို့လိုက်ပြီးနောက် ဝဏ္ဏစိုးနှင့် အောင်ဇော်ဝင်း စီအိုင်ဒီရုံးချုပ်သို့ ဟွန်ဒါဖြင့် ပြန်ရောက်လာကြသည်။

မှုခင်းစစ်ဆေးရေးဌာန ဝဏ္ဏစိုး၏ ရုံးခန်းထဲမှာတော့ အစီရင်ခံစာတွေ အထပ်လိုက်ရောက်နေသည်။

ဇာဇာနွယ်၏ သတို့သားလောင်း တောင်ကြီးမှာပဲရှိနေကြောင်း သတင်းပို့ချက်။

အိမ်ဖော်များ၏ အစစ်ခံချက်များ။ (လိုအပ်ချက်မရှိ၊ တိကျသည်။)

အိမ်နီးချင်းသက်သေများကို မေးမြန်းချက်များ။ (ထူးခြားချက်မတွေ့။)

ဝဏ္ဏစိုး စီးကရက်ခဲပြီး အနားယူစဉ်းစားနေဆဲ တယ်လီဖုန်းက တီးလုံးဂီတသံလေးများ မြည်လာသည်။

"ဟဲလို… အမိန့်ရှိပါ၊ ကျွန်တော် ရဲအုပ်ဝဏ္ဏစိုးပါ"

"ဩော်… ဆက်လိုက်ရတာ ဆရာရယ်၊ နှစ်ခါ၊ သုံးခါတောင်ရှိနေပြီ၊ ဆရာ့ကို အသိပေးချင်တာလေးတွေ ရှိလို့ပါ၊ အဲ… ကျွန်တော်က ဇာဇာနွယ်ရဲ့ ရှေ့နေ ဦးမောင်မောင်လတ်ပါ"

"ပြောပါ ဦးမောင်မောင်လတ်၊ ဘာများပြောချင်လို့လဲ"

"အရင်ဆုံးပြောရရင်တော့ အမှုက ရက်ရက်စက်စက် ကြောက်စရာ၊ အော့နှလုံးနာစရာကြီး ဆိုတာပဲပေါ့နော်၊ တကယ့်ကို ကြောက်စရာကြီးဗျာ၊ ဇာဇာ့ခမျာ သနားပါတယ်၊ သိပ်သဘောကောင်းတဲ့ မိန်းကလေးဗျ၊ လူချစ်လူခင်လည်း ပေါမှပေါ၊ ရုပ်ကလေး လှသလောက် အသံလေးက ချိုမှချို။ မကြာခင် လျှမ်းလျှမ်းတောက်



နာမည်ကြီးတော့မှာ၊ ပြီးတော့ လက်ထပ်မယ့်ဆဲဆဲကြားက ကြမ္မာဆိုးတိုးရတာ ကျွန်တော်ဖြင့် ယူကျုံးမရဖြစ်လို့ မဆုံးပါဘူးဗျာ"

"ဒီတော့ ဦးမောင်မောင်လတ်အနေနဲ့ ကျွန်တော်တို့ကို ဘယ်လိုများ အကူအညီပေးနိုင်မှာပါလိမ့်"

"ဩော်… ဒီလိုပါ၊ ဇာဇာက သူဌေးသမီးပီပီ ချမ်းသာတယ်ဗျ၊ သူ့ခမျာ အမွေဆက်ခံမယ့်လူရယ်လို့ တရားဝင်မရှိဘူးလေ၊ ကျွန်တော်က သေတမ်းစာ ရေးထားပါလားလို့ ပြောတာတောင် ထုံးစံမှ မဟုတ်တာတဲ့၊ ဒါပေမဲ့ စကားအဖြစ်နဲ့တော့ သူ့ဆန္ဒကို ဖော်ထုတ် ခဲ့ပါတယ်၊ တကယ်လို့ သူသာ ဟိုတီးဝိုင်းခေါင်းဆောင် ဖရက်ဒီဆိုတဲ့ ကရင်ကပြားလေးနဲ့ မယူဖြစ်ခဲ့ရင် သေမလားတောင် မသိဘူးဆိုပဲ၊ အဲ… သူသေရင်တော့ သူ့ကျန်ခဲ့တဲ့ ပစ္စည်းတွေကို တစ်ဝမ်းကွဲမောင် တစ်ယောက်၊ အစ်ကိုတစ်ယောက်၊ ညီမတစ်ယောက် ပြီးတော့ ဦးလေးအရင်းတစ်ယောက်ကို ခွဲပေးလိုက်ချင်တယ်တဲ့"

"စိတ်ဝင်စားစရာပါပဲ၊ ဆက်ပြောပါဦး ဦးမောင်မောင်လတ်"

"ဝမ်းကွဲတွေက သူ့အမေဖက်က တော်တာ၊ ဦးလေးကတော့ သူ့အဖေဖက်ကတဲ့၊ သူ့ဆန္ဒအတိုင်းဆိုရင် ဦးလေးဖြစ်သူက တစ်ဝက်၊ ကျန်တစ်စက်ကို ဝမ်းကွဲမောင်နှမတွေကို ပေးမှာပဲ၊ ဒါဟာ ဇာဇာ့အဖေကိုယ်တိုင် မသေခင်က အကြံပေးခဲ့တာတဲ့"

"ကျေးဇူးပါပဲဗျာ… ဖြစ်နိုင်မယ်ဆိုရင်တော့ ဦးမောင်မောင်လတ်ပြောတဲ့ လူတွေရဲ့ လိပ်စာတွေ ကျွန်တော့်ဆီ အမြန်ဆုံးပို့ပေးပါ"

"ဒါဆို နောက်တစ်နာရီကြာရင် ကျွန်တော် ပြန်ဆက်ပါ့မယ်"

"ကောင်းပါပြီ... ဒါပဲနော်"

ဝဏ္ဏစိုး ဖုန်းချလိုက်သည်။ ထိုင်ရာမှထသည်။

သူ့အခန်းထဲဝင်လာသော အောင်ဇော်ဝင်းကို လှမ်းပြောလိုက်သည်။

"အောင်ဇော်ဝင်း... ငါနဲ့ ဓာတ်ခွဲခန်းကိုလိုက်ခဲ့ကွာ"

* * *

(၃)

ဓာတ်ခွဲခန်းထဲအရောက်၌ ဝဏ္ဏစိုးက ဆံခြည်မျှင် ငါးချောင်းပါသော ပလတ်စတစ်အိတ်ငယ်လေးကို ထုတ်လိုက်သည်။ စက္ကူဖြူတစ်ရွက်ပေါ် တင်လိုက်သည်။

ပြီးတော့ နှစ်ယောက်ကြည့် မှန်ဘီလူးကို သူရော၊ အောင်ဇော်ဝင်းပါ တစ်ပြိုင်တည်း ကြည့်နိုင်ရန် ချိန်လိုက်သည်။

ပထမ ဆံပင်တစ်ချောင်းကို မှန်ပြားလေးပေါ်တင်၍ အဏုကြည့်မှန်ပြောင်းအောက်သို့ ထိုးသွင်းလိုက်သည်။ အနေအထား ပုံစံကျအောင် ဂရုတစိုက် ရွှေ့လိုက်သည်။

ဆံပင်က အလုံးခပ်တုတ်တုတ်။ ကြမ်းတမ်းသည်။ မြက်ပင်တွေလို စောင်းခြစ်တွေ အထင်သား။ အမြစ်ဖက်က မီးသီးတစ်လုံးလို ဖောင်းဥနေသည်။ အဖျားဖက်ကတော့ တိတိရိရိပြတ်လို့။



"ဒီလူ ဆံပင်ညှပ်ထားတာ မကြာသေးဘူးကွ၊ အဲ... ခဏနေဦး"

"တွေ့လားအစ်ကို အရောင်ဆိုးတဲ့ ဆဲလ်တွေက အနက်ပဲ"

"မဟုတ်ရာအနက်ကွ... အဓိပ္ပာယ်ကတော့ ဆံပင့်မီးခိုးရောင်သမ်းစဖြစ်နေတဲ့ တို့လူဟာ သိပ်အသက်မကြီးသေးဘူး၊ လူလတ်ပိုင်းပဲဆိုတာ ပြလိုက်တာပဲ၊ လေးဆယ်အောက်လူတိုင်း ဆံပင်မီးခိုးရောင်ဖြစ်ရမယ်၊ ဖြူရမယ်၊ ညိုရမယ်လို့ စည်းကမ်းသတ်မှတ်ချက်တော့ မရှိဘူးပေါ့ကွာ၊ ဒါပေမဲ့ တို့လူဟာ တစ်ပင်စ၊ နှစ်ပင်စ ဖြူချင်နေပြီဆိုတာ ကျိန်းသေတယ်၊ အဲ... မီးခိုးရောင်နဲ့ဆံပင်ဖြူတွေ မူလအနက်တွေမှာ ရောနေမယ်လို့ ယူဆစရာပဲကွ"

"အဖြင့် ဒီလူ့အသက် ဘယ်လောက်မှန်းသလဲ အစ်ကို"

"သုံးဆယ့်ငါးနဲ့ လေးဆယ်ငါးကြား ဖြစ်ရမယ်ကွာ၊ ဆံပင်ညှပ်ထားရမယ်၊ ကဲ... ကဲ အမြစ်ကို ကြည့်လိုက်ကြရအောင်"

ဝဏ္ဏစိုးက နောက် ဆံပင်တစ်ချောင်းကို မှန်ပြင်ပေါ်တင်လိုက်ပြန်သည်။ ပုံကြီးချဲ့၍ အနီးကပ်ဆွဲကြည့်သည်။ အမြစ်ခြေမှာ သုံးလုံးတွဲနေသလို တွေ့ရသည်။

"အား... ဥတွေက ချောမွတ်နေတာမဟုတ်ဘူး၊ တွေ့လား၊ ရိုးရိုးမျက်စိနဲ့ မမြင်နိုင်ပေမယ့် အဏုကြည့်မှန်ဘီလူးအောက်မှာ ကြမ်းထော်နေတာ ပေါ်လာတယ်၊ သဲတွေ လုံးထားတဲ့အတိုင်းပဲ၊ ပြီ သူငယ်ချင်း၊ တို့ကောင်ဟာ ခပ်ဝဝတစ်ယောက် ဖြစ်ရမယ်၊ ဒါကို သိရင် ရှေ့ဆက်ဖို့လွယ်လွယ်လေး"

"ဝတယ်၊ ဟုတ်လား"

"အေး... လူတစ်ယောက်ရဲ့ ဆံပင်အမြစ်ဟာ ခုပုံစံမျိုး အရင်းတုတ်ပြီး အဖုအထစ်တွေနဲ့ ကြမ်းထော်နေတာဟာ ဆံပင်ပိုင်ရှင် အနေနဲ့ ချွေးထွက်များနေတယ်လို့ ပြောတာပဲ၊ မင်း သိတဲ့အတိုင်း ပဲလေ၊ ဝတဲ့လူတွေဟာ ပိန်တဲ့လူတွေထက် ချွေးသန့်ကြသမှ ရွှဲနစ် နေတာပဲ မဟုတ်လား"

"ပညာပါပါပေ့ အစ်ကိုရာ..."

"နောက်... တစ်သက်လုံးမှတ်ထား၊ အုံကောင်းပြီး ထူလပျစ် နေတဲ့ နေရာတွေမှာ ဆံပင်တွေက ချွေးတွေကို စုပ်ယူလိုက်တယ်ကွ အဲ... ဆံပင်ပါးတဲ့နေရာကျတော့ ချွေးတွေက ဦးရေပြားထဲ စိမ့်ဝင် ပြီး ဆံပင်အမြစ်မှာ ခုလို အဆီအိတ်တွေ ထွက်ကုန်တာပဲ"

"မှတ်သားလောက်ပါတယ် အစ်ကိုရယ်"

"ပြီးတော့လည်း ခု ဆံပင်မျိုးတွေဟာ ဆံပင်ပါးတဲ့နေရာနားက ကပ်ပြီး လွတ်လွတ်ကျွတ်ကျွတ် ပေါက်တတ်ကြတယ်လေ၊ နား သယ်တို့၊ ကုပ်ပေါ်ဓာနောက်စေ့တို့မှာ ပေါက်တဲ့ဆံပင်တွေလောက် လည်း သိပ်ရှည်မှာမဟုတ်ဘူး၊ ဆိုလိုတာကတော့ ပြောင်စပြုနေတဲ့ ငယ်ထိပ်ကပေါက်နေတဲ့ ဆံပင်မျိုးပဲ"

အောင်ဇော်ဝင်း မိုက်ကရိုစကုတ်က ခွာလိုက်သည်။

"ဒီအတိုင်းဆို ကျွန်တော်တို့လူက ပုံပေါ်နေပြီပဲ အစ်ကိုရဲ့၊ အသက် ၃၅ နှစ်နဲ့ ၄၅ နှစ်ကြား၊ ဖြူကြောင်ကြောင်၊ အနက်ရောင် ဆံပင်ပိုင်ရှင်၊ ထိပ်ပြောင်စ လူဝဝ"



"ဆံပင်ညှပ်ထားတာ သိပ်မကြာသေးဘူးဆိုတာလည်း ထည့် လိုက်ဦးကွ၊ ဒီတော့ ဇာဇာနွယ်ရဲ့ အစ်ကို၊ မောင်တွေနဲ့သူ့ဦး လေးရဲ့ပုံစံတွေ တိုက်လိုက်ပြီး ခြေသွက်လက်သွက်နဲ့ သွားဖမ်းရုံပဲ ရှိတော့တယ်"

"သူတို့ပုံစံတွေရဖို့ လိုက်စုံစမ်းရဦးမှာပေါ့"

"တို့ သိပ်အပင်ပန်းခံစရာ လိုမယ်မထင်ပါဘူးကွာ၊ ဇာဇာ နွယ်ရဲ့ ရွှေနေ ဖုန်းပြန်ဆက်တာကို စောင့်လိုက်ရုံပဲ ရှိပါလိမ့်မယ်"

တစ်နာရီတိတိ ပြည့်သွားရာမှ ရွှေနေဦးမောင်မောင်လတ်ထံမှ ဖုန်းခေါ်လာသည်။ ကံကောင်းချင်တော့ စာရင်းဝင်အားလုံးက ရန်ကုန် မှာနေသူတွေချည်း။ ဒီအထဲမှာ ဝဏ္ဏစိုးက အသက်အရွယ်နှင့် လူပုံ ပန်းသဏ္ဌာန်တွေ ထပ်မေးကြည့်လိုက်၏။

"ဒါဆို ရွှေနေကြီးရဲ့ အဖြေထဲမှာပဲ တရားခံပါလာတာပဲ အစ်ကိုစိုးရဲ့၊ တစ်ယောက်ချင်းရဲ့ အသက်အရွယ်၊ ပုံစံတွေအရ ဇာဇာနွယ်ရဲ့ အစ်ကိုနဲ့ မောင်က အသက်နှစ်ဆယ် ပတ်ဝန်းကျင်ပဲ ရှိတယ်၊ သူ့ဦးလေးကတော့ လေးဆယ့်တစ်နှစ်၊ လူဝကြီးဆိုတော့ ကွက်တိပဲ"

အောင်ဇော်ဝင်းက အားရဝမ်းသာစိတ်က မမျိုသိပ်နိုင်သလို ဗလုံးဗထွေးနှင့် ပြောလိုက်သည်။

ဝဏ္ဏစိုးကတော့ လေအေးလေးနှင့်ပင်။

"ဟုတ်မဟုတ်၊ တို့ ပြေးကြည့်လိုက်ကြရအောင်လား သူငယ်ချင်း"

* * *

(၄)

ဦးလေးဖေညွန့်ရဲ့ အကျင့်ကိုက ဖြူစပြူနေသော ဆံပင်တွေကို သပ်ချသည်။ ပြီးတော့ ထိပ်ပြောင်ထက်က ဆံပင်ပါးပါးလေးတွေကို ပွတ်နေသည်။ လူရှေ့သူရှေ့ပင် မရှောင်နိုင်။

လူကလည်း ဝသလားမမေးနဲ့။ ဗိုက်ကြီးကိုရွဲလို့။ ပါးစုန့်ကြီးတွေထွက်လို့။ အသက်နဲ့မလိုက်အောင် ထွားကြိုင်းသည်။ တစ်ချိန်က အင်္ကျီမှာ ပေါက်ကွဲပြီထွက်မတတ် ကျပ်နေတာလည်း တွေ့ရသည်။

သူက ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ အိမ်ငှားနေသည်။ ဒါပေမဲ့ အပေါ်စက်၊ အောက်စက်၊ ရေခဲသေတ္တာနှင့် ရှိုးကတော့အပြည့်။

တစ်ကိုယ်တည်း တစ်ခုလပ်ဖြစ်သလို အပြောကောင်းကောင်းနှင့် စိတ်ကောင်းရှိယောင် ဆောင်ထားသည်။

ဝဏ္ဏစိုးတို့ကို မြင်မြင်ချင်း ဖော်ဖော်ရွေရွေ ခရီးဦးကြိုခဲ့ရာမှ ဧည့်ခန်းစားပွဲခုံမှာ နေရာချပေးသည်။

"အေးဗျာ... ကျွန်တော်လည်း ခုလေးတင်ပဲ သတင်းကြားလိုက်ရတယ်၊ ခုနလေးတင်ပါပဲ၊ ကြားလိုက်တာနဲ့ စိတ်ထိခိုက်ပြီး မိုက်ခနဲတောင် ဖြစ်သွားရတာ၊ ရက်စက်လိုက်တာ၊ ကြောက်စရာကြီးပါလား၊ ကျွန်တော့်တူမလေး အဖြစ်ဆိုးလိုက်လေခြင်းဗျာ၊ သူ့ရှေ့နေ ဦးမောင်မောင်လတ်ပြောလို့ အတွင်းပစ္စည်းတွေနဲ့ ငွေတွေ အတော်များများ ပါသွားတယ်တဲ့၊ အသက်အိုးအိမ် စည်းစိမ်ဆိုတာ ဘာတစ်ခုမှ လုံခြုံမှုမရှိတော့ပါလားဗျာ၊ ဒုစရိုက်သမားတွေ တစ်နေ့တခြား အတင့်ရဲပြီ· သောင်းကျန်းလာတာတော့ အမှန်ပါပဲ"



ဦးဖေညွန့်က ငိုပြရုံမက ဝေဖန်ရေးတရားတောင် ဟောလိုက်သေးသည်။

ဝဏ္ဏစိုးက အသာလွှတ်ပေးထားလိုက်ပြီး စိတ်ထဲက ကျိတ်ပြုံးနေမိသည်။

ဦးဖေညွန့် အရှိန်ကုန်၍ စကားပြတ်ပြီဆိုမှ

"ဒီလူသတ်မှုမှာ အကူအညီတွေ ကျွန်တော် လိုနေပါတယ် ဦးဖေညွန့်၊ အထူးသဖြင့် ခင်ဗျားရဲ့ အကူအညီပေါ့"

ဦးဖေညွန့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပြီးတော့–

"အား... ရပါတယ်၊ ဘာမဆို ဘာပဲဖြစ်ဖြစ်၊ ကျွန်တော် တတ်နိုင်သလောက် ကူညီမှာပေါ့ ရဲအုပ်ကြီးရယ်"

"ကျေးဇူးပါပဲဗျာ၊ အမှန်ကတော့ ဘာမဟုတ်တဲ့ အသေးအဖွဲ ကိစ္စလေးပါ၊ ဒါပေမဲ့... အများကြီး အကျိုးပြုရာ ရောက်နိုင်ပါတယ်၊ တခြားတော့မဟုတ်ပါဘူး ဦးဖေညွန့်ခေါင်းက ဆံပင်လေးတစ်ချောင်း ရရင် တော်ပါပြီ"

"ဗျာ..."

"ကျွန်တော် အတည်ပြောတာပါ၊ ဦးဖေညွန့်ခေါင်းက ဆံပင်လေးတစ်ချောင်းတည်းပါ"

ဝဏ္ဏစိုးက ပြောပြောဆိုဆို စကားနောက်တရားပါဆိုသလို သူနှင့် ဘေးချင်းကပ် လာထိုင်နေသော ဦးဖေညွန့်၏ ခေါင်းပေါ်မှ ရရာဆံပင်တစ်ချောင်းကို ဖျတ်ခနဲ ဆွဲနုတ်လိုက်သည်။

သာမန်မျက်စိဖြင့် ကြည့်ရုံနှင့်ပင် သူတို့စစ်ဆေးခဲ့သော ဆံပင်တွေနှင့် တစ်မျိုးတည်းဖြစ်နေကြောင်း တွေ့လိုက်ရသည်။

"ဒါဆို ရပါပြီ၊ ဦးဖေညွန့်လည်း ကျွန်တော်တို့နဲ့ တစ်ပါတည်း အင်းစိန် စီအိုင်ဒီရုံးကိုလိုက်ပြီး ဒီဆံပင်လေးကို စမ်းသပ်စစ်ဆေးနေတာ လိုက်ကြည့်ရင် ကောင်းမယ်ထင်တယ်"

"အို... အဲ... ကျွန်တော် အခုလိုက်ခဲ့ရမယ် ဟုတ်လား"

"ကျွန်တော်တို့က ဆံပင်ကို ခတ်ခွဲကြည့်ရုံလေးပါ ဦးဖေညွန့်ရယ်၊ ရှင်းရှင်းပြောရရင်တော့ ဓာဓာနွယ်ရဲ့ ခုတင်ဘေးမှာ လူသတ်လက်နက်ဖြစ်တဲ့ တူပေါ်က ဒီအရွယ်လောက် ဆံပင်ဖြူလေးတစ်ချောင်း တွေ့ခဲ့ရတယ်ဗျ၊ ဆံပင်ဆိုတာမျိုးကလည်း လက်ဗွေရာတွေလိုပဲ တရားခံအစစ်အမှန်ကို ဖော်ပေးနိုင်တဲ့ အစွမ်းသတ္တိရှိတယ်လေ၊ ပြီးတော့ လက်ဗွေရာတွေလိုပဲ ဆံပင်နှစ်ချောင်းဟာ တစ်ချောင်းနဲ့ တစ်ချောင်းလည်း မတူနိုင်ဘူး၊ ဒီတော့..."

ဦးဖေညွန့်က ဒေါသတကြီး ထအော်လိုက်သည်။

"ဒါ သက်သက်မဲ့ မတရားလုပ်တာပဲ၊ ကျုပ် မလိုက်နိုင်ဘူး"

"ရပါတယ်၊ ကျွန်တော်တို့က ဦးဖေညွန့်အနေနဲ့ ကူညီချင်တယ်ဆိုလို့ ပြောတာပဲ၊ မလိုက်ချင်လည်း နေခဲ့ပါ ရပါတယ်"

* * *

လမ်းပေါ်မှာ...

သူတို့ ဟွန်ဒါလေးရှိရာသို့အသွား



ဝဏ္ဏစိုးက ပြောလိုက်သည်။

"အောင်ဇော်ဝင်း သားကောင်ကို ဖမ်းတဲ့နေရာမှာ အပိုင်မိအောင် ကျုံးသွင်းရတယ်ဆိုတာ မင်း နားလည်မှာပေါ့၊ မင်း လမ်းဟိုဖက်ထိပ်က သွားစောင့်၊ ငါက ဒီဖက်ထိပ်ကစောင့်နေလိုက်မယ်၊ ဒီလူ မိနစ်နှစ်ဆယ်အတွင်း အိတ်ဆွဲထွက်လာပြီး ကြုံရာတက္ကစီတစ်စီးကို ဖမ်းမတားဘူးဆိုရင် ငါ့တွက်ကိန်းမှားပြီလို့သာ မှတ်လိုက်၊ အဲ... ဒီဆံပင်ဟာ တခြားတစ်ယောက်ယောက်ရဲ့ ဆံပင် ဖြစ်နေမယ်လို့တော့ ငါ မထင်ပါဘူးကွာ"

သူတို့ လူချင်းခွဲလိုက်သည်။ ဝဏ္ဏစိုးက ဆိုင်ကယ်စက်နှိုး၍ အသံပေးထွက်ခဲ့သည်။ လမ်းထိပ် မျက်ကွယ်နေရာအသီးသီးမှ စောင့်နေလိုက်ကြသည်။

ထင်သည့်အတိုင်း ဦးဖေညွန့် ခရီးဆောင်အိတ်ကြီးတစ်လုံး လွယ်လျက် သုတ်သုတ်ပျာပျာလေး ထွက်လာပါပြီ။

သူက ပြင်ဆင်ချိန် ၁၂ မိနစ်လောက်ပဲ ယူခဲ့သည်။

နောက်... လမ်းမကြီးပေါ်၌ တက္ကစီတွေကို တားသည်။

နှစ်စင်းကျော် သုံးစင်းမြောက်မှ တက္ကစီရသည်။

ဦးဖေညွန့်က ကမန်းကတန်း ကားနောက်ခန်းသို့ တက်ထိုင်လိုက်သည်။

ရှေ့ဆင့်နောက်ဆင့်ပင် တစ်ဖက်ကားတံခါး ဖွင့်သွားပြီး အောင်ဇော်ဝင်း ဝင်ထိုင်လိုက်သည်။

စက္ကန့်ပိုင်းလေးအတွင်း၌ ဆိုင်ကယ်ထိုးရပ်လိုက်သံနှင့် ဝဏ္ဏစိုး နောက်တစ်ဖက်က ဖွင့်ဝင်လာ၏။

"ခင်ဗျား ဘယ်သွားမလို့လဲ ဦးဖေညွန့်၊ အပန်းဖြေခရီးအနေနဲ့ ချောင်းသာလား၊ ငပလီလား၊ မိုးတွင်းကြီး ဘယ်ကောင်းပါ့မလဲဗျာ၊ နီးနီးနားနား အင်းစိန်လောက်ဆို ကျေနပ်ရောပေါ့"

ဦးဖေညွန့် ဘာတစ်ခွန်းမျှ မဟနိုင်။

သူ့ခရီးဆောင်အိတ်ကြီး၏ အဝတ်အစားတွေအောက်မှ ငွေထုပ်တွေနှင့် လက်ဝတ်ရတနာတွေ အားလုံးပြန်ရသည်။

ဆံပင်တစ်ချောင်း၏ တန်ဖိုးနှင့်ညီမျှသော ရွှေငွေရတနာများ။

လူ့အသက်တစ်ချောင်းနှင့် ညီမျှသော

ဆံပင်တစ်ချောင်း။ ။

❐

# လူမသိလိုက်သော မှုခင်းတစ်ပုဒ်

မန္တလေး ရန်ကုန်ရထားကြီးကား ပန်းတိုင်ဝင်ခါနီး အပြေးသမားများလို အားသွန်ခွန်စိုက် ခုတ်မောင်းနေဆဲ။

မြအောင်သည် အညာသားဖြစ်၍ အညာရှိ မိဘများပိုင်ပွဲရုံကိစ္စနှင့် ရန်ကုန်သို့ ဆင်းလာ၏။

ဤတွင် မန္တလေးဘုရားဖူးက ပြန်လာသည်ဆိုသော ချိုမာတို့ တူဝရီးနှစ်ယောက်နှင့် ထိုင်ခုံချင်း မျက်နှာချင်းဆိုင်ကျပြီး ရင်းနှီးလာခဲ့ကြသည်။

မြအောင် အသက်က ၂၅၊ ပိန်ပိန်ပါးပါး၊ အသားလတ်လတ်၊ မျက်စိ ခပ်မှေးမှေး။

သူ့ရွှေးသားလို့ မထင်ရလောက်အောင် တတ်ပုံစားပုံကအစ ရှိသည်။

ချိုမာကတော့ ရန်ကုန်သူလို့ မပြောဘဲသိအောင် လှပနေသည်။

နာမည်နှင့်လိုက်အောင် မျက်နှာလေးက ချိုသည်။

ကိုယ်လုံးကိုယ်ပေါက်ကလည်း လှမှလှ။ အသက်က ၁၇၊ ၁၈ သာသာ။

အမွှမ်းအမံ အခြယ်အသများနှင့် သာလိကာမလေးလို စကားတွတ်တွတ်မြည်တတ်လိုက်ပြန်တော့…

မြအောင် မျက်စိခဲ့ကျခဲ့ရပါပြီ။

ရထားစီးခရီးသည်များရဲ့ ထုံးစံ၊ အထိုင်၊ အထ၊ ထိမိခတ်မိတာလေးတွေ၊ ဘူတာရုံအဆိုက် လက်တိုလက်တောင်း ကူညီမိတာလေးတွေကအစ စားစရာ သောက်စရာတွေ အပြန်အလှန် လောကွတ်ချော်မိကြသည့်နောက် နာမည်၊ နေရပ်၊ အလုပ်အကိုင်၊ ဘာသာစကားတွေလည်း စပ်မိပြီးတဲ့အခြေ…။

ချိုမာက ရန်ကုန်သူပီသတယ်ပဲ ဆိုရမည်ထင့်။ သူ့အဒေါ်ကြီးရှေ့မှာပင် မရှောင်။ ရဲတင်းပွင့်လင်းစွာ ဆက်ဆံခဲ့သည်။

ရှင်းရှင်းဆို…

မြအောင်ကို သာမန်ထက်ပို၍ အရေးပေးလာခဲ့သည်။

ကိုမြအောင်… ကိုမြအောင်ဟု မနားတမ်းခေါ်သံလေးတွေသည် ကြာတော့ ကိုမြောင် ကိုမြောင်တောင် ဖြစ်လာတဲ့အထိ။

ဟော… ခုဆို

သူတို့နှစ်ယောက် ခပ်တည်တည်ပင် စားသောက်ခန်းထဲရောက်နေကြရပြန်ပါရောလား။

လိမ္မော်ရည်ကိုယ်စီသောက်ရင်းနှင့်…



"အင်း… နောက်တစ်နာရီလောက်ဆို ရန်ကုန်ရောက်တော့မယ်နော်"

"အဲဒါဘာဖြစ်လဲ ကိုမြောင်"

"သြော် ချိုမာနဲ့ ခွဲရတော့မှာကို တွေးပြီး…"

"အံမယ်လေး ဆန်းတာမှတ်လို့နော်၊ ဘဝသံသရာသီချင်းကြားဖူးသားနဲ့၊ တွေ့ကြုံဆုံကွဲ ခရီးထဲ ဝမ်းနည်းဝမ်းသာတဲ့ ဟင်းဟင်း"

"အစ်ကိုက အတည်ပြောနေတာပါ ချိုမာ၊ ချိုမာကို မြင်ကတည်းက အစ်ကို ရင်ခုန်ခဲ့ရတာ၊ ခု ရင်းနှီးပြီးမှ ခွဲရဦးမယ်ဆိုတော့ ဘာပြောကောင်းတော့မလဲ၊ ရင်တွေတုန်လို့ ဆွေးတေးတေး၊ လေးတေးတေးကြီးနဲ့"

မြအောင်ကလည်း လူပုံကသာ ရိုးမည်။ မိန်းကလေးနှင့်ပတ်သက်သာလျှင်တော့ ညှုတတ်ချွဲတတ်ပြီးသားပါ။

ချိုမာကလည်း ကျွမ်းကျင်အဆင့်တစ်နှင့် နပ်ပြီး ပတ်ပြီးသား။

"ဟင်းနော်… ဘာစကားတွေလဲ၊ ဒီက သူ့ကို ရိုးရိုးတန်းတန်းခင်တာ၊ ခင်မင်မှုကို အလွဲသုံးစားလုပ်ရင်တော့ တရားစွဲခံရမယ်သိလား"

"ကဲပါ ချိုမာနဲ့ ဘယ်တော့ဘယ်လို ပြန်ဆုံရမလဲ၊ အိမ်လာလည်ရမလား"

"အို… ဘယ်ဖြစ်ပါ့မလဲ၊ ခု ဒေါ်ဒေါ်ညွန့်က အေးအေးနေတတ်လို့၊ မေမေတို့နဲ့ဆို မလွယ်ဘူး၊ သမီးကို သူများစေ့စေ့ကြည့်

တာတောင် ကြိုက်တာမဟုတ်ဘူး၊ အိမ်အထိ လိုက်လာမယ်ဆိုရင် ဓားမဆွဲလိုက်လိမ့်မယ်"

"ဒါဆို တိတ်တိတ်ခိုးတွေ့ရမှာပေါ့၊ ထပ်မတွေ့ရရင်တော့ အစ်ကို ရူးမှာပဲ"

မြားချက်က ပစ်မှတ်ကို ထိသွားဟန်တူသည်။

ချိုမာ ငိုင်ကျသွားသည်။

ခေါင်းကလေးငုံ့ပြီး အသည်းညွန့်ဖူးများရှိ ယိုးဒယားဘတ်ကြိုးကလေးထိပ်မှ ပင့်ကူရုပ်လေးကို အဓိပ္ပာယ်မဲ့ ဆော့ကစားနေမိသည်။

မြအောင်ကလည်း စီးကရက်တစ်လိပ်ပြီးတစ်လိပ် သောက်ရင်း သက်ပြင်းကြီးတွေ တစ်လုံးပြီးတစ်လုံး ချလျက်က ချိုမာ့ကို အနုစိတ်ငေးမောလို့မဝအောင် ဖြစ်နေသည်။

အတန်ငယ်ကြာမှ ချိုမာက မျက်ဝန်းကြားထဲမှ မျက်လုံးရွဲကြီးများဖြင့် မျက်တောင်တုကို လှန်၍ကြည့်ရင်း–

"အစ်ကို ဘယ်မှာတည်းမလဲ၊ တည်းတဲ့လိပ်စာ ပြောထားလေ၊ ချိုမာ စာရေးလိုက်မယ်"

"အစ်ကိုက သိပ်ကြာမှာမှမဟုတ်တာ၊ သံကြိုးရိုက်လို့ မီမှာမဟုတ်ဘူး၊ ပြီးတော့ တည်းမယ့်အိမ်ကလည်း အများသား၊ အဆင်ပြေသလို ရွေးရဦးမယ်"

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ"

"တစ်ခုတော့ရှိတယ်၊ တစ်နေရာရာ ချိန်းလိုက်ကြတာပေါ့၊ ချိုမာလည်း အိမ်ကကြည့်ပြီး လိုမ့်ထွက်လာလေ၊ တို့မောင်နှမ



လွတ်လွတ်လပ်လပ် လျှောက်လည်ကြရအောင်ပါကွယ်၊ အညာသားညှိသည်လေးကို ရန်ကုန်သူ အိမ်ရှင်မက လိုက်ပြပေးလို့၊ စရိတ်စကကတော့ ကိုယ့်တာဝန်ထား၊ ဟုတ်ဘူးလား"

"ဟင်း… အစ်ကိုလေ… ဘယ်လိုလူစားမျိုးပါလိမ့်၊ သူများကို သိပ်ဒုက္ခပေးတာပဲ၊ မရမကနဲ့ ဗွတ်ဆို ဗွတ်ပူဆာနေတာပဲ၊ သူနဲ့သူများ ဘာမတော်ညာမတော်"

"မောင်နှမလေ… ခရီးသွားမောင်နှမ၊ ကဲပါ၊ ခုနပြောသလိုတွေ့ကြရအောင်နော်… နော်လို့"

သည်လိုနှင့် သန်ဘက်ခါ ဗိုလ်ချုပ်ဈေး နာရီစင်အောက်၊ မနက် ၁၀ နာရီ ပြန်တွေ့ဖို့ သဘောတူချက် ရလိုက်ကြသည်။

ထိုင်ခုံသို့ ဣန္ဒြေမပျက်ပြန်လာမိကြသည်။ ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်ပြီးနောက် အငှားကားစခန်းအထိ မြအောင် လိုက်ပို့ပေးသည်။

အဒေါ်ကြီးအလစ်မှာ…

"မမေ့နဲ့နော်၊ သန်ဘက်ခါ ၁၀ နာရီ"

"အင်းပါ"

"အစ်ကို သုံးဘီးငှားပြီး လိုက်ပို့မယ်လေ"

"နေပါစေ အိမ်က သိသွားပါ့မယ်ဆို၊ စိတ်ချ လက်ချသာ သွားပါ၊ ချိုမာက ကတိမပျက်စေရပါဘူး"

ဩော်… လက်စသတ်တော့ သူငိုကိုယ်ငို နှစ်ဖက်ငိုခဲ့တာပဲ ဆိုပါတော့။

ခုချိန်ထိ တစ်ယောက်ကိုတစ်ယောက် ချစ်ကြောင်းကြိုက်ကြောင်း တစ်ခွန်းမှ မပြောရသေး။ ဒါပေမဲ့ ချိန်းတော့ဖြင့် ချိန်းခဲ့မိပြီလေ။

သူတို့နှစ်ယောက်ဖြင့် ချိန်းခဲ့ကြပြီပေါ့။

* * *

မြအောင် သစ်ကုလားအုပ်က အဘခေါ်ရဖို့ ၁၅ စက္ကန့်အလို။

နောက်တစ်နေ့မနက် ၁၀ နာရီ ၄၄ မိနစ်တွင်မှ ချိုမှာ ဗိုလ်ချုပ်ဈေး နာရီစင်ကြီးရှေ့သို့ သုတ်သီးသုတ်ပျာ ရောက်လာသည်။

အပြာနုရောင် ဝမ်းဆက်လေးနှင့်။

စလင်းဘက် အဖြူလေးလွယ်လို့။ သရီးစတက်ပုံစံမှာ မျက်မှန်လေးတပ်လို့။

"စောင့်လိုက်ရတာ ချိုမာရယ်၊ လာမှလာပါတော့မလားလို့"

"ဩော်... မေမေ့ကို ရွှေနားတော်သွင်းနေရတာနဲ့ ကြာသွားတာ၊ မလာဖြစ်တော့ဘူးလို့တောင် အောက်မေ့တယ်၊ အစ်ကို့ကိုသနားတာနဲ့..."

"ကဲ... ဘယ်သွားကြမလဲ"

"အစ်ကိုကလည်း ရန်ကုန်ကို မရောက်ဖူးတာကျနေတာပဲ၊ အစ်ကို့သဘော"

ဒီလိုနှင့် မြအောင် တက္ကစီဂိတ်မှ ဖင်မလီယာ ကားတစ်စီးငှားလိုက်မိသည်။



ဒီအချိန်မျိုးမှာ ငွေကို နှမြောနေလို့မရ။

ကျန်တဲ့ကိစ္စတွေမှာ အညာသားပီပီ ငါးပြားကို ဆယ်ပြားမှတ်ပြီး ချွေတာနေပေမယ့် ခု အမျိုးသမီးနဲ့ပတ်သက်လို့ကတော့ ကုန်ချင်သလောက် ကုန်လိုက်စမ်း။

ဟုတ်တယ်လေ... ။

ခါတိုင်း လာလျှင်လည်း ပျော်တော်ဆက်မလေးတွေအတွက် ရာချီပြီး ကုန်နေကျပဲဟာ။

ချိုမာဆိုတာက ခါတိုင်းနဲ့မတူတဲ့ အမျိုးအစား၊ သန့်သန့်စင်စင်၊ အရိုးခံမလေး။

ရုပ်ရည်လက္ခဏာအရ မိကောင်းဖခင်သားသမီး တစ်ယောက်။ ဒီတော့ သူ အလေးအနက် တန်ဖိုးထားရပါမည်။

အပျော်ကြံတာ မဟုတ်ဘဲ၊ အတည်ကြံဖို့ ကြိုးစားမိသည်။ အနည်းဆုံးသမီးရည်းစားအဖြစ်လေးတော့ လိုချင်သည်။ သူ့ဘက်မပါပါအောင်ဆွယ်ဖို့ ဆုံးဖြတ်ပြီးသားပါ။

ပြီးတော့... သူ့အလုပ်ကိစ္စတွေက မနေ့ကတည်းက အပြတ်ရှင်းပြီးသွားသလို သုံးလေးရက် အချိန်ဖြုန်း၊ ငွေဖြုန်းဖို့ပဲ ရှိတော့သည် မဟုတ်လား။

ခုလည်း ဖင်မလီယာ နောက်ခန်းတွင် ချိုမာနှင့်သူ နှစ်ယောက်တွဲ၍ ထိုင်လာမိသည်။

ကားသမားကို အသက်ကြီးကြီး အဘိုးကြီးကို ရွေးခေါ်ယူခဲ့တာမို့လည်း သူတို့အတွက် စိတ်လွတ်ကိုယ်လွတ် ပိုအဆင်ပြေသည်။

ကားထွက်လို့ မကြာခင်မှာပင် သူက ချိုမှာ့လက်ကလေးကို စကိုင်မိသည်။

"ဝမ်းသာလိုက်တာ ချိုရယ်၊ ဒီနေ့ဟာ အစ်ကို့အတွက် အပျော်ဆုံးနေ့ပဲ"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့ရမှာလဲ၊ သိပ်ချစ်စရာကောင်းတဲ့ ရန်ကုန်သူ လှလှလေးနဲ့ နှစ်ကိုယ်တွဲခဲ့ရတာကိုးလို့၊ ကဲ... စီးတော်ကားနဲ့ ချို ဘယ်သွားမလဲ"

"အစ်ကို့သဘောလေ"

ချိုမာက ကန့်ကလျ၊ ညုတုတုအသံလေးနှင့် ပြန်ဖြေသည်။ မြအောင် အသည်းခိုက်သွားရသည်။

သည်တစ်ချီဖြင့် ပိုင်ပြီပေါ့။

ကြည့်လေ... လက်ကလေးကို ကိုင်တာကအစ ချိုမာ ပြန် မရုန်း။ ပြီးတော့လည်း အစ်ကို့သဘောတဲ့။

ဒါကြောင့် ခါးကလေးကို သိုင်းပွေ့ထားလိုက်မိသည်။

ဒါကျတော့...

"အို... အစ်ကိုကလည်း ဟိုမှာ မြင်သွားလိမ့်မယ်"

တိုးတိုးညင်ညင်လေး ငြင်းပယ်ခဲ့သည်။

"ကွာ... မမြင်ပါဘူး၊ ဒါလေးများ"

သည်လိုနှင့် ကရဝိတ်ကိုရောက်ခဲ့ကြသည်။ မနက်စာစားပြီး ရန်ကုန်မြို့ပြင် ကျိုက္ကလှဲ့ ဘုရား။



ဖင်မလီယာနှင့် ဒရိုင်ဘာကြီးကို ဘုရားအရှေ့ဘက်တွင် ထားခဲ့ပြီး သူတို့က ကုန်းတော်ပေါ် တက်ဖူးသည်။

မကြာမီ ဘုရားနောက်ဘက် ကုက္ကိုပင်ကြီးအကွယ်သို့ ရောက်ခဲ့ကြသည်။ နှစ်ယောက်သားရဲ့ ရင်းနှီးမှုက ပိုခဲ့ကြပြီဆိုရပါ မည်။

သည်မှာပင် မြအောင်က အပိုင်တွက် အရေးဆိုလိုက်မိသည်။

"ချိုရယ်... ချို့ကို မြင်ကတည်းက အစ်ကို ချစ်ခဲ့တာပါ"

သို့ဆိုတော့ ချိုမာ ရှက်စနိုးလေး ခေါင်းငုံ့သွားသည်။

"ချို... အစ်ကို့ကို မချစ်နိုင်ဘူးလားဟင်"

ချိုမာ ခေါင်းပြန်မဖော်ပါ။ ပြောလက်စနှင့် မြအောင် ရင်ပွင့် သွားရသည်။

"ဒီမယ် ချို၊ ချို့ကို အစ်ကို မိသားဖသားပီပီ လက်ထပ် ယူမှာပါ ချိုရာ"

ချိုမာ ဆတ်ကနဲ ခေါင်းထောင်၍ မျက်လုံးချင်းဆုံကြည့် သည်။

"အစ်ကို၊ ချိုမှာ့ကို အထင်သေးသွားပြီလား မသိဘူး"

"ဘာ... ဘာလို့ သေးရမှာလဲ ချိုရယ်"

"ဩော်... မနေ့ကမှ စတွေ့တယ်၊ ဒီနေ့ ချိန်းတဲ့နေရာ လာတယ်ဆိုတော့"

"ဒါ ဘာဆိုင်လို့ ချိုရယ်၊ ဒီနေ့ခေတ်ဟာ ၂၀ ရာစုခေတ်၊ ၁၉၈၄ ခုနှစ်ပဲ ဉစ္စာ၊ အမှန်တော့ ချို အစ်ကိုချိန်းတဲ့ဆီ လာတာကိုက

အစ်ကို့အပေါ် ချို ခင်လို့မင်လို့၊ ရှင်းရှင်းပြောရရင် အစ်ကို့ကိုအနည်းနဲ့အများ စိတ်ဝင်စားမှုရှိတယ်လို့ပဲ အစ်ကို ယူဆတယ်လေ၊ ဒါကြောင့်လည်း အစ်ကို စွန့်စားပြီး ချစ်ခွင့်တောင်းမိတာပါ"

"အစ်ကို့မှာ ရည်းစားမရှိလို့လား"

"မရှိလို့ ပြောနေတာပေါ့ ချိုရယ်"

"တကယ်လား၊ ယုံရမှာလား"

"လောလောဆယ် မယုံရင် နောက်တော့ ယုံရမှာပေါ့ ချိုရယ်"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် အစ်ကို"

"ဘာများလဲ ချို"

"ချို့အကြောင်းကို အစ်ကို တကယ်မသိသေးလို့ ဒီစကားတွေ ပြောနေတာပါ"

"သိတော့ကော ဘာဖြစ်သွားမှာမို့လဲ"

"အစ်ကို စိတ်ပျက်သွားမှာပေါ့လို့"

"ဘာလို့ စိတ်ပျက်ရမှာလဲ"

"ချို့မှာ ရည်းစားရှိဖူးတယ် အစ်ကို"

"ဟုတ်လား၊ အဲဒါ ဆန်းသလား၊ ခုလောလောဆယ် မရှိရင် ပြီးတာပဲ"

"နေဦးလေ ချို့စကားဆုံးအောင်ပဲ နားထောင်ပါဦး"

"ပြောပါ ချို"

"ချိုလေ အဲဒီရည်းစားနဲ့ ခိုးရာလိုက်ပြေးဖူးတယ်၊ အဲ… ဒါပေမဲ့ နောက်တစ်ရက်မှာ အမေတို့က လိုက်ဖမ်းတာနဲ့ ကွဲခဲ့ရတယ်၊



ချို့ ရည်းစားက အလုပ်လက်မဲ့ လူပေါ်ကြော့ဆိုပြီး သဘောမတူကြဘူးလေ၊ ဒီနောက်ပိုင်းမှာ မေမေတို့က ချို့ကို မျက်စိအောက်က အပျောက်မခံတော့ဘဲ အကျယ်ချုပ်သဘောမျိုးနဲ့ ကြပ်မတ်ထားကြတာပဲ၊ ဒီကြားထဲက အစ်ကို့ကို အတွေ့ခံခဲ့တာကတော့ အစ်ကိုဟာ ချို့ရည်းစား နဲ့ ရုပ်ချင်းတူနေလို့ပါပဲ"

"ဟုတ်လား၊ ဒါနဲ့ ချို ဖြစ်ခဲ့တာ ဘယ်တုန်းကလဲ"

"တစ်နှစ်ကျော် နှစ်နှစ်လောက်ရှိပါပြီ"

မြအောင် ငိုင်ကျသွားသည်။ အဝေးက အကွေ့အကောက် ပြေးနေသော ကားလမ်းမကြီးကို ငေးလို့။

"ကဲ ခုတော့ ဘယ့်နှယ်လဲ အစ်ကို၊ ချို့ကို ချစ်နိုင်သေးရဲ့လား၊ ဒါကြောင့်မို့လည်း ချို စောစောက ပြောတာပေါ့၊ ချို့အကြောင်းသိရင် စိတ်ပျက်သွားမှာပါလို့၊ ခုတော့ ထင်တဲ့အတိုင်းပဲ"

ချိုက မချိတင်ကဲ ဝမ်းနည်းသံကလေးနှင့် ပြောသည်။ မြအောင်က ချို့ဘက်ကို လှည့်ကြည့်သည်။

ပြီးတော့ အသည်းလှိုက် အူလှိုက် ဝေဒနာတွေတက်လာပုံဖြင့် ချို့ပခုံးကို စုံကိုင်လျက်က–

"ချို အစ်ကို့ကို အထင်မသေးပါနဲ့၊ အထူးသဖြင့် အစ်ကို့ အချစ်ဟာ ထာန်ဖိုးမဲ့တဲ့အချစ်မျိုး မဟုတ်ပါဘူး ချို၊ ချို့မှာ ရည်းစားဦး ရှိဖူးတာနဲ့ ချို့ကို အစ်ကို မြတ်နိုးတာနဲ့ တခြားစီပဲ၊ ချိုကသာ အစ်ကို့ကို ချစ်တယ်ဆိုရင် အစ်ကို့ဘက်က ငြင်းစရာမရှိတာ အမှန်၊

နောက်တစ်ခုက ချို အစ်ကို့ကို ခုလို စောစောစီးစီး ပွင့်ပွင့်လင်းလင်း ပြောလိုက်တဲ့အတွက် ရိုးသားဖြူစင်တဲ့ စိတ်ဓာတ်ကို အသိအမှတ်ပြုပြီး လေးစားလို့မဆုံးအောင် ဖြစ်ရပြန်တယ်၊ နောက်ဆုတ်သွားမယ့်အစား ရှေးထက်ပိုတိုးပြီး ပိုတောင်ချစ်မိပါတယ် ချို”

စကားပြောရုံနှင့် အားမလိုအားမရဖြစ်လာသည့်ဟန်ဖြင့် မြအောင်က ချို့ကို သိမ်းကျုံးဖက်လိုက်သည်။ ရင်ခွင်ထဲ ဆွဲပွေ့ထားသည်။

ပြီးတော့ ချို့နဖူးပြင်နှင့် ပါးကလေးနှစ်ဖက်ကို နေရာလပ်မရှိအောင် တရစပ် မွှေးလိုက်မိသည်။

“ကဲ ကိုယ့်အချစ်ကို ယုံပြီလား ချို”

“အို... ကိုရယ်”

ချို့မှာစကား မဆုံးလိုက်ရ။ မပွင့်တပွင့်နှင့် နှင်းဆီရည်ရွှဲလာသော နှုတ်ခမ်းလေးမှာ အနမ်းဂဟေဆက်ခြင်း ခံခဲ့ရပြန်ပါပကောကွယ်။

ကျိုက္ကလဲ့မှအပြန်တွင် ရွှေလက်တွဲ၍ မယ်လမုကိုဝင်သည်။ သစ္စာတိုင်သည်။

နှစ်နာရီပွဲ သမ္မတမှာ ရုပ်ရှင်ကြည့်တော့ ရွှေလည်တွဲလို့ပေါ့။ မိုးချုပ်စလေးမှာ အသစ်စက်စက် ရည်းစားဘဝကို ခေတ္တခွဲခဲ့ရပါသည်။

မြအောင်က တက္ကစီငှား၍ လိုက်ပို့ပါမည်ဆိုတဲ့ကြားက အိမ်က မသိစေချင်လို့ဆိုပြီး လေးဘီးနှင့် ချိုမှာ ပြန်သွားသည်။



ထိုနေ့ တစ်ညလုံး တည်းခိုအိမ်မှာ မြအောင် လူးလှိမ့်နေခဲ့ရသည်။ မချိုတင်ကဲ့ အချစ်လေးမို့ ရူးလုနီးပါးပင် ခံစားရသည့် ဆိုပါတော့။

နောက်တစ်နေ့။

အချိန်းအချက်ရှိသည့်အတိုင်း ဆက်လက်တွေ့ကြပြန်သည်။ ထုံးစံအတိုင်းလျှောက်လည်ကြပြန်သည်။ ကန်တော်ကြီး၊ တိရစ္ဆာန်ရုံ၊ ရွှေတိဂုံ။

ကိုအောင်နဲ့ ချိုမာတို့ဘဝမှ မောင်နဲ့ ချစ်တို့ ဖြစ်လာကြသည်။ အပြန်တွင် ဗိုလ်ချုပ်ဈေးဝင်၍ ကြိုးသိုင်းအိတ်၊ အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်တစ်ဝတ်စာ၊ ဒေါက်ဖိနပ်၊ စုစုပေါင်းလေးရာကျော် ငါးရာဖိုးကို မြအောင်က ချစ်သက်လက်ဆောင် ဝယ်ပေး၍ ချစ်မော်ကွန်းတင်လိုက်သည်။

* * *

နောက်တစ်နေ့။

အထူးအစီအစဉ်ဖြင့် ဘယ်မှမလည်ခဲ့။ မြအောင် ယခင်အဆက်များရ ကမာရွတ်မှ တည်းခိုခန်းနှင့် ပျော်ပွဲစားရုံတစ်ခုသို့ခေါ်သွားမိသည်။

မနက်စာ စားသောက်ပြီး တည်းခိုခန်းထဲ ဝင်ခဲ့တော့သည်။ ညနေမိုးချုပ်နီးပါးအထိ ချိုမာနှင့်အတူ နေလိုက်မိကြသည်။

တစ်ယောက်က–

"သိပ်ချစ်တာပဲ မောင်ရယ်"

တစ်ယောက်က–

"မောင်တော့ ချိုမှာ့ကို မခွဲနိုင်တော့ဘူးကွယ်"

အလွမ်းသယ်ကြရင်းမှ မလွဲသာသလို ခွဲခွာခဲ့ကြရပြန်သည်။

နောက်တစ်နေ့တွင်မူ

ထိုတည်းခိုခန်းမှာပင် တစ်နေကုန်ခဲ့ကြရသည်။ ချိုမှာ ပြန်တော့မယ်ဆိုတော့ မြအောင်က လွယ်လွယ်နှင့် ပြန်မလွှတ်တော့ပါ။

"မောင့်အိမ်က တယ်လီဖုန်းဆက် ခေါ်နေပြီ အချစ်၊ ဒါကြောင့် နက်ဖြန် မောင် ပြန်ရတော့မယ်၊ တစ်ပါတည်းသာ မောင်နဲ့လိုက်ခဲ့တော့နော်၊ မောင်လေ ဟောဒီ ပင့်ကူမလေးရဲ့ အချစ်အိမ်က ရုန်းမထွက်နိုင်တဲ့ လိပ်ပြာလေး ဖြစ်နေပြီ"

မြအောင်က ချိုမှာ့အသည်းညွန့်မှ ရွှေကြိုးတပ် ပင့်ကူရုပ်လော့ကက်သီးကလေးကို ဆော့ကစားရင်း ကဗျာဆန်ဆန် ဆန္ဒပြုလိုက်သည်။

"အို… မောင်ကလည်း ဗြုန်းစားကြီး ဖြစ်ပါ့မလားလို့၊ နှစ်ဖက်စလုံး ပြဿနာတွေတက်ကုန်တော့မှာဲ၊ အချစ်ပါလာလို့ မောင့်မိဘတွေက သဘောတူပါ့မလား"

"ဘာလို့မတူရမှာလဲ မောင်ပြီးရင် ပြီးတာပဲ၊ တစ်ဦးတည်းသောသားပါ အချစ်ရဲ့"

"ထားပါတော့၊ ဒါပေမဲ့ အချစ်ဘက်မှာက မလွယ်သေးဘူးမောင်၊ ဖေဖေက သိပ်မာတာမဟုတ်ဘူး၊ မေမေတို့လည်း သမီးပျောက်



တာနဲ့ ဆွေ့ဆွေ့ခုန် မီးထတောက်လိမ့်မယ်၊ ဆွေမျိုးအသိုက်အဝန်းတွေ အားကိုးနဲ့ ဟိုတိုင်ဒီတိုင်လုပ်ရင် မရှုပ်သင့်ဘဲ ရှုပ်ကုန်တော့မှာပေါ့၊ သည်းခံပါဦး မောင်ရယ်၊ အချစ် တောင်းပန်ပါတယ်၊ လက်ထပ်ဖို့ကိစ္စဆိုတာ အချိန်ယူပြီး တိုင်ပင်စီစဉ်မှာ ကောင်းတာပါ၊ ဒီကြားထဲမှာ မောင်ကလည်း မောင့်ဘက်က လူကြီးတွေကို ပိုင်အောင်သိမ်းသွင်း၊ အချစ်ကလည်း မေမေတို့ ဖေဖေတို့ကို တဖြည်းဖြည်းနားဖောက်ရဦးမယ်၊ မလောပါနဲ့ကွယ်၊ အချစ်ကို မောင် ပိုင်ပြီးသားပဲဟာ ဘာပူစရာလိုလို့လဲ"

ချိုမှာ့စကားတွေက သေသေချာချာ သုံးသပ်ကြည့်လိုက်တော့လည်း တရားလမ်းမှန် ကျနေသည်။

သည်လိုဖြင့် မြအောင် အံကြိတ်ပြီး အောင့်အည်းနေလိုက်ရသည်။

ချိုမှာ့ကိုတော့ သာကေတအထိ လိုက်ပို့ခွင့်တောင်းပါသည်။ အိမ်အရောက် မဟုတ်သည့်တိုင် လမ်းထိပ် ကားလမ်းမကြီးပေါ်အထိ င်မလီယာနှင့် လိုက်ပို့ပေးခဲ့သည်။ မနက်ဖြန် သူနဲ့လာတွေ့ပြီး ဘူတာရုံ လိုက်ပို့ဖို့ကိုပါ ချိန်းလိုက်မိသည်။

ထုံးစံအတိုင်း ဗိုလ်ချုပ်ဈေးရှေ့မှာပေါ့လေ…

*   *   *

ဒီနေ့တော့ လွမ်းရမယ့်အလွမ်းတွေ အတိုးချပြီး အားရပါးရကြီး စ်ပစ်လိုက်မယ်လို့ မြအောင် အားခဲထားမိသည်။

ဒါပေမဲ့…

ချိုမာ့မျက်နှာကို မြင်လိုက်တော့ အားခဲထားသမျှ အရည်ပျော်သွားရသည်။

ထိုမျှမက ရင်ထဲမှာ ဒိန်းကနဲဖြစ်၍ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

ချိုမာ့မျက်နှာသည် ရက်လွန်ပန်းလေးလို ညှိုးရော်နေလျက်၊ မျက်လုံးစုံမှာလည်း မျက်ရည်တွေဝဲလို့။

ခါတိုင်း ရွှင်ရွှင်ပျပျ လမင်းမျက်နှာလေး၊ ခုတော့ သိသိသာသာ အလှပျက်နေပါပြီကော။

"ချို့ကြည့်ရတာ မထိတ်သာမလန့်သာနဲ့ ချိုရယ်၊ ဘယ်လိုဖြစ်တာလဲ၊ ချို့မေမေတို့နဲ့ ပြဿနာများတက်လာလို့လား"

"မဟုတ်ပါဘူး မောင်ရယ်၊ အို… ချို… အေးအေးဆေးဆေး ကျတော့ ပြောပါ့မယ်၊ လူရှင်းတဲ့တစ်နေရာရာ သွားကြရအောင်ပါ"

ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်းမှ ယမုန်နာဆိုင်၏ ထောင့်တစ်နေရာသို့ သူတို့ ဝင်ခိုမိတော့သည်။

ထိုင်မိသည်ဆိုလျှင်ပင် ဘာမှမမှာအားသေးပဲ–

"ကဲ… ဆိုစမ်းပါဦး ချိုရယ်၊ အဖြစ်အပျက်ကို"

ချို ရုတ်တရက် မဖြေနိုင်။ တစ်ချက်နှစ်ချက် ရှိုက်လိုက်မိသေးသည်။

အတန်ကြာမှ…

"ချို အစ်ကိုနဲ့ချိန်းထားတာ မီအောင်၊ အစ်ကို စောင့်နေရမှာ



စိုးသလို အစ်ကိုနဲ့ အချိန်အများကြီး အတူနေရအောင်ဆိုပြီး သုတ်ခြေတင် ထွက်ခဲ့မိတယ်လေ၊ အရေးထဲကျမှ ကားတွေက ငှားလို့မရဘူး၊ ဒါနဲ့ နောက်မကျအောင်ဆိုပြီး ဘတ်စကားတိုးစီးလာမိတယ်၊ အဲဒါ… ကားပေါ်က ဆင်းလိုက်တော့ ချို့… ချို့ဆွဲကြိုးလေး မရှိတော့ဘူး"

"ဟင်…"

"ဟုတ်တယ်၊ ခါးပိုက်နှိုက်လက်ချက်ပဲ မိသွားသလား၊ ပြုတ်ပြုတ်ကျခဲ့သလား မသိဘူး၊ အိမ်ကထွက်လာတော့ ပါလျက်သားနဲ့၊ ဒုက္ခပါပဲ အစ်ကိုရယ်၊ ချိုတော့ အဆူခံထိတော့မယ်၊မရှိမဲ့ ရှိမဲ့နဲ့ မေမေ လုပ်ပေးထားတာ"

ခုမှ မြအောင် သက်ပြင်းချလိုက်မိသည်။

"အမလေး ချိုရယ်၊ မောင်ဖြင့် ဘာများလဲလို့ ရင်ထဲ အလုံးဆို့သွားတာ၊ ဆွဲကြိုးလေးတစ်ကုံးများ ဘယ်လောက်အဖိုးတန်တာမှတ်လို့၊ အစ်ကိုတစ်ယောက်လုံးရှိတာ ပူစရာလိုသေးလို့လား၊ ဘာမှ မပူနဲ့၊ အဟောင်းသွားတော့ အသစ်လာလိမ့်မယ်ပေါ့၊ အစ်ကိုနဲ့ နောက်ဆုံးတွေ့တဲ့အချိန်လေးမှာ ချို ပျော်ပျော်ကြီးနေစမ်းပါ၊ ကဲ ပြုံးလိုက်စမ်း၊ ချိုက ပြုံးမှ ပိုချစ်ဖို့ကောင်းတာကွ၊ ဟုတ်ပြီ၊ ကဲ ချို့ဆွဲကြိုးက ဘယ်လောက်ပေးရလို့လဲ"

"လေးထောင့်ငါးရာ"

"လေးထောင့်ငါးရာ နောက်၊ လောလောဆယ် အမောပြေ လိမ္မော်ရည်လေး သောက်လိုက်ဦး၊ ချို အပြေးအလွှားနဲ့ စိတ်မော

လူမောဖြစ်ပြီး ပင်ပန်းနေပြီ"

ပြောပြောဆိုဆို လိမ္မာရော်ရည်နှစ်လုံး မှာလိုက်သည်။ လိမ္မော်ရည်သောက်ပြီးသည်နှင့် ချို့ကို လက်ဆွဲ၍ ဗိုလ်ချုပ်ဈေး ဗဟိုရုံရှေ့ဆိုင်တန်းသို့ တန်းဝင်ခဲ့သည်။

မြအောင် လက်ထဲမှာက အတက်ချီအိတ် ဆွဲလျက်သား။

"ကြိုက်တာသာရွေး ချို၊ ဘယ်လောက် ပေးရ ပေးရ"

ဒီလိုနှင့် ယိုးဒယားဘတ်ကြိုးတစ်ကုံး၊ မြပင့်ကူဆွဲပြားလေးနှင့် ချိုမှာက မဝံ့မရဲ ရွေးချယ်မိသည်။

ဈေးမေးကြည့်လိုက်တော့ နှစ်ခုပေါင်း လေးထောင့်ကိုးရာ။

မြအောင် မဆစ်တမ်း ငွေချေလိုက်သည်။

ရာတန်တွေချည်း။

ပြီးတော့ ဈေးလယ်ခေါင်မှာပင် သူကိုယ်တိုင် ချိုမှာလည်တိုင်မှာ ဆွဲပေးလိုက်သည်။

နောက်တစ်နာရီခန့်အကြာမှာတော့ သူတို့နှစ်ဦးသား ထုံးစံအတိုင်း ကမာရွတ်ရှိ သီးသန့်ခန်းလေးသို့ ရောက်ရပါပြီ။

"ကျေးဇူးတင်လိုက်တာ မောင်ရယ်၊ အားလည်းနာတယ်၊ ဝမ်းလည်းသာလိုက်တာ မပြောပါနဲ့တော့၊ ဒါကြောင့် မောင့်ကို ပိုပိုချစ်ရတာ"

"ဒီဆွဲကြိုးလေးကိုမြင်တိုင်း မောင့်ကို သတိရနေမယ်ဆိုရင် မောင် ကျေနပ်ပါပြီ အချစ်ရယ်"

"မောင့်ကို အချစ်တစ်သက် ဘယ်တော့မှ မမုန်းဘူး၊ မမေ့ဘူး



သိလား၊ ဒီတစ်ခေါက်သွားပြီး မြန်မြန်ပြန်လာနော်၊ ချိုတို့ လက်ထပ်ရအောင်"

"တကယ်လား ချို"

"နှစ်ကယ်"

"အဟုတ်လား၊ ကျုပ်မယားရယ်"

"မယားနဖူး၊ ဘုရားစူးပါ လင်ကြီးရယ်"

ပြန်မယ့်ရက်မို့ဆိုပြီး မိုးချုပ်တဲ့အထိ ချိုမှာ နေခဲ့သည်။

နောင်ခါလာ နောင်ခါဈေး နောက်ကျလို့ ရိုက်ရိုက်ဆိုပြီး မြအောင်ကို ဘူတာရုံအထိ လိုက်ပို့သည်။ မန္တလေး၊ ညရထားကြီးထွက်ခါနီးအထိ။

သံဆန်ခါခြားလို့ ချစ်သူနှစ်ယောက်သား စကားမကုန်နိုင်။

"မောင် ဟိုရောက်ရောက်ချင်း စာပြန်ရေးနော်"

"အေးပါ အချစ်လည်း ရေးဦး၊ လိပ်စာ မပျောက်စေနဲ့နော်၊ မောင် မကြာပါဘူး၊ လာမယ့်နေ့ ကြိုပြီး သံကြိုးရိုက်လိုက်မယ် သိလား"

"ဟော... ရထားထွက်တော့မယ်တဲ့၊ သံချောင်းခေါက်နေပြီ၊ တက်တော့လေ မောင်ရယ်"

"မောင်မှာတာတွေ မမေ့နဲ့နော် ချစ်ရယ်၊ မောင် သွားဦးမယ်"

သံဆန်ခါပေါက်မှ လက်ဖျားထိပ်လေးတွေချင်း ထိလိုက်သည်။ မျက်ရည်တွေဝဲ၊ အသံတွေက လှိုက်လှဲဆို့နင့်ပြီး ငိုသံတွေပါလို့။ မြအောင် ချာခနဲလှည့်ပြီး ရထားပေါ်သို့ ပြေးတက်သွားသည်။

ဥသြမှုတ်ပြီး တရွေ့ရွေ့ထွက်သွားတဲ့ ရထားကြီးပေါ်မှာ တွဲပေါက်က သံယောဇဉ်ငင်ပြီး လက်ပြနှုတ်ဆက်သွားသည်။

ချို့မှာလည်း မျက်ရည်စီးကျလျက်က လက်ကိုင်ပဝါလေး ယမ်းကာ ဖွေ့ဏာနှုတ်ဆက်ကျန်ရစ်ခဲ့ရှာပါတော့သည်။

ရထားကား တဖြည်းဖြည်း ဝေး၍ မြင်ကွင်းအောက်မှ ပျောက်သွားသည်။

သည်တော့မှ ချိုမာက မျက်ရည်သုတ်လိုက်သလို မျက်နှာတွင် အပြုံးရိပ်သမ်းလာသည်။

အောင်မြင်ဝင့်ကြွားသော ခြေလှမ်းများဖြင့် ဘူတာရုံအပြင်ဖက်မှ စောင့်နေသူတစ်ဦးထံ အပြေးလေး ရောက်သွားသည်။

သည့်နောက် တဟားဟား ဟားတိုက်သံများနှင့်အတူ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထွက်သွားပုံကို မြအောင်ခများကား မမြင်နိုင်ခဲ့တော့။

* * *

တစ်ပတ်အခြား။

မြအောင် ဖုတ်ပူမီးတိုက် ရန်ကုန်သို့ ပြန်ဆင်းလာသည်။ အတိအကျ သံကြိုးရိုက်လိုက်ပေမယ့် ဘူတာရုံမှာ လာကြိုသူမရှိ။

တကယ်တော့လည်း သူ အိမ်ပြန်ရောက်ရောက်ချင်း စာထည့်လိုက်သည်မှာလည်း ပြန်စာမပြန်။

ဘာများဖြစ်လို့ပါလိမ့် စိုးရိမ်စိတ်နှင့် စောင့်စားရင်း မနေနိုင်



မထိုင်နိုင်ဖြစ်ရသည့်အဆုံး ဇုန်းစိုင်းပြေးလာခြင်းပါပဲ။

ချိုမာပေးခဲ့သော လိပ်စာအတိုင်း သွားရှာသည်။ သည်တော့လည်း ထိုလိပ်စာမှာ ချိုမာဆိုသည့်အမည်နှင့် မိန်းကလေး မရှိပါတဲ့။

ရန်ကုန်တစ်မြို့လုံးအနှံ့ ရှာပုံတော်ဖွင့်မိသည်။

ချိုမာနှင့်တူတာ အရိပ်အယောင်မျှ ရှာမတွေ့တော့။ သည်လိုနှင့် မြအောင်တစ်ယောက် အညာသို့ တပ်ခေါက်ပြန်ခဲ့ရသည်။

အမြန်ရထားသံကြီးက တဂျုန်းဂျုန်း။ မြအောင်ရင်ထဲမှာလည်း ဒေါသသော်ကတွေ တဝုန်းဝုန်း။

သည်ကြားတည်းမှာ ဖျော်ဖြေရေးအသံချဲ့စက်ဆီမှ သီချင်းတစ်ပုဒ် ထွက်လာသည်။

မင်းတို့ရန်ကုန်မြို့မှာX X X အချစ်ကို ခါးပိုက်နှိုက်တတ်တာX X X မောင်မကြားဘူးလို့ မှားခဲ့ပါပြီကွယ်X X X ရန်ကုန်သူရယ်X X X

မင်းတို့ရန်ကုန်မြို့မှာX X X အသည်းနှလုံးကို အတုလုပ်ရောင်းတာ မောင်မကြားဘူးလို့ မှားခဲ့ပါပြီကွယ်X X X ရန်ကုန်သူရယ်X X

ဒီတစ်ခါ အညာပြန်သွားတာX X X အသည်းနှလုံးမပါဘူးကွယ်X X X

မင်းနဲ့အတူ သွားခဲ့တဲ့X X X သမ္မတရုံထဲမှာ ပြုတ်ကျခဲ့လေသလားX X X တိရစ္ဆာန်ရုံလားX X X ကရဝိတ်မှာလားX X X

အောက်ပြည်မှာမွေးတဲ့X X X အညာသူရယ်X X X အညာသန်လို့ သဒ္ဒါလန်လို့ အညာကိုပြန်ခဲ့တယ်X X X။

သီချင်းသံက မြအောင်နားထဲ သံရည်ပူကြီးနှင့် လောင်းလိုက်သည်နှင့်မခြား။

ဩော်... ဂီတစာဆို ကိုကြေးမုံက သူ့အတွက် တမင်ရည်ရွယ်ပြီး စပ်ခဲ့လေသလား။ တိုက်တိုက်ဆိုင်ဆိုင် ခံမှခံရလေခြင်း မြအောင်ရယ်။

* * *

ဟုတ်ပါသည်။

စင်စစ်တော့...

ချိုမာဆိုသော မိန်းကလေးသည် မောင့်ပုလဲဒါလီ၊ မာယာဗီနပ်(စ်)၊ ချစ်သည်းပြာ၊ မိလွှင် အစရှိသော နာမည်တစ်သောင်းလောက်ပိုင်ရှင်၊ ရန်ကုန်ဂျင် (ဝါ) အပျော်မယ်၊ ကြေးစား၊ သစ္စာပျက်၊ ပျံလွှားငှက်မလေး တစ်ကောင်ပါလား။

ချိုမာဆွဲထားရာမှ ပျောက်သွားသည်ဆိုသော ပင့်ကူရုပ်ဆွဲကြိုးဆိုသည်မှာ ဦးဖိုးချန်း (ခေါ်) ရွှေရည်စိမ် အတုကြီးဖြစ်၍ သူကငါးထောင်တန် အစစ်နှင့် အစားထိုး ပေးခဲ့ရတာပါလား ဆိုတာကိုလည်းကောင်း...

မြအောင်တစ်ယောက် လုံးဝမသိခဲ့ရှာပါ။

တစ်နည်းဆိုတော့

လက်တစ်လုံးခြား တစ်ပတ်ရိုက်ပြီး ယဉ်ယဉ်လေး အညာခံထိုက်ရခြင်းသာ ဖြစ်ပါ၏။



သို့ပေမဲ့...

သည်အမှုကို ကာယကံရှင်များမှလွဲ၍ ဘယ်သူမှမသိလိုက်။ ဒါမျိုးဟာ ရဲတိုင်လို့လည်းမဖြစ်။ ကိုယ်သာ အရှုးကြီးလုံးလုံးဘဝနှင့် အဟားခံရရုံရှိသည်။

သည်တော့...

မြအောင်လို တစ်နယ်သား ညှော်သည်တွေ မခံပါရစေနှင့် ဆိုသော စေတနာဖြင့်

လူမသိလိုက်သော မှုခင်းတစ်ပုဒ်ကို ဖော်ကောင်လုပ်လိုက်ရပါသတည်းလို့သာ...။

ခါးတောင်းကျိုက်လူနှင့် ဥပဒေမှုခင်း၊
ဒီဇင်ဘာ၊ ၁၉၈၄

❒

# လေးထောင့်မျက်လုံးထဲက ရောင်စုံရုပ်ကြွများ

ကျွန်တော့်မှာ တွယ်တာမြတ်နိုးဆုံး အရာနှစ်ခုပဲ ရှိပါတယ်။

တစ်ခုက ဘော်လီဘော။ တစ်ခုက ယမင်း။

အဲဒါ ကျွန်တော့်ဘဝ။ သက်တံဘုံက အိပ်မက်ဝိုင်ပါ။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရင်ခုန်သံလေးတွေကို စိန်ခြယ်ပြီး ပန်းဝတ်မှုန် အအေးခန်းထဲမှာ ထည့်သိမ်းထားတယ်လေ။

တက်သစ်စ ရုပ်ရှင်မင်းသမီးလေးဖြစ်တဲ့ ယမင်းထက်ထက်နှင့် ပဏာမ မြန်မာ့လက်ရွေးစင် ဘော်လီဘောသမား နေလင်းတို့ရဲ့ အနာဂတ်ဟာ လှပတဲ့ နဝရတ်ရောင်စုံတွေ လင်းလင်းလက်လက် ဖြာဝေနေလေရဲ့။

ဒါပေမဲ့...

ကံကြမ္မာမုန်တိုင်းရဲ့ ရိုင်းချက်ကတော့ လောင်မီးရော မုန်တိုင်းသာမက သွေးတွေမျက်ရည်တွေနှင့် အမုန်းတရားတွေကိုပါ ခေါ်လာတာပါပဲ။



ပွဲပြီးသွားပါပြီ။

ကျွန်တော်တို့ (က) အသင်းက သုံးပွဲပြတ်နိုင်လိုက်တယ်။ သုံးပွဲပြတ်ဆိုပေမယ့် အမှတ်တွေက ကပ်ရုံလေးရယ်။

ကစားဖက်တွေက ကျွန်တော့်ကို ဝိုင်းချီးကျူးကြတယ်လေ။ "(ခ)က အောင်ထက်ရိုက်သမျှ Smash တွေကို မင်း Lift လုပ်ပြီး ဆယ်ပေးလို့ တို့နိုင်တာကွ"

"မင်းတော့ မလေးရှားကို ပါဖို့သေချာပါတယ်"

အသင်းမန်နေဂျာကလည်း ကျွန်တော့်ကို လာလက်ဆွဲနှုတ်ဆက်တယ်။

"ကျေးဇူးပဲ နေလင်း၊ အကောင်းဆုံး ကစားသမားဆုရတဲ့ မင်းအတွက် ဆရာ ဂုဏ်ယူပါတယ်"

အဝတ်လဲ အနားယူခန် ထဲမှာ ဆူဆူညံညံနှင့် ပျော်နေကြတာ ဘာပြောကောင်းမလဲ။

ကျွန်တော်က ဒီအောင်ပွဲသတင်းနှင့် အပျော်လေးတွေကို ယမင်းကို ဝေမျှပေးဖို့ အိမ်ကို ဖုန်းဆက်ခဲ့တယ်။

"ဟဲလို ယမင်းလား ကိုနေပါ"

"ကိုနေ ကိုနေ့အသံကြားရတာ ဝမ်းသာတက်ကြွနေပုံရတယ်"

"သိပ်မှန်တာပေါ့ ယမင်းရယ်၊ ကိုယ်တို့ နိုင်တယ်လေ၊ သုံးပွဲပြတ်ကြီးများနဲ့တောင်၊ အကောင်းဆုံး အားကစားသမားဆုလည်း ကိုယ်ရတယ်"

"ဟုတ်လား ရှယ်ထက်ရှယ်ပေါ့ ကိုရယ်၊ ယမင်းတော့ အရမ်းပျော်သွားပြီ၊ ယမင်းကလည်း ကိုယ့်ကို ထူးရှယ်သတင်းလေး တစ်ခု ပြောစရာရှိတယ်"

"ဟင်… ဘာများပါလိမ့်၊ ဆိုစမ်းပါဦး"

"ဟင့်အင်း အခု မပြောသေးဘူး၊ ကို အိမ်ပြန်ရောက်မှ"

"ဒါဆိုရင် ဧကန္တတော့ ဝမ်းသာစရာ မင်္ဂလာသတင်းပဲ ဖြစ်ရမယ်"

"သိဘူး၊ ကိုသာ မြန်မြန်ပြန်လာခဲ့၊ အိမ်မှာ ကိုကြိုက်တဲ့ ငါးပတ်မွှေချက်ပြီး အသည်းအမြစ်ကြော်ထားတယ်၊ အောင်ပွဲခံပြီး ဟိုဟာ ဒီဟာတွေလည်း သောက်မလာနဲ့ဦးနော်"

"စိတ်ချပါ၊ အချစ်ရာ၊ ဒါပဲလား"

"ဒါပဲ ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်"

ကျွန်တော် ဖုန်းချလိုက်တယ်။

ချစ်သူ့စကားကို ဦးထိပ်ပန်ဆင်မှုနှင့် အပေါင်းအသင်း ကစားဖက်တွေရဲ့ ဂုဏ်ပြုဆန္ဒရဲ့ လွန်ဆွဲပွဲလေးကို ယုဇနဂါးဒင်းရဲ့ ဘီယာနှစ်ခွက်နှင့် ညှိယူလိုက်ရတယ်။

ပြီးတော့ ဝိုင်းမသိမ်းခင် အရင်ဆုံး တောင်းပန်ထပြန်ခဲ့ရာက ဆန်နီဆာလွန်းကားလေးပေါ် ရောက်ခဲ့ရပါပြီ။

ရာသီဥတုက အပြောင်းအလဲမြန်တယ်။

မိုးနှင့်နွားသိုး အစိုးမရဘူးဆိုတာ လက်တွေ့။



လွန်ခဲ့တဲ့ ၃ နာရီလောက်က ပြာလွင်ကြည်လင်နေတဲ့ ကောင်းကင်ဟာ ခုတော့ ဘီလူးကြီးတစ်ကောင်လို မာန်သွင်းလို့ ငြိုးဖွဲ့နေပြီလေ။

ည ၈ နာရီ အချိန်ပေါ့။

လှပတဲ့ မာကျူရီညဟာ ကြောက်စရာကောင်းအောင် အရုပ်ဆိုး အကျည်းတန်နေခဲ့ပါပြီ။

တဝေါဝေါ မိုးသံတွေ။

တဂျိန်းဂျိန်း ထစ်ချုန်းသံတွေ။

တဖျတ်ဖျတ် လျှပ်စီးကြောင်းတွေနဲ့ ကောင်းကင်စစ်ပွဲအောက်က ကျွန်တော့်အဖို့ ကားမောင်းရတာ အသည်းအသန်ပါပဲ။

ကျောက်ကုန်းဘက်ကို ဦးတည်ထားတဲ့ ကားလေးရဲ့ ရှေ့မီးတွေဟာ မှိုင်းနဲ့ အမှောင်ထုကို အရှုံးပေးရမလို ဖြစ်နေတယ်။

တသောသောစီးကျနေတဲ့ မိုးရေတွေကို လေကာမှန်က ဝိုက်ပါလေးတွေ ယက်ထုတ်လို့ မနိုင်အောင်ပါဘဲ။

ရှေ့မြင်ကွင်းက မသဲမကွဲ။

ဒီကြားထဲက လျှပ်အလက်ကို အကွက်ယူပြီး သတိထားမောင်းလာတယ်။

ကစားပွဲမှာ ခုန်ပျံဒိုက်ထိုး လူးလိမ့်ခဲ့ရတဲ့ဒဏ်တွေကို အများကျေနပ်အောင် သောက်ခဲ့ရတဲ့ ဘီယာနှစ်ခွက်ရဲ့ တန်ခိုးက မကယ်နိုင်ဘူးလေ။

တစ်နည်းပြောရင်တော့ တစ်ကိုယ်လုံး နာကျင်မှုဝေဒနာတွေနဲ့ အတူ ခေါင်းထဲမှာ ရီဝေဝေ လမ်းမချော်အောင် ကားစတီရာရင်ကို မနည်းထိန်းလာရတယ်။

"တီတီ တီတီ တီတီ"

အရှေ့ထဲ ဒက်ရှ်ဘုတ်ထဲက ဆယ်လူလာက အသံပေးလာတယ်။

ယမင်းပဲဖြစ်မှာပါ၊ နောက်ကျရမလားလို့ ဆက်တာနေမှာပေါ့။

ကျွန်တော် ဒက်ရှ်ဘုတ်အံဖုံးလေးကိုဖွင့်ပြီး ဆယ်လူလာကို ယူဖို့ကြိုးစားလိုက်တယ်။

ဝေ့ဝိုက်သွားတဲ့ လမ်းကွေ့ကြီးမှာ စတီရာရင်ကို လက်တစ်ဖက်တည်းကိုင်မောင်းမိလျက်သားက သတိတစ်ချက် လစ်သွားတယ်ဆိုပါတော့။

ဒီတော့လည်း ကားကို ပြန်ကွေ့ချိုးဖို့တောင် အချိန်မရလိုက်ဘူး။

လမ်းကွေ့ကြီးကို အဖြောင့်အတိုင်း ဖြတ်မိသွားတယ်။ နောက်ကျမှုရဲ့ ရလဒ်အဖြစ်နဲ့ လမ်းဘေးသစ်ပင်ကြီးကို ခေါင်းတည့်ပြီး ဆင့်သွားတယ်။

ဘရိတ်ကို နင်းလိုက်ပေမယ့် ဝုန်းကနဲ ဒိုင်းကနဲစူးရှပြင်းထန်တဲ့ နာကျင်မှုနဲ့ မျက်လုံးထဲမှာ မီးပွင့်သွားရတယ်၊ မျက်နှာပြင်မှာ ပူလောင်သွားတယ်။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဘာဖြစ်သွားမှန်း မသိလိုက်ပါဘူး။



"အား..."

အလန့်တကြားအော်သံဟာ မိုးကြိုးသံနှင့်အတူ ကမ္ဘာပျက်လောက်ပါရဲ့။

ကားခေါင်းတစ်လုံးတော့ ကြေမွသွားတယ်။

ကျွန်တော် သတိမလစ်ခင်လေးမှာ နောက်မြီးမှာ ကားတစ်စီးဆိုက်လာပြီး လူနှစ်ယောက် အကူအညီပေးဖို့ ပြေးလာကြတာတော့ သိလိုက်သလိုပဲ။

"ဟာ..."

"ဟင်..."

ဆိုတဲ့ အထိတ်တလန့် အာမေဋိတ်သံတွေဟာ ကျွန်တော် နောက်ဆုံးကြားလိုက်ရတဲ့ မုန်တိုင်းညရဲ့ နှုတ်ဆက်သံတွေပဲ ဆိုရတော့မလား။

* * *

"ဖြစ်မှဖြစ်ရလေ ကိုရယ်"

ယမင်းဟာ ကျွန်တော့်ကို မျက်ရည်တွေအဝဲသားနှင့် ယူကျုံးမရ ကြည့်နေတယ်။ သူ့ခမျာ စကားဆုံးအောင် မပြောနိုင်ရှာဘဲ ငိုရှိုက်သံများနှင့် အဆုံးသတ်သွားတယ်။

ကံကောင်းလို့ ကျွန်တော် မသေခဲ့ပါဘူး။ ကားလေးကလည်း အရှိန်သိပ်မပြင်းခဲ့ဘဲကိုး။

အထူးကုဆေးရုံကြီးရဲ့ အရေးပေါ်ခန်းထဲမှာ သတိပြန်ရလာရာက လောကကြီးကို တစ်ဝက်တစ်ခြမ်းပဲ မှုန်ဝါးဝါးမြင်ရပါတော့တယ်။

သစ်ပင်ကို ဝင်တိုက်တဲ့အရှိန်နှင့် ကားရှေ့မှန် အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပြီး မှန်ကွဲစကြီး တစ်စက ညာဖက်မျက်လုံးအိတ်ကို ဖောက်စားပစ်လိုက်လို့ပါပဲ။

ကံဆိုးစွာနှင့် မျက်လုံးထုတ်ပစ်လိုက်ရတယ်။ ဟောက်ပက်ကြီးဖြစ်ကျန်ခဲ့တဲ့ မျက်လုံးအိမ်ကို ပတ်တီးစည်းထားရတယ်။ ကျန်တဲ့ ဒဏ်ရာတွေကတော့ မပြောပလောက်ပါဘူး။

"အသက်မသေတာဘဲ တော်လှပါပြီကွယ်"

ယမင်းက ဖြေသိမ့်စကားလေး ပြောခဲ့ပါတယ်။

"ဟာကွာ ကိုယ်ကတော့ သေသွားတာကမှ ပိုကောင်းဦးမယ်ထင်တယ်"

ဟုတ်တယ်လေ။

မျက်စိတစ်ဖက်မရှိတဲ့ ဒုက္ခိတကြီးတစ်ယောက်အနေနဲ့ ယမင်းရဲ့ ခင်ပွန်းသည်ပါလို့ ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြရဲ ပါတော့မလဲ။

ပြီးတော့ ကျွန်တော် ကြေကွဲမဆုံး ဖြစ်ရတာကတော့ သွေးစက်လက် မျက်လုံးတစ်ဖက်နဲ့အတူ မျှော်လင့်ချက်အားလုံး ဆုံးရှုံးပျက်စီးသွားရတာပါပဲ။

ကျွန်တော် တစ်သက်လုံး ဆော်လီဘောကစားလို့ မရတော့ဘူး။



အရှေ့တောင်အာရှ ပြိုင်ပွဲကြီးနဲ့ ဝေးခဲ့ရပြီ။ အိပ်မက်တွေက ဆင့်ကဲပေါက်ကွဲမှုနဲ့ အစအနမကျန်အောင် ကြေမွခဲ့ရပြီပဲ။

"အမှန်တော့ ယမင်းအပြစ်ပါ ကိုရယ်၊ ယမင်းကလည်း ဆေးခန်းသွားပြရာက အိုဂျီက ကိုယ်ဝန်ရှိနေပြီလို့ ပြောလိုက်တာကို ကို့ကို အသိပေးချင်လို့ အမြန်ပြန်လာခိုင်းမိတာပါ၊ ခုလာမယ်ဆိုပြီး ရောက် မလာတော့လည်း စိတ်ပူပြီး ဖုန်းခေါ်မိတာ"

"မဆိုင်ပါဘူးကွာ၊ မိုးသည်းလွန်းရာက ကြမ္မာငင်တာပါ၊ ဒါ့ထက် ခုန ခွဲစိတ်ဆရာဝန်ကြီးက ဘာပြောသွားသေးလဲ"

"လောလောဆယ်တော့ သူလည်း ဘာမှမတတ်နိုင်သေးဘူးတဲ့၊ အကောင်းဆုံးဖြစ်အောင် တစ်နည်းနည်းနဲ့ ကြိုးစားပေးပါမယ်တဲ့၊ ယမင်းကလည်း ကို အကောင်းပတိ ပြန်ဖြစ်မယ်ဆိုရင် ဘယ်လောက်ကုန်ကုန် ကုန်ချင်သလောက် ကုန်ပါစေလို့ ပြောလိုက်တယ်၊ စိတ်မလျှော့ပါနဲ့နော် ကို၊ ကို့အတွက် မျှော်လင့်ချက်တွေ မဆုံးသေးပါဘူး၊ ယမင်းတစ်ယောက်လုံး ရှိနေတာပဲ၊ ဘာမှမပူပါနဲ့"

ယမင်းသာမရှိရင် ကျွန်တော် စိတ်ဓာတ်ကျတာနဲ့ အသက်ပါသွားနိုင်ပါတယ်။

သူ့ခမျာ နေ့ရောညပါ ကျွန်တော့်နားက မခွာတမ်း တယုတယ ပြုစုနေခဲ့တာပါ။

ဆရာသမားတွေနဲ့ သူငယ်ချင်း အပေါင်းအသင်းတွေ ဆွေမျိုးအသိုင်းအဝိုင်းတွေကလည်း လိုလေသေးမရှိ အားပေးကူညီကြပါရဲ့။

အမှန်အတိုင်းပြောရရင် ယမင်းလောက် အစွမ်းမထက်ဘူးလို့ ဝန်ခံရမှာပဲ။

နောက်ပြီး လသားလောက်ရှိမယ့် ကျွန်တော့်ရင်သွေးလေး ကလည်း အားတစ်အားအနေနဲ့ နှောင်ဖွဲ့ထားတာ မဟုတ်လား။

ဒီလိုနဲ့ ဆေးရုံတက်လို့ တစ်ပတ်လောက်အကြာမှာ ခွဲစိတ် ဆရာဝန်ကြီးက မျက်စိအထူးကု ပါရဂူကြီးတစ်ယောက်နဲ့အတူ ကျွန်တော့် ခုတင်ဘေး ရောက်လာတယ်။

"ဒါ ဆရာ့ရဲ့ သူငယ်ချင်း အိုင်းစပယ်ရှစ်လစ် ဦးရဲကျော်ပဲ၊ မောင်နေလင်း ဦးရဲကျော်က အင်္ဂလန်က ပါရဂူဘွဲ့ယူလာတာ၊ အထူးသဖြင့် မျက်လုံးအစားထိုး ကုသပေးရာမှာ အကျွမ်းကျင်ဆုံးလို့ တောင် ဆိုနိုင်တယ်၊ အဲ မောင်ရင့်ကေ့စ်ကိုလည်း ဦးရဲကျော်နဲ့ တိုင်ပင် ပြီးပြီ"

"ဒီတော့ ကျွန်တော့်... ကျွန်တော့်အခြေအနေက"

"ကောင်းပါတယ်" ဦးရဲကျော်က ဖော်ရွေပြုံးရွှင်စွာနှင့် ဝင်ဖြေပါ တယ်။

"ကောင်းပါတယ်၊ အခုလို ရက်နတုန်းမှာ အာရုံကြောတွေ အားသန်နေဆဲဖြစ်တော့ အစားထိုးလို့ရနိုင်စရာ ရှိပါတယ်၊ အင်း မျက်လုံးအလှူရှင် ပေါ်လာပါစေလို့ပဲ ဆုတောင်းပါ မောင်ရင်"

ကျွန်တော် ဝမ်းသာရမလို ဝမ်းနည်းရမလို ခံစားလိုက်ရပါ တယ်။

မျက်လုံးတစ်ဖက်ကို ဘယ်သူက လှူမှာမို့လဲ။



"မပူပါနဲ့၊ တကယ် သဒ္ဓါစေတနာထက်သန်တဲ့ ဇီဝိတဒါန အလှူရှင်တွေ ပေါ်လာတတ်ပါတယ်၊ ဆရာကြီးတို့လည်း လက်လှမ်းမီ သလောက် အကူအညီတောင်းရမှာပေါ့၊ မောင်နေလင်း သဘောတူ မယ်ဆိုရင် မဖြစ်နိုင်စရာမရှိပါဘူး၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် မျက်လုံးစုံ ပြန်မြင်ရဖို့ အရေးကြီးတာပဲ မဟုတ်လား"

ကျွန်တော့်ကို မျက်စိကုဌာနခေါ်သွားပြီး အသေးစိတ် စစ်ဆေး တယ်။ အစားထိုးရင် ရမယ်ဆိုတဲ့ အာမခံချက်နှင့် အတည်ပြုချက် ထွက်လာတယ်။

ဒီနောက် သိသင့်သိထိုက်တာလေးတွေ ထပ်ပြောတယ်၊ ယမင်း နှင့် တိုင်ပင်ကြည့်ပါဦး လို့လည်း တိုက်တွန်းတယ်။

"ဒီအတိုင်းဆို မျက်လုံးက အလှူရှင်ပေါ်ဖို့တော့ မလွယ်ဘူး၊ ဒါပေမဲ့ လောလောလတ်လတ် သေသူဆီက ထုတ်ယူဖို့ပဲ ရှိတာပေါ့၊ အသည်းယားစရာကြီးနော်"

"အိုကွာ ဘယ်သူ့မျက်လုံးပဲဖြစ်ဖြစ် မျက်စိပြန်ကောင်းရင် ပြီးတာပဲ၊ ကိုငရမန်ကန်းလို့ အခေါ်မခံချင်ဘူး၊ အင်္ဂါမစုံ ဒုက္ခိတဘဝက လွတ်ဖို့အဓိကပဲ၊ ဒါမှဘော်လီဘော ပြန်ကစားလို့ရမယ်၊ ယမင်းနဲ့ သားလေးကို တဝကြီးကြည့်နိုင်မယ် မဟုတ်လား"

"ကို့ သဘောပါပဲ၊ ယမင်းကတော့ ကို ကျေနပ်ရင် ဘာမှ ကန့်ကွက်စရာမရှိပါဘူး၊ ဘဝဆိုတာ ကံစီမံရာ ခံရတာပဲလေ"

မှန်လိုက်လေခြင်း။

ကုသိုလ်ကံ ကောင်းသွားပုံက နောက် ၂ ရက် ၃ ရက်အကြာမှာပဲ ခွဲစိတ်ဆရာဝန်ကြီးက မျက်လုံးအစားရပြီလို့ သတင်းပို့လိုက်တာနဲ့ ဒေါက်တာဦးရဲကျော်က အရေးပေါ် အစားထိုးကုသမှု လုပ်ပေးခဲ့တာပါပဲ။

* * *

ကျွန်တော့်ကို မေ့ဆေးပေးပြီး Major Operation တစ်ခု အနေနှင့် ခွဲစိတ်အစားထိုးမှု လုပ်ခဲ့တယ်ဆိုပါတော့။

ယမင်းရဲ့စကားအရ ခွဲစိတ်မှုဟာ ရာနှုန်းပြည့်အောင်မြင်တယ်လို့ ဆရာဝန်ကြီးတွေက ဖွင့်ပြောကြပါသတဲ့။

ဝမ်းသာလိုက်တာ ဘာပြောကောင်းမလဲ။

ကျွန်တော် လူကောင်းပကတိ ပြန်ဖြစ်ရတော့မယ်။ ယမင်းနဲ့ အတူ လက်ချင်းတွဲပြီး လူပုံအလယ်မှာ ရဲရဲကြီး လျှောက်ပြနိုင်တော့မယ်။

အထူးသဖြင့် ခော်လီဘော လက်ရွေးစင်အဖြစ်နဲ့ လက်စွမ်းပြပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်တော့မယ်။

ဝမ်းသာစိတ်နဲ့ ထမင်းတောင် ကောင်းကောင်းမစားနိုင်ပါဘူး။

တတိယမြောက်မနက်။

ဆရာဝန်ကြီးနှစ်ယောက်စလုံး ရောက်လာတယ်။ အစိမ်းဝတ်မစ္စတာဆရာမကြီးကိုယ်တိုင် ဘယ်ဖက်မျက်လုံးကို ကြိုးသိုင်းအိတ် အမည်းလေးနှင့် ဖုံးထားလိုက်သေးတယ်။



“ဒါမှ အစားထိုးတဲ့မျက်လုံး၊ အားကောင်းမကောင်း ပိုသိရမှာပေါ့ကွဲ့”

ပတ်တီးဖြေနေဆဲမှာ ဘေးက ခွဲစိတ်ကုဆရာဝန်ကြီးက ပြောတယ်။ မျက်စိပါရဂူ ဦးရဲကျော်ကလည်း–

“ဖြည်းဖြည်းချင်း ဗြုန်းခနဲ မဖွင့်လိုက်နဲ့ဦး၊ မိနစ်ပိုင်းလောက် မှိတ်ထားပြီးတော့မှ တဖြည်းဖြည်းဖွင့်ကြည့်”

ဟုတ်ကဲ့။

ဆရာကြီးတွေ ညွှန်ကြားချက်အတိုင်း ကျွန်တော် လိုက်နာခဲ့ပါတယ်။

ရက်အတော်ကြာ အမြင်ခာတ် ပျောက်ကွယ်ခဲ့ရတဲ့ ညာမျက်လုံးနဲ့ ကျွန်တော်အကြည့်ချင်ဆုံး အရာလေးကို တွေ့ရတော့မယ်ဆိုတဲ့ အသိစိတ်နဲ့ ရင်ခုန်သံတွေ မြန်နေသလိုပါပဲ။

မရဲတရဲ ပွင့်သွားတဲ့ မျက်လုံးထဲမှာ အလင်းတန်းတွေ သက်တံရောင် ဖြာသွားတယ်။ နောက် ရုပ်ထွေးဝေဝါးနေရာက တစ်စထက်တစ်စ ပြတ်သားကြည်လင်လာတယ်။

အလှဆုံး မျက်နှာနဲ့ ချစ်စရာအကောင်းဆုံး အပြုံးလေးတစ်ခုရဲ့အသွင်ဟာ ပီပြင်စွာ ပေါ်လာခဲ့ပါပြီ။

“ယမင်း ယမင်း ကိုကို မျက်လုံးပြန်ကောင်းသွားပြီ ယမင်းရေ”

“ဟာ… တကယ်ပဲ အံ့ဩဝမ်းသာစရာကြီးပါလား ကိုရယ်”

ကျွန်တော်နဲ့ ယမင်းသာမက ကျေးဇူးရှင် ဆရာကြီးတွေလည်း သူတို့ရဲ့ အောင်မြင်မှုအတွက် ပီတိအပြုံးတွေဝေလို့။

"အစပိုင်းမှာတော့ ခေါင်းက သိပ်ကြည်ချင်မှ ကြည်မယ်၊ တစ်ခါတလေ မှုံးနောက်နောက်လေးတောင် ဖြစ်နိုင်တယ်၊ နောက်တော့ ပျောက်သွားမှာပါ၊ ဆိုးဆိုးဝါးဝါးဖြစ်ရင်သာ ဆရာတို့ကို ချက်ချင်းအကြောင်းကြား"

မေတ္တာစေတနာအပြည့်နှင့် ဆရာကြီး ဒေါက်တာရဲကျော်က မှာခဲ့ပါသေးရဲ့။

* * *

အစကတော့ ဘာမှ မသိသာသေးပါဘူး။

အိမ်ကို ပျော်ပျော်ပါးပါး ပြန်လာတဲ့အထိ အကောင်းကြီးပါပဲ။ အိမ်လိုက်ပို့ကြတဲ့လူတွေကလည်း ကားစီးတိုက်။

လူတွေရှင်းသွားလို့ နှစ်ယောက်တည်း ကျန်တော့တဲ့အချိန်ကျမှ ယမင်းက ကျွန်တော့်ကို ပြေးဖက်လိုက်တယ်။

သူ့မျက်လုံးထဲမှာလည်း မျက်ရည်တွေအပြည့်၊ ဒီတစ်ခါတော့ ဝမ်းသာလို့ကျတဲ့ မျက်ရည်တွေ။

ဒီတစ်သက် ကိုနဲ့ ပြန်မဆုံရဲတော့ဘူးတောင် အောက်မေ့တာ ရတနာသုံးပါးနဲ့ ဆရာဝန်ကြီးတွေ ကျေးဇူးပါပဲ။

"ကိုယ်ကတော့ ယမင်းကိုလည်း ကျေးဇူးတင်တယ်၊ အင်းသုံးပတ်လုံးလုံး ဆေးရုံတက်လိုက်ရတော့ အနားယူသလိုဖြစ်ပြီး အားတွေကတော့ အပြည့်ပေါ့"

"ဟင်း"



ယမင်းက ချစ်စရာမျက်စောင်းလေး ထိုးကြည့်လိုက်တာ ကျွန်တော့်အသည်းထဲကို အိဓနဲ ငြိစွဲသွားရတော့တာကလား။

နောက်တစ်နေ့ နေမြင့်မှ အိပ်ရာကနိုးတယ်။

ကျွန်တော် နိုးချိန်မှာ ယမင်း အနားမှာမရှိတော့ဘူး။ မီးဖိုချောင်ထဲ ရောက်သွားပုံပါပဲ။

ဖွင့်ကြည့်လိုက်တဲ့ မျက်လုံးတွေထဲမှာ ပင့်ကူအိမ်လို ကွန်ယက်တွေ ယှက်ဖြာနေတယ်။ ပြီးတော့ ဆူးချောင်းတွေရှေ့က ကာဆီးထားသလို ဖြစ်နေတယ်။ ပကတိမြင်ကွင်းဟာ သိပ်မရှင်းသလိုဘဲ။

ငေါက်ကနဲ ထလိုက်တော့လည်း မိုက်ခနဲဖြစ်သွားတယ်။ ဘယ်လိုကြီးပါလိမ့်။ နားထဲမှာလည်း ငိုသံလိုလို ရှိုက်သံလိုလို ရယ်သံတွေလိုလိုလည်း ကြားနေရရဲ့။

မျက်နှာသစ်တဲ့ ကြွေဇလုံရှိရာကို ဒယီးဒယိုင်နှင့် ထလာမိတယ်။

သွားတိုက်ပြီးတော့ မျက်နှာသစ်ဖို့ ပိုက်ခေါင်းကို ဖွင့်ချလိုက်တယ်။ ပထမကျလာတာတော့ ရေတွေ။ နောက် ရေတွေက မည်းသွားတယ်။ ပြီး အနီရောင်တွေ ရဲရဲတွတ်လို့။ ဘာတွေလဲ၊ ဘာဖြစ်တာလဲ၊ ကျွန်တော် ကြောင်ကြည့်နေမိတယ်၊ အို လက်စသတ်တော့ အနီရောင် ချွဲပစ်ပစ်နှင့် သွေး... သွေးတွေပါလား။

ကျွန်တော် ပိုက်ခေါင်းကို ကမန်းကတန်း ပိတ်လိုက်တယ်။ ရင်ထဲမှာ တထိတ်ထိတ်နဲ့ ခေါင်းထဲမှာလည်း ဆူပွက်နေပြီ။ ဒါ အိပ်မက်မဟုတ်တာတော့ သေချာတယ်။ ဘာတွေဖြစ်နေပါလိမ့်။

စဉ်းစားအဖြေရှာနေတုန်းမှာပဲ၊ ဟာ… အမယ်လေး ကြွေခွက်ရေဆင်းပေါက်လေးထဲက ဖြုန်းဆို ဒိုင်းခနဲ ထွက်လာတာက လက်ကြီးတစ်ဖက် သွေးတွေပေလူးလို့။

ဘုရား ဘုရား သွေးစွန်းလက်ကြီးက ကိုးရိုးကားရား လှုပ်ရှားပြီး ကပြနေသလိုပါပဲ။

ကျွန်တော် နောက်ဆုတ်လိုက်မိချိန်မှာပဲ လုံးဝပြန်ပျောက်သွားတယ်။

ရင်ထဲမှာ ပေါက်ကွဲထွက်မတတ် ပွက်ပွက်ဆူလာတယ်။

"ဟား… ဟား… ဟား… ဟား"

ရယ်သံတစ်ချက် ကြားလိုက်တယ်။

အသံကြားရာ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်တော့

တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာတစ်ခု။

တစ်ချိန်တုန်းက လှပသလောက် ဖြူဖပ်ဖြူရော် ပါးပြင်နဲ့ လည်ပင်းမှာ အညိုအမည်းတွေ စွဲနေသလို၊ နှုတ်ခမ်းစွန်းက သွေးတွေစီးကျနေတဲ့ ကြောက်စရာမျက်နှာနဲ့ ကောင်မလေးတစ်ယောက်။

"နင်… နင် မပြေးနဲ့၊ မိပြီ မိပြီ"

အသံနက်ကြီးနဲ့ အော်ရင်းက နောက်ပြန်လွင့်ထွက်သွားတယ်။

ကျွန်တော် ပြတင်းပေါက်ကို ပြေးကြည့်တယ်။

အိမ်ဘေး ခြံကွက်လပ်ဆီက ငိုသံကြီး ကြားလိုက်ရတယ်။

ကျွန်တော့်မျက်စိအောက်မှာပဲ မြေကြီးတွေ ဖွာခနဲ ပွင့်ထွက်သွားတယ်။



အပြာရောင်ကောင်မလေး နောက်တစ်ယောက် မြေကြီးထဲ နစ်နေရာက ကယ်ပါကယ်ပါဆိုပြီး ပေါ်လာတယ်။ သူ့တစ်ကိုယ်လုံးလည်း သွေးအလိမ်းလိမ်းနှင့် ရုပ်ပျက်ဆင်းပျက်။

နောက် ကျွန်တော်ရှိရာကို တည့်တည့်လှမ်းကြည့်ပြီး သွားအဖြူသား မချိုမချဉ်အပြုံးနှင့် လက်ယပ်လှမ်းခေါ်တယ်။

မကောင်းဆိုးဝါးမ၊ သွား ငါ မလာဘူး။

ကျွန်တော် စိတ်ထဲက ရေရွတ်လိုက်ပြီး မျက်နှာလွှဲပစ်လိုက်တယ်။

နောက်ပြန်ကြည့်လိုက်တော့ သရဲမျက်နှာနဲ့ အလောင်းကောင် မရှိတော့ဘူး။ ဖျတ်ခနဲ ပြန်ပျောက်သွားသလို မြေကြီးက အကောင်းပကတိ။

ငါ ဘာကြောင့် ဒါတွေမြင်နေတာလဲ။

မျက်စိထဲ ဘာလို့ပေါ်လာရတာလဲ။

တကယ် မဟုတ်ဘူး။ ငါ့စိတ်တွေ ကယောင်ချောက်ချားနဲ့ အမြင်တွေ မှောက်မှားတာပဲ ဖြစ်ရမယ်။

ကျွန်တော့်ကိုယ်ကျွန်တော် သတိပေးနေတုန်းမှာပဲ။

အားဆိုတဲ့ အသံနက်ကြီး နားကွဲမတတ် ကြားလိုက်ရက ခေါင်မိုးပေါ်က အလုံးကြီးတစ်လုံး ဒုန်းခနဲ ပြုတ်ကျလာတာ မြင်လိုက်ရတယ်။

ကျွန်တော် လှမ်းကြည့်လိုက်တယ်။

ကျွန်တော် ဒေါသဖြစ်ပြီးသူတို့ကို လိုက်ရိုက်ဖို့ ဟန်ပြင်လိုက်တယ်။

သူတို့က တဒင်္ဂတော့ နောက်ကိုရှဲသွားကြတယ်။

ပြီးတော့ ကျွန်တော့်ကို ပြန်ဖမ်းပြီး သတ်ဖို့ ရှေ့တိုးလာကြတာပဲ။

ကြက်သီးတွေ ဖြန်းဖြန်းထသွားအောင် အကြောက်တရားက ကျွန်တော့်ကို စောင်ကြမ်းကြီး ခြုံပေးလိုက်တယ်။

ကျွန်တော့်တစ်ကိုယ်လုံး အေးစက်တုန်ခိုက်သွားရာက ရင်တွေ တလှပ်လှပ်နှင့် အားငယ်သွားတယ်။

သူတို့က တဟားဟား ရယ်တဲ့လူကရယ်၊ တဟီးဟီးငိုတဲ့လူကငိုနှင့် ကျွန်တော့်ကို ဝိုင်းထားကြတာကိုး။

"ကလဲ့စားချေမယ်"

"နင့်ကို သတ်မယ်"

"သေ.... သေ..."

ကျွန်တော် အတင်းဖောက်ပြီး ထွက်ပြေးတယ်။ ဖြူနီပြာဝါက တရကြမ်းနောက်ကလိုက်တယ်။ တောကြီးမျက်မည်းထဲ ပြေးရင်းပြေးရင်းက မှတ်တိုင်တွေ အုတ်ဂူတွေကြား ဘယ်လိုရောက်သွားမှန်းမသိဘူး။

ကြောက်အားလန့်အားနဲ့ ဆက်ပြေးတယ်။ သူတို့ကလည်း နောက်က တအားလိုက်တယ်။ တစ်ယောက်ကဆိုရင် မိုးပေါ်ကပျံပြီးလိုက်တာ။



ကျွန်တော် အသက်တောင်ရှူမိရဲ့လား မသိတော့ဘူး။ မကောင်းဆိုးဝါးမတွေလက်က လွတ်ဖို့ သေပြေးရှင်ပြေး ပြေးရင်းက ချောက်ကမ်းပါးထဲ ကျသွားသလို ခံစားလိုက်ရတယ်။

နောက်တော့ လေဟာပြင် အမှောင်ထုကြီးထဲမှာ ယက်ကန်ယက်ကန်နဲ့ ကူးခတ်နေလျက်သား။

မကောင်းဆိုးဝါးမတွေ မရှိတော့ပေမယ့် ငိုသံရယ်သံတွေ ကြားနေရတုန်း။

ဒီကြားထဲကပဲ ကမ်းစပ်ရယ်လို့ တက်လိုက်တာ အနီရောင်သွေးပင်လယ်ကြီးထဲကျသွားပြီး ဆက်ကူးနေရပြန်တယ်။

ဒီတင် အိပ်မက်ဆုံး သွားတယ်။ အိပ်ရာက လန့်နိုးတယ်။ ခုတင်ပေါ် ပြန်ရောက်နေပြီလေ။

ကျွန်တော်နဲ့ ရှေ့ဆင့်နောက်ဆင့် ယမင်းလည်း နိုးသွားရာက ငုတ်တုတ်ထထိုင်နေတဲ့ ကျွန်တော့်ဆီကို ယမင်း အပြေးအလွှားရောက်လာတာ သိလိုက်တယ်။

"ကို... ကို ဘာဖြစ်လို့လဲဟင် ချွေးတွေလဲ ပြန်လို့ တစ်ကိုယ်လုံးလည်း အသားတွေ ဆတ်ဆတ်တုန်နေပါလား၊ ကို နေမကောင်းဘူးထင်တယ်"

ကျွန်တော် ယမင်းကို ချက်ချင်းပြန်မဖြေနိုင်သေးဘဲ ခုနကြမ်းပြင်ကို ပြန်ကြည့်လိုက်တယ်။ တော်ပါသေးရဲ့။

"ကို ဘာဖြစ်မှန်းမသိဘူး၊ ခေါင်းတွေ အရမ်းကိုက်ပြီး မျက်လုံးထဲ အရမ်းအောင့်နေတယ်"

"ဒါဆို ညက အိပ်ရေးပျက်သွားလို့ဖြစ်မှာပါ၊ အိပ်ရာထဲပြန်နားလိုက်ရင် သက်သာသွားမှာပါ လာနော်ကို"

ယမင်းက အသာအယာချော့ပြီး မွေ့ရာပေါ် ပို့ပေးခဲ့တယ်။ ယမင်းကိုတွေ့တော့ လူက အားရှိလာသလို စိတ်သက်သာရာရသွားတာတော့ အမှန်ပဲ။

ဒီအပြင် ယမင်းက ကျွန်တော့်ကို ဆေးလေး ၂ ပြား တိုက်တယ်။ အိပ်ဆေးဖြစ်မှာပါ။ သိပ်မကြာဘူး။ ကျွန်တော် မျက်စိတွေစင်းပြီး အိပ်ပျော်သွားတာပဲ။

* * *

အကန့်အသတ်မဲ့ အချိန်စီးကြောင်းတစ်ခုမှာ ကျွန်တော် မျောပါသွားတယ်ဆိုပါတော့။

ပြီးတော့ မြူတွေဆိုင်းပြီး မီးခိုးတွေ တလူလူဝေ့နေတဲ့ ပန်းချီကားတစ်ချပ်ထဲ ရောက်သွားတယ်။

နောက် ပါရှန်းကော်ဇောကြီးတစ်ချပ်ပေါ် ဇွေ့ခနဲ အငြိမ့်သားပက်လက်ကလေး ဖြစ်သွားခိုက်မှာပဲ ဖြူနီပြာဝါ မော်ဒယ်ဂဲလ်ဒီဇိုင်းနဲ့ နတ်မိမယ်လေးတွေ မိုးပေါ်က ဝဲပျံပြီး ကျွန်တော့်ဘေးမှာ မစားလာကြတယ်။

အင်း ဒီအထိတော့ အိပ်မက်က မဆိုးသေး။

ကျွန်တော့်ကို တယုတယနဲ့ ပြုစုရင်းက သူတို့ကပြောကြတယ်။



"သိပ်ချစ်တာပဲ"

"သိပ်ဆိုးတာပဲ"

"သိပ်ကြမ်းတာပဲ၊ တကတဲ"

"အို... သိပ်လည်းရက်စက်တယ်"

"ရှင် လူမဆန်ဘူး"

"ရှင့်ကို မကျေဘူး"

"နင့်ကို ကလဲ့စားချေရမယ်"

စကားလုံးတွေက ဖောက်ပြန်သွားသလို အသံတွေကလည်း မူမမှန်တော့တာနဲ့ ကျွန်တော့်မျက်လုံးစုံ အသာဖွင့်ကြည့်လိုက်တယ်။

သိပ်လှတဲ့ ဖြူနီပြာဝါလေးတွေ ရုပ်ပြောင်းနေကြပါပေါ့လား။

အဖြူမလေးရာ ခေါင်းစုတ်ဖွားနှင့် မျက်လုံးကြီးပြူးပြီး အစွယ်တွေထွက်နေပြီ။ လှမ်းဖက်လိုက်တယ်။

"ကို... ကို သတိထားဦးလေ"

"ယ... ယမင်း... ယမင်းရယ် ကို့ကို ကယ်ပါဦး၊ ကို့အိပ်မက်က အရမ်းဆိုးတာပဲ"

ယမင်းကို အားကိုးတကြီးနှင့် ပြန်ဖက်ထားလိုက်တယ်။

ယမင်းကလည်း အလိုက်သင့်လေး ပြန်ဖက်ထားပြီး ကျောပြင်ကို အသာသပ်ချော့မော့နေခဲ့တယ်။

ယမင်းရဲ့ အထိအတွေ့ အယုအယလေးတွေကြောင့် စိတ်အေးသက်သာရာ ရသွားသလိုပါပဲ။

ကျွန်တော် အာရုံပြောင်းသွားတယ်ဆိုပါတော့။

ယမင်းရဲ့ ချောမွတ်နေတဲ့ ပါးအိအိလေးကို အသာအယာ နမ်းမိတယ်။

"မိုးလင်းတော့မယ် ထင်တယ်ကိုရဲ့"

"ချစ်တယ် သိပ်ချစ်တာပဲ"

ယမင်းကို အငမ်းမရ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ရင်းက နှုတ်ခမ်းလေးတွေ လည်တိုင်လေးတွေ လိုက်နမ်းနေမိတယ်။

ကြားထဲက မေ့မောသွားတဲ့ ယမင်းရဲ့ မျက်နှာလေးကို တစ်ချက်လှမ်းကြည့်မိလိုက်တယ်။

ဟင်... ယမင်း ယမင်းမှ မဟုတ်တော့ဘဲ။

ဘယ်က မကောင်းဆိုးမကြီးလဲ မသိဘူး။

ရုပ်ပြောင်းနေပြီ။

ကျွန်တော် အလန့်တကြားနဲ့ လက်ဦးအောင်ဆိုပြီး သူ့ပခုံးသားတစ်ဖက်ကို အားရပါးရ ကိုက်ပစ်လိုက်တယ်။

"အမလေး... ကို... ကို ဘာလုပ်လိုက်တာလဲ"

ယမင်း ပြန်ဖြစ်သွားရာ ကျွန်တော့်ကို တွန်းပစ်ပြီး ခုတင်ပေါ်က ဆင်းပြေးတယ်။

သူ့အကြည့်တွေဟာ မယုံနိုင်တဲ့အကြည့်တွေ ဖြစ်သွားတယ်။

ကျွန်တော်ကိုယ်တိုင် ဘယ်ပုံစံပေါက်နေတယ်မဆိုနိုင်ဘူး။ ကျွန်တော့်ကို ရွံ့ကြောက်တဲ့ မျက်လုံးတွေနဲ့ အငေးသားက ကျူကျူပါအောင် ငိုချလိုက်တော့တာကလား။



"ကို ယမင်းကို ကိုက်တယ်၊ ဒီမှာ သွေးတွေထွက်ကုန်ပြီ၊ ကို ဘယ်လိုဖြစ်တာလဲ၊ အရင်တုန်းက ဒီလိုတစ်ခါမှ မဖြစ်ဖူးဘဲနဲ့ ကိုရယ်၊ သိပ်ချစ်တယ်ဆို ခုတော့"

"ကို လူမှားသွားတယ် ယမင်း... ယမင်းကို မကောင်းဆိုးဝါး မှတ်လို့"

"ရှင်... ယမင်းကို မကောင်းဆိုးဝါးမှတ်လို့ လူမှားတာ ဟုတ်လား၊ ကို ဘာတွေပြောနေတာလဲ၊ ယမင်း ဘာမှနားမလည် တော့ပါလား"

"အေး ငါ့ကိုယ်ငါလည်း နားမလည်တော့ဘူး၊ မင်း သိထားဖို့က မင်း ငါ့နားမကပ်နဲ့တော့၊ ခုချိန်ကစပြီး ငါတစ်ယောက်ပဲနေမယ်၊ အေးအေးဆေးဆေး နေချင်တယ်၊ မင်း သွား ဒီအခန်းထဲက ခုထွက် သွား"

"ကို စိတ်ငြိမ်ငြိမ်ထားပါဦး ကိုရယ်၊ ယမင်းလေ၊ ကို သိပ်ချစ်တဲ့ ယမင်းဆိုတာ သတိမရတော့ဘူးလား"

"သိတယ် နားလည်တယ်၊ ဒါပေမဲ့ ဒီမျက်လုံးတစ်ဖက် အစားထိုးပြီးတဲ့နောက်ကစပြီး ငါ ဘာတွေဖြစ်မှန်း မသိဘူး၊ ဒီမျက်လုံး ဘာမျက်လုံးလဲ၊ ပေါက်ကရမျက်လုံးတွေ ငါ့ကိုတပ်ပေး လိုက်တာပဲ ဖြစ်ရမယ်၊ ဘယ်သူ့မျက်လုံးဆိုတာ ဟိုဆရာဝန်တွေပဲ သိမယ်"

"ဒါဆို ယမင်း ဖုန်းဆက်မေးပေးမယ်လေ"

"မလိုဘူး၊ ကားသော့ပေးစမ်း၊ ငါကိုယ်တိုင် သွားမေးမယ်"

ကျွန်တော် ဘာကြောင့်မှန်းမသိဘူး။ စိတ်တွေ တအားတိုနေမိတယ်။ ကားသော့ကိုယူပြီး အောက်ထပ်ပြေးဆင်းခဲ့တယ်။

* * *

အချိန်မီလေးပါပဲ။

ဆေးရုံဆင်ဝင်ရှေ့မှာ ကားကို ဝူးခနဲထိုးရပ်လိုက်တဲ့အချိန်မှာပဲ ဒေါက်တာ ရဲကျော်က ကားပေါ်တက်ပြီး မောင်းထွက်တော့မယ့်ဆဲဆဲ။

"နေဦးဆရာကြီး ခဏနေပါဦး"

ကျွန်တော် ပြေးတားလိုက်တယ်။

"ဩော်... မောင်နေလင်းပါလား၊ နေကောင်းတယ်နော်၊ အားလုံး အဆင်ပြေတယ်မဟုတ်လား"

ဆရာဝန်ကြီးက ကျွန်တော့်ကို ဖော်ဖော်ရွေရွေ လေအေးလေးနဲ့ နှုတ်ဆက်ပြီး မေးတယ်။

"သိပ်စကားရှည်မနေနဲ့ဗျာ၊ တိုတိုနှင့် လိုရင်းပဲပြော၊ ကျွန်တော့်မျက်လုံး ဘယ်ကရတာလဲ၊ ဘယ်သူ့မျက်လုံးကြီးနဲ့ လဲပေးလိုက်တာလဲ၊ ပြော မှန်မှန်မပြောရင် ခင်ဗျား မလွယ်ဘူး"

ကျွန်တော့်ရုပ်နဲ့ ခြိမ်းခြောက်ဟိန်းဟောက်သံတွေကြောင့် ဒေါက်တာရဲကျော် အတော်လန့်သွားပုံပါပဲ။

"အဲဒီလိုပါကွာ ဆရာတို့လည်း မင်းကို ကောင်းစေချင်တဲ့စေတနာနဲ့ အချိန်သိပ်မစောင့်ဘဲ ရရာမျက်လုံးကို အစားထိုးပေး



လိုက်မိတာပါ"

"ဒီတော့ မျက်လုံးပိုင်ရှင်က"

"လူသတ်ကောင် ဝရမ်းပြေးဘခက်"

"ဗျာ..."

"ဘခက်ကို ရဲတွေဝိုင်းဖမ်းလို့ ထွက်ပြေးရင်းက ကားတိုက်သေသွားတာနဲ့ ပူပူနွေးနွေး သူ့အလောင်းက မျက်လုံးကိုထုတ်ပြီး"

ကျွန်တော်ဆုံးအောင် ဆက်နားမထောင်တော့ဘူး။

ကားဆီပြန်ပြေးခဲ့တယ်။ ကားထဲက ဟမ်းဖုန်းနဲ့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးက သူငယ်ချင်းရဲအုပ် စော်လှဝေဆီ ဖုန်းဆက်လိုက်တယ်။

ဘခက်ရဲ့ အမှုတွဲတွေကို ဖတ်ချင်တဲ့အကြောင်းနဲ့ ရှာပေးထားဖို့ ကျွန်တော် နာရီဝက်အတွင်း လာမယ့်အကြောင်းပေါ့။

ဒီနောက် ကားကို မိုင်ကုန်တင်လိုက်မိတော့တယ်။

* * *

ဘခက်

ဆိုးချက်က နှစ်ယောက်မရှိ။

ဒုစရိုက်သမား။

လူမဆန်အောင် ရက်စက်လွန်းလို့ 'လူ့ဘီလူးဘခက်'လို့ ဘွဲ့ပေးထားရတဲ့ စိတ္တဇလူသတ်ကောင်။

မူးယစ်ရမ်းကားမှု၊ ကားလုမှု၊ ဓားပြမှုတွေမှ တစ်ပုံကြီး။

ဒီကြားထဲက ရှိုးအပြည့်နဲ့ ငွေတွေ ဖုံးပေါလအောသုံးပြီး လမ်းပေါ်က ကောင်မလေးတွေကို မြူဆွယ်တယ်၊ ရုပ်ကလည်း မင်းသားချော ချောတာဆိုတော့ မိန်းမကောင်းလေးတွေတောင် သူ့ ညွှတ်ကွင်းမှာ အမိခံခဲ့ရတယ်။

စာရင်းအရတင် သူ့သားကောင်ဖြစ်ရတဲ့ မိန်းကလေးတွေ ၆ ယောက်တောင် ရှိခဲ့တယ်။

သူက မိန်းကလေးတွေကိုသတ်ပြီးမှ ကျူးလွန်တာဆိုပဲ။ ပြီးတော့ အလောင်းကို နည်းမျိုးစုံနဲ့ ဖျောက်ပစ်ခဲ့တယ်။

ရဲတပ်ဖွဲ့က ခိုင်လုံတဲ့ သဲလွန်စတွေနဲ့ ခြေရာကောက်ပြီး သူ့ကို အမိဖမ်းဖို့ ကြိုးစားခဲ့ရာက ဘခက်ဟာ အမျိုးသမီးတစ်ယောက်ကို သတ်မယ့်ဆဲဆဲ လက်လွတ်ထွက်ပြေးရပြီး ဇာတ်သိမ်းခန်းဆိုက်သွားရတာပါပဲ။

ဒါပေမဲ့ တကယ်တမ်းကျတော့ သူက ဇာတ်မသိမ်းဘဲ ကျွန်တော့်ဆီမှာ ဇာတ်လမ်းလာဆက်နေတာကိုး။

မျက်လုံးကြောတွေနဲ့ ဦးနှောက်ရဲ့ ဆက်စပ်မှုအရ သူ လွန်ကျူးခဲ့တဲ့ အတိတ်ဆိုးတွေက ကျွန်တော့်ကို ပူးဝင်ခဲ့တာကိုလည်း မမှားဘူးပေါ့။

အိမ်ပြန်ရောက်တော့ ည။

အဖြစ်အပျက်အားလုံးကို ယမင်းကို ဖွင့်ပြောလိုက်တယ်။

ယမင်းခမျာ ချုံးပွဲချ ငိုပါလေရော။

ကျွန်တော်ကိုယ်တိုင်လည်း ရှိုက်ကြီးတငင် ငိုမိတယ်။



"ငါ့ဘဝတော့ ဆုံးပြီ၊ ဒီမျက်လုံးကြီးနဲ့ ငါ ဘာအသုံးကျတော့မှာလဲ၊ တို့ ဘာဆက်လုပ်ကြမလဲ"

"ဘာပဲဖြစ်ဖြစ် နည်းလမ်းတော့ ရှိမှာပေါ့ကိုရယ်၊ ကိုဟာ လူကောင်းတစ်ယောက်ပါ၊ သိပ်လည်း အစွဲအလမ်း ဥပါဒါန်တွေ မထားပါနဲ့၊ ဆရာဝန်ကြီးတွေနဲ့ အမြန်ဆုံး တိုင်ပင်ပြီး အဖြေထုတ်ကြတာပေါ့"

"ကိုတော့ လွန်ကုန်ပြီ၊ မရတော့ဘူးထင်တယ်"

"မရရအောင်ကြိုးစားရင် ဖြစ်ပါတယ် ကိုရယ်၊ ကို ယမင်းကို ချစ်တယ်မဟုတ်လား၊ ပြီးတော့ သားလေးလား သမီးလေးလား ကိုယ့် ရင်သွေးလေး မျက်နှာလည်း ထောက်ပါဦး"

"ဟုတ်တယ် ယမင်းကို သိပ်ချစ်တယ်၊ ချစ်တယ်၊ သိပ်ချစ်တယ်၊ ဒါကြောင့် မင်း ငါ့နားမှာ မနေနဲ့လို့ပြောနေတာ၊ အင်း တခြားတစ်နေရာမှာ သွားနေရင် ကောင်းမယ်၊ ကို တောင်းပန်ပါတယ် ယမင်းရယ်"

"အို... ယမင်း ကိုကို တစ်ယောက်တည်း စိတ်မချဘူး၊ ပစ်မထားရက်နိုင်ဘူး၊ ကိုနဲ့ပဲ ယမင်းအတူနေမယ်"

"ယမင်း မင်း ငါ့စကားကို နားမထောင်ဘူးလား၊ မင်းကို ငါ သိပ်ချစ်လွန်းလို့ ပြောနေတာကွ"

ပြောရင်းက ကျွန်တော် ဒေါသထွက်လာသလိုပဲ။

ယမင်းကို လှမ်းကြည့်လိုက်တယ်။

ယမင်း ယမင်း မဟုတ်တော့ပါလား။

မကောင်းဆိုးဝါးမ။ ကျွန်တော့်ကို အငြိုးကြီးနဲ့ လိုက်ရန်ရှာခြောက်လှန့်နေတဲ့ ကောင်မ။

နောက် အဲဒီ ကလဲ့စားချေမယ့် ကောင်မက ယမင်းပြန်ဖြစ်သွားပြန်ရော။

"ယမင်း မေမေတို့ ကိုးကွယ်တဲ့ ဘုန်းဘုန်းလည်းရှိတယ်လေ၊ သူက ကိုယ့်အစွဲရောဂါကို နိုင်ပါတယ်၊ မနက်ကျတော့ သွားကြတာပေါ့"

"ဟာ... ဟုတ်တယ်၊ အဲဒါကောင်းတယ်၊ ဒါပေမဲ့ ကို မသွားချင်ဘူး"

"ဟင်... ဘာဖြစ်လို့လဲ ကို"

"ကို... အဲ ငါဟာ မင်လထင်နေသလို မင်းယောကျ်ား နေလင်းမှ မဟုတ်တော့ဘဲ၊ ငါ ငါ လူ့ဘီလူး ဘခက်ဖြစ်နေပြီ"

"အို... မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ ကို သတိထားပါဦးကိုရယ်"

ကျွန်တော် မိုက်ခနဲဖြစ်သွားတယ်၊ မျက်လုံးထဲမှာ ကျွန်တော့် အချစ်ဆုံး ဇနီးချောလေး ယမင်းဖြစ်လိုက် မကောင်းဆိုးဝါးမတွေ ဖြစ်လိုက်နဲ့ အမြင်တွေ ဖောက်ပြန်လာတယ်။

စိတ်တွေကလည်း ကယောင်ချောက်ချားနဲ့ မူမမှန်ချင်တော့ဘူးလေ။

ပိုဆိုးတာက ယမင်းက ကလေးအကျီလေးတွေချုပ်ဖို့ဆိုပြီး ရောင်စုံပိတ်စတွေကို ကတ်ကြေးတစ်လက်နဲ့ ညှပ်ထားတာ စက်ခုံပေါ်မှာ ပစ်ထားခဲ့တာပဲ။



ရောင်စုံပိတ်စတွေက ရောင်စုံမတွေ ခုန်ထွက်လာတယ်။

ဟီးဟီးဟားဟားလုပ်ပြီး ကျွန်တော့်ကိုလက်ညှိုးထိုး ဗိုင်းလှောင်ကြတယ်။

"မကောင်းဆိုးဝါး မိစ္ဆာကောင်"

"စိတ္တဇ လူသတ်သမားဘခက်အစစ်"

ကျွန်တော် သတိလစ်သွားတယ်။ ယမင်း ယမင်းဆိုတာ အမျိုးသမီးပဲ။ အမျိုးသမီးဆိုတာ ငါ့ရန်သူ။ ငါ့သားကောင်။ ငါသတ်ရမယ်။ ငါ့အမေက နောက်ယောကျ်ားနောက် လိုက်ပြေးတယ်၊ ငါ့မိထွေးက ငါ့ကို ငယ်ငယ်ကတည်းက နှိပ်စက်ခဲ့တယ်၊ သူတို့ဟာလည်း အမျိုးသမီးတွေပဲ။ မချစ်နဲ့။ မုန်းလိုက်။ သတ်ပစ်လိုက်။

ဦးနှောက်ထဲက အသံလှိုင်းတွေနဲ့အတူ ကျွန်တော် ယမင်းဆီကို ခုန်လိုက်တယ်။ လက်ပြန်ရိုက်ချလိုက်တယ်။ ပုံလျက်သားလဲသွားတော့ ဝင်လုံးပြီး လည်ပင်းညှစ်တယ်။

"ကို... ကို... သတိထားပါဦး ယမင်းလေ"

"မင်း ယမင်း မဟုတ်ဘူး၊ ခိုင်ရွှေဝါလင်း၊ ဒါမှမဟုတ် စောနန္ဒာ အဲ... ယုယုထွေး၊ ပဒုမ္မာ၊ မေပိတောက်"

"ယမင်းမှ ယမင်းပါ ကိုရယ်၊ ကိုဟာလည်း နေလင်းလေ"

"နေလင်း ဘယ်ကနေလင်းလဲ ငါ မသိဘူး၊ ငါ ဘခက်၊ မိန်းမမုန်း လူသတ်သမား ဘခက်ကွ"

"ကို ယမင်းကို ချစ်တယ်ဆို၊ ဒီလောက် မရက်စက်ပါနဲ့ ကိုရယ်၊ ယမင်းမရှိဘဲ ကို မနေတတ်ဘူးဆိုပြီးတော့ ဗိုက်ထဲမှာ ကို့

ရင်သွေး”

ယမင်းစကားက ကျွန်တော့်ကို လှုပ်နှိုးလိုက်တယ်။

ကျွန်တော့်ရင်သွေး။

အပြစ်မဲ့တဲ့ ရင်သွေးလေး။

အို… ငါ ဘာတွေလျှောက်လုပ်မိပါလိမ့်။

ကျွန်တော် သတိပြန်လည်လာရာက ယမင်းဆီက ခုန်ထလိုက်တယ်။ ယမင်းက တငိုငိုနှင့် ကျန်ခဲ့တယ်။

ရောင်စုံမတွေ ဟိုက ဒီက ပေါ်လာပြန်ပြီ။

“ဘခက် မိစ္ဆာကောင် လူသတ်သမားဘခက်”

ကျွန်တော် စိတ်တွေ မထိန်းနိုင်တော့ဘူး။

စက်ချုပ်ခုံပေါ်က ကတ်ကြေးကို ပြေးယူလိုက်တယ်။

နောက် ဒီကောင်မတွေကို လိုက်ရှာတယ်။

အားလုံးပျောက်သွားတယ်၊ ယမင်းတစ်ယောက်တည်း ပုံ့ပုံ့လေးထိုင်လျက် တွေ့လိုက်တယ်။

“ကို… ကို သတိထားနော်၊ ကိုဟာ ဘခက်မဟုတ်ဘူး၊ နေလင်းပါ၊ ယမင်းရဲ့ အချစ်ဆုံးနေလင်းပါ”

“ဟုတ်တယ် မဟုတ်ဘူး၊ ငါ ဘခက် ငါ နေလင်း၊ နေလင်းကိုယ်နဲ့ ဘခက်မျက်လုံး တပ်ထားရတာ၊ မင်းကို သတ်မယ်၊ ဒါပေမဲ့ သိပ်ချစ်တယ်၊ အို ဒီပြဿနာအားလုံး ငြိမ်းအေးသွားဖို့ တစ်နည်းပဲရှိတယ်၊ ဘခက်မျက်လုံး ဒီမျက်လုံးက ငါ့ကို ဒုက္ခပေးနေတာ၊ ဒီမျက်လုံးကြီးရှိနေသမျှ အန္တရာယ်ရှိနေမှာပဲ၊ ဒုက္ခပေးနေ



မှာပဲ၊ ဒီမျက်လုံးနဲ့ မင်းကို ငါ မကြည့်ချင်ဘူး၊ ယမင်း ဒီမျက်လုံး ဒီမိစ္ဆာမျက်လုံးကို ငါ မလိုချင်တော့ဘူး၊ ကဲကွာ”

ယမင်းရဲ့ စူးစူးဝါးဝါး အော်သံတွေအောက်မှာပဲ ကျွန်တော်က ကတ်ကြေးချွန်ကြီးကိုမြှောက်ပြီး–

အချစ်ဆုံး ယမင်းကို လှမ်းကြည့်လိုက်ရာက မကောင်းဆိုးဝါး မိစ္ဆာမျက်လုံးထဲကို ကတ်ကြေးချွန်ကြီးတစ်ဆုံး ထိုးချလိုက်မိပါတော့တယ်။

❒

## အဝါရောင်လှိုင်း

သည်ဇာတ်လမ်းက ထူးဆန်းတဲ့ ကြောင်ဝါတစ်ကောင် မိုးဇော်နောက်ကို လိုက်ခဲ့ရာက စခဲ့တယ် ဆိုရမှာပါပဲ။

ကြောင်က အသက်ကြီးနေပေမယ့် ပိန်ညှောင်ညှောင်ကလေးရယ်။

ဒါပေမဲ့ ဇရာမ မျက်လုံးကြီးတွေက လမ်းဘေးဓာတ်တိုင်မီးရောင်ဟပ်ပြီး အရောင်တဖျပ်ဖျပ် တောက်ပနေလေရဲ့။

မိုးဇော်ဟာ လျှောင်စိန်ရဲ့ ဂျင်ဝိုင်းမှာ ဖြူခါပြာခါကျပြီး ပြန်လာရာက စိတ်ညစ်ညစ်နဲ့ ချစ်ကောင်းရဲ့ ထွက်ပေါက်သီချင်းကို လေချွန်ပြီး ညည်းလာတဲ့အချိန်ပေါ့။

လမ်းထောင့်မှာ ငုတ်တုတ်လေးထိုင်နေတဲ့ ကြောင်ဝါကြီးက မီးညှောင် မီးညှောင်နဲ့ အသံပြုလိုက်တယ်လေ။

သူက အမှတ်တမဲ့ လှမ်းကြည့်မိလိုက်ရာက ညောင်ညောင်အသံပေးရင်း သူ့နောက်က ကောက်ကောက်ပါအောင် လိုက်လာတော့တာကလား။



ကြောင်ဝါကြီးက သူ့ခြေထောက်ကြားမှာ တိုးဝင်ရင်း ပွတ်သီးပွတ်သပ်လုပ်ပြီး အစာတောင်းသလို မိတ်ဖွဲ့သလို လုပ်လာရာက သူ လမ်းသွားရ ခက်လောက်အောင် ဖြစ်ခဲ့တယ်။

မိုးဇော် နည်းနည်းစိတ်တိုသွားတာ အမှန်ပဲ။

"မင်းကွာ ကြောင်နက်တစ်ကောင်သာဆိုရင်တော့ မင်းကိုငါ အိမ်ခေါ်သွားမှာပဲ၊ ခုတော့ မင်းကို ငါ လိုချင်စရာမရှိဘူး၊ စိတ်ညစ်ရတဲ့အထဲ လိုက်မရှုပ်နဲ့ သွားကွာ"

မိုးဇော်က ပြောမိပြောရာ ပြောလိုက်ပြီး ကန်မယ့်ဟန်ပြင်လိုက်မိတယ်။

ကြောင်ဝါကြီးခများရဲ့ မျက်လုံးတွေထဲမှာ အားငယ်ဝမ်းနည်းသွားတဲ့ အရိပ်အယောင်တွေ ဖွေးဖွေးလက်သွားရာက သူ့ကို တစ်ချက်မော့ကြည့်တယ်။ ဒါပေမဲ့ ကြောင်ဝါကြီးက ရပ်မကျန်ခဲ့ဘဲ သူ့နောက်ဆက်လိုက်မယ့်ပုံစံ။

တကယ့်တကယ်အနေနဲ့ မိုးဇော် မရက်စက်နိုင်ပါဘူး။ အယူသီးတယ်။ အတိတ်နိမိတ်တွေကို ယုံတယ်လေ။

လောလောဆယ်တောင် သူ့ဂျာကင်အင်္ကျီ အတွင်းခံထဲမှာ မျောက်လက်သည်း တစ်စကို ကံကောင်းပြီး လာဘ်ခေါ်တဲ့ အဆောင်လက်ဖွဲ့အနေနဲ့ ထည့်ချုပ်ထားတာရှိသေး။

သူ ဂျင်တွေဖဲတွေ ဘယ်လောက်ပဲရှုံးရှုံး၊ စွန့်ပစ်ဖို့ နည်းနည်းမှ မကြံမိတာဘဲကြည့်တော့။

ခုလည်း ဒီကြောင်ဟာ လောင်းကစားသမားတွေအကြိုက် အနက်ရောင်မဖြစ်တဲ့တိုင်အောင် သူ့နောက်ကို တန်းလိုက်နေတာ အကြောင်း ရှိရမယ်လို့ ယူဆလိုက်မိတယ်။

ဒီလိုနဲ့ ဒီကြောင်က အကျိုးပေးမယ်မပေးဘူး၊ သူ့အတွက် ကံဆိုးကံကောင်း စမ်းကြည့်လိုက်ဖို့ ဆုံးဖြတ်လိုက်တယ်ဆိုပါတော့။

မိုးဇော် ခပ်ယဲ့ယဲ့လေး ပြုံးလိုက်ရာက ခုတလော ကံခေနေမှုတွေကို စိန်ခေါ်တဲ့အနေနဲ့ ခြောက်ကပ်ကပ် ရယ်ပစ်လိုက်သလို။

"ကဲကဲ ကိုရွှေဝါ၊ မင်း ဒီလောက်တောင် ဆန္ဒရှိရင်လည်း ငါ့နောက် လိုက်ခဲ့ပေတော့၊ မရှိအတူ ငတ်အတူပေါ့ကွာ"

မိုးဇော် ပြောင်ချော်ချော် ပြောလိုက်တဲ့စကားကို ကြောင်ကြီးက နားလည်သလိုလိုဖြင့် မြူးကြွသွက်လက်စွာ ကပ်ပါလာပါလေရော။

* * *

မိုးဇော်က တစ်ယောက်တည်းသမား။

စားတော့ ထမင်းဆိုင်၊ သောက်တော့ ရေအိုးစင်၊ နေတာကတော့ ရပ်ကွက်အစွန် ကားဂိုဒေါင်ဟောင်းတစ်လုံး၏ အပေါ်ထပ် ထပ်ခိုးလေးမှာ။

ဒါပေမဲ့ တစ်ချိန်တုန်းကတော့ မိုးဇော်ဆိုတာ တိုက်နှင့်၊ ကားနှင့်၊ မယားလှလှလေးနှင့်။

လောင်းကစားကို မက်မိရာမှ ဘဝပျက်ခဲ့ရသလို အထီးကျန်အဖြစ်ဆိုး ကြုံရပြီး ခုလို ချောင်ကြိုချောင်ကြား ကပ်ရပ်နေရတဲ့ အခြေ နေ။



လောလောဆယ် သူ့မှာ ချမ်းသာတာဆိုလို့ ဂိုဒေါင်နဲ့တစ်လုံးလို့ ပြောရမတတ် ကြွက်တွေ။

သူ့ခြေရင်းက ညောင်နေတဲ့ ကြောင်ဝါကြီးကို ဂိုဒေါင်တံခါးသော့ ဖွင့်ရင်းမှာ သူ ပြောလိုက်မိတယ်။

"ဒီညတော့ ငါ့ခမျာ ဥပုသ်စောင့်ပြီး ရေသောက်ဗိုက်မှောက်အိပ်ရမယ့်ကိန်းပဲကွ၊ မင်းကိုလည်း ဘာမှကျွေးနိုင်မှာ မဟုတ်ဘူး၊ အေး မင်း အစွမ်းနဲ့မင်း ကြွက်တွေသာ ဖမ်းစားပေတော့ ကြောင်ကြီးရေ"

သူ့စကားအဆုံး တံခါးအဖွင့် ကြောင်ဝါကြီးက ဂိုဒေါင်အမှောင်ထဲ လှစ်ခနဲ တိုးဝင်သွားရာက ဘာပြောကောင်းမလဲ ဝုန်းဒိုင်းကြဲ။

မိုးဇော် ထပ်ခိုးလှေကားလေးကို စမ်းတက်ခဲ့တယ်။

ဂက်စ်မီးခြစ်နဲ့ ကွပ်ပျစ်ခေါင်းရင်းက ဖယောင်းတိုင်ယူထွန်းလိုက်တဲ့အချိန်မှာ ဘသားချောက အောက်ထပ်မှာ တကျွတ်ကျွတ်ဝါးပြီး ကျန်ခဲ့တာကလား။

မိုးဇော် လက်ကျန်ဆေးပေါ့လိပ်တို ကောက်ဖွာရင်း ငုတ်တုတ် မှိုင်နေမိပါပေါ့။

မနက်ဖြန်ဆိုတဲ့ အနာဂတ်က သူ့အတွက် ပျောက်ဆုံးနေပါပြီလေ။

အဝတ်အစား သေတ္တာထဲမှာ အဝတ်ကောင်းအစားကောင်း ရယ်လို့ မရှိတော့တာနဲ့အမျှ ပိုက်ဆံဆိုတာကလည်း တစ်ရာပင် မပြည့်

တတ်တော့။

ရှေ့ဆက် ဘယ်လိုစခန်းသွားမလဲ။

ပေါင်စရာ နှံစရာရယ်လို့လည်း ဘာမှမရှိ။

ချေးရငှားရမယ့်လူတွေကော မသိ။

ခေါင်းပူပါတယ်ဆိုပြီး ဖွတ်မိုတ်အိပ်မယ်လုပ်တော့ လားလား ကြောင်မင်းသားကြီးက သူ့ခြေရင်းမှာ။

တစ်ကိုယ်လုံးလည်း ညစ်ပတ်ပေကျံလို့ ကြွက်မွေးတွေတောင် ပါးစပ်မှာ ကပ်နေလား မဆိုနိုင်။

မိုးဇော် ရွံရှာစက်ဆုပ်မိသလို ကန်ချမယ်ကြံလိုက်မိသေး။

သို့ပေမဲ့ သူ့ကိုစိုက်ကြည့်ပြီး ညောင်လိုက်တဲ့ ကြောင်ကြီးအသံနဲ့ ဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေကြောင့် သနားသွားမိသလိုလို၊ ကျောစိမ့်ရင်ဖိုသွားမိသလိုလို။

အေးကွာ နေပါစေတော့၊ မင်းနဲ့ငါ ခိုကိုးရာမဲ့ ဘဝတူချင်း အေးအေးဆေးဆေးပဲ အိပ်လိုက်ပါတော့။

နောက်ပြီး ကြောင်ဆိုတာက တနင်္လာနံ။

တနင်္လာဆိုတော့ ငွေနံပေါ့။

ဒီကောင်ကြီးကို ခေါ်လာမိတာ ငါ့အတွက် အတိတ်ကောင်း နိမိတ်ကောင်းနဲ့ ကံကောင်းခြင်း အထိမ်းအမှတ်ပါပဲ။

မိုးဇော် ခြင်ထောင်ချ။ ဖယောင်းတိုင်မီးသတ်ပြီး ခေါင်းချအိပ် လိုက်ပါရော။

* * *



အဖြစ်က အိပ်မက်လိုလို တကယ်လိုလိုပါ။

သူ ကြောင်ကြီးကို စိတ်စွဲပြီး အိပ်မက်ထဲမှာ ကြောင်ကျွေးဖို့ ဈေးက ငါးတွေ သွားဝယ်လာမိဘယ်ဆိုပါတော့။

အပြန် ဈေးထောင့်တစ်နေရာအရောက်–

"မိုးဇော် ငါ့ညီ နေပါဦး"

ခေါ်သံကြားရာ လှည့်ကြည့်လိုက်တော့ သနပ်ခါးရောင် တိုက်ပုံ ခပ်စုတ်စုတ်၊ လုံချည်အဝါကွက်၊ ခေါင်းစုတ်ဖွား၊ နှုတ်ခမ်းမွေး စစ၊ အရုပ်ဆိုးဆိုး လူကြီးတစ်ယောက်–

"ဘယ့်နဲ့ ငါဘယ်သူလဲ မင်း မသိတော့ဘူးလား"

"အေးဗျာ၊ ကျွန်တော် သိပ်မမှတ်မိတော့တာ ခွင့်လွှတ်ပါ"

"ရပါတယ်လေ၊ ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်လိုက်ရင် သတိရလာမှာပါ၊ ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီမယ် မင်းအခု ရေခါးနေတယ် မဟုတ်လား"

ထိုပုဂ္ဂိုလ်က ရယ်ကျဲကျဲအပြုံးနဲ့ သူ့ကို ဖမ်းမေးလိုက်ရင်း တစ်ဆက်တည်း–

"အရင်လို ဝိစကီလေးဘာလေး မဟဲချင်ဘူးလား သူငယ်ချင်း၊ မင်းကသာ မေ့ချင်မေ့မယ်၊ ငါကတော့ မင်းကျေးဇူးကို မမေ့ပါဘူးကွာ၊ ငါ ဒုက္ခရောက်နေတုန်း မင်း ထမင်းကျွေးပြီး ငွေငါးဆယ်ပေးသွားတာ လေ၊ ခု ငါ ထောနေတယ်ကွ၊ ရော့ ဟောဒီမှာ ငါးရာ၊ မင်းကျေးဇူး ကို အချေးပြန်ဆပ်တယ် မှတ်လိုက်ပေါ့ မိုးဇော်ရာ"

မိုးဇော် အံ့အားသင့်နေတုန်းမှာပဲ အဲဒီလူက ငါးရာတန် အဟောင်းလေးတစ်ရွက် လက်ထဲထည့်ပေးခဲ့ပြီး ချာခနဲ လှည့်ထွက်သွားတော့တာကလား။

ငါးရာတန် အဟောင်းလေးကို ကိုင်လျက်သားက ဝမ်းနည်းရမလို ဝမ်းသာရမလို မိုးဇော် ကျန်ရစ်ခဲ့ရတယ်ပေါ့။

ဒီမှာတွင် အိပ်မက်က တစ်ခန်းရပ်။

မိုးလင်းလို့ အိပ်ရာကနိုးတော့ မိုးဇော်တစ်ယောက် တကယ်များလားဆိုပြီး သူ့လက်ထဲ လိုက်ရှာကြည့်မိပါသေးရဲ့။

ငါးရာမတွေ့မိပေမယ့် ခလောပြီးနှပ်နေတဲ့ ခြေရင်းက ကြောင်ဝါကြီးကို တွေ့လိုက်ရပါတယ်။

သူနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ကြောင်ဝါကြီးက နိုးလာပြီး ညောင်သံပေးရင်း သူ့ခြေဖမိုးကို လာပွတ်တယ်လေ။

မနက်ကျမှ ကြောင်ဝါရုပ်ကို သတိထားကြည့်မိတော့ အိပ်မက်ထဲကလူကို ပြန်အမှတ်ရလိုက်ရတော့တာပဲ။

ကျိုးတိုးကျဲတဲ နှုတ်ခမ်းမွေး၊ မျက်လုံးခပ်ပြူးပြူး၊ အရုပ်ဆိုးဆိုး၊ ကြောင်ဝါရုပ်နှင့် အိပ်မက်ထဲက လူမျက်နှာက တစ်ထပ်တည်းနီးပါး။

ဒါနဲ့အမျှ ဖျတ်ခနဲ အသိဝင်လာပုံက လက်စသတ်တော့ သူ။

သူဆိုတာက တခြားမဟုတ်။ လျောင်စိန်ရဲ့ ဂျင်ဝိုင်းမှာ မကြာခဏ ဆုံတတ်လို့ မျက်မှန်းတန်းခဲ့ရတဲ့ ကိုကျောက်ခဲပေပဲ။

တစ်ခါက ကိုကျောက်ခဲကို ငွေငါးဆယ် မေးခဲ့မိတာလည်း အမှန်။



ဒီနောက် ဘာကြာလိုက်မှာလဲ။ ကိုကျောက်ခဲတစ်ယောက် ဈေးထိပ်မှာ ကားတိုက်ခံရပြီး သေသွားရတာလေ။

တချို့က တမင်တကာ အတိုက်ခံခဲ့တာတဲ့။

အို ဘာပဲဖြစ်ဖြစ် ထူးထူးဆန်းဆန်း တိုက်တိုက်ဆိုင်ဆိုင် ဆက်ကြုံလာရတဲ့ အဖြစ်တွေက မယုံနိုင်စရာ အံ့သြစရာတွေချည်း။

အဲဒီမနက်က သူ ဈေးထဲသွား၊ မုန့်ဟင်းခါး အကြွေးစား၊ လက်ဖက်ရည်သောက်ပြီး ကြောင်ဝါ့အတွက် ရက်လွန်ငါးသံချိတ် တစ်ဆယ်သား ဝယ်ခဲ့တာက ပြန်အလာ။

ဈေးထိပ် ပလက်ဖောင်းတစ်နေရာအရောက် လေပြင်းတစ်ချက် ဝှေ့လိုက်ရာမှ ပလတ်စတစ် အထုပ်လေးတစ်ထုပ် သူ့ခြေသလုံးနားလာကျလို့ ကြည့်လိုက်တော့ အထဲမှာ ငါးရာတန်လေးတစ်ရွက်၊ အသစ်စက်စက် ငါးရာတန်လေ ။

ဈေးဝယ်တစ်ယောက် ကျကျန်ခဲ့တာ ထင်ပါရဲ့။

သေချာတာကတော့ အိပ်မက်အတိုင်း ဖြစ်လာတာပါ။

ဒီထက်ထူးဆန်းပုံက အဲဒီငါးရာတန်ကိုရင်းပြီး ဒေါ်ကုလားမတို့ ဝိုင်းသွားထိုင်လိုက်ရာက ညဝက်မကျိုးခင် ဝိုင်းလုံးကျွတ်နိုင်လို့ သုံးသောင်းလောက် ပိုက်ပြန်ခဲ့ရတာပါပဲ။

* * *

နောက်တစ်နေ့ညနေ လျောင်စိန်ရဲ့ တိတ်တိတ်ပုန်းဂျင်ဝိုင်းမှာ မိုးဇော်တို့ ရွှေလက်ထိ ဘုရင်ကြီးကိုဖြစ်လို့။ ကြက်ဆိုကြက်၊ ဝက်ဆိုဝက်၊ ငါးရှဉ့်ဆို ငါးရှဉ့်။

ကစားဖော် ကစားဖက်တွေသာမက လျှောင်စိန်ကိုယ်တိုင်လဲ ဖျား။

"ကိုယ့်လူ တယ်ဟုတ်နေပါလား"

"ဟုတ်ရမှာပေါ့၊ ကံထလာပြီလေ၊ ဒီတော့ ကုန်ခဲ့သမျှ ဆတိုးနဲ့ စားမယ်၊ ဝါးမယ်လေဗျာ ကဲ ဟော့ဒီမှာ ကြက်တိန်ညင်လေး၊ လျှော်လိုက် ပါဦး"

မိုးဇော်က ကြိုးတောင်မထိုး။ ဖြောင်ချည်းပဲထိုးခဲ့တာပါ။

လောင်းကစားလောက၊ လောင်းကစားသမားဘဝဆိုတာက ဒီနေ့ချေး၊ နက်ဖြန်သူဌေး၊ ကြွေတစ်လက် ကြက်တစ်ခုန်ဆိုတဲ့အတိုင်း ထိုတစ်ရက်တည်း မိုးဇော် သိန်းချီရလိုက်တယ် ဆိုပါတော့။

နောက်ရက်တွေမှာလည်း ထို့ထက်မက သိန်းပေါ်သိန်းထပ်လို့။

နေ့ချင်းညချင်း ရက်ပိုင်းအတွင်း ရွှေနှင့်ငွေနှင့် ပြိုးပြိုးပြောင် ပြောင် ထိုးထိုးထောင်ထောင်လေး ဖြစ်လာပါပြီ။

သူ့အဖို့ ရှုံးပွဲမရှိ၊ သရေမပါ။ နိုင်ပွဲဆက် သရဖူဆောင်းခဲ့ခြင်း သာ ရှိခဲ့တာပါ။

ဒါနဲ့အမျှ ကြောင်ဝါကြီးကို လာဘ်ကောင်ကြီးအဖြစ် ယုယမြတ်နိုး တန်ဖိုးထားကာ ပြုစုစောင့်ရှောက်ခဲ့တယ်။

နွားနို့၊ ပုစွန်ခြောက်၊ သားငါး လိုလေသေးမရှိ ရှယ်ကျွေးခဲ့တယ်လေ။

ရွှေဝါလို့ခေါ်ပြီး အိပ်ဖို့အတွက် ကလေးမွေ့ရာလေးပင် ဝယ်ပေးခဲ့တယ်ပေါ့။



သူက ရွှေဝါကို သူ့ချစ်ရဲဘော် အဖော်မွန်အဖြစ် မြှောက်စားခဲ့သလို တလေးတစားနဲ့ တိုင်ပင်တာ၊ စကားပြောတာတွေလည်း လုပ်ပါရဲ့။။

ဟုတ်ပါတယ်။

အဖော်မရှိတဲ့ သူ့ဘဝမှာ ရွှေဝါဟာ တကယ့်အဖော်ကြီးပါပဲ။ သူ့ ဘာပြောပြော သူပြောသမျှကို ငြိမ်ပြီးနားရွက်စွင့်ထားတတ်တယ်။

တစ်နေ့တခြား သူ့အပေါ် သံယောဇဉ်ကြီးလာတာနဲ့အမျှ သူ အပြင်ထွက်တော့မယ်ဆိုရင် အားငယ်တဲ့မျက်လုံးရွဲကြီးနဲ့ စိုက်ကြည့်ထားလေ့ရှိပြီး တညောင်ညောင်နှင့် နှုတ်ဆက်နေကျ။

ဒီကြားထဲကပဲ ရွှေဝါဟာ တသွေးတမွေးနဲ့ ဝဖီးလာတယ်။ ဖီးဆို အစားကောင်း အနေကောင်းတွေ ရခဲ့ရတာကိုး။ အခုဆို မိုးဇော်ဟာ ဂိုဒေါင်ထပ်ခိုးကျဉ်းကလေးပေါ်ကနေ လမ်းထိပ်က တိုက်ခံ အိမ်ကို ပြောင်းနေခဲ့ပြီလေ။

တီဗီနဲ့၊ ဆိုဖာနဲ့၊ ရေခဲသေတ္တာနဲ့။

မိုးဇော်တစ်ယောက် ကားပြန်မစီးသေးပေမယ့် ဟွန်ဒါတဘုတ်ဘုတ်နဲ့။ ဟင်းန်းဖုန်းတွေ ဘာတွေနဲ့။

ငွေ သိန်းရာဂဏန်းလောက် လက်ကိုင်ရှိနေတဲ့ အနေအထား။

ဂျင်လောကမှာ မိုးဇော်ဆိုရင် ဖျား။

အထူးသဖြင့် တနင်္လာနံဖြစ်တဲ့ ကြက်နဲ့ ငါးရှဥ့်ကို မိုးဇော် အောပြီဆိုရင် နောက်က လိုက်ထိုးကြတာနဲ့ ဒိုင်အပြုတ်။

ဒီလိုနဲ့ ဂျင်မင်းသားလေး မိုးဇော် မိုးဇော်လို့တောင် တိုင်းပြည်က

မျှော် အဲ အဲ ဂျင်လောကက ခေါ်ခဲ့ရတဲ့အဆင့်။

"ကေန္တ တော့ မိုးဇော်တို့မှာ တစ်ခုကောင်းတော့ ရှိနေပြီထင်ပ"

"ဘိုးတော်တွေ၊ မယ်တော်တွေ တွေ့ထားရင်လည်း တို့ အားကိုး ပါရစေကွာ"

"အဆောင်လေးဘာလေးရှိရင် ပြောစမ်းပါ၊ ဈေးမဆစ်ပါဘူး၊ ဘယ်နှစ်သိန်းပဲဖြစ်ဖြစ်"

ဝိုင်းကျပ်သမျှ မိုးဇော်ကတော့ ဖိုက်ဖိုက်ဖိုက်ခဲလျက်သား ပြုံးလို့ သာနေခဲ့မိရဲ့။

သူ့မှာ ရွှေဝါရှိနေတဲ့အကြောင်း ဘယ်သူ့ကိုမှ ဖွင့်မပြော။ ယောင်လို့မှမဟ။ ယုတ်စွအဆုံး လူသိကုန်မှာစိုးလို့ သူ့အိမ်ကို ဧည့်သည်တောင် ခေါ်မလာ။ ရွှေဝါဆိုတာ သူ့ရဲ့ အထူးထိပ်တန်း လျှို့ဝှက်ချက် မဟုတ်လား။

ဒါပေမဲ့

* * *

ဒါပေမဲ့ လူဆိုတာက ဖောက်ပြန်တတ်တဲ့ သတ္တဝါ။ ငွေဆို တာကတော့ လူကို ဖောက်ပြန်စေတဲ့ ကြားခံကြိယာတစ်မျိုး၊ မိုးဇော် ဆိုတဲ့ကောင်ရော ဘာသားနဲ့ထုထားတာမို့တုန်း။

'မွဲ'နေတုန်းက 'ကုပ်'နေပေမယ့် 'ထော'လာပြီဆိုတော့လည်း 'ထောင်' ချင်လာတာ သဘာဝ။



ဘဝင်က မိုးထက်မြင့်ပြီး ခြေထောက်နဲ့မြေကြီး လွတ်ချင်ချင်။

ဂျော်နီလမ်းလျှောက်တင်မက ဈေးကြီးလှပါတယ်ဆိုတဲ့ ဒင်ပဲလ်တို့၊ ရှိုင်ရယ်ဆလုတို့အထိ တက်ကိုင်လာတယ်။

ဘယ်ဟိုတယ်က ပိုကောင်းသလဲ၊ ဘယ်နိုက်ကလပ်မှာ ဘာရှိသလဲဆိုတာတွေသာ ဦးစားပေး စဉ်းစားလာမိပါရော။

အထူးသဖြင့် ငွေယားလေးတွေ လက်ကိုင်ရှိလာသူတို့ထုံးစံ မြှာပွေချင်လာတာပေါ့။ သူ့ဟွန်ဒါနောက်မှာ တစ်နေ့တစ်ယောက်ဆိုသလို ရောင်စုံမကလေးတွေ ပါလာတတ်ပါပြီ။

ဒီအထဲကမှ ချို(ခေါ်) အိဇာဆိုတဲ့ မိန်းမချောလေး။

မိုးဇော်အသည်းကို ကိုင်လှုပ်ရုံမက အရည်ပျော်အောင် ကြွေစေခဲ့တယ်ပေါ့။

ကြွေရအောင်လည်း တွေ့ဖူးသမျှထဲမှာ အလှဆုံး၊ အနွဲ့ဆုံး၊ အချစ်တတ်ဆုံး။

အသက်ကလည်း ၂၀ ဝန်းကျင်ရယ်။

ဖြူဝင်းတဲ့အသား၊ လှိုင်းတွန့်ကေသာ၊ ကော့ညွတ်မျက်တောင်၊ ညှန်းလဲ့မျက်ဝန်းပြာ၊ ပန်းပွင့်နှုတ်ခမ်း၊ ပါးချိုင့်ပြုံးလေးတစ်စုံ၊ ဆင်စွယ်ဝန်းပုကိုယ်လုံး၊ ကဲ ဘာတစ်ခုမှ ပစ်ရက်စရာမရှိ။

ဒီကြားထဲက ဂီတဆန်ဆန် အပြောစကားလေးတွေနဲ့ မာယာနှောင်ကြိုးလေးတွေ ပေါင်းလိုက်တော့ မိုးဇော်တစ်ယောက် ပင့်ကူအိမ်ထဲက ခြင်လေးတစ်ကောင်ဘဝ။ တစ်နည်း ရူးသွပ်မူးဝေနေရပါပြီ။

နှစ်ရက်လား တည်းခိုခန်းမှာ အတူနေလိုက်ရတဲ့နောက် အိဇာရဲ့ ခြေတော်ရင်း ဝပ်ဆင်းလျက်သား။ မှန်ပ မဖုရား ဖြစ်သွားရပါလေရော လား။

ဒီလိုနဲ့ မချိုအိဇာက အိမ်လိုက်လည်ချင်တယ်ဆိုတော့ နှစ်ခွန်း မပြောလိုက်ရ။ ဒါတင်ဘယ်ကပါ့မလဲ။ သူ ဂျင်မင်းသားအဖြစ် အောင်ပွဲခံအနိုင်ရတဲ့ အဆောင်လက်ဖွဲ့ကို ပြမယ်လို့တောင် ကတိ အဆစ်ပေးလို့ ဖိတ်ခေါ်ခဲ့မိတဲ့အဖြစ်။

ဟွန်ဒါလေးနှင့် မိုးဇော်ရဲ့အိမ်ကို သန်းခေါင်ယံအချိန်မှာ ရောက်သွားတော့ ညေ့ခန်းရဲ့ ခေတ်မီလှပတဲ့ အဆောင်အယောင်တွေက အိဇာကို ပီတိဖြစ်ပြီး ပျော်သွားစေတာတကယ်။

ဒါပေမဲ့ ဆိုဖာပေါ်ခွေနေရာက အိဇာကိုမြင်လိုက်တဲ့ ရွှေဝါကြီး ကတော့ ခွီးခနဲ မာန်ဖီပြီး ထလာပါရော။

ရွှေဝါကိုမြင်လိုက်တဲ့ အိဇာလည်း အလန့်တကြားနှင့် ထအော်မိ တဲ့အထိ။

"ကိုဇော် ကိုဇော် လုပ်ပါဦး၊ ကိုဇော့်ကြောင်က ကြောက်စရာ ကြီး၊ ချို့ကို ရန်မူမယ်ထင်တယ်"

"မဟုတ်ပါဘူး ချိုရယ်၊ ဗြုန်းခနဲ မျက်နှာစိမ်းနေလို့ သူလည်း လန့်သွားတာ ဖြစ်ပါလိမ့်မယ်"

"အို... ချိုကြောက်တယ်၊ ကိုဇော့်ကြောင်က မရိုးဘူး၊ မကောင်းဆိုးဝါးဆန်တဲ့ ကြောင်စုန်းကြီး၊ ချို ဒီမှာမနေရဲတော့ဘူး၊ ချိုပြန်မယ် ချို့ကို ပြန်ပို့"



"ဟာကွာ ချိုကလည်း ကိုဇော်တစ်ယောက်လုံး ရှိနေသားပဲဟာ၊ ဘာမှ ကြောက်စရာမရှိပါဘူး၊ ရွှေဝါကြီးကလည်း လိမ္မာပါတယ်ကွာ မိမိမိမိ"

မိုးဇော်တစ်ယောက် အိဇာနှင့် ရွှေဝါကြားမှာ ဗျာများသွားရပါ တော့တယ်။

အိဇာကတော့ သွေးပျက်ချောက်ချားနေလျက်က ငိုတောင်ငိုနေ ပါပြီ။

ရွှေဝါကြီးကလည်း ဒေါထနေသလို မျက်လုံးတွေ မီးဝင်းဝင်း တောက်လို့၊ သူတို့ကို ရူးရူးဝါးဝါး စားမတတ် ဝါးမတတ် ကြည့်နေ တာကိုး။

မိုးဇော် အိဇာကို ပခုံးနှစ်ဖက်ကိုင် ချော့မိတယ်ပေါ့။

"ချိုရယ် မငိုပါနဲ့ တိတ်ပါ၊ ချို ငိုတော့ ကိုဇော် ဘာလုပ်ရမှန်း မသိတော့ဘူး"

"ဘာလုပ်ရမှာလဲ ဒီကြောင်ကြီးရှိနေရင် ချို နေရဲမှာမဟုတ်ဘူး၊ သွား ကိုဇော့်ကြောင်ကြီးကို တစ်နေရာရာ သွားပစ်လိုက်၊ မပစ်ရင်တော့ ချို ပြန်မယ်"

အိဇာက ရုန်းထပြီး တံခါးဝကို တာစူလိုက်ပါတယ်။

မိုးဇော် မွန်ထူသွားရာက ဘာမှမစဉ်းစားနိုင်တော့ဘူး၊ ရုတ်တရက် ဆင်ခြင်ဉာဏ်လွတ်သွားသလို ဆိုဖာပေါ်က ကြောင်ကြီး ရွှေဝါနား ဖျတ်ခနဲ ကပ်သွားတော့တာပဲ။

ပြီးတော့ ကုပ်ကနေ မိမိရရ ဖမ်းကိုင်လိုက်ရာက–

"ကဲ... ချို ဘယ်မှမသွားနဲ့၊ ကိုပြန်လာတဲ့အထိစောင့်နေ၊ ခုချက်ချင်း ပြန်လာမယ်"

ကမန်းကတန်းမှာခဲ့ပြီး ဖွင့်ထားတဲ့ တံခါးက ပြေးထွက်ခဲ့တယ်။

ရွှေဝါကြီးဟာ လည်မျိုကို အပိုင်ဆုပ်ဖမ်းခံထားရာက မလှုပ်သာ မရုန်းသာ ငြိမ်လျက်သားလေး တွဲလောင်းပါလာပေမယ့် အသားတွေ ဆတ်ဆတ်တုန်လို့။

မိုးဇော် လူသူကင်းမဲ့နေတဲ့ သန်းခေါင်ယံလမ်းကို ကြောင်တန်း လန်းဆွဲပြီး တရကြမ်း တစ်ဟုန်ထိုး ဖြတ်ပြေးခဲ့တယ်။

သူပြေးတဲ့နေရာကို သူသိတယ်။

လမ်းထိပ်က တူးမြောင်းကြီးရှိရာကိုပေါ့။

ခဏအတွင်းပဲ သူ တူးမြောင်းတံတားပေါ် ရောက်သွားတယ်။

နောက် ဘာမပြောညာမပြော ကြောင်ကြီးရွှေဝါကို တူးမြောင်းထဲ ပစ်ထည့်လိုက်တော့တာပါပဲ။

*   *   *

လွန်ပြီးမှ မှားမှန်းသိကြစမြဲ။

နောင်တဆိုတာလည်း စောစောမလာတတ်ဘူးလေ။

အဲဒီညက အိစာနှင့် ပြန်တွေ့ရပေမယ့် မိုးဇော် မပျော်နိုင်တော့ပါ။



သူဟာ မပြစ်မှားသင့်သူအပေါ်မှာ မလုပ်သင့်တဲ့အလုပ် ကျူးလွန် မိပါရောလားဆိုတဲ့အသိနဲ့အတူ တန်ပြန်ဒဏ်ခံရတော့မှာ ကြောက်တဲ့စိတ်တွေ ဖိစီးနေခဲ့ရပြီး ရင်လေးနေရပါတော့တယ်။

"ဘယ်လိုဖြစ်သွားရတာလဲ ကိုဇော်၊ ထမင်းခုနစ်လ မစားရတဲ့ ရုပ်မျိုးနဲ့ ညှိုးကျသွားလိုက်တာ"

"ကို မှားသွားပြီ ချို၊ ရွှေဝါဟာ ကိုယ့်ကျေးဇူးရှင်၊ ကိုယ့်ရဲ့ အဆောင်၊ လာဘ်ကောင်ကွ၊ ကိုတော့ တစ်ခုခုဖြစ်တော့မယ်"

မိုးဇော် ရွှေဝါနဲ့စတွေ့ရပုံကအစ ကံထလာတဲ့အကြောင်းတွေ ပြောပြလိုက်တယ်။

"အဓိပ္ပာယ်မရှိတာတွေ ကိုဇော်ရယ်၊ ဒီလောက်လည်း အယူသီးပြီး အစွဲသန်မနေစမ်းပါနဲ့၊ ကြောင်ဟာကြောင်ပေါ့၊ အမှန်စင်စစ် ကိုဇော့် ကြောင်ဟာ လာဘ်ကောင်မဟုတ်ပါဘူး၊ မကောင်းဆိုးဝါး၊ သူမရှိတော့ ဘာဖြစ်ဦးမှာလဲ၊ ပိုတောင်ကောင်းဦးမယ်၊ မယုံရင် မနက်ဖြန်ည စမ်းကြည့်"

ကြည့်လိုက်သလေ။

နောက်တစ်နေ့ည ဟိုတယ်ကြီးတစ်ခုရဲ့ နာမည်ကျော်ဝိုင်းမှာ မိုးဇော် ရှုံးလိုက်တာမှ ဝက်ဝက်ကွဲ။

နောက်နေ့ နောက်နေ့တွေကျတော့ကော အခြေအနေက နာလန်မထူနိုင်။ ပိုတောင်ဆိုးသေး။ ရှုံးလေမဲလေ၊ မဲလေရှုံးလေ။

ဂျင်သမားဘဝက ဖဲသမားထက် ကြောက်စရာကောင်းပြီး အတက်အကျ မြန်သလားမမေးနဲ့။

တစ်ပတ်အတွင်း ညစဉ် သိန်းတွေဆယ်ဂဏန်းချီရှုံးတဲ့နောက် စာကျန်ဦးတော့မှာလဲ။ ဒီအတွင်းမှာ ဝိုင်းကို သက်ဆိုင်ရာက ဝင်ဖမ်းတာ အမိခံလိုက်ရသေး။ လူလွတ်ရုန်းခဲ့လို့ ကံကောင်း။

လက်စွပ်တွေ၊ နာရီတွေ၊ ဟွန်ဒါတွေ၊ တီဗွီတွေ ကုန်ပြီဆိုတော့လည်း အိဇာလည်း အနားမသီတော့။

မိုက်နောင်တကို ရင်မှာပိုက်ပြီး မှိုင်တွေချခဲ့ရသူကတော့ မိုးဇော်။

သူ ဘာဆက်လုပ်ရပါ့။

သူ့ကို ဘယ်သူလာကယ်ဦးမှာပါလိမ့်။

ရေထဲပစ်ချလိုက်ရုံနှင့် ရွှေဝါ သေချင်မှ သေဦးမယ်ဆိုတာပါပဲ။

ပြီးတော့ ကြောင်ဆိုတာ ကိုးဘဝရှိတယ် ဆိုသမှတ်လား။ ကြောင် ဆိုတာ အသက်ပြင်းတယ်၊ လျင်တယ်။ ဒီတော့ ရေကူးပြီး အသက်ရှင် လွတ်မြောက်နိုင်သေးတယ်လေ။

တစ်ည တူးမြောင်းစပ်ကို သူ ရောက်သွားတယ်။

ရွှေဝါကို တွေ့လိုတွေ့ငြား ရှာမိတာပါ။

ဒါပေမဲ့ တသွင်သွင်စီးနေတဲ့ မြောင်းရေတွေကလွဲလို့ ရွှေဝါကြီးရဲ့ အရိပ်အယောင် အစအနလေးတောင် မတွေ့။

သူစိတ်ဓာတ်ကျသွားပြီး အဲဒီညက ဖျားတောင်ဖျားရဲ့။

ပြီးတော့ အိပ်မက်ဆိုးတွေ အဆက်မပြတ် ညတိုင်းမက်တာပဲ။ မက်လိုက်တိုင်း ကိုကျောက်ခဲ မျက်နှာနှင့် ကြောင်ကြီးရွှေဝါက ပြုံး



ဖြီးဖြီး သွားအဖြဲသား။ စင်စစ်တော့ တခွီးခွီးအသံကြီးနှင့် မာန်ဖီနေတဲ့ အပြုံး။

သူ့အိပ်မက်က လန့်နိုးတော့ မီးညောင်မီးညောင်ဆိုတဲ့ အသံတွေ ကြားလိုက်ရသလိုလို။

“ရွှေဝါကြီးရယ် ငါ့ကို ခွင့်လွှတ်ပါကွာ၊ ငါ တောင်းပန်ပါတယ်”

သူ့ တောင်းပန်မှုကို ရွှေဝါကြီး နားလည်လိမ့်မယ်အထင်၊ ခွင့်လွှတ်လိမ့်မယ် မျှော်လင့်ချက်ဖြင့် ဝိုင်းတွေထဲ ဝင်မိပြန်ရော။

ဒါပေမဲ့ အစလောက်သာနိုင်ပြီး အဆုံးကျတော့ ရှုံးနေကျ ရှုံးရတာပါပဲ။

* * *

မိုးဇော် လမ်းဘေးပြန်ရောက်ရသလို လူလည်း ပိန်ချုံးဗုန်းဗုန်း ကျခဲ့ရပါပြီ။

စိတ်ဓာတ်တွေကကျ၊ အိပ်ရေးတွေကပျက်၊ ကျန်းမာရေး ထိခိုက်ခဲ့ရတာပဲ ဆိုပါတော့။

ဒီလိုနဲ့ တစ်ည ထူးထူးဆန်းဆန်း စဖြစ်လာပုံက အိမ်အပြန်လမ်း ပန်းခြံတစ်ခုကိုဖြတ်ရင်းက ကြောင်သံကြားလိုက်ရခြင်း။

ဟာ ရွှေဝါမှ ရွှေဝါအစစ်၊ သူက သွေးရူးသွေးတန်းနဲ့ လိုက်ရှာရင်း နောက်ဆုံး မြက်ခင်းတွေကြား လေးဖက်တွားပြီး ချုံတိုးနေတဲ့အဖြစ်။

ဒီထက်ဆိုးတာက သူ့ပါးစပ်က ကြောင်ခေါ်သံပေးရင်းက ကြောင်တစ်ကောင်လို အော်နေမိခြင်း။

မီးညှောင်... မီးညှောင်။

သတိရလိုက်ရာမှ သူ ကုန်းရုန်းထမိတယ်လေ။ ဒါပေမဲ့ မြက်ခင်းတွေက ဆွဲထားသလို ဖြုန်းခနဲထလို့မရဘဲ လေးဖက်ပြေးနေမိလျက်သား။

နောက်ဆုံးကျမှ အရှိန်ရပြီး မတ်တတ်ထနိုင်သလို အိမ်အရောက် မနားတမ်း ပြန်ပြေးခဲ့မိတာ ဆိုပါတော့။

အိမ်ရောက်တော့ အမောဆို့ပြီး အိပ်ရာပေါ် တုံးခနဲ လဲကျသွားရတာကလား။

နောက်တစ်နေ့ ညမိုးချုပ်တဲ့အထိ အိပ်ရာထဲ ခွေနေမိတဲ့ မိုးဖော်။

တစ်ကိုယ်လုံး ပူချစ်ပြီး ခြေတွေလက်တွေ ယားနေမိရဲ့။

ရေချိုးဖို့လည်း သတိမရ။

အိပ်ရာကထပြီး မှန်ရှေ့သွားရပ်ကြည့်မိတဲ့အခါ ဘုရားဘုရား သူ့ မျက်နှာက အသားဝါစွဲနေသလို ဝါထိန်နေပါပေါ့လား။

လက်ချောင်းကြည့်လိုက်တော့လည်း ဟာ ပကတိ သူ့လက်သည်းတွေ တိုဝင်နေပြီး ကြောင်လက်သည်းတွေလို ချွန်ချွန်ကောက်ကောက် လက်သည်းတွေ ထွက်နေသလို။

ငါ မျက်စိများမှားရှောသလား။ အိပ်မက်မက်နေတာလား။ မှန်ကို စမ်းကြည့်ရင်းက သတိလစ်သလို ဖြစ်သွားပြီး မှန်ပြင်ကို



လက်နှစ်ဖက်နဲ့ အားရပါးရ ကုပ်ခြစ်မိနေပါရော။

နောက် အဝတ်အစားလဲမယ်ဆိုပြီး ဗီရိုကိုဖွင့်လိုက်မိရာက စိတ်ဖောက်သွားသလို ဗီရိုထဲက အဝတ်အစားတွေကို လက်နဲ့ယက်ထုတ်မိခဲ့ပါပေါ့။ မဖြစ်သေးပါဘူး။ ငါတော့ အဖျားကြီးတာနဲ့ ငန်းဖမ်းနေပြီ ထင်ပါရဲ့။

ထမင်းစားခန်းထဲ ဝင်ပြေးတယ်၊ ကြောင်အိမ်ပေါ်က လက်ကျန် ဘရန်ဒီပုလင်းလေးကို လှမ်းယူလိုက်တယ်။

ကတုန်ကယင်နဲ့မို့ ပုလင်းက လွတ်ကျသွားတယ်။ ကြမ်းခင်းပေါ်ကျလို့ ကွဲတော့မကွဲဘူး။

သူ ကုန်းကောက်ရင်းက ကြောင်တစ်ကောင်လို ရှေ့လက်နှစ်ဖက် ယက်ကစားနေတာ ပြန်သိလိုက်ရပြန်တယ်။ သူ အရက်ပုလင်းကို ဖွင့်ပြီး အငမ်းမရ မော့သောက်လိုက်တယ်။

အပူပေါ် အပူဆင့်လိုက်လို့လားမသိဘူး။ ရင်ထဲက အဖျားဒဏ် သက်သာသွားတယ်။ ဒါပေမဲ့ ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ မောနေဆဲ။

ဖျတ်ခနဲ မီးပြတ်သွားတယ်။

သူ ကြောက်သွားတယ်။ ဘာလုပ်ရမှန်း မသိဘူး။

တစ်ခုဆန်းတာက မှောင်ကြီးမည်းကြီးထဲမှာ မြင်ကွင်းကို အရှင်းသား အထင်းသား မြင်နေရတာပဲ။

အမှောင်ကို အခွင့်ကောင်းယူပြီး ကြွက်တစ်ကောင်က ကြောင်အိမ် ပေါ်က စားပွဲပေါ် ခုန်ကူးလိုက်တာ တန်းမြင်လိုက်တယ်။

ဘာ ဘယ်လိုဖြစ်သွားတယ်မသိဘူး။

သူ လှုစိတ်ပြန်ပေါက်လာတယ်ဆိုရမှာပဲ။ မတ်တတ်ထပြီး ညှော်ခန်းဘက်ကို ဒယီးဒယိုင်နဲ့ လျှောက်လာမိတယ်။

ဆိုဖာပေါ် ကိုယ်ပစ်လက်ပစ် ပစ်ထိုင်ပြီး အမောဖြေနေလိုက်မိတယ်။

ငါ ဘာတွေဖြစ်နေတာလဲ။ ကယောင်ကတမ်းတွေနဲ့ ရူးများရူးသွားပလား။

တွေးရင်းက သူ့လက်တွေကို အမှတ်တမဲ့ ကြည့်လိုက်တဲ့အခါမှာတော့–

"အမလေး... " ထအော်မိမတတ်။

သူ့လက်ခုံတွေပေါ်မှာ အဝါရောင် အမွေးနုနုလေးတွေ ပေါက်နေပါကလား။

ဒါတင်မက သူ့မှာရှိတဲ့ ပကတိ လက်သည်းတွေပျောက်ပြီး ကြောင်လက်သည်းတွေဖြစ်နေတာ အသေအချာ တွေ့လိုက်ရပါတော့တယ်။

သို့ပေမဲ့ စိတ်ထင်တာလား၊ တကယ်လား၊ သူ ဝေခွဲမရ။ အတိအကျ မဆုံးဖြတ်နိုင်။

ဒီအခိုက်မှာပဲ သူ့နားထဲသို့ ဟိုအဝေးကြီးဆီက ကြောင်အော်သံ တိုးဝင်လာသယောင်ယောင်။

"မီးညှောင်... မီးညှောင်"

"ရွှေဝါ ငါ့အဖြစ်ဆိုးကို ရွှေဝါကြီးမှပဲ ကယ်နိုင်တော့မှာပဲ"



ဒီအသိနဲ့ မိုးဇော် အိမ်ပြင်ကို ဒရောသောပါး ပြေးထွက်လာမိတယ်။

လူသူကင်းမဲ့နေတဲ့ လမ်းပေါ်မှာ သူတစ်ယောက်တည်း အိပ်မက်ယောင်ပြီး ထလျှောက်နေတဲ့လူလို သုတ်ခြေတင်နေခဲ့တာပါ။

ဒီနောက်တော့ တူးမြောင်းစပ်ကို ရောက်ခဲ့ရပါပြီ။

သူရောက်ချိန်မှာ ဘာအသံမှ မကြားတော့ပါဘူး။

တူးမြောင်းထဲက ရေတွေကလည်း ပကတိ ငြိမ်သက်နေလေရဲ့။

သူ ငြိမ်သက်နေတဲ့ ရေပြင်ကို လှမ်းကြည့်လိုက်တယ်။ ဘာမှ မမြင်ရဘူး။

ဒါပေမဲ့ ရွှေဝါကြီး ဒီနေရာမှာ ရှိနေမယ်လို့ သူ အတပ်သိနေသလိုပဲ။

မဖြစ်ဘူး။ ရွှေဝါကြီးကို ကိုယ်တိုင်တွေ့ပြီး တောင်းပန်မှ ငါ ဒီငရဲဝဋ်ကြွေးက လွတ်တော့မှာပဲ။

မိုးဇော် ရေညှိတွေတက်နေတဲ့ တူးမြောင်းနံရံကို တုန်တုန်ချည့် ချည့်နဲ့ ကုပ်ကပ်တွယ်ဆင်းခဲ့ရာက ရေထဲရောက်သွားတယ်။

ပြီးတော့ ရေလယ်ကို တိုးဝင်သွားတယ်။

တူးမြောင်းတစ်လျှောက် ဒူးဆစ်လောက်နက်တဲ့ ရေထဲမှာ ကြောင်ကြီးရွှေဝါကို လိုက်ရှာနေမိတယ်။ ပါးစပ်ကလည်း–

"ရွှေဝါ၊ ရွှေဝါရေ... မီမီ... မီမီ"လို့ ခေါ်ရင်းနဲ့–

"ဟောဟိုမှာ ရွှေဝါတွေ့ပြီ"

သူ့ရှေ့ တစ်ကိုက်လောက်အကွာမှာ ကြောင်ဝါကြီးကို သူ

လှမ်းမြင်လိုက်ပါတယ်။

ဒါပေမဲ့ သူ့လက်နှစ်ဖက်က သူ့ကိုယ်သူသာ ပိုက်လျက်သား မိလိုက်ရပါတယ်။

ဒီနောက်တော့ ရောမ ကြောင်ကြီးရွှေဝါဟာ ငြိမ်သက်နေတဲ့ မှန်ရေပြင်ထဲက ခွီးဆို ဘွားခနဲ ဖောက်ထွက်လာရာက မိုးဇော်ကို ရှေ့လက်နှစ်ဖက်နဲ့ ဖမ်းခုပ်၊ ဆွဲညှပ်ပြီး ရေထဲဆွဲနှစ်လိုက်ပါရောလား။

"အား . . . "

"မီးညောင် . . . "

**သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊**

**အတွဲ ၁၊ အမှတ် ၈၊ မတ်လ ၂၀၀၄**

❒

# ဘီလူးငတေ တစ္ဆေအခြောက်ခံရခြင်း

မုန်တိုင်းထဲမှာ လောင်မီးကျနေခြင်းပါတကား။

ပိုးသားယမင်းရုပ်လေးကို ဘီလူးအရူးကြီးက အရှင်လတ်လတ် ဝါးစားနေပါပြီ။

ကြောက်လန့်ချောက်ချား အားငယ်မှုများဖြင့် ယမင်းရုပ်လေးက ရုန်းကန်အော်ဟစ် ငိုယိုတောင်းပန်နေသည့်ကြားမှ ဘီလူးကြီး၏ အကျည်းတန်ရက်စက်မှုအောက်ဝယ် အလှအပဟူသမျှ တစ်စစီ ကြေမွပျက်စီးကုန်ရသည်။

နုနယ်မှုများကို ကြမ်းကြုတ်မှုက အနိုင်ယူလိုက်သည်။

ရှိုက်သံသဲ့သဲ့လေးအား မာန်ဖီသံကြီးများ ဖုံးလွှမ်းသွားသည်။

အဖြူရောင် နံနက်ခင်းသည် မြင်ရက်စရာမရှိအောင် မည်းညစ်သွားသည်။ သည့်နောက်တော့

**အနီရောင် . . .**

**သွေးတွေ။**

* * *

ဇရစ်ချောင်းရွာကြီးနှင့် ဝါးလည်ရွာလေးမှာ ကွင်းကြီးတစ်ကွင်း ခြားနေသည်။ နှစ်မိုင် သုံးမိုင်လောက်ဝေးသည်။

ဝါးလည်ရွာမှ နန်းရွှေမှုံသည် ဖရစ်ချောင်းရွာသို့ နံနက်တိုင်း နွားနို့ပို့သွားလေ့ရှိ၏။

ခါတိုင်းဆိုလျှင်... နေထွက်ချိန်မှ သွားပါက ဆွမ်းခံချိန်လောက် ပြန်ရောက်သည်။

သည်နေ့တော့ မွန်းကည့်အထိ အိမ်ပြန်မလာသေး။ အမေဖြစ်သူ ဒေါ်စောအုံမှာ တမျှော်မျှော်နှင့်။

သည်ကောင်မလေး ဘယ်အိမ်များဝင်စကားတွေ ဖောင်နေပါလိမ့်။

ပထမတော့ ခပ်ပေါ့ပေါ့ပင်။ ရွာထဲမှာ နန်းရွှေမှုံ သွားတတ် လာတတ်သော အိမ်တွေကို လိုက်မေးကြည့်သည်။

ရှိသမျှအိမ်တွေ ကုန်သွားသည်။

"ရွှေမှုံ မလာပါလား အဒေါ်ရဲ့"

"မနက်ကတော့ နို့ပုံးရွက်သွားတာ တွေ့တာပဲ"

အဖြေတွေက အားမရှိစရာ၊ ဒေါ်စောအုံအတွက် စိုးရိမ်စရာများ ကြီးမားလာစေသည်။

ရွာတောင်ဖျားက ညီအစ်မနှစ်ဝမ်းကွဲတော်သော မအေးစိန်တို့ အိမ်ရောက်တော့လည်း...

"အစ်မသမီး မိုးလင်းစက အိမ်ဝင်လာပြီး ကောက်ညှင်းပေါင်း တောင် ဝင်စားသွားသေးတယ်၊ ကိုချစ်ထူးကတောင် ငါ့ကူပို့ပေးရ



မလား မေးလိုက်သေးတယ်"

"အေးလေ... ငါကလည်း အပျိုအရွယ်လေး စိတ်မချလို့ပါ၊ အရင်တုန်းက ပြန်လာပြီဆိုလည်း တို့အိမ်ဝင်လာတာ၊ သူ့တူတွေ တူမတွေအတွက် သရေစာတွေ ဝင်ကျွေးနေကျ၊ ကနေ့မှ ထူးထူးဆန်း ဆန်းဟာ..."

သည်လိုနှင့် ဒေါ်စောအုံ ဇရစ်ချောင်းသို့ နေပူကျဲတောက်ကြီး ထဲ ပုဆိုးစုတ်လေး ခေါင်းမြီးခြုံလျက် ဖတ်သီဖတ်သီ ပြေးခဲ့မိပြန် သည်။ နို့ဆီချက်သော ကြာလှတို့ မိသားစုနှင့်တွေ့သည်။

"ကောင်မလေး ၇ နာရီလောက်က ရောက်လာသားပဲ၊ မကြာပါဘူး၊ နို့ဖိုးရှင်းပြီး ပြန်ထွက်သွားပါသကော..."

"ဈေးသွားမယ်လို့တော့ ပြောသွားတာပဲ အရီးရဲ့"

ဈေးထဲသွားစုံစမ်းပြန်တော့ ရွှေမှုံ တိုလီမိုလီလေးတွေ ဝင်ဝယ် ပြီး ရွာပြန်သွားကြောင်းသာ သတင်းရသည်။

ခက်ပြီ။ ရွာလည်း ပြန်မရောက်၊ ရွှေမှုံတစ်ယောက် ဘယ်များ ပျောက်သွားလေသနည်း။ လင်နောက်များ လိုက်ပြေးပြီလား။

မုဆိုးမ ဒေါ်စောအုံ ငယ်ထိပ်မြွေပေါက် ခေါင်းမီးတောက်ခဲ့ ရပါပြီ။

* * *

လပြည့်မောင်နှင့် အောင်ပါစေ။

ဇရစ်ချောင်းရွာ၏ ဂုဏ်ထူးဆောင် မျောက်ညီနောင်။

လေးငါးခြောက်တန်း အရွယ်တွေ ရောက်နေပေမယ့် ကကြီး ပုတ်လောက်ရေးပြ သူတို့မသိ။

သူတို့သိသည်က နွားကျောင်းမည်။ ငါးမျှားမည်။ ငှက်ပစ်မည်။ ဗျိုင်းထောင်မည်။ လိုအပ်လာလျှင် ကလေးချင်း လေးခွစစ်ခင်းမည်။

ယခုလည်း လောက်စာအပြည့် ခွကိုယ်စီနှင့် ကွင်းထဲရောက် ခဲ့ကြရာမှ…

"လာကွာ အောင်ပါစေ… ချောင်းကမ်းနားသွားပြီး ဖွတ်ဥနှိုက် ကြရအောင်"

"အေးကွ… ဒီနေ့ ငှက်ပစ်ရတာ မစွံဘူး"

လပြည့်မောင်ကလည်း နှစ်ခါမခေါ်ရ။

ရွာနှစ်ရွာကြား ကွင်းကြီးထဲမှ ချောင်းစပ်သို့ရောက်အောင် သပေါ့တောကို ဖြတ်ခဲ့ကြရသည်။

"ဟ… ဒီမှာ သွေးကွက်ကြီးကွ လပြည့်မောင်ရ"

"ကေန္တ တော့ ဟိုဖက်ရွာက ဦးညိုစိမ့်တို့လူစု နွားလာဖျက်ကြ ပြီနဲ့တူတယ်"

"ဒီမှာလည်း စွတ်ကြောင်းကြီးထင်းလို့ ဘာကောင်များဖုံးထား တယ် မသိဘူး"

"အေးကွ… သပေါ့ရိုးခြောက်တွေနဲ့ ဖုံးထားတာ ဘာပါ လိမ့်"

"ဟာ… အမလေးဗျ"



"ဟင်… ဝါးလည်ရွာက နို့ပို့တဲ့အစ်မ၊ ကိုယ်တုံးလုံးကျွတ်ကြီး နဲ့ပါလား"

ချာတိတ်နှစ်ကောင် သပေါ့တောထဲမှ အော်ပြေးခဲ့ကြပါတော့ သည်။

*　　*　　*

နန်းရွှေမှုံ ဆယ်နှစ်သမီးလောက်က သူ့အဖေ စောအယ်ထူး ပိုးထိ၍ သေခဲ့သည်။

ယခု နန်းရွှေမှုံ ၁၈ နှစ်ရှိခဲ့ပြီ။

ဒေါ်စောအုံ တစ်ဦးတည်းသော သမီးလေးကို ဂရုတစိုက်ပြုစု စောင့်ရှောက်ခဲ့သည်။

ဒေါ်တပ်ခေါ်ရသည့်တိုင် စောအုံက အသက် ၄၀ မျှနှင့် အရွယ်တင်၏။ သူ့ကို စကားစလာကြသူတွေ ဝိုင်းနေသည့်တိုင်အောင် သမီးလေးမျက်နှာကိုထောက်၍ ငြင်းပယ်ခဲ့သည်။

မုဆိုးမ သားသမိနှစ်ယောက်သား ဘဝကို ရုန်းကန်ခဲ့ကြ သည်။

နန်းရွှေမှုံကလည်း လိမ္မာသည်။ အိမ်မှာ လိုလေသေးမရှိ မျက်နှာလွှဲရသည်။

ပြီးတော့… လိမ္မာသလောက် လှသည်။ လုံးကြီးပေါက်လှ ဖြူဖြူဖွေးဖွေး။

ဖော်ရွေသဘောကောင်းသဖြင့်လည်း တစ်ရွာလုံးက အရေးပေးကြ၊ ချစ်ကြသည်။

နန်းရွှေမှုံကလည်း အမေ့တစ်မျက်နှာသာ တစ်ကမ္ဘာထင်၍ ဝိုင်းဝိုင်းလည် ဆွတ်ချူဖို့ကြံသော အစ်ကိုကာလသားများကို ကန်တော့ဆွမ်းလောင်းခဲ့သည်။

သားအမိနှစ်ယောက်၏ အပြန်အလှန် မေတ္တာ သည်လိုကြီးမားခဲ့သည်။

ခုတော့...

"အဖြစ်ဆိုးရလေခြင်း ရွှေမှုံရယ်... အမေ မကြည့်ရက်တော့ပါလားကွယ်၊ အမေ သေမှ လင်ယူမယ်ဆို အမေ့ကို ကျေးဇူးဆပ်မယ်ဆိုတဲ့ သမီးလေးရယ်... ဘယ်လို လူဆိုးတွေကများ သမီးလေးကို ယုတ်ယုတ်မာမာ သတ်ပစ်လိုက်ပါလိမ့်၊ ဟင်... အမေ့ကို ပြောသွားပါဦးကွယ်၊ အမေတစ်ယောက်တည်း နေခဲ့ရတော့မှာလား... အမေ့ကို ခွဲသွားပြီလား သမီးရဲ့"

နန်းရွှေမှုံ၏အလောင်းကို သပေါ့တောထဲမှ တွေ့ပြီးနောက် ဒေါ်စောအုံခမျာ ပဋာစာရီလူး အရူးမီးဝိုင်း

သနားစဖွယ် မျက်ရည်ပင်လယ်ဝေခဲ့ရရှာပါပြီ။

"အစ်မရယ်... သူ့ကိုယ်က ကံဆိုးလို့ဖြစ်ရတာ စိတ်ဖြေမှပေါ့"

"မဖြေနိုင်ဘူး အေးစိန်... ငါ့မှာ အားကိုးစရာ ဒီသမီးလေးတစ်ယောက်တည်းရှိတာ၊ ခုသမီးလေး မရှိတော့ဘူး၊ ငါလည်းမနေဘူး၊



သေမယ်... အခုသေမယ်၊ ချောင်းထဲသွားခုန်ချမယ်... လူယုတ်မာတွေရဲ့ ငါ့ကို သတ်သွားပါတော့လားဟဲ့"

ဘေးက ရွာသူရွာသားတွေမှာ ဒေါ်စောအုံကို မနည်းကြီး ဝိုင်းဆွဲထားကြရသည်။

ခုန်ရင်း ပေါက်ရင်း လူးလိမ့်ငိုရင်းကြားက ဒေါ်စောအုံတက်သွားသေးသည်။

ထိုအတွင်းမှာပင်...

"ရဲတွေ လာပြီဟေ့၊ ဘေးဖယ်ကြ... ဘေးဖယ်ကြ"

မြို့ကို အကြောင်းကြားရာမှ သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ ရောက်လာကြပြီး အသေးစိတ် စစ်ဆေးကြသည်။

ရင်ညွန့်နှင့် ဝမ်းပျဉ်း၌ ဓားဒဏ်ရာတွေ တွေ့သည်။

အဓမ္မကျင့်ထားသည့် လက္ခဏာတွေလည်းရှိသည်။

ထောင့်တစ်နေရာတွင် မြေမြှုပ်ထားသော အဝတ်အစားများ တွေ့ရသည်။

ရှန်းရင်းဆန်ခတ်ဖြစ်ထားရာမှ တရွတ်တိုက်ဆွဲထားသော စွတ်ကြောင်းကြီးကလည်း ထင်းလို့။

ဒါကလွဲ၍ ကျူးလွန်သူ၏ ခြေရာလက်ရာမပေါ်။ သဲလွန်စဘာမှရှာမရ။

နောက်ဆုံး... ကျေးရွာကောင်စီလူကြီးများနှင့် ဒေါ်စောအုံ၏ မတ်ဖြစ်သူ ကိုချစ်ထူးတို့ ဦးဆောင်ပြီး အလောင်းကို ဆေးရုံပို့ဖို့ ပြင်ဆင်ခဲ့ကြသည်။

ပွဲထောင်တစ်စီးဖြင့် ရေလမ်းမှ ဆေးရုံပို့လိုက်သည်။ နေ၀င်ရီတရော ဖြစ်သွားပါပြီ။

ဒါပေမဲ့ နှစ်ရွာလုံးမှာတော့ အုန်းအုန်းကျွက်ကျွက်။ မိုးချုပ်လို့ အိပ်ချိန်တိုင်အောင် သည်ဖြစ်ရပ်ကို ပြောလို့မဆုံး။

အထူးသဖြင့် အကြင်နာမဲ့ လုပ်ရက်သူ လူ့ဘီလူးတစ်တွေကို အပြစ်တင်ရှုတ်ချရင်း ထင်ကြေးအမျိုးမျိုး ပေးနေမိကြသည်။

"ဘယ်သူ့လက်ချက်များပါလိမ့်နော်"

"ကျုပ်တော့ မဟုတ်မှလွဲရော ရွာထဲက ညိုစိမ့်ကို သိပ်မသင်္ကာဘူး"

"ဘာကြောင့်လဲ"

"အို... ဒီကောင်က ရွှေမှုံကို တစ်ဖက်သတ် လိုက်ကြိုက်နေတာ၊ တစ်ခါက လက်ဆွဲလို့ ရွှေမှုံနဲ့ အကြီးအကျယ် ရန်ဖြစ်ခဲ့သေးတယ်မဟုတ်လား"

"ဒါပေမဲ့ ဒီရက်ထဲ ညိုစိမ့်မှမရှိဘဲ မြို့သွားနေတာ"

"ဘယ်ပြောနိုင်ပါ့မလဲ၊ အလစ်ပြန်လာကြံတော့ကော သိနိုင်တာမှတ်လို့"

တချို့ကလည်း...

"ဇရစ်ချောင်းက ကုန်စုံဆိုင်ရှင်သား 'လူချော'နဲ့လည်း ဒီကောင်မလေး ဘာလိုလိုကြားတယ်"

"ဒါဖြင့် လူချောက လက်ထပ်ဖို့ခေါ်တာ ငြင်းလို့များ ကြံလိုက်သလား မဆိုနိုင်ဘူး"



"အို... သမီးရည်းစားဖြစ်မှတော့ ဒီလောက်ရက်စက်မှာ မဟုတ်ပါဘူးလေ"

"လူဆိုတာ ဘယ်ပြောနိုင်ပါ့မလဲ"

တချို့ကတော့...

"တို့ရွာသားတွေ မဟုတ်ဘဲ ကြားလူဝင်သွားတာလည်း ဖြစ်နိုင်တယ်၊ ချောင်းရိုးတစ်လျှောက်က လူဆိုးသူဆိုးတွေ ပေါမှပေါနဲ့"

**"လူဆိုးဆိုတာက ညဖက်ကျမှ သောင်းကျန်းတာပါဟယ်၊** ခုဟာက မိုးထိန်ထိန်လင်းနေပြီ၊ နောက်ပြီး ကွင်းထဲက သပေါ့**တော** ဘက်ရောက်သွားတာပဲကြည့်၊ မျက်နှာစိမ်းမဟုတ်ဘူး **ခတ်သိ"**

"အေး... ဒါလည်း စဉ်းစားစရာပဲ"

"စဉ်းစားစရာဆိုရင် တစ်ခုရှိသေးတယ်"

"ဆိုပါဦး"

**"ဟိုသင်းများ ဖြစ်နေမလားလို့ပါ၊ သူက အရင်တစ်ခါတုန်းက** လည်း ဇရှိတယ် မဟုတ်လား"

"အမလေးလေး... ကြားသွားလို့ မိုးမီးလောင်ကုန်ပါ့မယ်"

"ဘာပဲဖြစ်ဖြစ် တရားကို နတ်စောင့်ပါတယ်တော်၊ ရဲတွေကလည်း အပူတပြင်း လိုက်စုံစမ်းနေတာ၊ ရှင့်လူ ပြေးမလွတ်ပါဘူး"

"အေးလေ... စောင့်ကြည့်ရသေးတာပေါ့"

* * *

ထင်သည့်အတိုင်း ရဲဘက်က အပူတပြင်း တစ်အိမ်တက်ဆင်း ဆိုရမလောက် သတင်းထောက်လှမ်းသည်။

လူချောနှင့် ညိုစိမ့်အပါအဝင် သံသယစက်ကွင်း ငြိသူများကို ရဲစခန်းသို့ ခေါ်ယူစစ်ဆေးသည်။

သူတို့ဆင်ခြေနှင့် သူတို့တော့ ဟုတ်နေကြသည်။ ဒါပေမဲ့ ရဲက ပြန်မလွှတ်ဘဲ ခေါ်ထိန်းထားသည်။ ဤသည်ပင် ရဲပရိယာယ်တစ်ကွက် ဖြစ်နိုင်သည်။

သည်လိုနှင့် သုံးရက်မြောက်နေ့။

နန်းရွှေမှုံ အသုဘချခဲ့ပါပြီ။

ရွာလုံးကျွတ် မြို့ဆေးရုံသို့ သွားပို့ကြသည်။ ပြန်လာသည့် အချိန်မှာတော့ ဒေါ်စောအုံ၏အိမ်မှာ ညှော်ပရိသတ်တွေ လူစုမကွဲနိုင်သေး။

ဒေါ်စောအုံကို အားပေး၊ ချော့မော့၊ ပြုစုရင်း အတွေ့အကြုံကို စားမြုံ့ပြန်နေခဲ့ကြသည်။

သည်ကြားထဲ မထင်မှတ်သူတစ်ယောက်က ကောက်ကာငင်ကာ ရောဂါဖောက်တော့သည်။

ဝါးခနဲ ထငိုရင်းမှ ရှိုက်ကြီးတငင် ငိုကြီးချက်မဖြင့် ဒေါ်စောအုံကို လှမ်းခေါ်ခြင်းမှ အစပျိုးသည်။

"အမေ... ဟီး... ဟီး ဟီး၊ အမေရဲ့... သမီး ရွှေမှုံလေ၊ အမေ့ကို သတိရလွန်းလို့ လိုက်လာတာပါ အမေရဲ့"

"ဟောတော့ အေးစိန် ဘယ်လိုဖြစ်သွားပါလိမ့်"



"ဒါ... ရွှေမှုံအသံမှ ရွှေမှုံအသံပဲ"

"သမီးရွှေမှုံ... အမလေး သမီးရဲ့... သမီးရယ် အမေ့ရင်ကွဲရတော့မယ် သမီးရဲ့... သမီး ဘယ်လိုဖြစ်တာလဲဟင်၊ သမီးကို ဘယ်သူသတ်တာလဲ၊ အမေ့ကို ပြောစမ်းပါဦး သမီးရယ်"

"အဲဒါပြောချင်လို့ သမီးလာတာပေါ့ အမေရယ်... သမီးလေ နို့ပို့ပြီး ဇရစ်ချောင်းက အပြန်လမ်းမှာ လူယုတ်မာကြီးက လာစောင့်နေတာပဲ၊ ပြီးတော့ သူ့ဖွတ်ကြီးတစ်ကောင်မိထားတာ လိုက်ကြည့်လို့ ချော့ခေါ်တာနဲ့ သပေါ့တောထဲ လိုက်ခဲ့မိတယ်... အဲဒီတင် သူ သမီးကို... အတင်းလုံးပြီး"

အသံက တိမ်ဝင်သွားသည်။

ချုံးပွဲချငိုသည်။

"အဲဒီနောက်... သမီးကို မသတ်ဖို့ ရှိခိုးပြီး တောင်းပန်ပါတယ်၊ သမီး ပြန်မဖော်ပါဘူးလို့ ပြောတဲ့ကြားက သတ်ပစ်ခဲ့တာပါ"

"အေးလေ အဲဒါ ဘယ်သူလဲ ပြောလေ သမီး"

"သမီးကြောက်တယ်၊ မပြောရဲဘူး၊ အဲဒီလူ ဒီအိမ်မှာ အခုရှိနေတယ်"

"အိုကွယ်... ဘယ်သူပဲဖြစ်ဖြစ် ပြောစမ်းပါ ရွှေမှုံရဲ့၊ အဘတို့ရှိနေသားပဲ၊ အမှန်တရားအတိုင်း ဖြစ်ရမှာပေါ့"

"တခြား... တခြားလူမဟုတ်ဘူး၊ အဲဒီလူဟာ ဦးလေးချစ်ထူးပဲ"

"ဟေ…"

"ဟာ…"

"ဟုတ်တယ်၊ သမီးကို မတရားသတ်တာ ဦးလေးချစ်ထူး၊ ဦးလေးချစ်ထူး… ဟိုမှာ သူ… သူလာနေပြီ၊ သမီးကို သတ်လိမ့်မယ်၊ ကယ်ကြပါ… ကယ်ပါဦး အမေရဲ့"

လက်ညှိုးတငေါက်ငေါက်ဖြင့် အော်ရင်းဟစ်ရင်းက မအေးစိန်မေ့မြောသွားသည်။

သူ့မိန်းမကိုမှ ရွှေမှုံက ဝင်ပူးပြီး စွပ်စွဲလိုက်တာဆိုတော့လည်း ချစ်ထူး ပါးစပ်အဟောင်းသား… အံ့အားသင့်လို့။

မျက်လုံးတွေကလည်း မယုံနိုင်သလို ပြူးကျယ်လျက်။ ယုံရခက်ခက်၊ မျက်စိမျက်နှာပျက်နှင့် ဆင်းထွက်သွားဖို့ ကြိုးစားသည်။

လူပရိသတ်အားလုံး၏ အကြည့်ဒဏ်ကို သူ မခံနိုင်တော့သလို ရှောင်ပြေးရန် ကြံခဲ့ခြင်းဆိုလည်း မမှား။

"ခုမှတော့ ပြေးမနေပါနဲ့တော့ ကိုချစ်ထူးရယ်"

အသံက မျက်နှာစိမ်းတစ်ယောက်၏အသံ။

ချစ်ထူး လှည့်ကြည့်သည်။

"ကျုပ်မဟုတ်ဘူး၊… ကျုပ် မသတ်ဘူး၊ ဒီကောင်မ သွေးရူးသွေးတန်းနဲ့ မဟုတ်တမ်းတရမ်း ပြောသွားတာ"

"ကဲပါလေ၊ အဲဒါနောက်တော့မှ ရှင်းတာပေါ့၊ ခင်ဗျားရဲ့နောက်ကြောင်းခြေရာနဲ့ အခုဖြစ်ရပ်ကို ဆက်စပ်ပြီး သံသယဝင်စရာပေါ်လာတာတော့ အမှန်ပဲ၊ လောလောဆယ် ရဲစခန်းကိုသာ လိုက်ခဲ့ပါ၊ ကျွန်တော် ရဲတပ်ကြပ် ခင်မောင်ဝင်းပဲ"



ကိုချစ်ထူး လည်လိမ်ခံ ကြက်အိုကြီးကဲ့သို့ ငိုင်ကျသွားရပါတော့သည်။

* * *

"ကဲ… ဘာပြောချင်လဲ ကိုချစ်ထူး၊ ခင်ဗျားဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကလည်း ခင်ဗျားတို့အိမ်မှာ လာတည်းတဲ့ ဆွေမျိုးနီးစပ်မိန်းမပျိုလေးတစ်ယောက်ကို စော်ကားခဲ့တယ်၊ ဒါကို တစ်ရွာလုံးက သိတယ်၊ အားလုံးဝိုင်းပြီး ဖုံးဖုံးဖိဖိနဲ့ ဒီအမှု ပပျောက်ခဲ့တယ်၊ ဒီတစ်ခါတော့ ခင်ဗျား မလွတ်တော့ဘူး"

"အိုဗျာ အေးစိန်ကို ဝင်ပူးတာ တရားဝင်လို့လား"

"တရားဝင်တာ မဝင်တာ ဘေးချိတ်… ခင်ဗျားရဲ့ လှုပ်ရှားမှုကွင်းဆက်တွေ ကျုပ်တို့လိုက်ပြီးပြီ၊ ခင်ဗျား ဓားမတစ်ချောင်းဆွဲပြီး ကွင်းဘက်ထွက်သွားတာ တွေ့တဲ့လူက တွေ့တယ်၊ သုတ်သီးသုတ်ပျာနဲ့ ပြန်လာတာလည်း မြင်တဲ့သက်သေရှိတယ်၊ ဒီကြားထဲ ချောင်းစပ်ကို ခင်ဗျား လျှောက်လာတာလည်း ပိုက်သမားတချို့က မြင်ခဲ့သတဲ့၊ ဒီတော့ ဓားဘယ်နေရာမှာ ပစ်ချခဲ့တယ်ဆိုတာသာပြော"

ရဲများက ထွက်ပေါက်ပိတ် စစ်လွှန်းမက စစ်ခဲ့သည့်အဆုံးတော့ ချစ်ထူး ဖြောင့်ချက်ပေးခဲ့ရပါတော့သည်။

အဖြစ်အပျက် အသေးစိတ် ဖွင့်ဟဝန်ခံသည်။

"လက်လွန်ခြေလွန်ဖြစ်ပြီးမှ ကျွန်တော်လည်း မှားမှန်းသိနောင်တရမိတယ်ဗျာ၊ မထူးဘူးဆိုပြီး အလောင်းကို ချောင်းထဲမျှောဖို့ ကြံခဲ့ သေးတယ်၊ ပိုက်သမားတွေရှိနေတာနဲ့ တွင်းတိမ်လေးတူးပြီး အပေါ်က သပေါ့ရိုးတွေနဲ့ အုပ်ထားခဲ့တာ ညကျမှ တစ်ခေါက်ပြန်ပြီး အလောင်း ဖျောက်မယ်ပေါ့၊ ကံဆိုးချင်တော့ အလောင်းကို တွေ့သွားကြတာပါပဲ"

သက်သေခံဓားကို ချစ်ထူး ညွှန်ပြသောနေရာ ချောင်းထဲမှ ရေငုပ်ရှာတွေ့ခဲ့ကြရပါသည်။

ရွှေမှုံနှင့် ချစ်ထူး၏ ဖြစ်ရပ်ဆန်းကား ရွာတစ်ခွင်နယ်အနှံ့ ပြောစမှတ်တွင်ခဲ့ရပါပြီ။

"သေတဲ့မိန်းကလေးက လူသတ်တရားခံကို လာဖော်သွားသတဲ့"

"အံ့ပါရဲ့ဟယ်... သူဝင်ပူးတဲ့လူကလည်း တရားခံရဲ့ မိန်းမဖြစ်နေလေရဲ့"

"ရဲတွေကလည်း လျှင်လိုက်တာနော်"

* * *

ဘယ်သူတွေက ပြောပြော ပြောချင်တာ ပြောချင်တိုင်းပြော ချစ်ထူး၏မိန်းမ မအေးစိန်တစ်ယောက်တော့ မျက်စိကြောင်တောင်နှင့် တစ်ညလုံး အိပ်မပျော်တော့။

တကယ်တော့ တစ်ညသာမဟုတ်၊ ညပေါင်းများစွာ မအိပ်နိုင်



တော့သည့် အဖြစ်မျိုးပါ။

အဘယ်ကြောင့်ဆိုသော်...

ဟိုယခင် သူ့တူမလေးကို စော်ကားခဲ့သည့် လက်စနှင့်တစ်ကြောင်း၊ ချစ်ထူး၏ မသင်္ကာစရာ လှုပ်ရှားမှုများနှင့် ဣန္ဒြေပျက်မှုများကို အနီးကပ် အကဲခတ်မိခြင်းဖြင့်တစ်ကြောင်း...

ဖွတ်ကြီးကို လိုက်ရင်းက ဓားမချောင်းထဲကျသွားတယ်လို့ ချစ်ထူးကိုယ်တိုင် ပြောခဲ့သည့် စကားကိုထောက်၍လည်းကောင်း...

ရွှေမှုံကို ပက်ပက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် လက်သည်မှာ ချစ်ထူးပဲလို့ အတပ်စွဲလိုက်မိသည်။

တစ်ဖက်ကလည်း...

ရွှေမှုံနှင့် သူ့အစ်မဝမ်းကွဲ မုဆိုးမ မစောအုံကို သနားလို့မဆုံး။

သည်လိုနှင့်... ဖြစ်ချင်တာဖြစ်စေ... မျက်စိစုံမှိတ်ပြီး တရားခံကို ဖော်ထုတ်လိုက်ခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့် အရပ်ဝတ်ဖြင့် ရုပ်ဖျက်လာသော နယ်ထိန်းရဲ့ နားပေါက်အောင် ချစ်ထူး၏ မသင်္ကာစရာ ခြေလှမ်းတွေကို တစ်ဖက်လှည့်နှင့် မသိမသာ သတင်းဖြန့်ခဲ့သူကလည်း သူ။

ပြီးတော့ ရှင်းရှင်းဆိုရလျှင် ရွှေမှုံ ဝင်မပူးပါဘဲနှင့် ပူးချင်ယောင်ဆောင်ခဲ့ပြီး လူပုံအလယ်တွင် လက်ညှိုးထိုး ဖော်ထုတ်ခဲ့သည်ကလည်း သူပဲမဟုတ်ပါလား။

စင်စစ်တော့ သားတွေသမီးတွေ တန်းလန်းနှင့် အနစ်နာခံ၍

လူဆိုး လူယုတ်မာ လူရမ်းကားတစ်ယောက်ကို သံယောဇဉ်ဖြတ်ပြီး တရားဥပဒေလက်သို့ ထိုက်ထိုက်တန်တန် ပေးအပ်ခဲ့မိခြင်းသာဖြစ်ပါသည်။

ဘီလူးငတေကို တစ္ဆေအယောင်ဆောင် ခြောက်လိုက်ခြင်းဆိုလည်း မမှား။

အဖြစ်မှန်ကို သူတစ်ယောက်တည်းသာသိသည်။

သူမှလွဲလို့လည်း ဘယ်သူမှ သိမည်မဟုတ်တော့ပါ။

**ဖြစ်ရပ်မှန် စုံထောက်မဂ္ဂဇင်း၊**
**အမှတ် (၁၁) ဇွန်လ၊ ၂၂၀၃**

# လျှို့ဝှက်သံစဉ်လှိုင်းများနှင့်အတူ

လူ့ဘဝ။

ပျော်ရွှင်ကြည်နူးစရာ၊ လွမ်းဆွေးစရာ၊ စိတ်ဆိုးစိတ်ညစ်စရာတွေနဲ့ ပြည့်နေတယ်။

အဆန်းတကြယ် အံ့ဩဖွယ်တွေက ခြံရံထားတယ်။ အနိမ့်အမြင့် အတက်အကျ အကွေ့အကောက်တွေစုံလို့ပဲ။ ဆင်းရဲချမ်းသာတစ်လှည့်စီ ကြုံရတာလည်းရှိရဲ့။

မမျှော်လင့်ဘဲ ဝမ်းနည်းဝမ်းသာဖြစ်ရတာမျိုးလည်း မနည်းဘူး။

ဒါကြောင့်လည်း လူ့ဘဝကို လျှို့ဝှက်တဲ့ သံစဉ်လှိုင်းလေးတွေနဲ့ နှိုင်းလိုက်ချင်တယ်။

ဂီတသံစဉ်လှိုင်းလေးတွေဆိုတာလည်း ဒီလိုပဲမဟုတ်လား။

နီးနေရာကလည်း ဝေးသွားတတ်တယ်။ နိမ့်ရာကမြင့်၊ တိုးရာက ကျယ်ချင်ကျယ်မယ်။

ချိုလွင်သာယာမှုလေးတွေ ပေးထားတဲ့ကြားကလည်း ရင်ဖို ချောက်ချား လိပ်ပြာလွင့်ပါးလောက်တဲ့ မုန်တိုင်းသံကြီး ဖြစ်ချင်ဖြစ် သွားတတ်တာကလား။

ဟုတ်တယ်။

လူ့ဘဝဆိုတာ လျှို့ဝှက်ပြီး ကြိုတင်သိရခက်တဲ့ သံစဉ်ဂီတ လှိုင်းလေးတွေနဲ့ တစ်ထေရာတည်း အတူတူပါပဲလို့။

ဒီအချက်ကို ထင်ထင်ရှားရှား သာဓကပြခဲ့သူကတော့...

နော်ဖလောရင့်(စ်)

နာမည်ကြားရုံနဲ့ အဆင့်အတန်း အမျိုးအစားက ပေါ်လွင် နေပါတယ်။

ဖလောရင့်(စ်)ဆိုတာ ပန်းနဲ့ဆက်နွယ်နေတဲ့ နာမည်တစ်ခုပါ။

တစ်နည်းပြောရရင် အလှအပရဲ့ သင်္ကေတတစ်ခုပေါ့။

မှန်ပါတယ်။

နော်ဖလောရင့်စ်ဟာ ကျောင်းသူဘဝ၊ အပျိုစင်ဘဝ၊ အိမ် ထောင်သည်ဘဝ သုံးပန်လှခဲ့တဲ့ စတားလေးတစ်ပွင့်ဆိုလည်း မမှား ပါဘူး။

ကျောက်ဖြူသားနဲ့ ထုဆစ်ထားတဲ့ ယမင်းရုပ်လေးကို တွေ့ဖူး ပါသလား။

မတွေ့ဖူးရင်တော့ နော်ဖလောရင့်(စ်)ကိုသာ ကြည့်လိုက်။

အဲ့သလောက်ကိုလှတယ်။

မျက်လုံး၊ မျက်နှာ၊ အသားအရေ၊ ကိုယ်ခန္ဓာ အချိုးအဆစ်



ဘာတစ်ခု အပြစ်ပြောစရာရှိလို့လဲ။

ပြီးတော့လည်း ခေတ်ပညာတတ်။ စန္ဒရားဆရာမလေး။

ဒီတော့ အသိုင်းအဝိုင်းမှာ ဖလောရင့်စ်မပါရင် ပွဲမစည် သလောက်။

နောက်ပိုင်း ဘီအိုစီက အထက်တန်းအရာရှိကြီးတစ်ဦးဖြစ်တဲ့ မစ္စတာရစ်ချတ်နဲ့ လက်ဆက်လိုက်တဲ့အချိန်မှာ ဗီးနပ်စ်နတ်သမီး လေးလို ပိုကျော်ကြား ထင်ရှားလာရပြီပေါ့။

ရစ်ချတ်က အင်္ဂလိပ် အင်ဒီးယန်းဘိုကပြား။ မင်းစိုးရာဇာတွေ ထဲ ဝင်ဆံ့တဲ့သူ။ ဒီတော့ ဇနီးဖြစ်တဲ့ နော်ဖလောရင့်စ်လည်း သံတမန်လောကက သံအမတ်ကတော်တွေနဲ့ အပေါင်းအသင်းဖြစ် ခဲ့ရပြန်တာပဲ။

အထူးဧည့်ခံပွဲတွေ၊ ဒင်နာပါတီတွေ မှန်သမျှ နော်ဖလောရင့် တို့ ရှေ့ဆုံးက။

သူက လူမှုရေးလည်း ညက်တယ်။ လူမှုဝန်ထမ်းလုပ်ငန်း တွေလည်း ဝါသနာပါတယ်။ ဒါကြောင့် တချို့က ဖလောရင့်စ်ကို နိုက်တင်ဂေးလ်လို့ ချစ်စနိုးခေါ်ကြတယ်။ ဒီအပြင် ရှားပါးတဲ့ အရည်အချင်းတစ်ရပ်အနေနဲ့ ဟာသတွေ ပြောတတ်တာပဲ။

သူငယ်ငယ် လေးငါးခြောက်နှစ်လောက်က မြန်မာစကား တတ်ခါစ။

အိမ်ရှေ့က လူပျိုပေါက်ကလေးတွေက သူ မပီကလာပီကလာ ပြောတာလေးကို ချစ်လို့ဆိုပြီး လာလာစကြသတဲ့။

အဲဒါ စိတ်ဆိုးဒေါ်ပွခဲ့ရာက လူကြီးတွေဆီက အဆဲသင်တယ်။ နောက် လာစတဲ့ကောင်လေးတွေကို မစရဲအောင် ဆဲလိုက်မယ်ပေါ့။ လူကြီးတွေက အဆဲသင်ပေးတာကတော့ 'သေခြင်းဆိုးတွေ'တဲ့။

ဒါပေမဲ့ သူက စကားသိပ်မကျွမ်းတော့ ဒေါနဲ့မောနဲ့ ဆဲလိုက်ပါတယ်။

"သက်န်းကျွန်းတွေ ငါ့လာမစနဲ့"

ဒီဟာလေးမျိုးကို ကြီးလာတဲ့အခါ ပြန်ပြောတော့ တဟားဟား ရယ်ရတာပေါ့။

နောက်ပြီး ဖလောရင့်စ်ဟာ အပျို့ပေါက်ဘဝမှာတင် စန္ဒရား တီးကျွမ်းခဲ့တယ်။ နိုင်ငံခြားက လာလုပ်တဲ့ စန္ဒရားပြိုင်ပွဲမှာ မြန်မာတစ်ပြည်လုံး ပထမ ရွှေတံဆိပ်ဆုချီတ်ခဲ့တာဆိုပဲ။

များသောအားဖြင့် သူတီးခဲ့တာက Classical Songs လို့ ခေါ်တဲ့ ဂန္ထဝင်သီချင်းတွေပါ။ ခရစ်ယာန်ဘုရားကျောင်းမှာ တီးနေကျ Hymms ဓမ္မတေးတွေသာမက မိုးဇက်တို့ ဗစ်သိုဗင်တို့ရဲ့ ဆင်ဖိုနီတေးသွားတွေဖြစ်ပြီး အံ့သြလောက်အောင် လက်စွမ်းပြနိုင်ကြသလို၊ သီချင်းကို မကြားဖူးပေမယ့် Notes သင်္ကေတကို မြင်ရုံနဲ့ Side Seen တန်းခနဲ ကောက်တီးနိုင်ပါတယ်။

သူအတီးရပ်လိုက်တာနဲ့ သြဘာလက်ခုပ်သံ တဖြောင်းဖြောင်းဟာ တော်တော်နဲ့ မစဲတော့ပါဘူး။

ဒါပေမဲ့လေ...

ဒါပေမဲ့...



အဲ... ဒါပေမဲ့ ဒီအဖြစ်တွေက ဟိုးတစ်ချိန်တုန်းက ဖလော်ရင့်စ်၊ အတိတ်နှစ်ပေါင်းများစွာက နော်ဖလော်ရင့်စ်အဖြစ်နဲ့ ဂီတသံစဉ်လေးတွေလို လွင့်စဉ်ပျောက်ကွယ် ကျန်ရစ်ခဲ့ပါပြီ။

ဒီနေ့ နော်ဖလော်ရင့်စ်ဆိုတာကတော့ အသက် ၈၀ ကျော် အဘွားကြီး။

ခေါင်းတွေ ဆွတ်ဆွတ်ဖြူလို့။ ပါးရေတွေ တွန့်လို့။ ကြုံကြုံလှီလှီ တုန်တုန်ချည့်ချည့်။

အရင်တုန်းကလို ဇာပန်းထိုးရင်း ကလေးတွေစာပြရင်း ဟင်းချက်၊ စာဖတ်ဆိုသလို တစ်ချိန်တည်းမှာ အလုပ်ငါးခုလောက် ပြီးအောင် မလုပ်နိုင်တော့ပါဘူး။

အစားအသောက်ကောင်းပြီး ကျန်းမာရေးမဆိုးလှဘဲ သွားနိုင်လာနိုင်သေးပေမယ့် မှတ်ဉာဏ်ချွတ်ယွင်း သတိတွေလစ်ဟင်းနေခဲ့ရပါပြီ။

နော်ဖလောရင့်စ်ဟာ Alzheimer (အဲလ်ဇိုင်းမား)လို့ခေါ်တဲ့ မှတ်ဉာဏ်ချွတ်ယွင်းပြီး လက်ခြေတုန်လက္ခဏာရှိတဲ့ ဦးနှောက်သိမ်ရောဂါ ခံစားနေရပါတယ်။

ခပြော ခမေ့ဆိုသလို ဖြစ်ရုံမက တစ်ချိန်တုန်းက အပေါင်းအသင်း ဆွေမျိုးသားချင်းတွေ ဘယ်သူဘယ်ဝါဆိုတာ မေ့ကုန်ပါတယ်။

သူ့ကို ဘယ်သူက ဘယ်ရောက်နေတယ်။ ဘာဖြစ်ပြီး ဘာလုပ်နေတယ်။ ဘယ်သူဖြင့် မရှိတော့ဘူးလို့ ပြောပြပေမယ့် ပြောရင်းက မေ့သွားသလို အစကပြန်မေးရင်း လည်နေတော့တာပါပဲ။ တစ်ခါ

တလေ သူ ထမင်းစားပြီးပြီလား မစားရသေးဘူးလားတောင် မသိတော့ဘူး။

အဆိုးဆုံးကတော့ သံလျင် ပြည်တော်သာလမ်းမှာ နေရာက မကြာမကြာဆိုသလို တစ်ယောက်တည်း ထွက်သွားတတ်တာပေါ့။

ဟိုနားဒီနားဈေးတွေ၊ ကားဂိတ်တွေ၊ ကမ်းနားဆိပ်တွေ ရောက်သွားရာက အသိမိတ်ဆွေတွေက တွေ့ပြီး အိမ်လိုက်ပို့ရစမြဲပါ။

အင်းလေ... အသက် ၈၀ ကျော်ပြီဆိုတော့လည်း နော်ဖလော်ရင့်စ် သူငယ်ပြန်ချင်သလို ဖြစ်နေတယ် ဆိုရမယ်ထင်ပါရဲ့။

ထူးဆန်းတာတစ်ခုတော့ရှိတယ်။ သူ ဘာတွေဘယ်လိုပဲ မေ့မေ့ စိတ်ရလို့ စန္ဒရားခုံထိုင်ပြီး ကောက်တီးလိုက်ရင် ဆင့်စွယ်ခလုတ်ပေါ်မှာ တီးကွက်တီးလက်တွေက ဖြောင့်လို့။

သာယာချိုမြတဲ့ ဂီတသံစဉ်လေးတွေ လွင့်ပျံ့မြူးကြွလာနေကျ။

ဘာပဲဖြစ်ဖြစ် သားသမီးတွေ၊ မြေးလေးတွေရဲ့ ပြုစုယုယမှုအောက်မှာနေရတဲ့ နော်ဖလောရင့်စ်ရဲ့ ဘဝဟာ ငြိမ်းချမ်းတယ်ဆိုရမှာပါပဲ။

သူတို့အိမ်လေးဟာ ခရစ်ယာန်အိမ်ထောင်ပီပီ ပျော်ရွှင်သာယာမှုတွေ ခညောင်းတဲ့ တကယ့် Sweet Home လေးပါ။

ဒီကြားထဲကမှ အသံမကြား ဘာမကြားနဲ့ ဆူနာမီလှိုင်းလုံးကြီးတစ်လုံးက ဝင်ရိုက်လာရာက နော်ဖလော်ရင့်စ်တစ်ယောက် ပါသွားရပြန်ပါပြီ။



အဲဒါကတော့ နော်ဖလော်ရင့်စ် ရုတ်တရက် အိမ်ကပျောက်သွားတာပါပဲ။

* * *

နော်ဖလော်ရင့်စ်မှာ သားနှစ်ယောက် သမီးနှစ်ယောက်ထွန်းကားခဲ့ပါတယ်။ ခုတော့ သမီးနှစ်ယောက်နဲ့ သားငယ် အိမ်ထောင်ကျသွားသလို သားအကြီး ပီတာတို့ မိသားစုနဲ့အတူ နေတာပေါ့။

ပီတာကမွေးတဲ့ မြေးယောကျ်ားလေး ၃ ယောက်နဲ့ မိန်းကလေးဆိုလည်း အလုပ်လုပ်သူလုပ်၊ တက္ကသိုလ်တက်သူတက်၊ အရွယ်ရောက်နေကြပါပြီ။

နော်ဖလော်ရင့်စ်ရဲ့ အစ်ကိုကြီးက အင်ဂျင်နီယာဖြစ်ခဲ့သလို နော်ဖလော်ရင့်စ်ရဲ့သား ပီတာဆိုရင်လည်း ဆောက်လုပ်ရေး အင်ဂျင်နီယာ ဖြစ်ခဲ့ပါတယ်။ သူ့သမီးလေး ဟယ်လင်ဆိုလည်း ဆောက်လုပ်ရေးလုပ်ငန်းမှာ အုပ်ချုပ်ရေးမှူးဖြစ်ခဲ့တယ်ပေါ့။

အဲဒီညနေကတော့...

ပီတာနဲ့ ဟယ်လင်တို့က အက်စ်အီးကားလေးနဲ့ ရန်ကုန်က ပြန်လာတယ်။

"အဖီးရေ... အဖီးကြိုက်တဲ့ ကြေးအိုးနဲ့ ရွှေကျီးဘတ်တာကိတ် ဝယ်လာတယ်"

ဝမ်းသာအားရ အထုပ်လေးဆွဲပြီး အိမ်ထဲဝင်ပြေးလာတဲ့ ဟယ်လင် သူ့အဘွားကို မတွေ့လိုက်ရပါဘူး။

"စနိုးရေ... အဖိုးကော"

အိမ်ဖော်အဖြစ် လာနေတဲ့ ညီမဝမ်းကွဲလေးကို မေးလိုက်တယ်။

"စောစောကပဲ ပီယာနိုတီးပြီး ခြံထဲဆင်း ပန်းခူးနေတာ တွေ့လိုက်သေးတယ်"

သူတို့တစ်အိမ်လုံးနဲ့အောင် လိုက်ရှာကြတာပေါ့။ နော်ဖလော် ရင့်စ် အရိပ်အယောင်မှ မတွေ့။

"ဒုက္ခပါပဲ... ထုံးစံအတိုင်း မာမီတော့ စိတ်ထင်ရာ ထွက်သွားပြီနဲ့တူတယ်"

ရှေ့ဆင့်နောက်ဆင့် ဆိုသလို သီလဝါဆိပ်ကမ်း ကွန်တိန်နာကုမ္ပဏီမှာ လုပ်နေတဲ့ သားအကြီးကောင်နဲ့ တက္ကသိုလ်တက်နေတဲ့ သားငယ်တို့လည်း ပြန်ရောက်လာကြတယ်။

"ဘာဖြစ်လို့လဲ ဒက်ဒီ"

"မင်းအဖိုး ပျောက်သွားလို့"

"ဟာ... အဖိုးကတော့ လုပ်ပြန်ပြီ"

"မပူပါနဲ့ဗျာ အချိန်တန်တော့ ခါတိုင်းလိုပဲ တစ်ယောက်ယောက် လာပြန်ပို့မှာပါ"

ဒီလိုနဲ့ နေဝင်ချိန်အထိ သူတို့စောင့်မိသေးတယ်။ ဘယ်သူမှ ပေါ်မလာဘူး။ ဒါဆိုရင်တော့ ထွက်ရှာမှပဲလို့ သဘောပေါက်လိုက်ကြပါတယ်။

သားနဲ့သမီးက စက်ဘီးကိုယ်စီနဲ့၊ ပီတာနဲ့ သားကြီးက ကားနဲ့။ သံလျင်မြို့တစ်မြို့လုံး လိုက်ရှာကြတာပါ။



ဘူတာရုံ၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ ဈေး၊ ကျောက်တန်းအထိ တောင် ရောက်ခဲ့ကြတယ်လေ။

ညဉ့်နက်တဲ့အထိ သူတို့လိုက်ရှာပေမယ့် အကြောင်းမထူးလှပါဘူး။ ဆွေမျိုးအသိအိမ်တွေ စုံစမ်းတော့လည်း ရောက်မလာဘူးတဲ့။

တစ်ဆင့်တက်တော့ ဆေးရုံကို ဖုန်းဆက်မေးတယ်။ ထိခိုက်ဒဏ်ရာရတဲ့ အသက် ၈၀ လူနာမရှိဘူးဆိုပဲ။

နောက်ဆုံး တစ်ညကုန်သွားရာက မိုးလင်းတာနဲ့ ရဲစခန်းသွားပြီး လူပျောက်တိုင်ရတဲ့အဖြစ် ရောက်သွားတယ်။

ကားပဲတိုက်သလား၊ ရထားပဲကြိတ်သွားသလားဆိုတဲ့ သံသယက ရေပဲနစ်သွားပြီလားဆိုတဲ့ အဆင့်ထိ စိတ်ပူပန်စရာတွေ ဖြစ်လာရပါပြီ။

မြေးမလေး ဟယ်လင်ကဆိုရင် သူ့အဘွား သေပါပြီဆိုပြီး တရှုပ်ရှုပ် ငိုလို့မဆုံး။

ရဲစခန်းတိုင်ထားရာက ရဲတွေကလည်း ကြိုးစားပမ်းစား စုံစမ်းရှာဖွေတာပါပဲ။ ဒါပေမဲ့ ဘာသတင်းအစနမှ မရပါလား။ မျှော်လင့်ချက်က တစ်စထက်တစ်စ လျော့နည်းခဲ့ရပါပြီ။

တစ်ဖက်က မျှော်လင့်ချက် ကုန်ဆုံးလုနီးပါးဖြစ်ခဲ့ရသလို တစ်ဖက်ကလည်း ရင်ခုန်သံတွေ ပိုမြန်ခဲ့ရတယ်ဆိုပါတော့။

တစ်ရက်တွေ့နိုး၊ နှစ်ရက်ပြန်လာနိုးနဲ့ပဲ (၇) ရက်တစ်ပတ် လည်သွားပါလေရော။

"တို့နေ့တိုင်း လိုက်ရှာတာပဲ၊ သူ အသက်ရှင်ရက်နဲ့ ရှိဦး

မယ်ဆိုရင်တော့ တွေ့ရမှာပဲ”

“ရေနစ်သွားတာဆိုရင် ပင်လယ်ထဲမျောသွားလောက်ပြီ”

“အသက်ရှင်နေတဲ့တိုင်အောင် သံလျင်မှာ မရှိတာတော့ သေချာတယ်”

မိသားစု ဆွေးနွေးပွဲလေးမှ အဖြေတစ်ခု ထွက်လာပါတယ်။

နောက်တစ်ရက် နှစ်ရက်မှာပဲ နော်ဖလော်ရင့်ရဲ့ ဓာတ်ပုံ၊ သူတို့ အိမ်လိပ်စာ၊ ဖုန်းနံပါတ်နဲ့ ကြေးမုံ၊ မြန်မာ့အလင်း၊ သတင်းစာနှစ်စောင်က လူပျောက်ကြော်ငြာ သွားထည့်လိုက်ကြတာပဲ ဆိုပါတော့။

ဒါဟာ မျှော်လင့်ချက်အဆုံးက နောက်ဆုံးမျှော်လင့်ချက်ပါပဲ။

ဟယ်လင် စိတ်ပြေလက်လျော့ ဝင်တီးတဲ့ စန္ဒရားသံတွေဟာ ဂီတသံမပေါက်ဘဲ ငိုညည်းသံတွေလို အောက်မေ့ရပါတယ်။

* * *

နော်ဖလော်ရင့်စ် ပျောက်ဆုံးသွားပြီး ၁၅ ရက်မြောက်နေ့။ တနင်္ဂနွေနေ့။

ဘုရားရှိခိုးကျောင်းမှာ သင်းအုပ်ဆရာက နော်ဖလော်ရင့်စ် ဘေးမသီရန်မခဘဲ ပြန်လာပါစေကြောင်းနဲ့ အထူးဝတ်ပြုဆုတောင်းခဲ့ပါတယ်။

ပီတာတို့ မိသားစုကလည်း ညစဉ်ညတိုင်းလိုပဲ ဘုရားသခင်ထံမှာ မိခင်ကြီးကို စောင့်ရှောက်ကယ်မပေးပါစေလို့ ဆုတောင်းနေကျပါ။



သတင်းစာထဲပါခဲ့တာပဲ နှစ်ရက်သုံးရက် ရှိခဲ့ပါပြီ။

ဘာမှမထူးခြားခဲ့လေတော့ စိတ်ပျက်အားလျော့နေကြရတယ်ပေါ့။

အဲ့ဒီကြားထဲက နေ့လယ် ၂ နာရီလောက်မှာ မမျှော်လင့်ဘဲ တယ်လီဖုန်း မြည်လာတယ်။

“ဟဲလို... အမိန့်ရှိပါ”

“သံလျင်က လူပျောက်ကြော်ငြာထည့်ထားတဲ့ အိမ်ကလား”

“ဟုတ်ပါတယ်ရှင့်၊ ဘာများပြောမလို့ပါလဲ”

“ကြော်ငြာထဲက ဓာတ်ပုံနဲ့တူတဲ့ အဘွားကြီးကို တွေ့လို့ပါ၊ ရန်ကုန်ဘူတာကြီး စင်္ကြံနံပါတ် ၄ ကို အမြန်သွားကြည့်ပါ”

“ရှင်... ဟုတ်ကဲ့၊ ဒါနဲ့ အခုပြောတာ ဘယ်သူပါလဲရှင်”

ဟယ်လင်က ပြန်မေးလိုက်တာကို တစ်ဖက်အသံရှင်ယောက်ျားက ပြန်မဖြေတော့ပါဘူး။ ဖုန်းကို ချောက်ခနဲ ချသွားပါတယ်။

အဲဒီလူ ဘယ်သူဘယ်ဝါဆိုတာ မစဉ်းစားနိုင်တော့ဘဲ နာရီပိုင်းအတွင်း အစ်ကိုနှစ်ယောက်နဲ့ ဟယ်လင်ရော ဦးပီတာပါ သားအဖတစ်တွေ ရန်ကုန်ကို အပြေးအလွှား ကူးခဲ့ကြပြီပေါ့။

အောင်ဆန်းကွင်းရှေ့ ဘူတာရုံအဝင်ပေါက်မှာ ကားလေးကို ထိုးရပ်ပြီး နံပါတ် ၄ ပလက်ဖောင်းကို သုတ်ခြေတင်ပြေးခဲ့ကြပါတယ်။

နံပါတ် ၄ ပလက်ဖောင်းဆိုတာက အဝေးပြေးရထားကြီးတွေ ဆိုက်တဲ့နေရာဖြစ်ပြီး သူတို့ရောက်သွားတဲ့ ၃ နာရီအချိန်မှာ ရထား

အဝင်အထွက် မရှိသလို လူရှင်းနေပါတယ်။

ရှိတဲ့လူတစ်ယောက်စ နှစ်ယောက်စကို လိုက်ကြည့်တော့လည်း နော်ဖလော်ရင့်စ်နဲ့တူတာ တစ်ယောက်မှမရှိပါဘူး။

အဲ… သူတို့ ဟိုဟိုဒီဒီ လိုက်ရှာရင်းက ခုံတန်းလေးတစ်ခုဘေးမှာ မှီပြီး ငုတ်တုတ်လေးမှေးနေတဲ့ အဘွားကြီးတစ်ယောက်တော့ တွေ့လိုက်ရတယ်။

သူတို့အနားကပ်မိတာနဲ့ အဘွားကြီးက မော့ကြည့်ပြီး–

"ထမင်းဖိုးလေးပါ…"

လက်ဝါးဖြန့်တောင်းလိုက်တော့တာပါပဲ။

ဟယ်လင်တို့ မောင်နှမတွေလည်း ကြောင်တောင်တောင်တွေ ဖြစ်သွားရပါတယ်။

သူတောင်းစား အဘွားကြီးဟာ ခေါင်းစုတ်ဖွား။

အဝတ်အစားတွေ စုတ်ပြတ်ညစ်ပတ်လို့။

တစ်ကိုယ်လုံးမှာလည်း ယားနာတွေ ဝဲတွေဗရပွနဲ့ နံစော်နေတာပဲ။

ဖိနပ်လည်း မရှိပါလား။

မျက်နှာကလည်း အညိုအမည်းတွေစွဲပြီး ပိန်ညှော်ညှော်နဲ့ မျက်ကွင်းကြီးတွေ ကျနေတယ်လေ။

အဲ့ဒါ သူတို့အဘွား သူတို့အမေ ဖြစ်နိုင်ပါ့မလား။

နော်ဖလော်ရင့်စ်က ဥပဓိရုပ်ကောင်းကောင်း၊ အဝတ်အစားကလည်း သန့်သန့်ပြန့်ပြန့်၊ သားသားနားနား။ ကတ္တီပါဖိနပ်လေးစီးလျက်



အိမ်ကပျောက်သွားတာ။

ခု သူတို့တွေ့တဲ့ အဘွားနဲ့တော့ တခြားစီ။

"ထမင်းဖိုးလေး သနားပါနော်"

အသံကတော့ ကရင်သံဝဲနေသလိုလို။

တစ်ကိုယ်လုံး ခြုံကြည့်လိုက်တော့လည်း သူတို့အဘွားနဲ့ ပုံစံခပ်ဆင်ဆင်။

အဘွားကြီးက သူတို့ကို မမှတ်မိသလို ဘယ်သူဘယ်ဝါတွေမှန်း မသိတာ ထားလိုက်တော့။ သူတို့ကိုယ်နှိုက်ကလည်း ဒီအဘွားကြီးဟာ သူတို့အဘွား နော်ဖလော်ရင့်စ်ပဲလို့ တပ်အပ်မပြောနိုင်။ မမှတ်မိနိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေရဲ့။

ပြီးတော့ သူတို့အဘွား ဒီဘဝရောက်နေရတဲ့အဖြစ်က ယုံနိုင်စရာတောင်မရှိ။ ဘယ်သူက ဘယ်လိုခေါ်ပြီး ဘယ်နည်းနဲ့ ခုလို သူတောင်းစားဇာတ်သွင်းခဲ့ပါလိမ့်။

လောကဓံ မျက်လှည့်ဆရာ ဆန်းပြားရုံမက ကြမ်းတမ်းရိုင်းပျရက်စက်လွန်းလှချည့်။

"မာမီ… မာမီက နော်ဖလော်ရင့်စ် မဟုတ်လား"

"အဖီး… သမီးက ဟယ်လင်လေ၊ ဒါ ဂျိုးဇက်"

"ကျွန်တော် အင်ဒရူးလေ အဖီးရဲ့"

သူတို့က ဝိုင်းပြောကြပေမယ့် အဘွားကြီးက လုံးဝမသိသလို မျက်လုံးလေးအကြောင်သား ငေးလို့သာ။

"ထမင်းဖိုးလေး သနားပါ"

အဘွားကြီးက ဒီစကားတစ်ခွန်းပဲ ပြောတတ်တော့သလို တုံ့ပြန်ရေရွတ်လိုက်ပါတယ်။

"အသံကတော့ အဖိုးနဲ့တူသလို မတူသလိုပဲ"

"ရုပ်ကလည်း အဖိုးနဲ့ ဆင်ပေမယ့် မသေချာဘူး"

"ဒီတော့ တို့ ဘာလုပ်မလဲ"

"ငါတော့ အိမ်ခေါ်သွားကြည့်ချင်တာပဲ"

"အဖိုးမဟုတ်ရင် ဘယ့်နှယ်လုပ်မလဲ"

သူတို့ချင်း ခေါင်းချင်းဆိုင် တိုင်ပင်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပါတယ်။

လူသူကင်းရှင်းနေသလို သူတို့ကို ဘယ်သူမှ စိတ်ဝင်တစား စောင့်ကြည့်နေတာမရှိ။

"ကဲ... ဘယ်လိုလုပ်မလဲ ဆုံးဖြတ်လေ"

"ဟုတ်ပြီ... ဒီတစ်နည်းပဲရှိတယ်၊ ဒီအဘွားကြီးသာ ခေါ်လာခဲ့၊ အိမ်ကျမှ သေသေချာချာ စမ်းကြည့်မယ်၊ မဟုတ်တော့လည်း ဒီနေရာ ပြန်ပို့လိုက်ရုံရှိတာပေါ့"

ဟယ်လင့်စကား အဆုံးတော့ အဘွားကြီးကို သူတို့တွဲထူလိုက်ပါတယ်။

အဘွားကြီးကလည်း "ထမင်းဖိုးလေးသနားပါ"ဆိုတဲ့ စကားကိုသာ ဏတွတ်တွတ်ရွတ်ရင်း သူတို့ခေါ်ရာနောက် မငြင်းမဆန်ပါ လာတော့တာပါပဲ။

* * *



အဘွားကြီးဟာ ဟယ်လင်တို့ မိသားစုတွေကို မသိသလို သူစိမ်းတွေအဖြစ်နဲ့ ကြောင်ကြည့်ကြည့်နေခဲ့ရာက လမ်းတစ်လျှောက်လုံးမှာလည်း ထမင်းဖိုးလေးသနားပါဆိုတာပဲ ဂါထာရွတ်သလို ပွစိပွစိ ရွတ်လိုက်ပါတယ်။

သံလျှင်အိမ် ပြန်ရောက်တော့လည်း တခြားဂြိုဟ်ကမ္ဘာ တစ်ခုကို ရောက်သွားတဲ့ပုံစံမျိုး။ ဟိုကြည့်ဒီကြည့်နဲ့သူနဲ့ဘာမှ မပတ်သက်ခဲ့တဲ့ အတိုင်း။

ဟယ်လင်ကတော့ ခြံထဲကားဝင်ပြီး အိမ်ရှေ့ဆင်ဝင်အောက် ကားထိုးရပ်လိုက်တာနဲ့ အဘွားကြီးကို တွဲချပြီး ဧည့်ခန်းထဲ တန်းခေါ် သွားတော့တာပါပဲ။

နောက်ပြီး အဘွားအိုကို စန္ဒရားရှေ့က သားရေဖုံးခွေးခြေခုံ လေးမှာ ထိုင်ခိုင်းလိုက်တယ်။

အဘွားကြီးက လူတွေကိုကြည့်လိုက် အိမ်ကြီးကိုကြည့်လိုက် စန္ဒရားကိုကြည့်လိုက်နဲ့ အူကြောင်ကြောင် ဖြစ်နေတယ်။

ဟယ်လင်က ဂီတသင်္ကေတတွေပါတဲ့ 'နုတ်စ်' စာအုပ်လေးကို သူ့ရှေ့အနီးဆုံး စန္ဒရားခုံပေါ် တင်ပေးလိုက်တယ်။

"အဖိုး တီးကြည့်"

အမိန့်ပေးသလို တိုက်တွန်းလိုက်တယ်။

အဘွားကြီးက စန္ဒရားကို မမြင်ဖူးတဲ့ **အထူးအဆန်း** သတ္တဝါတစ်ကောင်လို ငေးကြည့်နေရာက **စန္ဒရားခလုတ်လေးတွေ** ကို ဟိုစမ်းဒီစမ်း လိုက်နှိပ်တယ်။

"ဒေါင်... ဒင်..."

နောက် ဟယ်လင်ကို နာမလည်သလို မော့ကြည့်တယ်။

ဒ္ဒါပေမဲ့ မျက်လုံးသေးသေးလေးတွေထဲမှာ အရောင်တဖျပ်ဖျပ် လက်သွားတယ်။

နုတ်စ်စာအုပ်ကို လှမ်းကြည့်တယ်။

ပြီးတော့ စန္ဒရားခလုတ်တွေကို ဟိုတို့ဒီတို့နဲ့ စမ်းတီးပြန်တယ်။

သူတို့အားလုံးက မျှော်လင့်တကြီး ရင်တထိတ်ထိတ်နဲ့ ဝိုင်းကြည့်နေမိကြတာ အသက်တောင် ရှဲရှဲမရှူမိသလောက်။

နောက် အဘွားကြီးက စန္ဒရားခုံပေါ်မှာ အကျအန နေရာယူထိုင်လိုက်တာ တွေ့ရတယ်။

ဒီ့အပြင် စန္ဒရားသံတွေဟာ ဟိုတစ်လုံး ဒီတစ်လုံး ဖြစ်နေရာကနေ အတွဲလိုက်၊ ပြီးတော့ သံစဉ်တွေ ပီပီသသထွက်လာတာ ကြားလိုက်ရတယ်။

သူ့ရှေ့က သင်္ကေတနုတ်စ်တွေကို ကြည့်ရင်းက လက်ဖျားလေးတွေက ပိုသွက်လာသလို၊ အလူးအလိမ့်အတို့အခက် အမွေအနှောက်လေးတွေ ပါလာတယ်။

ဂီတသံစဉ်တွေဟာ ငှက်ကလေးတွေလို တစ်အိမ်လုံးအနှံ့ ပျံသန်းနေခဲ့ပါပြီ။

တကယ်ဆိုတော့...Hymns ဆိုတဲ့ ဓမ္မဂီတသံစဉ်တွေပါ။ တော်ရုံ စန္ဒရားသမား အညတြလူတွေ မတီးနိုင်အောင် ခက်ခဲ



နက်နဲ လှပဆန်းကြယ်တဲ့ တီးကွက်တွေပေါ့။ ဂီတလှိုင်းတွေဟာ သက်ရှိသက်မဲ့အားလုံးနဲ့ ပတ်ဝန်းကျင်လောကကြီးကို လွှမ်းမိုးစီးမျော နေပါတယ်။

နားဝင်ချိုသလောက် ရင်အေးစရာက နှလုံးသားတွေကို အရည်ပျော်စေခဲ့ပါပြီ။

သားအဖေတစ်တွေဟာ သံသယတွေကင်းရှင်းပြီး အံ့ဩဝမ်းသာ ကြေကွဲဝမ်းနည်း ပျော်ရွှင်ကြည်နူးမှုဆိုတဲ့ ခံစားချက်ပေါင်းစုံ ရောယှက်တဲ့ မျက်နှာကိုယ်စီနဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်းက ဂီတရေယဉ်ကြောမှာ မေ့မောသွာ ကြရပါတယ်။

ဂီတငှက်ကလေ ကတော့ ဘာကိုမှ အရေးမစိုက်၊ အသိမလုပ်ဘဲ လွတ်လပ်စွာ မြူးထူးပျံသန်းနေဆဲပါပဲ။

စမ်းရေစီးသံလို တအေးအေး တငြိမ့်ငြိမ့်နဲ့ ပန်းလေးတွေ ကြွေသလို တသိမ့်သိမ့်တယဉ်ယဉ်လေး လျှို့ဝှက်တဲ့ သံစဉ်လှိုင်းလေးတွေ ကောင်းကင်ပေါ်မှာ လွင့်ပျံနေပါရောလား။

ဘယ်လောက်ကြာမှန်း မသိ။

စန္ဒရား အတီးရပ်လိုက်သလို ဂီတသံတွေလည်း ပျောက်သွားပါတယ်။

အဘွားကြီးကတော့ ဘာမှမသိသလို ခုနစန္ဒရားလက်သံရှင်ဟာ သူပဲမဟုတ်တော့သလို ငုတ်တုတ်လေး မလှုပ်မယှက်။

မြေးမလေး ဟယ်လင် မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်လျှံနေပါပြီ။

အဘွားကို ဘယ်သူတွေက ဖမ်းခေါ်သွားတာလဲ။

မမြင်ရက်စရာ ဘဝဆိုးကို ဘယ်သူတွေက ပို့ခဲ့တာလဲ။

အမည်မဖော်ဘဲ သတင်းပေးတယ်၊ တယ်လီဖုန်းဆက်ခဲ့တာ ဘယ်သူလဲဆိုတာတွေ ခေါင်းထဲထည့် မစဉ်းစားတော့ပါဘူး။

လောလောဆယ် သူသိလိုက်တာကတော့ စုတ်ပြတ်နံစော်ပြီး ဝဲတွေ အဖွေးသားနှင့် အဘွားကြီးကို အားရပါးရ ပြေးဖက်ပြီး မွှေးမွှေးပေးလိုက်ဖို့ပါပဲ။

"အဖီး... ဝမ်းသာလိုက်တာ အဖီးရယ်၊ ဘုရားသခင်ကျေးဇူးတော်ကြောင့် ပြန်တွေ့ရတာပါလား အဖီးရယ်"

မိသားစုအားလုံးရဲ့ အပြုံးတွေမှာ မျက်ရည်တွေဝဲလို့။ ပျော်စရာခရစ္စမတ်သီချင်း သံစဉ်လေးတွေ ရင်ထဲကိုယ်စီ လှိုင်းခတ်လို့။

ဩော်... လူ့ဘဝ လျှို့ဝှက်ဂီတ သံစဉ်လေးတွေနဲ့အတူ... လှုပ်ရှားနေရတာပါလား။

**(ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်ပါကြောင်း)**

ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်း၊

အမှတ် (၃၆)၊ ဩဂုတ်လ ၂၀၀၅

❐

## ဆံပင်ကောင်များရဲ့တွန်သံ

(၁)

အသက် ၃၀ ကျော်တာနဲ့ ထိပ်ပြောင်ရမယ်လို့ ဥပဒေဏန့်သတ်မထားသလို၊ မပြောင်ရဘူးလို့လည်း လောကနိယာမ မရှိခဲ့ပါ။

"ပြောင်ခြင်း"က ရာဇဝတ်မှု ကျူးလွန်ရာ မရောက်တဲ့တိုင် လူပုံအလယ်မှာ မျက်နှာထားခက်ခက်နဲ့ ရှက်စရာတော့ ကောင်းလှချည်ရဲ့။

ဒီခံစားချက်မျိုး ရင်တွင်းမချိမဆံ့ဖြစ်ပြီး ခံစားနေရသူက တခြားဟုတ်ပါရိုးလား။ ကျုပ်လေ... ကျုပ်... ကျုပ်။

ကြည့်စမ်းပါဦးဗျာ။ အမေ့နယ်၊ ကျုပ်ကိုမှ မွေးထုတ်လိုက်ပုံက ကျိုးတိုးကျဲတဲ ပြောင်းဖူးမွေးဆံပင်နဲ့။ အဲ... လူလားမြောက်ဖို့ လူပျိုပေါက်ဖြစ်တဲ့အချိန်မှာပဲ ရှိစုမဲ့စု "ကေ"လေးတွေက နဖူးကနေ ငယ်ထိပ်အဆုံးထိ ကျွတ်ပြီး ပြောင်တလင်းခါသွားတာကိုး။

ဒီလိုနဲ့ ဘွဲ့ရလို့ ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်တဲ့အထိ "ပြောင်ပြောင်"၊ "ကိုကိုပြောင်"၊ "ပြောင်ကြီးစံ" တဲ့ နာမဝိသေသနတွေနဲ့

ပြောင်ချော်ချော် ဝိုင်းအခေါ်ခံခဲ့ရတာပါပဲ။ အထူးသဖြင့် ကောင်မလေး တွေက ကိုပြောင်ပြောင်လို့ခေါ်တာ အသည်းနာဆုံး။

ဝတီ၊ ဂျူလိုင်ဆွေ၊ ခင်ချိုချိုခိုင်စတဲ့ ကျုပ် ချိတ်နေတဲ့ ကောင်မလေးတွေက ကွယ်ရာမှာ ပြောတယ်တဲ့။

"လူကြီးက ခန့်ခန့်ညားညား နှုတ်ခမ်းမွေးကြီးနဲ့ ခေါ်လာလည်း ထောတော့ အပြစ်ပြောစရာမရှိပါဘူး၊ ဒါပေမဲ့ နဖူးကပြောင် ထိပ်က ပြောင်နဲ့ ဘိုးရင်းဆယ်စင်း ရင်ပေါင်တန်းဆင်းလို့ရအောင် ပြောင် နေတာ၊ သူနဲ့တွဲသွားရမှာ အောက်လွန်းတယ်ကွာ"

ဒီတင် ကျုပ် ရှက်ရှက်နဲ့ အလုပ်ထွက်ခဲ့ပြီး ခုတော့ ကားပွဲစား။ အိမ်ပွဲစား အထွေထွေပွဲစား လုပ်နေတယ်ပေါ့။

ဘာပဲဖြစ်ဖြစ် အခြေကတော့ ရှင်းနေတာပဲ။

တစ်... အမြန်ဆုံး ဆံပင်ပေါက်ရေး ကျုပ်အရေး။

နှစ်... အမြန်ဆုံး ဆံပင်ပေါက်ရေး ကျုပ်အရေး။

သုံး... အမြန်ဆုံး ဆံပင်ပေါက်ရေး ကျုပ်အရေး။

ကဲ... ဒီတော့ ဆံပင်အမြန်ပေါက်ရေးအတွက် ကျုပ် အသည်း အသန် ကြိုးစားခဲ့ရပါပြီကော။ ဆံပင်ပေါက်မယ်ဆိုလို့ ဘာဆီဘာညာ ခွေးဆီတောင်မရှောင် မျက်စိမှိတ်လိမ်းလိုက်တာကလား။ ဘယ်ဆေး ကောင်းတယ်၊ ဆံပင်အမြန်ပေါက်မယ် ကြားတာနဲ့ အပြေးအလွှား သွားဝယ်လိမ်းလိုက်တာပဲပေါ့။

ဒါပေမဲ့ ကြော်ငြာတွေသာ ကောင်းတာ။ တကယ်တမ်းမှာ ဆံပင်က တစ်ချောင်းတောင် ပေါက်မလာ။ ထိပ်ကြီးကပြောင်မြဲ၊



ပြောင်ဆဲ၊ ပြောင်လျက်။

စိတ်ဓာတ်ကျလိုက်တာဗျာ၊ ထိုင်ငိုချင်စိတ်ပေါက်တဲ့အထိ။

ဒီကြားထဲက တီဗွီနဲ့ သတင်းစာတွေထဲမှာ ကြော်ငြာတစ်ခု တွေ့လိုက်ရပြန်ရော။

"၂၄ နာရီအတွင်း ဆံပင်ပေါက်ရမည်"

"ခေတ်မီသိပ္ပံနည်းဖြင့် တီထွင်ထားသော ဆေးများနှင့် အာမခံ ကူညီပေးသည်"

"စိတ်တိုင်းမကျလျှင် သုံးဆပြန်လျော်မည်"တဲ့။

လိပ်စာကလည်း ဝေးဝေးလံလံမှာမဟုတ်။

ကျုပ်နဲ့ ဟိုဖက်ဒီဖက် ရပ်ကွက်က ကားလမ်းမကြီးပေါ် မှာဆိုတော့ ပိုအဆင်ပြေသွားတယ်။

ဒီလိုနဲ့...

* * *

(၂)

ပြင်သစ်ပြန် ဆံပင်အလှပြုပြင်ရေး ပါရဂူကြီး ဦးစိန်လျှံ၊ ဒေါ်မာဂရက်တို့ဆိုင်ကို ကျုပ် ရောက်သွားတယ်ဆိုပါတော့။

ဦးစိန်လျှံက အသက် ၅၀ ကျော်လောက်ရှိပြီး ထောင်ထောင် မောင်းမောင်းနဲ့ ရုပ်ကလည်း အတော်သန့်တယ်။ ဒေါ်မာဂရက် ဆိုတာကတော့ အသက် ၄၀ လောက်နဲ့ ကုလားကပြားပုံစံပဲ။ တကယ့် အပျိုမလေးအတိုင်း ဆံပင်တွေကောက်လို့။

နှစ်ယောက်စလုံးကတော့ ပြုံးပြုံးလေးတွေနဲ့ ဖော်ဖော်ရွေရွေ၊ အပြောကောင်းကြသလား မမေးနဲ့။

"ငါ့ညီ... ဘာမှမပူနဲ့၊ အစ်ကိုတို့နဲ့ တွေ့လို့ကတော့ အနိမ့်ခံဘဝက ဝင့်ကျွတ်သွားစေရမယ်၊ ကော့ပျံလန်ထွက်သွားမှာ သေချာတယ်၊ အစ်ကိုတို့က ဒီပညာကို ပြင်သစ်ကတောင် သင်လာတာ"

"ဟုတ်တယ် ငါ့မောင်... တို့မြန်မာပြည်မှာ မမတို့လို ဘယ်သူမှ မလုပ်နိုင်သေးဘူး၊ မမတို့က ပြင်သစ်က ဓာတုဗေဒနည်းကို ရလာတာ၊ ဟိုမှာတော့ အရမ်းအောင်မြင်နေတာပဲ"

"ငါ့ညီ လုံးဝစိတ်ချမ်းသာစေရမယ်၊ ကျေနပ်မှု ရာခိုင်နှုန်းပြည့်ရဖို့လည်း တာဝန်ယူတယ်၊ ဥပမာ ငါ့ညီကြိုက်တဲ့ ဆံပင်အရှည်အလျား၊ ဆံပင်ပုံစံအတိုင်း တစ်သဝေမတိမ်း ရစေရမယ်"

"အဲဒီလိုရဖို့အတွက်လည်း ခေတ်မီဆုံး ကိရိယာတွေ သုံးစွဲထားတာပါ၊ ဈေးကြီးတာကို မတွက်နဲ့ ငါ့မောင်၊ ငါ့မောင်က ဆံပင်ရှည်ရှည်နဲ့သာဆိုရင် မင်းသားချောချောသွားမှာ၊ တော်ကြာ ကောင်မလေးတွေ ဝိုင်းလိုက်နေလို့ ထွက်တောင်ပြေးနေရဦးမှာ"

ဒီလို ဒီလိုစကားတွေ ကြားရတော့လည်း ဒီကောင် ဘယ်တင်းခံနိုင်ပါတော့မလဲ။

ငါးသောင်းဆိုတဲ့ ငွေကို မငြင်းနိုင်တော့ဘူးလေ။

"ဆရာတို့ ပြောတဲ့အတိုင်းသာ အမြန်ဆုံး ဆံပင်ပေါက်ပါစေနော်"



"အိုကေ... လုံးဝတာဝန်ယူတယ်၊ မဟုတ်ရင် သုံးဆပြန်လျော်ပြီးသား"

"ဒီရက်ပိုင်းအတွင်းတောင် လာသွားတာ ငါးယောက်လောက်ရှိပြီ၊ အားလုံး အဆင်ပြေ အကြိုက်တွေ့သွားတာပဲ"

ဒါနဲ့ နောက်တစ်နေ့မှာပဲ သူတို့တိုက်အောက်က အလှပြင်ခန်းထဲ ရောက်ခဲ့ရတော့တယ်။

ပထမ ကျုပ်ကို ဒီဂျစ်တယ်ကင်မရာလေးနဲ့ ဓာတ်ပုံရိုက်ရတယ်။ ပြီးတော့ ကွန်ပျူတာ စကင်ဖတ်ပြီး ဆံပင်ပုံစံအမျိုးမျိုးကိုယ့်မျက်နှာပေါ် တပ်ပေးတာကို ထိုင်ကြည့်ရတယ်လေ။

ဆံပင်ပုံစံတွေကတော့ မိုက်မှမိုက်။

အရှည်၊ အတို၊ အလတ်၊ အကောက်၊ အတွန့်လေးငါးဆယ်မျိုးကို စုံသွားတာကလား။

နောက်ဆုံးတော့ ကျုပ်နှုတ်ခမ်းမွေးနဲ့ လိုက်မယ်ထင်တဲ့ ကုပ်ဝဲဆံပင်ကြီးကို ရွေးလိုက်တယ်။

"ကောင်းတယ်၊ ငါ့မောင်ရုပ်က အဲ့ဒီဆံပင်ဒီဇိုင်းနဲ့သာဆိုရင် အမေရိကန်မင်းသား ချားလ်စ်ဘရော့ဆွန်လား၊ ဂစ်တာဘုရင် ဂျင်မီဟင်းဒရစ်ခ်လား အောက်မေ့ရတယ်"

"မြင်မြင်သမျှ မဒီကညာအလှတွေ အပြတ်ကို ခိုက်သွားမှာပဲ"

သူတို့က ကျုပ်ကို ဆံပင်အားဆေးဆိုပြီး လက်မောင်းမှာ ဆေးတစ်လုံးထိုးပေးလိုက်တယ်။

ပြီးတော့ ခေါင်းမှာ ဆံပင်ပေါက်ဆေးအရည်တွေ လိမ်းပေးတယ်။

အိပ်ရာဝင် ထပ်လိမ်းဖို့ ဆေးတစ်ပုလင်းလည်း ပေးလိုက်သေးရဲ့။

အရိုင်းဗုံသံတွေ ကြားနေရသလိုပဲ။

ပြောရရင်တော့ ဝမ်းသာသလို ဝမ်းနည်းသလိုလို၊ တစ်မျိုးကြီး။

* * *

(၃)

အိပ်မက်မဟုတ်ပါစေနဲ့လို့ ကျုပ် ဆုတောင်းမိတယ်။

တကယ်တော့… ရုပ်ရှင်ကားတစ်ကားထဲက ဇာတ်ဝင်အချစ်ခန်း Love Scene တစ်ခုမှာ ကျုပ်ကိုယ်တိုင် မင်းသားဖြစ်သွားရတာကိုး။

ကျုပ်… ဆံပင်တွေ အရှည်ကြီး၊ ဟာဝေယံရုပ်နဲ့ စတိုင်ဘောင်းဘီဝတ်ထားပြီး အိတ်ဇောနစ်လုံးတပ် ဟွန်ဒါဆိုင်ကယ်ကြီးစီးလို့။

နောက်မှာလည်း မော်ဒယ်ဂဲလ်ဒီဇိုင်းနဲ့ ဆယ်ကျော်သက်မလေးတစ်ယောက်… ကျုပ် ခါးကို အားရပါးရ ဖက်လို့။

"အို… သိပ်ယားတာပဲ၊ သူ့ဆံပင်ကြီးတွေက ကြိုးလေးဘာလေးနဲ့ စည်းထားတာမဟုတ်ဘူး"

အိမ်ပြန်ရောက်တော့လည်း ဝတီဆိုတဲ့ ကောင်မလေးက အခန်းဝက အသင့်ဆီးကြိုနေတာကလား။



"ကိုပြောင်ကြီးကို မခေါ်တော့ဘူး၊ ကိုအရှည်ကြီးလို့ပဲ ခေါ်တော့မယ်နော်"တဲ့။

ကျုပ် အိပ်ရာက နိုးတော့ မိုးလင်းနေပြီ။

နိုးနိုးချင်း ငယ်ထိပ်ကို ကပျာကယာ စမ်းကြည့်မိလိုက်တယ်။

ဟောဗျာ… ဟာ… တကယ်ပဲ။ ကျုပ်… ကျုပ်ခေါင်းမှာ ဆံပင်တွေ… ဆံပင်တွေ အပြည့်ပေါက်နေပြီဗျ။ ပခုံးပေါ် ကုပ်ပေါ် ဝဲနေတဲ့အထိ ရှည်လျားပျော့ပျောင်းတဲ့ ဆံပင်တွေ။

ကျုပ် ခုတင်ပေါ်က ခုန်ဆင်းပြီး မှန်ရှေ့ပြေးကြည့်ခဲ့တော့တာပဲ။

အဟုတ်ဗျို့။ ကျုပ် အိပ်မက်မက်နေတာ မဟုတ်ဘူး။

ပျော်လိုက်တာ ဘာပြောကောင်းမလဲ။

ကျုပ်… ဦးစိန်လျှံတို့အိမ်ကို ဖုန်းကောက်ဆက်လိုက်တယ်။

"ကျေးဇူးပဲဆရာ၊ ကျေးဇူးပဲ… ကျွန်တော် ဆံပင်တွေ ပြန်ပေါက်လာပြီဗျ၊ ကျေးဇူးကုဋေပါ"

ကြော့ရှင်းနေတဲ့ ကျုပ်ဆံပင်တွေကို တယုတယ နမ်းလို့မဆုံးတော့ပါဘူး။

ကဲ… ဘယ်ကောင်မတွေ ငါ့ကို ပြောင်ပြောင်လို့ ခေါ်ကြဦးမလဲ။

ရေမိုးချိုး။ အဝတ်အစားလဲပြီးတာနဲ့ ကျုပ် ကေတွေကို အပြတ်ရှိုင်းလိုက်တယ်။

ဆီမွှေးတွေ ရေမွှေးတွေ ဖျန်းလိုက်တယ်။

ပြီးတော့ ဆိုင်ကယ်တစ်စင်းနဲ့ ရှိုးထုတ်ထွက်တော့တာပေါ့။

ဟာ... မိန်းမလှလေးတွေဆိုတာ ကျုပ်ကို နှစ်ခါပြန် သမင်လည်ပြန်ငေး။ မျက်စိတစ်ဆုံးငေးလို့ပဲ မဝတော့ပါလား။

ကျုပ် ဂျူလိုင်ဆွေတို့ဆီ တမင်သွားလိုက်တယ်။

"ကိုပြောင်... အဲလေ... ကိုကြီး... ကိုကြီး ထောနေတယ်ဆို"

"ဒီလိုကျတော့လည်း တို့ကိုကြီးက ကျော်ဟိန်းထက်တောင်သာဦးမယ်"

"ကိုကြီးက Wigs စွပ်ထားတာတော့ မဟုတ်ပါဘူးနော်"

ခင်ချိုခိုင်ရဲ့ စကားကြောင့် ကျုပ် နည်းနည်းတင်းသွားတယ်။

"အို... ဘယ်ကလာ ဆံပင်အတုရမှာလဲ၊ အစစ်... အစစ်... လူကလည်း လူပျိုကြီးအစစ်၊ ဆံပင်ကလည်း ဆံပင်အစစ်"

"ဒါဆို ဂုဏ်ပြုတဲ့အနေနဲ့ တို့အပျိုစစ်စစ်ကလေးတွေက လက်ဖက်ရည် လိုက်သောက်ကြမယ်ဟေ့"

ကြည့်စမ်း။ ဆံပင်တန်ခိုးက ဘယ်လောက်များ ကြီးလိုက်သလဲလို့။ တစ်ချိန်တုန်းက ခေါင်းခါခါ လက်ခါခါနဲ့ စတေးရှောင်ခဲ့တဲ့ ကောင်မလေးတွေ။ ခုတော့ ကျုပ်ပတ်လည်မှာ ဝိုင်းလို့။ ချစ်စရာ အပြုံးလေးတွေ၊ ဂီတဆန်တဲ့ ရယ်သံလေးတွေနဲ့ စားလိုက်သောက်လိုက်ကြတာ တစ်ဖြုံနှစ်ဖြုံ။

ကုန်ပလေ့စေ။ ကြိုက်သလောက်ကုန်။ အမလေး... ဒါလေးများ နှစ်ထောင်မကျော်ပါဘူး။



အမယ်... ဒီကြားထဲက ရုပ်ရှင်ပြပါလို့ ပူဆာကြသေးရဲ့။

"ငါးယောက်စလုံးတော့ မတတ်နိုင်ဘူး၊ တစ်ယောက်နှစ်ယောက်ဆိုရင် တော်သေးတယ်"

ဒီလိုနဲ့ညနေ ၅ နာရီပြန်ချိန်းပြီး ဝတီနဲ့ ဂျူလိုင်တို့ တစ်ဖက်တစ်ချက်ရန်ပြီး So Close ပြနေတဲ့ ရွှေဆောင်ရုံထဲ ရောက်ခဲ့ရပြန်ရော။

ရုပ်ရှင်အပြီး သူတို့ကို ဒင်နာဒဲပေါက် ကျွေးရပါတာတို့၊ တက္ကစီနဲ့ အိမ်လိုက်ပို့တာတွေ စာရင်းမတွက်တော့ပါဘူးလေ။

ကျုပ်ကိုယ်တိုင်လည်း ဘီယာလေး ခပ်ထွေထွေနဲ့ အိမ်ပြန်ခဲ့တယ်ဆိုပါစို့။

* * *

## (၄)

ပျော်ပျော်မောမောနဲ့ စောစောလေး အိပ်ရာဝင်ခဲ့တဲ့ ကျုပ်ဟာ အဆုံးမရှိတဲ့ အသူရာတွင်းနက်ကြီးထဲ ကျသွားတယ်ဆိုတဲ့ အိပ်မက်ဆိုးနဲ့ လန့်နိုးခဲ့ရတယ်။

တစ်ကိုယ်လုံး ယားကျိယားကျိတွေဖြစ်နေတာနဲ့ ခေါင်းကို စမ်းကြည့်မိတယ်။

လားလား... ဒီတော့မှ ဆံပင်တွေက ကုပ်ပေါ်ဝဲနေရာက ခါးလယ်လောက်အထိ ရှည်ကျနေတာ တွေ့လိုက်ရပါသော်ကော။

သန့်လိုက်တဲ့ ဆံပင်တွေဗျ။ ခေါင်းပေါ်တင်မကဘူး။ မျက်နှာပေါ်တောင် တက်ပေါက်နေပါရောလား။

ကျုပ်... မှန်ရှေ့ပြေးကြည့်လိုက်တော့ နဖူးရော၊ ပါးတွေရော ဆံပင်တွေ။ အဲ... အမွေးတွေ ထွက်နေပြီ။

ကျုပ်ဟာ လူရုပ်ပျောက်ပြီး မကောင်းဆိုးဝါးတစ်ကောင်လို ကြောက်စရာကြီး ဖြစ်နေပါပေါ့။

ဟောဗျ... လက်တွေကို ကြည့်လိုက်တော့လည်း ဆံပင်မွေးတွေ ဖုံးနေပါပကောလို့။

အင်္ကျီချွတ်လိုက်တော့လည်း ရင်ဘတ်တစ်ခုလုံး ဆံပင်မွေးတွေ အပြည့်။

အဲဒီထက်ပိုဆိုးတာက ကျုပ်မျက်စိအောက်တွင် ဆံပင်တွေက ကျန်တဲ့အသားတွေကိုဖောက်ပြီး ထိုးထိုးထောင်ထောင်နဲ့ ထွက်လာကြတာပဲ။

ရှင်းရှင်းပြောရရင်တော့ ဆံပင်တွေဟာ အသက်ဝင်နေသလိုလည်း ယိမ်းနွဲ့လှုပ်ရှားနေကြလေရဲ့။

တစ်ခုခုတော့ မှားသွားပြီ။ ဓာတုဗေဒဆေးတွေကြောင့်လား။ ဆေးတွေလွန်သွားလို့လား။ မတည့်တဲ့ အစာတွေ သွားစားမိလို့ပဲလား။

ဘာပဲဖြစ်ဖြစ်... ကျုပ် မခံစားနိုင်တော့ဘူး။

ရှေ့ဆက် ဒီ့ထက်ထိ ပိုဆိုးသွားတော့မယ်။ ဦးစိန်လျံတို့ဆီကို အချိန်မီသွား အသိပေးဖို့ ဆုံးဖြတ်လိုက်တယ်။



အပေါ်အင်္ကျီမပါဘဲ ဘောင်းဘီရှည်ကြီးနဲ့ပဲ ဦးစိန်လျံတို့အိမ်ကို အသေအလဲ ပြေးလာခဲ့တယ်ဆိုပါတော့။

အချိန်က ည ၁၀ နာရီ။

* * *

(၅)

တော်ပါသေးရဲ့။

ဦးစိန်လျံနဲ့ ဒေါ်မာဂရက် မအိပ်ကြသေးဘူး။ တိုက်ဧည့်ခန်းထဲမှာ တီဗွီကပြတဲ့ မြေလျှိုးမိုးပျံ တရုတ်သိုင်းကား ထိုင်ကြည့်နေကြတယ်။

"ချရာ... ဝူး... ရှိန်... လျံ... ချရား"

တံခါးကို တဝုန်းဝုန်းထုရင်း ခေါ်လိုက်တဲ့ ကျုပ်အသံတွေဟာ ဗလုံးဗထွေး၊ မပီမသ၊ ဝူးဝူးဝါးဝါးဖြစ်နေသလိုပဲ။

ဖြစ်မှာပေါ့။ ကျုပ်... ကျုပ် ပါးစပ်ထဲမှာလည်း ဆံပင်တွေ ထွက်လာပြီး လျှာတွေပါမကျန် ဆံခြည်ထွေးတွေနဲ့ လုံးနေပြီကိုး။

ဒေါ်မာဂရက်က သူတို့ကို ကျေးဇူးတင်စကား လာပြောတယ် မှတ်သလားမသိဘူး။ တံခါးကို အမြန်လာဖွင့်တယ်။

တံခါးဝက ကျုပ်ကို တွေ့လိုက်တဲ့နောက်... အမလေးတပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်သွားတယ်။ ဒေါ်မာဂရက်အသံကြောင့် ဦးစိန်လျံကလည်း ချာခနဲ လှည့်ကြည့်ပြီး ကယောင်ချောက်ချားနဲ့ မတ်တတ်ထရပ်လိုက်တယ်။

ဒီအချိန်မှာ ကျုပ် အိမ်ထဲဝင်လိုက်ပြီ။

"မင်း... မင်း"

"ဝုတ်တယ်... ဂျုပ် မွနေ့ဂလာဒဲ့လူး"

သူတို့ ချက်ချင်းသဘောပေါက်သွားတယ်။

အထိတ်တလန့်နဲ့ အံ့အားကြီးသင့်သွားတဲ့ကြားကပဲ သဘောကျတဲ့ အပြုံးနဲ့ မျက်နှာထားချိုလို့။

"ဘာမှမဖြစ်ပါဘူး၊ စိတ်အေးအေးထား ငါ့ညီ၊ ဆေးနည်းနည်းလွန်သွားတာပါ၊ ဖြေဆေးထိုးလိုက်ရင် ရပါတယ်"

"ထိုင်ပါဦးလား ငါ့မောင်ရယ်... ခဏလေး၊ ဘာမှမကြာပါဘူး"

ဒေါ်မာဂရက် ပြုံးတူးပျာတာနဲ့ အိမ်ထဲဝင်ပြေးတယ်။

ကျုပ် သူတို့ဆိုဖာတစ်လုံးမှာ ဝင်ထိုင်မိတယ်။

တီဗွီမှာက မြေအောက် လိုဏ်ဂူကြီးထဲက မိစ္ဆာတစ္ဆေတွေနဲ့ ကဝေသိုင်းဆရာကြီး ပညာပြိုင်ပြီး ဖိုက်နေကြတာ ဝုန်းဒိုင်းကြဲနေတာပဲ။

"အစ်ကိုတို့ဆေးက ဘက်တီးရီးယားပိုးတွေနဲ့ ခုမှ စမ်းသပ်ကာစဆိုတော့ အချိုးအဆ မမှန်သေးလို့ပါ။ ဒီလိုပဲ ဖြစ်တတ်ပါတယ်။ စင်စစ်က ငါ့ညီအပေါ် စေတနာပိုပြီး ဆေးတွေအများကြီး ပေးလိုက်မိတာကြောင့်ပါ"

ဦးစိန်လျံက ကျုပ်ကို ဖျောင်းဖျနားချတယ်။



ဒီအချိန်မှာပဲ ကျုပ် တစ်ကိုယ်လုံးက ဆံပင်တွေဟာ နွယ်ရှင်တွေလို ထိုးထိုးထွန့်ထွန့်နဲ့ တွန့်လိမ်ရှန်းကန်နေကြတယ်။

သေသေချာချာ ကြည့်လိုက်တော့ ဆံပင်တွေဟာ အသက်ဝင်နေရုံသာမက ဆံပင်ထိပ်ဖျားလေးတွေက မြွေခေါင်းတွေလိုဖြစ်ပြီး တစ်ကောင်နဲ့တစ်ကောင် မာန်ဖီနေကြသလိုပဲ။

ဟော... ဟော... မျက်စိအောက်မှာ အသက်ဝင်လှုပ်ရှားနေတဲ့ ဆံပင်မြွေတွေဆီက တရှဲရှဲနဲ့ တွန်သံတွေတောင် ကြားနေရပါပြီ။

အို... ဒီအတိုင်းသာဆို မကြာခင် ကျုပ် တစ်ကိုယ်လုံးဆံပင်ကောင်တွေ ဖုံးသွားတော့မယ်... ဝါးမျိုပစ်လိုက်တော့မယ် [illegible]။

ကျုပ် ကြောက်သွားတယ်။

ကျုပ် ဘာလုပ်ရမလဲ။

လက်စသတ်တော့ ဒီလင်မယားဟာ ကလိမ်ကကျစ်တွေပဲ။ ငွေရရင်ပြီးရော ဘာမဆိုလုပ်မယ့် ငွေသရဲတွေပဲ။

အဲ... ပြောရင်းဆိုရင်း... ကျုပ် အသားထဲက ဆံပင်ကောင်တွေ ထွက်လာပြန်ပြီဗျ။

"လုပ်ပါဦး အကောင်တွေ ထွက်လို့မဆုံးတော့ဘူး၊ ခင်ဗျားတို့ ဘာဆေးတွေနဲ့ လုပ်ခဲ့တာလဲ၊ ခင်ဗျားတို့ လူလိမ်တွေ"

အဲသလို ပြောချင်တဲ့ စကားတွေက ဂူးဝါးသံတွေသာ ဖြစ်သွားပါတယ်။

ဒေါ်မာဂရက် ဆေးထိုးအပ်တစ်ချောင်းနဲ့ ပြန်ရောက်လာတယ်။

"ဘာမှမပူနဲ့ ငါ့မောင်၊ စိတ်အေးအေးထား၊ ဒီဆေးတစ်လုံး ထိုးလိုက်တာနဲ့ ငြိမ်သွားမှာပါ"

"ဟုတ်တယ်… ငါ့ညီ ခုလိုဖြစ်တတ်လို့ အစ်ကိုကြီးတို့က ဖြေဆေးဆောင်ထားတာပေါ့၊ အားလုံး ကောင်းသွားစေရမယ်"

ဦးစိန်လျှံကပါ ဝင်ပြောရင်း ဒေါ်မာဂရက်ကို မေးငေါ့ပြလိုက်တယ်။ မျက်စိတစ်ဖက်လည်း မှိတ်ပြလိုက်သေးသလိုပါပဲ။ ပြီးတော့ ကျုပ်လက်ကို ဖမ်းချုပ်ထားလိုက်တယ်။

ဘာရမလဲ။ အလိုက်သင့်ငြိမ်နေခဲ့ရာက ဒေါ်မာဂရက်က ဆေးထိုးအပ် ဝင်စိုက်မယ့်ဆဲဆဲ ကျုပ် ဝုန်းခနဲ ခုန်ထလိုက်တာပေါ့။

ပြီးတော့ ဒေါ်မာဂရက်ရဲ့ လက်ထဲက ဆေးထိုးအပ်ကို ဝင်လုမိတယ်။ လက်တုန်ခြေတုန်နဲ့ ဒေါ်မာဂရက်လက်က ဆေးထိုးအပ်ကို အလွယ်တကူ ရလိုက်တာပဲ။

ကျုပ်ဟာ လူစိတ်ပျောက်သွားသလို ကျုပ်လက်ထဲရောက်လာတဲ့ ဆေးထိုးအပ်ကို ဦးစိန်လျှံလက်မောင်းကို စိုက်ပစ်လိုက်တာနဲ့ တစ်ပြိုင်နက်ထဲမှာ ဆေးတွေ ထိုးသွင်းလိုက်တယ်လေ။

"မလုပ်နဲ့… မလုပ်နဲ့… အား…"

ဆေးဝင်သွားတဲ့ စက္ကန့်ပိုင်းအတွင်းမှာ ဦးစိန်လျှံဟာ ကိုးရိုးကားရားကြီးနဲ့ ဗိုင်းခနဲလဲကျသွားတယ်။ နောက်… ဆန့်ငင်ဆန့်ငင်နဲ့ အကြောတွေဆွဲပြီး ပါးစပ်က အမြှုပ်တစီစီနဲ့ တဒင်္ဂအတွင်း ငြိမ်ကျသွားတယ်။



သြော်… ကျုပ်ထင်တဲ့အတိုင်း ကျုပ်ကို နှုတ်ပိတ်ပြီး ငြိမ်ဆေးထိုးပေးဖို့ ကြံကြတာ ကျိန်းသေသွားပြီ။

ကျုပ် အကြီးအကျယ် ဒေါကန်သွားတယ်။

ကျုပ် မျက်စိထဲ ဘာမှမမြင်တော့ဘူး။

ကျုပ်အသိထဲမှာ သဘာဝတရားကို လွန်ဆန်မိတဲ့ ကျုပ်ကိုယ်ကျုပ် အပြစ်တင်ရင်းနဲ့ ကျုပ်ကို ချောက်ချခဲ့တဲ့ ဒေါ်မာဂရက်ကို အခဲမကျေတဲ့စိတ်တွေသာ လွှမ်းမိုးသွားတော့တယ်။

ပြေးဖို့ ခြေလှမ်းပြင်လိုက်တဲ့ ဒေါ်မာဂရက်ကို ခုန်အုပ်ပြီး လည်ပင်းညှစ်လိုက်တယ်။

ဒေါ်မာဂရက်က ကြောက်အားလန့်အားနဲ့ ရုန်းရင်းကန်ရင်းကပဲ ကျုပ်နဲ့ လုံးလားထွေးလား ဖြစ်နေတယ်။

ကျုပ်ရဲ့ ဆံပင်ကောင်တွေက သူ့အသားတွေကို ဝိုင်းကိုက်လို့ အော်လိုက်တာ ငယ်သံကိုပါရောပဲ။

ဒီကြားထဲက ထူးထူးဆန်းဆန်းဗျာ။ ကျုပ်ကိုယ်ပေါ်က ဆံပင်ကောင်တွေက သူ့တစ်ကိုယ်လုံးကို ခုန်ကူးသွားကြပြီး အသားထဲ ဖောက်ဝင်နေကြပါရောလား ဟရို့။

ဒေါ်မာဂရက် စန့်စန့်ကြီးလဲနေရာက တွန့်လိမ်ကောက်ကွေးရင်း ငြိမ်ကျသွားပြန်တယ်။ ကေန့တော့ အကြောက်လွန်ပြီး အသက်ပါသွားတာပဲဖြစ်ရမယ်။

ဟား… ဟား… ဟား…

ကောင်းတယ်။ ကောင်းမှကောင်း။ လူယုတ်မာ လင်မယား ဘယ်သူ့ကိုမှ ရှေ့ဆက်ဒုက္ခမပေးနိုင်တော့ဘူး။

ဘာလဲ… ခု ကျုပ်ပြောနေတာတွေ မယုံဘူးလား။

ကျုပ် ရူးသွားပြီလို့ ခင်ဗျားတို့က ပြောချင်ကြလို့လား။

အဲ… အဲ… ပြောရင်းဆိုရင်းနဲ့ ကျန်ခဲ့တဲ့ ဆံပင်ကောင်တွေက ကျုပ်ကို ဝိုင်းကိုက်နေကြပြန်ပြီ။

မျက်နှာတွေ ခြေတွေ၊ လက်တွေ တစ်စမကျန် ပြန်ကိုက်နေတာဗျ။

သွေးတွေ၊ သွေးစိမ်းရှင်ရှင်တွေ၊ သွေးစက်လက်တွေ။

ကျုပ်… ကျုပ် ပြေးပေါက်မရှိတော့ဘူး။

ကျုပ် မျက်လုံးတွေ ပြာလာပြီ။

ကျုပ်လည်း သေတော့မယ်ထင်ပါရဲ့။

လုပ်ကြပါဦး… ကယ်ကြပါဦး။

**ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်း၊**

**အမှတ် (၃၄)၊ ဇွန်၊ ၂၀၀၅**

❏

# အနိဗ္ဗာ

နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ဝဏ္ဏဦးတစ်ယောက် ဒိုင်မောင်မောင်ရဲ့ ဘီလီယက်ခုံရုံထဲကို ဗြုန်းခနဲ ဝင်သွားမိတယ်။ စီးကရက်နံ့က သူ့နှာခေါင်းကို ကလိလိုက်တယ်။

သက္ကလတ်စိမ်း ဘီလီယက်ခုံမှာတော့ ဒိုင်မောင်မောင်တစ်ယောက်တည်း ခုံပေါ်ဝမ်းလျားမှောက်ပြီး ဘီလီယက်ထိုးနေလေရဲ့။

ဘီလီယက်ဘောလ်နဲ့ ကျူတံတို့ ရိုက်ခတ်သံ တောက်ခနဲနောက်မှာ ဘောလုံးချင်းတိုက်သံတွေ တဖြောင်းဖြောင်းပေါ့။

ပြီးတော့ သူက ထိုးကွက်ထပ်ရှာဖို့ ခုံကိုအပတ်မှာ ဝဏ္ဏဦးနှင့် မျက်နှာချင်းဆိုင်လျက်သား။

"ဟာ… ကိုဦး ဘယ်ကဘယ်လို မျက်စိလည်လာပါလိမ့်"

ဒိုင်မောင်မောင်က နှုတ်ခမ်းဖျားမှ စီးကရက်ခဲလျက်သား မေးလိုက်ပြီး စီးကရက်ငွေ့တွေ ဖွာထုတ်လိုက်ရာက ဝဏ္ဏဦးကို အကဲခတ်တဲ့ မျက်လုံးတွေနှင့် ကြည့်နေလိုက်တယ်။

"အေးဗျာ ခင်ဗျားဆီကိုပဲ တမင်လာတာ ဆိုပါတော့"

ဝဏ္ဏဦးက လေအေးလေးနှင့် ခပ်တည်တည် ပြောလိုက်တယ်။

ဒိုင်မောင်မောင် မျက်မှောင်ကုတ်သွားတယ်။

ပြီးတော့ ခပ်ပြုံးပြုံးလေးနဲ့ပဲ...

"ကျွန်တော် ဒိုင်မလုပ်တော့တာ ကြာပြီလေဗျာ၊ ၁ လုံးရော၊ ၂ လုံးရော၊ ၃ လုံးကော ခု ဘေးကင်းရန်ကင်း ဘီလီယက်ခုံ ထောင်စားနေတာပဲဥစ္စာ"

"အခု ရပ်ကွက်ထဲမှာ ခုံတွေများလာတော့ ကိုက်ပါ့မလားဗျ"

"ဒိုင်ကိုင်တာလောက်တော့ ဘယ်ကိုက်ပါ့မလဲဗျာ၊ ဒါကြောင့် လော့ဂျင်းလေး ဘာလေးများ ဖွင့်မလားလို့ စဉ်းစားနေတာ၊ မတတ်နိုင်သေးလို့"

မောင်မောင့်စကားက ရိသဲ့သဲ့ ချိတ်တိတ်တိတ်။ ဝဏ္ဏဦး ပြုံးလိုက်သည်။ ပြီးတော့...

"အင်း... မောင်ရင့်ခေါင်းက စဉ်းစားလိုက်ရင် ကောင်းတာ သိပ်ပါမှာ မဟုတ်တာတော့ ကိုယ် သဘောပေါက်ပြီးသား၊ ခု ဘီလီယက်ခုံမှာတင် လောင်းကစားနဲ့တွဲပြီး လူငယ်တွေ ဘယ်လောက် ပျက်စီးသွားပြီလဲ မဆိုနိုင်ဘူး"

"ဒါကတော့ သူတို့ရောဂါနဲ့ သူတို့ပဲလေ ကိုဦးရဲ့"

မောင်မောင်က လက်ထဲမှ စီးကရက်တိုလေးကို တောက်ပစ်လိုက်ရင်း စကားဖြတ်ပြီး စားပွဲစိမ်းပေါ်မှ တည်ဘောအဖြူလေးကို ထောင်းခနဲ ကောက်ထိုးလိုက်သည်။ ဘောလုံးလေးက အနီလုံးကို ပါးပါးလေးပွတ်ပြီး တတိယအဖြူလုံးကို တိုက်သည်။ နောက်နှစ်လုံး



စလုံး လိမ့်ပြေးသွားရာမှ ပေါင်ကို ဘက်ပြန်ရိုက်သည်။ တစ်လုံးက ထောင့်ကျင်းထဲသို့ တန်းဝင်သွားသည်။

"ချန်ပီယံ ရှော့တ်ပဲ"

"ဝါသနာပါရင် တစ်ပွဲလောက်ထိုးလိုက်ရအောင်လေ"

"ကျွန်တော်က လူဆိုးသာဖမ်းတတ်တာ ဘီလီယက်မကျွမ်းဘူးဗျ"

"ဩော်... ဩော်"

ဒိုင်မောင်မောင်က ခုံပေါ်၌ ဘီလီယက်ဘောလ် အဖြူနှစ်လုံးနှင့် အနီတစ်လုံးကို နေရာတည်လိုက်သည်။ ကျူတံကို ဆေးခဲလေးဖြင့် ပွတ်ရင်း...

"ဒါ့ထက် ခု ကိုဦး ကျွန်တော့်ဆီ လမ်းကြုံလို့ဝင်လာတာ မဟုတ်ဘူးပေါ့၊ အလုပ်ကိစ္စပါလား"

"အေးဗျာ၊ ဟိုဖက်လမ်းထိပ်က ဒေါ်ဖြူဖြူခင်တို့အိမ် ညက အဖောက်ခံလိုက်ရလို့တဲ့ လက်ဝတ်ရတနာတွေကလွဲလို့ ဘာမှပါမသွားပါဘူး၊ သိန်း ၆၀ ဖိုးလောက်တော့ရှိမယ်"

"အဲဒါနဲ့ ကျွန်တော့်ဆီ လာရရောလား"

"ဒီလိုရှိတယ်လေ ကိုမောင်မောင်က ဖောက်ထွင်းလောက အကြောင်း အတွင်းသိ အစင်းသိဆိုတော့ သတင်းလေး ဘာလေးများ ရလိုရငြား"

"ကျွန်တော် အဲဒီလောကနဲ့ အဆက်ပြတ်နေတာ ကြာပါပြီ

ဆိုဗျာ၊ အဲဒီလူတွေနဲ့လည်း ဘာမှပတ်သက်စရာအကြောင်းမှ မရှိတော့ပဲ၊ ကိုဦး ကျွန်တော့်ကိုလာပြီး စိတ်အနှောင့်အယှက်ပေးရာ ရောက်နေပြီ”

ဒိုင်မောင်မောင်က ဒေါသသံနှင့် ခပ်ထန်ထန်လေး ဖြစ်နေ၏။

ဝဏ္ဏဦးလည်း မျက်နှာထားတင်း၍ အသံမာသွားသည်။

“ဒီမယ် ကိုမောင်မောင် ခင်ဗျားသိတဲ့အတိုင်းပဲ၊ H.S (လူဆိုးစာရင်းဝင်)ရှိထားတဲ့ လူတစ်ယောက်အနေနဲ့ အမေးအမြန်း ခံရတာ ခင်ဗျားအတွက် ဂုဏ်သိက္ခာထိခိုက်တယ်လို့ ဆိုချင်သလား”

“မဟုတ်ပါဘူး ဆရာရယ်၊ အဲဒီကိစ္စ ကျွန်တော် ဘာမှမသိတာ အမှန်ပါ၊ သိတယ်ဆိုလည်း ကိုဦးကို ကျွန်တော် ပြောမှာပေါ့”

ဒိုင်မောင်မောင်က တစ်ကစ်လျှော့၍ လေချိုသွေးလိုက်သည်။ သည်တော့ ဝဏ္ဏဦးက တစ်ဟာခ်ဘက်၍ ဟောက်မိ၏။

“ခင်ဗျားဟာ ကြွက်မဟုတ်သလို ကျွန်တော်ကလည်း ကြွက်လောက်ခုပ်တတ်တဲ့ ကြောင် မဟုတ်ဘူးဗျ၊ ရှင်းရှင်းပြောရရင်တော့ ခင်ဗျားလည်း ကျား၊ ကျုပ်လည်း ကျား၊ ကျားကျားချင်း ဆင်ကြဲကြဲနေကြတာ နောက်ဆုံးပြောမယ်၊ ဒေါ်ဖြူဖြူခင် အိမ်က ဖောက်ထွင်းပုံတွေဟာ ခင်ဗျားရဲ့လက်ရာ ခြေရာတွေနဲ့ တစ်ထပ်တည်းတူနေတယ် ဆိုရင်...”

“ဗျာ... အဲဒါတော့ အစော်ကားခံလိုက်ရတာပဲ၊ မနေ့ညက ဟုတ်လား၊ ဒါဆိုရင် ဒီမှာ ချာတိတ်တွေနဲ့ တစ်ညလုံးရှိနေတာ ကျွန်တော် အလီဘိုင်ပြလို့ရတယ်”



“တော်ပါတော့ ဒါတွေက ရိုးနေပြီ၊ ခင်ဗျား ဘိန်းသမား၊ ဆေးသမား ချာတိတ်တွေ စကားတွေကို တရားရုံးက ယုံမှာလည်း မဟုတ်ဘူး၊ ကံမကောင်းရင် ခင်ဗျားတင်တဲ့ သက်သေတွေက ကြံရာပါ တရားခံတောင် ဖြစ်သွားနိုင်တယ်၊ တကယ့်ဖြစ်စဉ်တောင် ဒီအတိုင်းပဲလား မသိဘူး”

ဒိုင်မောင်မောင်က ဣန္ဒြေဆည်တဲ့အနေနှင့် ရယ်ချလိုက်လေရဲ့။

ဝဏ္ဏဦး သူ့ရယ်သံကြားက Volume ကိုမြှင့်ပြီး ဟိန်းသံပေးလိုက်တယ်။

“ရယ်မနေနဲ့ ကိုမောင်မောင်၊ အားရပါးရ ဟန်ဆောင်ရယ်သောသူသည် ငိုရတတ်၏တဲ့။ ကဲ ကျွန်တော့်မှာလည်း တခြားအမှုတွေနဲ့ သိပ်အချိန်ရတာ မဟုတ်ဘူး၊ လိုတိုရှင်းပဲမေးမယ်၊ ဒေါ်မြူခင်ရဲ့ ရတနာပစ္စည်းတွေ ဘယ်မလဲ ကိုမောင်မောင်”

“ဟင်း... ဟင်း... ဝဏ္ဏဦးလို့ နာမည်ကြီးခဲ့သမျှ ဒီတစ်ပွဲတော့ ကိုယ့်ဆရာ ရေလိုက်လွဲနေပြီ၊ စကားပုံကတော့ ခပ်ရိုင်းရိုင်းပဲ ယုန်တောင်ပြေး ခွေးမြောက်လိုက်တဲ့ ဟဲဟဲဟဲ... မရှိတာကို ပေးရမယ်ဆိုတော့လည်း ကျောက်ခဲရေညှစ်သလို ပင်ပန်းရုံရှိမှာပေါ့ ဟား... ဟား... ဟား”

“ခင်ဗျားကိုယ်ခင်ဗျား အပြစ်ကင်းတယ်လို့ ယုံကြည်ဖို့ ကြိုးစားနေတာလား ကိုမောင်မောင်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီရုံထဲကို မြေလှန်ရှာလိုက်ရင်ပဲ လိုချင်တာရမယ်လို့ ထင်နေတယ်” မောင်မောင်က ဝဏ္ဏဦးစကားကို မကြားချင်ယောင်ဆောင်လျက် မထီမဲ့မြင်

မခန့်လေးစားဟန်ဖြင့် ဘီလီယက်ခုံပေါ်မှ အဖြူဘောလုံးလေးကို အလယ်ကျင်းသို့ အဝင်ထိုးလိုက်သည်။

"တောက်... ဖျောက်... ဖျောက်... ဒုတ်"

အဖြူလုံးလေးက ဒုတိယအဖြူလုံးကို **cutting** ဖြောင်းခနဲ ရိုက်ပြီး အလယ်ကျင်းသို့ ကန်ထွက်လာတယ်။ ဒါပေမဲ့ လေအကန် တန်းမဝင်။ ဒုတ်ခနဲ ပေါင်ထောက်ပြီး ပြန်ထွက်သွားရော။

ဝဏ္ဏဦး ကျိတ်ပြုံးလိုက်မိတယ်။

ငနဲတော့ အတွင်းစိတ်လှုပ်ရှားနေပြီလို့ သိလိုက်တယ်လေ။

ဒါ မရိုးသားမှုရဲ့ ပြယုဂ်လက္ခဏာ Sign။ တွေ့ကြသေးတာ ပေါ့။ မြန်မာကျားနဲ့ ဘင်္ဂလားကျား။

"မဆိုးပါဘူး၊ လက်ကလေးသာ မတုန်လိုက်ရင် မှန်းချက် အတိုင်း ဝင်နိုင်တယ်။ အဲ ခင်ဗျား ထိုးတာကြည့်ပြီး ကျွန်တော် အားပါလာသလိုပဲ၊ ကျွန်တော်နဲ့ ခင်ဗျား တစ်ထောင်ကြေး ၂၁ မှတ် ထိုးကြရအောင်လားဟင်"

"ခုနတော့ ခင်ဗျားပဲ သိပ်မထိုးတတ်ဘူးဆို၊ နောက်ပြီး ကျွန်တော့်မှာ ချိန်းထားတာရှိသေးတယ်"

"ကောင်မလေးနဲ့ ချိန်းထားတာလောက်ကတော့ မိုင်နာပါဗျာ၊ နဝရတ်မှာ ဝမ်းဆက်တစ်စုံလောက်နဲ့ ပြန်ချော့လိုက်ရင် အိုကေသွားမှာပါ"

ဝဏ္ဏဦးက ပြောပြောဆိုဆို ကျူတံတွေ တန်းစီထောင်ထားရာ ကျူစင်လေးသို့ ရောက်သွားပြီး ကျူတံအရှည်တစ်ချောင်းကို ရွေးယူလိုက်တယ်လေ။



"ကိုဦးရာ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်မှာ အချိန်မရလို့ပါ၊ လောင်းကြေး တစ်ထောင်မဟုတ်ဘူး၊ တစ်သောင်း ဆိုလည်း မထိုးဘဲနဲ့ ယူသွားပါ၊ လက်ရည်စမ်းချင်တယ်ဆိုလည်း မနက်ဖြန်မှ..."

ဝဏ္ဏဦးက ဒိုင်မောင်မောင် ပြောသမျှ တစ်ခွန်းမှ ဂရုမစိုက်။

သူက ဘီလီယက်ခုံပေါ်က ဘောလုံးလေးသုံးလုံးကိုပဲ အာရုံ စိုက်နေတာကိုး။

ပြီးတော့ သူက အဖြူလုံးလေးတွေနဲ့ အနီလုံးလေးရဲ့ အနေ အထားကိုတွက်ပြီး ခုံညာဖက်ဘေး တစ်နေရာကို ရွေးလိုက်တယ်။ အဲဒီနောက် တည်ဘောအဖြူရောင်လေးကို ကျူတံနဲ့ချိန်လား ရွယ် လားလုပ်ရင်း...

"အလယ်ကျင်းကို ဘာဝင်ဝင် တစ်ထောင်နော်"

ပြောလိုက်ရာက မောင်မောင့်စကားပြန်ကို မစောင့်ဘဲ ဘေး စောင်းမှောက်ပြီး ဖြောင်းခနဲ ထိုးချလိုက်တယ်။

"ကိုဦး..."

မောင်မောင်က အသံပေးလိုက်ပေမဲ့ အရမ်းတအားကို နောက် ကျသွားပြီ။

ဖြောင်း... ဖြောင်း... ခွပ်... တောက် တောက်"

စင်စစ်တော့ ဝဏ္ဏဦးက ကျင်းဝင်ဖို့ထက် အနီလုံးလေးကို ပစ်မှတ်ထားပြီး လက်ခတ်ပြင်းပြင်း အားသွင်းပြီး အဖြူဘောနှင့် ထိုးထည့်လိုက်တာပါ။

ဒိုင်မောင်မောင် ပါးစပ်အဟောင်းသား မျက်လုံးကြီးတွေပြူးလို့။

ဝဏ္ဏဦး အောင်ပွဲရအပြုံးနှင့် လှောင်ပြုံးပြုံးလျက်။ နှစ်ယောက်စလုံးရဲ့အကြည့်က ဘိလိယက်ခုံပေါ်မှာ ရောက်နေကြတယ်လေ။

ဖြောင်းဖြောင်းနှင့် တောက်တောက်ကြားမှာ ခွပ်ခနဲဆိုတဲ့အသံနှင့်အတူ အဖြူဘောနှင့် အရိုက်ခံလိုက်ရတဲ့ အနီဘောလေးဟာ နှစ်ခြမ်းကွဲသွားပြီး ဘိလိယက်ခုံပေါ်မှာ တစ်နေရာစီ လွင့်သွားတာကလား။

မောင်မောင်က ဘိလိယက်ခုံပေါ် ဒိုင်ဗင်ထိုးဝင်တယ်။

ဒါပေမဲ့ ဝဏ္ဏဦးက သူ့ထက်လျင်တယ်။ လက်ဦးမှုယူပြီး အနီဘောနှစ်ခြမ်းစလုံးကို လုလိုက်နိုင်တယ်။ ဘိလိယက်ဘောလုံးရဲ့တစ်ခြမ်းမှာ အလယ်က အပေါက်ထွင်းထားတာ တွေ့ရတယ်။ အပေါက်ထဲမှာ ဆို့သွင်းထားတဲ့ ပိတ်စအထုပ်လေး။ အထဲမှာတော့ စိန်လက်စွပ်တစ်ကွင်း၊ စိန်ခြယ်လက်စွပ်ကြီးဖြစ်သလို ရတီချိန်ကလည်း နည်းမှာမဟုတ်ဘူး။ တန်ဖိုးကလည်း သိန်း (၃၀) အထက်မှာရှိလောက်တယ်။

"အင်း... ခင်ဗျားဟာ နာမည်နဲ့လိုက်အောင် ညစ်ပတ်စုတ်ပဲ့တာပဲ ကိုဦး၊ ဒါပေမဲ့ ကံကောင်းပြီး ကြက်ကန်းဆန်ပန်းတိုးသွားတာပါလေ၊ အနီဘောကိုသာ ပြင်းပြင်းမထိုးမိရင် ခုလိုဖြစ်မှာမဟုတ်ဘူး"

"ဘယ်ကလာ ကံကောင်းရမှာလဲ၊ ဉာဏ်ကောင်းတာဗျ၊ ဒီဘိလိယက်ဘောထဲမှာ အဖိုးတန်ပစ္စည်းတစ်ခုခု ဝှက်ထားမှန်း အစောကြီးကတည်းက သိခဲ့တာ"



"အို... ခင်ဗျားကလည်း ဖြီးနေပြန်ပြီ"

"ဒီမယ် ကိုမောင်မောင် ဘိလိယက်ဘောဆိုတာ ဆင်စွယ်ရောင်တောက်နေတာချည်းပဲ၊ ဒါပေမဲ့ ခင်ဗျားရဲ့ အနီဘောက အရောင်တွေ မသိမသာ ပျက်နေတယ်၊ ဒါကတစ်ချက်၊ နောက်တစ်ချက်က ခင်ဗျားထိုးလိုက်တိုင်း တတ်နိုင်သမျှ အနီဘောကို ရှောင်ထိုးတယ်၊ ပါးပါးလေး ပွတ်မိရုံလောက်သာ 'ကတ်တင်' ရိုက်တာပဲ၊ နောက်ဆုံးအချက်ကတော့ အနီဘောရဲ့ လိမ့်ပုံက ပုံမှန်မဟုတ်ဘူး၊ အလေးအပေါ့ မညီဘဲ တစ်ဖက်စောင်းကြီး၊ ဒီတော့ မှတ်ထား ကိုမောင်မောင် နောက်နောင် ပစ္စည်းတစ်ခုကို နှစ်ခြမ်းခွဲပြီး ဝှက်မယ်ဆိုရင် တစ်ဖက်နဲ့တစ်ဖက် အလေးချိန်ညီအောင် မျှထည့်ဖို့ သင်ခန်းစာယူထားလိုက်၊ ကဲ... သွားကြစို့ ကိုမောင်မောင် အချုပ်ခန်းတံခါးကတော့ ခင်ဗျားအတွက် ရယ်ဒီပဲ"

ဝဏ္ဏဦးက ဒိုင်မောင်မောင်ကို ရှေ့ထားပြီး တွန်းထုတ်လိုက်တယ်။

ဒီမှာတင် သူ့နောက်က လှစ်ခနဲ အသံကြားလိုက်ရတယ်။

အသံကြားတာနှင့် ချာခနဲလှည့်ပြီးသား။

"ဒေါက်..."

"အား..."

သနားပါတယ်။ ဘိလိယက်ခုံအောက်မှာ ဝင်ပုန်းနေတာက နှစ်တစ်လက်မ တုတ်တစ်ချောင်းနဲ့ သူ့ကို နောက်ကအလစ်ဝင်တွယ်ပြီး မောင်မောင့်ကို ကယ်ထုတ်ဖို့ကြံခဲ့တဲ့ ငတိမလေး။

ဝဏ္ဏဦးက လက်ထဲက အနီဘောတစ်ခြမ်းနှင့် ဖျတ်ဆိုလှည့်ပစ်လိုက်ရာက နဖူးတည့်တည့်မှန်ပြီး ဆန့်ငင်ဆန့်ငင်နဲ့ မေ့သွားပါရောလား။

"ဒါ ခင်ဗျားရဲ့ ဘော်ဒါမလေး ထင်ပါရဲ့၊ သူက ခင်ဗျားနဲ့ မခွဲနိုင်လို့ တူနှစ်ကိုယ် အချုပ်ထဲဝင်ရအောင် မိုက်ရူးရဲကြဲခဲ့တာ ထင်ပါရဲ့၊ ဒါပေမဲ့ အချုပ်ဆိုတာ သမီးရည်းစား၊ လင်မယား အတူနေလို့မရဘူးဆိုတာ နှိုးပြီးပြောပြလိုက်ပါဦး"

ဝဏ္ဏဦးက ဖိုက်ဖိုက်ဖိုက်ဘူးကို ထုတ်ပြီး မီးညှိလိုက်တယ်။ စတီးလက်ထိပ်လေးကလည်း အသင့်ပါပဲ။

ဒိုင်ငှ္ဂာင်မောင် အနီဘောလေးလို ရင်ထဲမီးတောက်လျက်သား... မျက်နှာတစ်ပြင်လုံးကတော့ အဖြူဘောလို သွေးဆုတ်ဖြူရော်နေပြီး... ခေါင်းငိုက်စိုက်။

မှခင်းရောင်စုံမဂ္ဂဇင်း၊ ဇူလိုင် ၂၀၀၅

❒

# ကျွန်ုပ်နှင့် ရွှေတုဂိုဏ်း

(ချစ်လှစွာသော စာဖတ်သူ... ညီညီနိုင်လည်း စာရေးဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာမင်းသိခ်တို့ကို အားကျပြီး 'ကျွန်ုပ်'ဟန်နဲ့ ရေးဖို့ ခပ်တည်တည် ကြိုးစားမိပါတယ်။ ကျေးဇူးပြုပြီး မရယ်ပါနဲ့၊ မဆိုးပါဘူးလို့ ဝေဖန်ပါနော်။)

* * *

ကျွန်ုပ်စာရေးဆရာ ညီညီနိုင်သည် ကိုယ်တိုင်ဇာတ်လိုက်လုပ်ခဲ့ရသော ကိုယ်တွေ့ပြစ်မှုဇာတ်လမ်းအနေဖြင့် 'ကျွန်ုပ်နှင့် ရွှေတုဂိုဏ်း' အကြောင်းကို ရေးသားဖော်ပြထားပါတော့အံ့။

အချိန်ကာလသမယကား... အတိအကျ မမှတ်မိနိုင်တော့သည့်တိုင် လွန်ခဲ့သော ၁၀ နှစ် ၁၅ နှစ်ခန့်ကဆိုလျှင် မှားမည်မထင်ပေ။

စာရေးဆရာတစ်ဦးအနေနှင့် ကိုယ်ပိုင်ကားဝယ်စီး၍ ပလွားဝါးကြွားခြင်းအား လူတန်းစားဖောက်ပြန်မှုတစ်ရပ်ဟု မိုက်မဲမှားယွင်း

စွာ ယူဆခဲ့မိသော ကျွန်ုပ်သည်… ထိုနေ့ကလည်း ရန်ကုန်မြို့လယ်ကောင် ပလက်ဖောင်းများတွင် အော်ရီဂျင်နယ် ဒီဇိုင်းအတိုင်း ကုပ်ကုပ်ကုပ်ကုပ်ဖြင့် ကုန်းကြောင်းလျှောက်ခဲ့မိပါ၏။

ထိုစဉ်က ပန်းဆိုးတန်းလမ်း၊ ဆူးလေဘုရားလမ်း၊ ရွှေဘုံသာလမ်း (ခေါ်) မဂိုလမ်းတစ်ဝိုက်မှာ စာအုပ်ဆိုင်များ၊ ပုံနှိပ်စက်များ၊ မဂ္ဂဇင်းတိုက်များ အများစုတည်ရှိနေလေရာ… ကြွက်နှင့် အမှိုက်ပုံမကင်းသကဲ့သို့ ကျွန်ုပ်တို့ စာရေးဆရာများနှင့်လည်း ကင်းသည်ဟူ၍မရှိဘဲ၊ ခြေချင်းထပ်၊ ချောင်းပေါက်မတတ် ကျင်လည်သွားလာနေကြရသည်နှင့်အမျှ တစ်ခုသော စနေနေ့ နေ့လယ် ၂ နာရီခန့်၌ ကျွန်ုပ်သည် ၃၂ လမ်းဘက်မှ ၃၃ လမ်းဘက်သို့ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း လျှောက်လာရာတွင် ဆူးလေဘုရားလမ်းမကြီးကို ဖြတ်သန်းခဲ့ချိန်မှ ဇာတ်လမ်းအစပျိုးရပါတော့မည်။

တစ်နည်းဆိုရသော် ပပဝင်းရုပ်ရှင်ရုံ (ယခု ထရိတ်ဒါးဟိုတယ်) ရှိရာဘက်မှ ရဲရင့်ရုပ်ရှင်ရုံ (ယခု ဆာကူရာတာဝါ) ရှိရာဘက်သို့ မီးပွင့်မီးနီခိုက် ကသုတ်ကရက် ဖြတ်ကူးလာချိန်ပင် ဖြစ်လေ၏။

တစ်ဖက်ပလက်ဖောင်းသို့ ခြေချမိသည်၌ ကျွန်ုပ်၏ နောက်ကျောဖက်မှ အရေးတကြီး ပြေးလိုက်လာဟန် တဖျပ်ဖျပ်ခြေသံတစ်ချို့ ကြားလိုက်ရသဖြင့် အကြွေးသမားများလားဟူသော စိုးရိမ်စိတ်ဖြင့် ချာခနဲ နောက်လှည့်ကြည့်လိုက်မိ၏။

သို့ရာတွင် တစ်ဖက်မီးပွိုင့်မီးတိုင်အနီး လူအုပ်ကြားတွင်ကျန်နေခဲ့သော ခြေသံရှင်က ကျွန်ုပ် လှမ်းအကြည့်၌ ကိုယ်ရှိန်သပ်



လိုက်သကဲ့သို့ လူသုံးလေးဦးကြားတွင် ညပ်ကျန်ရစ်ခဲ့သည်ကို တွေ့လိုက်ရချေပြီ။ ထိုသူမှာ ကျွန်ုပ် တွေးထင်သလို ကျွန်ုပ်၏ ကြွေးရှင်လည်းမဟုတ်၊ အသိအကျွမ်းမိတ်ဆွေထဲမှလည်း မဟုတ်ဘဲ တစ်ခါမှမမြင်ဖူးသော မျက်နှာစိမ်းတစ်ယောက် ဖြစ်နေလေသည်။

ကျွန်ုပ်လည်း အမှတ်တမဲ့ပင် သဘောထားလိုက်ကာ သွားလက်စ ရှေ့ခရီးကို အေးအေးလူလူ ဆက်လျှောက်လာခဲ့မိတော့၏။

ထို့နောက် များစွာမကြာလိုက်ပါလေ။ လူတစ်ယောက် ကျွန်ုပ်နှင့် ရင်ပေါင်တန်းလာသည်ကိုလည်းကောင်း၊ ကျွန်ုပ်အား ပြုံးသဲ့သဲ့အမူအရာဖြင့် နှုတ်ဆက်လိုက်သည်ကိုလည်းကောင်း၊ ထိုလူမှာလည်းခုတင်က မီးပွိုင့်တွင် အပြေးအလွှားနီးပါး လိုက်လာရာမှ ရပ်ကျန်ခဲ့သူအဖြစ်လည်းကောင်း သတိပြု တွေ့ရှိလိုက်ရလေ၏။

"အစ်ကို ကျွန်တော့်ကို တစ်ခုကူညီပါဗျာ"

တစ်ပြိုင်တည်း၌ ထိုလူက ပြောလိုက်သဖြင့် ကျွန်ုပ်လည်းရုပ်ရှင်ရုံဘေး ပလက်ဖောင်းပေါ် လျှောက်လက်စမှ ရပ်လိုက်ရပြီးအဆိုပါလူနှင့် မျက်နှာချင်းဆိုင် လိုက်ရပေတော့၏။

အသက် ၂၅ နှစ်ခန့်ရှိမည် ထင်ရပြီး၊ အသားဖြူဖြူ ဂင်ဟုံတိုနှင့် ရုပ်အင်္ကျီဖြူလက်စက၊ ချည်ချောလုံချည် စိမ်းပြာကွက်စိပ်ကိုဝတ်ဆင်ကာ သိုးမွေးလွယ်အိတ်တစ်လုံး လွယ်ထားသော ထိုလူအားအကဲခတ်ကြည့်လိုက်ရင်းမှ ကျွန်ုပ်က…

"ပြောလေ… ဘာကိစ္စလဲ"ဟု တုံ့ပြန်မေးမြန်းလိုက်မိလေ၏။

"ဩော်… ဟိုလေ… မကားပြောတဲ့မိုက်ခွက်တွေ ဘယ်နေ

ရာမှာ ရောင်းသလဲ၊ သိချင်လို့ပါ”ဟု ထိုသူက ကျို့ကျို့ယို့ယို့လေးနှင့် အဖြေပေးလေ၏။

“မိုက်ခွက်တွေ… ဟုတ်လား”

ဟု ကျွန်ုပ်လည်း သံယောင်လိုက်သွားမိရင်း မျက်တောင်သုံးလေးခတ်စာမျှ စဉ်းစားခန်းဝင်လိုက်မိသည့်နောက်

“အဲ… ၂၉ လမ်းထိပ်မှာ ရောင်းနေတာပဲ မဟုတ်လား”

ဟု ဆိုလိုက်မိချေ၏။

ထိုအခါ မိချောင်းယောက်ဖ ငါးရှဉ့်မသား ကိုယ်တော်ချောက–

“အဲဒီမှာရောင်းတာက ဆောင်းဘောက်(ကွ)တွေ အစ်ကိုရ၊ ကျွန်တော် လိုချင်တာက မိုက်ခွက်လေ”

ဟု ကျွန်ုပ်၏ မှတ်ဉာဏ်ညံ့ချက်ကို ထောက်ပြလျက် သူကပင် ပြန်ရှင်းပြလိုက်သေးချေ၏။ ဤတွင် ကျွန်ုပ်ကလည်း အားကျမခံလေသံဖြင့်…

“ဒါဆိုရင်တော့ စိန်ဂျွန်းဈေး (ယခုဘာမှန်းမသိ) သွားကြည့်ပေါ့၊ အဲဒီမှာ ရောင်းနေတာ တွေ့မိသလိုပဲ”

ဟု မှတ်ချက်ပေးမိ၏။

သည်တွင်မှ ဘသားချောက–

“မဟုတ်သေးဘူးဗျ၊ ကျွန်တော့်ကို ဖွပြောလိုက်တာတော့ လမ်း ၅၀ မှာ ရောင်းတယ်တဲ့၊ လမ်း ၅၀ ကို ဘယ်လိုသွားရမှာလဲ”

ဟူ၍ သူဝှက်ထားသော ပဟေဠိကို သူပင် အဖြေထုတ်ပေးသကဲ့သို့ ပြောပြန်လေ၏။



ရန်ကုန်သားအစစ်ဖြစ်သော ကျွန်ုပ်ကလည်း သဘောကောင်းသူပီပီ အချိန်ကုန်ခံ၍ နတ်လမ်းညွှန် လုပ်မိ၏။

“လမ်း ၅၀ ကို သွားဖို့လား… ဟော့ဟိုမှာ နာရီစင်ကြီး (ယခု ပန်းဆိုးတန်း ကုန်းကျော်တံတား) တွေ့တယ်မဟုတ်လား၊ အဲဒီ နာရီစင်ကြီးအလွန်မှာ ဘတ်စကားမှတ်တိုင်ရှိတယ်၊ အဲဒီက ၁၂ စီးစီး၊ ၄ စီးစီး ဆယ်ပြားပဲပေးရတယ်၊ လမ်း ၅၀ ရောက်ရော”

ဒါနဲ့လည်း ကိစ္စကမပြတ်သေး။ ကိုယ်တော်မြတ်က ဈေးဆစ်သလို အထွန့်တက်ပြန်ပါချေ၏။

“မှာလိုက်တာက ‘၁’စီးရမယ်၊ လမ်း ၅၀ အောက်လမ်းကို သွားရမယ် အစ်ကိုရ၊ ၁ ကား ဘယ်ကစီးရမှာလဲ”

တပည့်နေရာက ဆရာပြန်လုပ်ခဲ့သော ငနဲ၏စကားကြောင့် ကျွန်ုပ်စိတ်ထဲ ထင့်ခနဲနှင့် တစ်မျိုးကြီးဖြစ်သွားသည့်တိုင်အောင် သဘောကမူ ကောင်းတုန်းပင်ဖြစ်၍–

“ဒါဆိုလည်းလိုက်ခဲ့၊ ကျွန်တော်ပြမယ်”ဟုဆိုကာ ထိုသူအား ၃၃ လမ်းထိပ် အရောက်ခေါ်လာခဲ့မိ၏။

စင်စစ်မူလည်း ကျွန်ုပ်သည် ၃၃ လမ်းထဲသို့ ဝင်ရမည်ဖြစ်၍ လမ်းကြုံနေသကဲ့သို့ တစ်ဖက်သားကို ကူညီဖို့အရေးမှာလည်း အပန်းကြီးဝန်လေးစရာ မဟုတ်သောကြောင့် စိတ်ကောင်းစေတနာဖြင့် ခေါ်လာမိခြင်း ဖြစ်ပေ၏။ ထိုလူကလည်း အားရဝမ်းသာသွားကာ ကျွန်ုပ်အားမှပင် ယို့ယို့လေး လိုက်လာလေ၏။

ထို့နောက် အကြောင်းတိုက်ဆိုင်လာပုံကား ၃၃ လမ်းနှင့်

ဗိုလ်ချုပ်လမ်းထောင့် လမ်းဘေးကွမ်းယာဆိုင်အရောက်တွင် မဲမဲနှင့် ဆုံလိုက်ရခြင်း ဖြစ်ပါ၏။

မဲမဲကား ထိုစဉ်က အသက် ၁၅ နှစ်အရွယ် လူပျိုပေါက်လေး ဖြစ်၍ လမ်း ၄၀ တွင် နေထိုင်၏။ မဲမဲသည် ရုပ်ရှင်မင်းသားကြီး ညွန့်ရွှေနှင့် ဂျပန်ပြန် ဒါရိုက်တာ (ကို)စိုးဝင်းတို့၏ တူတော်သည်။ ကျွန်ုပ်ဇနီးသည်၏ သူငယ်ချင်း မဟယ်လင်နှင့် အော်တိုကား ကိုစိန်မြင့်တို့၏ သားဖြစ်သည်။ မဲမဲက ကျွန်ုပ်ကို တွေ့သည်ဆို လျှင်ပင် ဝမ်းသာအားရ လှမ်းနှုတ်ဆက်၏။

"ဟာ... အစ်ကို ဘယ်ကလာတာလဲ"

"ဒီလိုပဲ ဟိုလျှောက်ဒီလျှောက်ပေါ့ကွာ"

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပုံက မဲမဲတို့အိမ်သို့ ယခင် နှစ်ရက်၊ သုံးရက်ကမှ ရောက်ခဲ့သေးသည်။ ပြီးတော့ မဲမဲထံမှ ကလစ်ရစ်ချတ် နှင့် ပရက်စလီတို့ အပါအဝင် အင်္ဂလိပ်သီချင်း သုံးလေးခွေ ငှားလာ ခဲ့သေးသည်။ သို့ဖြင့် သီချင်းခွေကိစ္စကို သတိရလိုက်သော ကျွန်ုပ် သည် မဲမဲအား ကျေးဇူးတင်စကား ဆိုလိုက်မိချေတော့သည်။

"အေးကွာ... မောင်ရင့်အခွေတွေ သိပ်ကောင်းတာပဲ၊ အားတဲ့ နေ့မှ လာပို့တော့မယ်နော်"

"ရပါတယ် အစ်ကိုရာ၊ အေးအေးဆေးဆေး နားထောင်ပါ၊ တခြားအခွေတွေလည်း အများကြီးရှိသေးတယ် လာယူပါ"

ဟုဆိုပြီး ကျွန်ုပ်ဘေးတွင် ရပ်စောင့်နေသောလူကို ကျွန်ုပ်၏ မိတ်ဆွေအမှတ်ဖြင့် အားတုံ့အားနာကြည့်လျက်။



"ကဲ... သွားဦးမယ်ဗျာ၊ အိမ်လာခဲ့ဦးနော်"

ဟု နှုတ်ဆက်လိုက်ပါလေ၏။

"အေးအေး... ကောင်းပြီ"

ဟု ကျွန်ုပ်ကလည်း ပြန်လှန်နှုတ်ဆက်ကာ မျက်နှာစိမ်း၊ လမ်းပေါ်ကသည့်သည်နှင့်အတူ ၃၃ လမ်းအတွင်းသို့ ဝင်ခဲ့မိပါလေ တော့၏။

* * *

ကျွန်ုပ်နှင့် လမ်းပေါ်မှမိတ်ဆွေ အစကနဦးက ပြောခဲ့ကြသည် မှာလည်း မိုက်ခွက်ကြောင်း၊ မဲမဲနှင့် မဈှော်လင့်ဘဲ တွေ့ဆုံပြီးသကာလ နှုတ်ဆက်စကား လက်ဆုံကျခဲ့သည်ကလည်း သီချင်တိတ်ခွေ အကြောင်းဖြစ်၍ ထူးထူးခြားခြား တိုက်ဆိုင်သွားသကဲ့သို့ ကျွန်ုပ်နှင့် ထိုမိတ်ဆွေအဖို့ လမ်းလျှောက်ရင်း ပြောစရာအကြောင်းအရာမှာ အချိတ်အဆက် အံဝင်ခွင်ကျ ဖြစ်သွားခဲ့ပြီဟု ဆိုရချေတော့မည်။

"အစ်ကို့ကက်ဆက်က ဘာအမျိုးအစားလဲ ဟင်"

ဟု ထိုလူက မေးလာရာမှ

"နေရှင်နယ် ဖိုက်ဖိုးသရီးလေ"

ဟု ကျွန်ုပ်က ပြန်ဖြေလိုက်၏။

"ကျွန်တော့်ကက်ဆက်လည်း ဖိုက်ဖိုးသရီးပဲ၊ ဒီကောင်တွေက အကြမ်းခံတယ်၊ သုံးလို့ကောင်းတယ်နော်"

"ဟုတ်တယ်"

"ကျွန်တော်က အသုံးချဲ့စက်ဖွင့်စားတာပါ၊ ------မြို့ကပါ၊ ကျွန်တော့်နာမည်------တဲ့"

"ဩော်... ဟုတ်လား"

ထိုလူက မြစ်ဝကျွန်းပေါ် မြို့တစ်မြို့၏ အမည်သာမက သူ့နာမည်ကိုပါ ဖော်ထုတ်မိတ်ဆက်ပေးပါ၏။ ကျွန်ုပ်ကား ယခုအခါ ထိုနှစ်ခုစလုံးကို မမှတ်မိတော့ပါချေ။

မြောင်းမြလား၊ မအူပင်လား၊ ဝါးခယ်မလား၊ ဝင်းမောင်လား၊ ဝင်းအောင်လား သဲသဲကွဲကွဲလည်း မရှိတော့ပါ။ မည်သို့ပင်ဖြစ်စေ ထိုစဉ်က ကျွန်ုပ်သည် သူပြောသမျှ အလေးအနက်သိပ်မထားဘဲ ယုံကြည်လက်ခံလိုက်မိရင်း ခရီးတွင်အောင်သာ ဆက်လျှောက်ခဲ့မိ၏။

အဲ... မှတ်မှတ်ရရ သူက တုံ့ပြန်စုံစမ်းလိုက်သေးသည် ထင်၏။

"အစ်ကိုကရော ဘာလုပ်သလဲ" ဟူ၍ ပြန်မေးခဲ့ခြင်းပင်ဖြစ်ပေလိမ့်မည်။

သို့လင့်ကစား ကျွန်ုပ်သည် ၎င်းကို အမှန်အတိုင်း အသိမပေးခဲ့မိချေ။

"ဒီလိုပဲ စာအုပ်လုပ်ငန်းပေါ့၊ စာအုပ်အရောင်းအဝယ် ဆိုပါတော့"

ဟုသာ ခပ်လျှိုလျှို ပြောခဲ့သည်။

တွေ့သည့်လူတိုင်းကို ကျွန်ုပ် စာရေးဆရာ မည်သူမည်ဝါဟု မပြောတတ်သည်မှာ ကျွန်ုပ်၏ ဓလေ့ဝါသနာပင် ဖြစ်ပါ၏။



ထိုအချိန်ကလည်း ကျွန်ုပ်သည် ၃၃ လမ်းအတွင်းမှ ပေဖူးလွှာမဂ္ဂဇင်းတိုက်နှင့် စာပေလောကတိုက်သို့ ဝင်စရာရှိလင့်ကစား ထိုပုဂ္ဂိုလ်အား ဦးစားပေး၍ လမ်းထိပ်သို့ အရောက်လိုက်ပို့ခဲ့မိ၏။

ထို့ပြင် ကံအားလျော်စွာပင် လမ်းတစ်လျှောက်လုံး၌ ခါတိုင်းကဲ့သို့ ရေးဖော်ရေးဖက် စာရေးဆရာများနှင့် အသိအကျွမ်း စာနယ်ဇင်းသားများဆို၍ တစ်ဦးတစ်ယောက်နှင့်မျှ မတွေ့ခဲ့ရဘဲ လမ်းထိပ်ရှေ့ကြည်အေး လက်ဖက်ရည်ဆိုင် (ယခု... အအေးဆိုင်) အနီးသို့ပင် ရောက်လာပါတော့၏။

လက်ဖက်ရည်ဆိုင်ရှေ့ အနော်ရထာလမ်းထိပ်တွင် ကျွန်ုပ်လည်း ရပ်လိုက်ပြီး ထိုလူအား...

"ကဲ... ဟောဒီကားလမ်းက ဟိုဖက်ကူးသွား၊ နောက် ဟိုဖက်ပလက်ဖောင်းက ကပ်လျှောက်သွားရင် မီးသတ်မျှော်စင်ကြီး တွေ့လိမ့်မယ်၊ မီးသတ်ရှေ့က ဖြတ်သွားလို့ ဗလီကျော်သွားရင် ဆူးလေဘုရားလမ်းနဲ့ မဟာဗန္ဓုလလမ်း ရှားမီးမုန့်တိုက်ရှေ့မှာ '၁' ကားဂိတ်ပဲ"

ဟု စိတ်ရှည်လက်ရှည် ညွှန်ပြပေးလိုက်ပါ၏။

သို့တိုင်အောင် ထိုပုဂ္ဂိုလ်က အူတူတူ အတတဟန်ဖြင့်–

"အစ်ကိုပြောတာ ရှုပ်နေတာပဲ၊ ရှေ့နားနည်းနည်း လိုက်ပြဦးဗျာ"

ဟု တောင်းဆိုလာပြန်လေ၏။

ကျွန်ုပ်လည်း ကူညီလက်စနှင့် မထူးပါဘူးဆိုကာ လမ်းဆုံး

မီးပွိုင့်ထောင့်အထိ လိုက်ပြမည်ဟု ရည်ရွယ်လျက် ထိုပုဂ္ဂိုလ်လေးနှင့် နှစ်ယောက် ဆက်လျှောက်လာမိလေ၏။

ခြေလှမ်း လေးငါးဆယ်လှမ်းထက် ပိုမလျှောက်လိုက်ရပါ။

တစ်နည်းဆိုရသော် ဖါဒီလက်ဖက်ရည်ဆိုင်နှင့် ဂစ်တာဥယျာဉ်ဆိုင်ရှေ့နားအရောက်မှာပင် စခန်းသတ်လိုက်ရပါ၏။

ရပ်လိုက်ရသည်မှာလည်း အခြားကြောင့်မဟုတ်ပါ။ ကျွန်ုပ်၏ လမ်းပေါ်က မိတ်ဆွေတောသား ရွှေညှိသည်က ပလက်ဖောင်းကျောက်ပြားပေါ်တွင် ကျနေသော အထုပ်ကလေးတစ်ထုပ်ကို ပြေးကောက်လိုက်သောကြောင့် ပါပေတည်း။

*   *   *

ဤမျှဆိုလျှင် ရှေ့ဆက် ဘာတွေဆက်လုပ်တော့မည်ဆိုသည်ကို ရန်ကုန်ပါးဝသူတိုင်း ရိပ်စားမိပြီး ဖြစ်ပါလေတော့မည်။

ချက်ဆို နားခွက်က မီးတောက်ရုံမျှမက ရေပါဖျန်းပြီးသားဖြစ်သွားသော ကျွန်ုပ်အဖို့ ယခုမှ တစ်ချိန်လုံး ဒီငတိ ငါ့ကို မအူမလည်လုပ်ပြီး အသေကပ်လိုက်လာတာ ဒါကြောင့်ကိုးဟု ဒက်ခနဲသိလိုက်၏။ ကွက်ကျော်မြင်လိုက်၏။ ခမျာတော့ လူရွှေးမှားပြီဟု သနားသွားမိ၏။

သို့သော် သင်းတို့၏ လုပ်ပုံကိုင်ပုံ သေသပ်ပိရိပုံလေးမှာ အများသူငါ ဗဟုသုတအဖြစ် လေ့လာသိမှတ်ဖို့ ကောင်းလှသောကြောင့် အကွက်စိပ်စိပ်လေး ရှေ့ဆက်ရေးပြပါဦးမည်။



ထိုသို့ သူတို့တစ်တွေ၏ လုပ်ကွက်ကလေးများကို ထင်အောင်မြင်အောင် ပြသရပါသော်...

ငနောင်နဲ့သည် ကျွန်ုပ်နှင့် ယှဉ်လျှောက်နေရာမှ 'ဟာ'ကနဲအော်ပြီး ရှေ့နှစ်လှမ်းသုံးလှမ်းလောက်အကွာမှ အထုပ်ကလေးကို ပြေးကောက်လိုက်ပါလေ၏။

ပြီး... ကျွန်ုပ်ဆီသို့ ခြေတစ်လှမ်း နှစ်လှမ်းပြန်ဆုတ်ကာ လူချင်းဆုံ၍ မျက်နှာချင်းဆိုင်လိုက်၏။

သားရေကွင်းနှင့် ပတ်ထားသော အထုပ်ကလေးကို မြင်သာအောင်ပြလျက် ကပျာကယာ၊ ကမန်းကတန်းဖြေ၏။

ထို့နောက် စက္ကူအိတ်လေးထဲမှ ဝင်းခနဲ ယိုးဒယားဘတ်ကြိုးကြီး တွေ့လိုက်ရ၏။ နည်းနည်းနောနောမဟုတ်။ နှစ်ကျပ်သားလောက်ရောမထုကြီးနှင့် သွားရည်ယိုစရာ။

သို့ရာတွင် ရွှေကြိုးကို အကြာကြီးမပြ။ လှစ်ခနဲသာ ပြလိုက်ခြင်းဖြစ်၏။ ထို့နောက် ဘေးလူ တွေ့သွားမှာစိုးသလို ကတိုက်ကရိုက်ထိုးသိပ်သွင်းထည့်လိုက်ကာ အထဲမှ ဘောက်ချာစာရွက်ကလေးကို လှစ်ခနဲ ဆွဲထုတ်လိုက်ပြန်၏။

ဘာမပြောညာမပြောနှင့် စာရွက်ခေါက်လေး ဖြန့်ကြည့်ပြီး ကျွန်ုပ်လက်ထဲသို့ တန်းထည့်ပေး၏။

ဘောက်ချာစာရွက်ကလည်း အပီအပြင် ရိုက်နှိပ်ထားသည်။ လက်တာဟက်ခေါ် ထိပ်စည်းခေါင်းစဉ်အဖြစ် ရွှေပန်းတိမ်ဆိုင်၏

နာမည်ကို ခန့်ခန့်ညားညား လှလှပပ ပုံနှိပ်စာလုံးများဖြင့် ရောင်စုံရိုက်နှိပ်ထား၏။

ပန်းနုရောင်စာရွက်ပေါ်မှ ကြည့်မြင်တိုင်ဘက်ရှိ ရွှေပန်းတိမ်ဆိုင်တစ်ခု၏ လိပ်စာပဲ ဆိုပါတော့။

အောက်ကမှ အထည်အပ်သူ ဆွဲကြိုးရှင်၏လိပ်စာ။

'ဒေါ်ခင်မေချို'

ခြံအမှတ် (၀၀၀)

ရွှေတောင်ကြားရိပ်သာ။

အလဲ့လဲ့... တကယ့်ခေတ်မီသူဌေးကတော်တစ်ယောက်၏ လိပ်စာပါလား။

ဤသည့်အပြင် ရွှေချေး၊ အလေးချိန် ဘယ်နှစ်ကျပ်သား၊ အလျှော့တွက်က ဘယ်လောက်၊ ကျသင့်ငွေက ဘယ်မျှစသဖြင့် စုစုပေါင်း လေးထောင်နှစ်ရာကျော်တန် (ထိုစဉ်က ကာလတန်ဖိုး) နှစ်ကျပ်သား ရွှေဆွဲကြိုးကြီးတစ်ကုံး၏ ဘောက်ချာပြေစာအဖြစ် အယုံသွင်း အပင်းတည့်ထားလေ၏။

"ကဲ... အဲဒါ ဘယ့်နှယ်လုပ်မလဲ"

သူတော်မကောင်း ပုဂ္ဂိုလ်စုတ်က စေတနာယုတ်မာစွာဖြင့် ကျွန်ုပ်ကို စေ့စေ့ကြည့်ရင်းမှ ဖမ်းမေးလိုက်၏။ ကျွန်ုပ်ကိုမေးရင်း ကြားထဲတွင် သူ့မျက်လုံးတွေက ကျွန်ုပ်၏ ဘယ်လက်ကောက်ဝတ်တွင် ပတ်ထားသော ရှစ်ရာကျော်တန် ပါးရှီးလ် (ယခု ငါးထောင်မက) နာရီထံ ဝဲသွားသည်ကို သတိထားမိလိုက်၏။



ကျွန်ုပ်ကား သူ့မေးခွန်းကို အရေးမစိုက်။

သူပြခဲ့သော ဘောက်ချာနှင့် ဆွဲကြိုးကိုလည်း စိတ်မဝင်စား။

ဧကန်မူကား ထိုပုဂ္ဂိုလ် လူရုပ်လူညစ် ပလက်ဖောင်းပေါ်မှ အထုပ်ပြေးကောက်လိုက်ကတည်းက ကျွန်ုပ် ဦးနှောက်ကွန်ပျူတာမှာ လျှပ်စစ်လိုင်း ရှုပ်ထွေးလူးလွန့် ကူးယှက်လှုပ်ရှားသွားခဲ့ရပေပြီ။

ကျွန်ုပ်သို့သော ဂျင်မခါနာဖွား မြို့လယ်ခေါင်နေ ရန်ကုန်သား စစ်စစ် တစ်ယောက်အား ဇနပုဒ်က ဟင်းဂလာချဉ်ဖတ်အောက်မေ့ပြီး အကွက်ဆင် အချဉ်ဖမ်းသော အနိုင်နဲကို မည်သို့လျှင် စီရင်ရပေမည်နည်း။ ပထမဆုံး စဉ်းစားလိုက်မိ၏။

ထိုအချိန်က အနီးဆုံးရဲစခန်းဖြစ်သော ကျောက်တံတားရဲစခန်း၌ကျွန်ုပ်၏ အစ်ကိုတစ်ဝမ်းကွဲ ဒုရဲအုပ် ကိုစိန်ထွန်းနှင့် အခြားရဲမိတ်ဆွေများ ရှိနေကြသည်ဖြစ်ရာ၊ ထိုအကြောင်းကျားကို နားရင်းအုပ်ပြီး ရတ်ရတ်သဲသဲ ပျော်ပျော်ပါးပါး နောက်လိုက်နောက်ပါ လူအုပ်ကြီးနှင့် ရဲစခန်းပို့ရကောင်းမည်လော။

သို့တည်းမဟုတ် သူ့လိုပင် အတတ နတတ ခပ်တုံးတုံးဟန်ဆောင်၍ ပစ္စည်းကို လိုချင်တပ်မက်မောပုံပြကာ ရွှေကြည်အေးလက်ဖက်ရည်ထဲသို့ တိုင်ပင်ညှိနှိုင်းရန် ခေါ်ဆောင်သွားပြီး အနီးတစ်ဝိုက်တွင်ရှိသော စာရေးဆရာ၊ ကဗျာဆရာ၊ အပေါင်းအသင်းများကို လက်တို့တပ်လှန့်ကာ ဝိုင်းဖမ်းရလျှင် ပိုပိုင်လေမည်လော။ အတွေးနှစ်ခု ပေါ်လာ၏။

ယင်းနောက် ဆက်တိုက်ပေါ်လာသော တတိယအတွေးမှုကား "အင်း… ခုပုံအတိုင်းဆိုရင်တော့ ငါ့ကို ထောင်ချောက်ဆင်တာ သင်းတစ်ယောက်တည်း မဖြစ်နိုင်ဘူး၊ သင်းနှင့်အတူ အဖော်တစ်ယောက်မဟုတ် နှစ်ယောက် ပါနိုင်တယ်၊ ရုတ်ရုတ်ရုတ်ရုတ်ဖြစ်ရင် သူတို့ပါ ဝင်စွက်ဖက်လာလိမ့်မယ်၊ ငါကသာ သူတို့ဘယ်သူမှန်း မသိတာ၊ သူတို့က ငါ့ကိုသိနေတယ်၊ တစ်နေ့နေ့ပြန်ပြီး အန္တရာယ်ပေးနိုင်တယ်၊ အိုလေ ငါလည်း အဇိမ်အညာထိတာမှ မဟုတ်ဘဲ၊ သူ့ထိုက်နဲ့သူ့ကံ လွှတ်ပေးလိုက်တာ အေးပါတယ်" စသည်ဖြင့် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း အတွေးများ တသီကြီး ပွက်လောရိုက်သွား၏။

အတွေးများအဆုံးမှာပင် မည်သို့ရင်ဆိုင်မလဲဟူသော ဆုံးဖြတ်ချက်လည်း ကျပြီးသား ဖြစ်သွားလေ၏။

သို့ဖြင့်… "ကဲ ဘယ်နှယ့်လုပ်မလဲ"ဟု ထပ်ဆင့်မေးမြန်းလာသော ကလိမ်ကကျစ်ကောင်၏ မျက်နှာကို စူးစူးရဲရဲ တည့်တည့်စေ့စေ့ကြည့်လိုက်ပြီး ကျွန်ုပ်က လေသံခပ်ပြတ်ပြတ် ခပ်မာမာနှင့်ပင်–

"ဘယ့်နှယ်လုပ်ရမလဲ၊ ဒါ သူငယ်ချင်း စတွေ့တာပဲမဟုတ်လား၊ မင်းကောက်ရတာ မင်းပဲယူလိုက်ပေါ့"

ဟု ပြောလိုက်မိပါလေတော့၏။

ဤတွင်ပင် အချောင်နှိုက်မည့် ငနဲသား၏မျက်နှာ ကွက်ခနဲပျက်သွား၏။ အေးဘီကို တစ်ချက် မျက်လုံးဝင့်ကြည့်၏။ ထို့နောက် ကျွန်ုပ်အား မရဲတရဲကြည့်၏။ အဆုံး၌…



"အဲ… ဟို… ကျွန်တော်… ကျွန်တော် သွားတော့မယ်နော်၊ အစ်ကို"

ဟု ထစ်ထစ်ငေါ့ငေါ့ ကယောင်ကတမ်းပြောကာ မီးပွိုင့်စိမ်းသွားသဖြင့် ဝူးခနဲဝေါခနဲ မောင်းထွက်နေကြသော ကားတွေကိုပင် မမှုနိုင်တော့ဘဲ ကားတွေကြားမှ သက်စွန့်ဆံဖျား ကမူးရှူးထိုး သေပြေးရှင်ပြေး ဖြတ်ပြေးသွားပါလေတော့သတည်း။

ဤသည်ပင်လျှင် သူ့အတွက်ရော ကျွန်ုပ်အဖို့ပါ အလှပဆုံး အကောင်းဆုံး ဇာတ်သိမ်းခန်းဖြစ်ပါလေတော့သည်တကား။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျွန်ုပ်၏မိတ်ဆွေကြီး အိုင်ဆေး ဆားပုလင်းနှင်းမောင်များ၏ လက်ဟွင်း မုချမသွေ သက်ဆင်းရလိမ့်မည်မှာ မလွဲဟု အထူးယုံကြည်နေမိပါလေချေတော့၏။

**မှတ်သားဖွယ် ဥပဒေသ**

၁။ လောဘမကြီးနှင့်၊ အလိမ်ခံရလိမ့်မည်။

၂။ အချောင်လိုချင်လျှင် ပါတာကုန်တတ်သည်။ လိုချင်လျှင် ဒုက္ခ၊ မလိုချင်မှ သုခ။

၃။ မြို့တော်ရန်ကုန်တွင် ဖျံတွေ၊ ကျားတွေ၊ မြေခွေးတွေပေါ၏။ ကိုယ်ကကျူး ကိုယ့်ဒူးမှ မယုံလေနှင့်။

၄။ ၂၁ ရာစု ကူးခဲ့သည့်တိုင် ရွှေတုခေတ်ကား ကုန်ပြီဟုမဆိုနိုင်သေး။ လစ်ရင်လစ်သလို အကွက်ချောင်းနေတတ်ကြ၏။

ရိုးအီနေသော လိမ်နည်းဖြင့်ပင် မကြာခဏ 'ထိ'လာကြသူ တွေ တွေ့ရဆဲဖြစ်သည်။

၅။ ရွှေတုသမားတွေသည် ကိုယ့်ထက်လည်သော်လည်း ကိုယ့်ထက် အချင်ယောင်ဆောင်တတ်၏။

၆။ အသိအကျွမ်းမဟုတ်ဘဲ အရောတဝင် ချဉ်းကပ်လာသူကို သတိထား။

၇။ လမ်းပေါ်တွင် ပေးသင့်သော အကူအညီကို ပေးပါ။ သို့သော် စေတနာမပိုပါစေနှင့်။ ဝေဒနာပွားတတ်၏။

ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်း၊

အမှတ် (၁၇)၊ ဇန်နဝါရီလ ၂၀၀၄။

သဗ္ဗေသတ္တာ အဝေရာဟောန္တု၊

ညီညီနိုင်

❐